www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


အရှင်ရေမျှား လူလား တစ္ဆေလား ၄

မောင်ညိုမြိုင်း (ဆံနွယ်ဖြူ) မြေမျိုးသကြားရင် လက်တို့ကြပါ ခင်ဗျား ၁၆

ဇိုးကျော် ဟိုင်းနှင့် စွယ်စုံကျစ်မြေမှာဆုံ ၆၀

ထောင်မှူးကြီး သိန်းဝင်း ၏ မမော့လင်သောအနွရာယ် ၈၁

ဇေကျော် ဆယနစရာသိမ္မပိုင်ရှင်များ ၉၄

မျာမုံလှမိုးနွယ် မြေပေါ်ကျော့ကွင်းနှင့်မိုးတိ ၁၂၀

၁၃၀ နှစ်(၃၀)ခန့်က အောင်ပွဲအတွက် ကျော်စိုးစိုလ်

၁၄၈ ခေါင်းဖြူခေါင်းမည်း မြစ်ဝီ

၁၅၈ လေ့ကျင့်ရေးလိုသည် ရဲမြတ်တင်

၁၆၂ အချစ်အတွက် လက်ဆောင်မွန် နေမထူး

၂၀၈ တောကြောင်သား နေဆန်းဦး (မန္တလေး)

၂၄ ဥပဒေ၏ ဆက်သွယ်မှုဇရိယာပြင်ပမှာ ညိုရောင်


NEXT MONTH PREVIEW



NOVEMBER

0.30. 2015

www.burmeseclassic.com

www.burmeseclassic.com


ကိုမြင့်ထွန်း (Quality)

ဝေလွင်မြင့်မောင် (ဝ၄ ၃၁၁၁၆၉၉၉)

မခင်မာရွှေ

ဉာဏ်လင်းထက်

ကိုဝိုးသိန်း၊ ထွန်းထွန်းလှိုင်၊ ဇော်နိုင်ထွန်း၊ မင်းထွဋ်၊ နေရဲလင်းဟိန်း၊ ဝေလင်း၊ သန်းထက်ရှိန်၊ ထွန်းထွန်း၊ ဖြိုးမင်းဦး၊ မြမြသင်း၊ ဝင်းဝင်းမာ၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊ တင်မာစမ်းဘောဦး၊ မီမီ။

ဦးမြင့်ထွန်း (မြ-၀၀၅၂) Quality Publishing House
အမှတ် - ၅၀၈/၅၁၂ (မြေညီ)လှည်းတန်းလမ်း၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မင်းထွဋ်

ကံကောင်း၊ အောင်စိုးမြင့်၊ အောင်နိုင်လဟိ၊ ကျော်စိုးညီနိုး၊ မောင်နေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊ မြတ်မင်းသာန်၊ ရန်နိုင်ဦး၊ ချစ်ဝေ၊ ထေမွန်လင်း၊ မေကြာ၊ ဝိုင်းမော်။

Quality

မြို့တော်ပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန်(၀၁၂၃၈)

တင်မေထွန်း

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

အမှတ် - ၅၀၈/၅၁၂ (၂၆)လှည်းတန်းလမ်း၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၃၀၆၆၄၊ ၃၈၁၁၃၃။



NEXT MONTH



မ.ရဲကိုလု
ဒဂုန်ရွှေမျှား



ကျွန်တော်ရေးချင်တဲ့ ဓာတ်ပြတ္တများ
မောင်ညိုမှိုင်း(သန်လျင်)

PREVIEW



သမန်ကျားနှင့် ဓနုတာမင်း
ဖိုးကျော့


www.burmeseclassic.com

www.burmeseclassic.com

# လူလား တစ္ဆေလား



ရာဇဝတ်သား
အယောင်ဆောင်
တစ်ယောက်အား
ရေဆုံးမြေဆုံး
လိုက်လံရှာဖွေရင်း
တွေ့ဆုံလိုက်သောအခါ ..

**ပြည်မြို့၏** အရှေ့တောင်ဘက် (၃)မိုင်ခန့်မျှဝေးသော (ရွှေလင်ပန်း)ခေါ် တောရကျောင်းအနီး တစ်ခုသော တောင်ကုန်းကလေးပေါ်တွင် တစ်ကိုယ်တည်း ကေစာရီကျင့်၍နေသော ရဟန်းတစ်ပါးရှိလေရာ ထိုရဟန်းမှာ အနီးအနားရှိ ကျောင်းများသို့လည်း မည်သည့်အခါမှ သွားရောက်လေ့မရှိဘဲ တစ်ပါးတည်း သာလျှင်နေထိုင်ခဲ့လေ၏။ ထိုသို့နေထိုင်ခဲ့၍ (၆)လခန့်မျှကြာလတ်သော် အနီးရှိ ရွာစွန်ရွာငယ်များမှလည်းကောင်း၊ အချို့သော မြို့ပေါ်မှ လူများသည်လည်းကောင်း ထိုရဟန်းထံ သွားရောက်ပူဇော်ဆည်းကပ်ကြရာ ၎င်း၏ဘွဲ့တော်မှာ ဦးကေလာဖြစ်၍ တစ်ကိုယ်တည်း တရားများကို အားထုတ်လျက် လူတွေ့မခံလိုကြောင်း၊ ဆွမ်းကွမ်းအတွက်မှာလည်း နံနက်တိုင်း ခံ၍ရသောဆွမ်းကို သာ ဘုဉ်းပေးလျက် အခြားအချိုအချဉ်များကို မသုံးဆောင်ကြောင်း ပြောဆိုပြီးလျှင် လာရောက်သော ဒကာ၊ ဒကာမများနှင့် သင့်လျော်သော တရားစကားများကို ပြောဟော၍ လွှတ်လိုက်လေ၏။

၎င်းရဟန်းမှာ အရွယ်အားဖြင့် (၃၀)ကျော်မျှသာ ရှိလိမ့်မည်ဟု ခန့်မှန်းသိရှိရသည်ဖြစ်ရာ ရုပ်ရည်အားဖြင့်လည်းကောင်း၊ ဏ္ဍာဓေနသိက္ခာအားဖြင့်လည်းကောင်း အတော်အတန် သိမ်မွေ့နူးညံ့ပုံလက္ခဏာရှိသည်ဖြစ်ရကား ၎င်းအား လာရောက်ဖူးမြော်ကြသော ပရိသတ်များနှင့် လာဘ်လာဘတို့သည် တစ်နေ့တခြားတိုးလျက် ရှိကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

ငင်းနေထိုင်သော တောင်ကုန်းကလေးမှာ အတော်ပင်သာယာလျက်ရှိသည်ဖြစ်ရာ လူတစ်ရပ်သာသာမျှသော ထန်းပင်ကလေးများသည်လည်း ကျောင်းကလေးကို ဝိုင်းရံကာ ပေါက်လျက်ရှိကုန်၏။ ထူးဆန်းသောအရာတစ်ခုမှာ ငင်းနေထိုင်သော တောင်ပူတကလေး၏အောက်၌ဂူတစ်ခုရှိသဖြင့် ငင်းဂူမှာ မြေတိုက်သဖွယ် အဝင်ဝတွင် ထုထဲသောတံခါးကြီးတစ်ခုကိုလည်း တပ်ဆင်ထားရှိပေ၏။ ရဟန်းကလေးမှာ ထိုဂူထဲ၌တရားအားထုတ်ကာ အချိန်ကို တုန်လွန်စေလျက်ရှိရကား ကျောင်း သို့ ဇူးမြော်ရန်လာသော ပရိသတ်များကိုလည်း ငင်းဂူထဲသို့ မည်သူမျှ ဝင်ခွင့်မပြုဘဲ ရှိနေခဲ့လေ၏။ ထိုထက်ပင် ထူးဆန်းသောအကြောင်းတစ်ခုမှာလည်း တစ်ခါတစ်ရံ အလွန်လသာသောညများ၌ သနပ်ခါးပန်းမန်များကို လိမ်းကျံလျက် လှပသောမိန်းမပျိုတစ်ယောက်သည် ထန်းပင်ကလေးကြားထဲမှ ဂူတံခါးအနီးတွင် ပျောက်ကွယ်၍သွားသည်ဟူ၍လည်းကောင်း၊ ငင်းဂူအတွင်းမှ အလွန်ဆိတ်ငြိမ်သောညဉ့်များတွင် မိုးချုန်းသကဲ့သို့ အော်သံကြီးများကို ကြားရသည်ဟူ၍လည်းကောင်း သတင်းဖြစ်ပွားလျက်ရှိလေရာ ထိုသတင်းမှာ မကြာခင်၌ ပျံ့နှံ့လျက် ရှိလေ၏။

လူတို့မည်သည် ဟုတ်မှန်သည်ဖြစ်စေ၊ မဟုတ်မှန်သည်ဖြစ်စေ ထူးဆန်းသောသတင်းတစ်ခုကို ကြားရသောအခါမိမိတို့သဘောထင်မြင်ရာအမျိုးမျိုး အဖုံဖုံ တွေးတောတတ်ကြစမြဲ ဖြစ်လေရာ အချို့က ဦးကေလာသည် သိဒ္ဓိအမျိုးမျိုးပေါက်၍နေသည်ဟူ၍လည်းကောင်း၊ အချို့ကလည်း မြင်ရသော မိန်းကလေးမှာဥစ္စာစောင့်ဖြစ်၍ဥစ္စာစောင့်မကလေးနှင့် တိတ်တဆိတ်ဖြစ်ပွား၍နေသည်ဟူ၍လည်းကောင်းပြောဆိုလျက်ရှိကြကုန်၏။

⁂

ဤကဲ့သို့ရှိနေစဉ် တစ်နေ့သော ညနေနေဝင်ရီတရောအချိန်၌ဆံပင်များနှုတ်ခမ်းနှင့် ပါးမြိုင်းမွေးများ ဆွတ်ဆွတ်ဖြူလျက်သောအသက်(၆၀)ကျော်ခန့်ရှိ အဘိုးကြီးတစ်ယောက်သည် တောင်ဝေးကိုထောက်ကာ ကျောင်းကလေးပေါ်သို့တက်လာပြီးလျှင်ဦးကေလာအား ဝတ်ဖြည့်လေ၏။ ထို့နောက် မျက်ရည်များကို ပုဆိုးစဖြင့်သုတ်လျက် မိမိ၏သားမှာ ရုတ်တရက်ရောဂါဖြင့်ယနေ့ညဉ့်ပင် သေဆုံးခဲ့ရသဖြင့် ကံတော်ဦးသချိုင်းတွင်မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်သောကြောင့် အသုဘရှုကြွရောက်ရန် လာရောက်ပင့်ခေါ်ခြင်းဖြစ်ပါကြောင်းနှင့် ရှိသေစွာလျှောက်ထားလေရာ ဦးကေလာက "နေကလည်း ဝင်တော့မယ်၊ အချိန်မတော် လိုက်လို့ဖြစ်ပါ့မလား ဒကာကြီးရဲ့၊ ကျောင်းသားလည်းမရှိဘူး"

ကြီး - (လက်အုပ်ချီလျက်)တပည့်တော်နဲ့ ဒကာတစ်ယောက် အပြန်မှာ လိုက်ပြီးပို့ပါမယ် ဘုရား။

ကေ - နီးနီးနားနားကျောင်းတွေမှာပဲပင့်ရောပေါ့ဗျာ၊

ကြီး - အရှင်ဘုရားကိုသာကြည်ညိုရှိခိုးရှိပါတယ် ဘုရား၊ ကပျာကသာ လုပ်ရတဲ့ကိစ္စမို့များများကြီးလည်း မတတ်နိုင်တော့ ငွေအစိတ်ကျန်လောက် ဘုန်းကြီးပွဲတစ်ပွဲထည့်ပြီးအရှင်ဘုရားခြေတော်ရင်းသာ ပြေးလာခဲ့ရတာပဲ ဘုရား၊

ကေ - ဒကာကြီးက ဘယ်ကလဲ၊

ကြီး - မရဘင်ရွာထဲကပါဘုရား၊ တပည့်တော် အာဂန္တုပါ၊ သားအဖနှစ်ယောက်အညာကဆင်းပြီး လာခဲ့တာတစ်လလောက်ရှိသေးတယ် ဘုရား၊

ကေ - အင်း - သင်္ချိုင်းတရားဆိုတာ မြတ်စွာဘုရားသော်မှ မလွန်ဆန်နိုင်ပဲကို - ဒကာကြီးရဲ့ တရားနဲ့ဖြေပေါ့၊ ကိုင်း - ကိုင်း အချိန်မရှိဘူး၊ ပြီးတော့သာ ပြန်ပို့ပေတော့ ဒကာကြီး၊





www.burmeseclassic.com


www.burmeseclassic.com

ကြီး - (လက်အုပ်ချီလျက်) စိတ်ချတော်မူပါဘုရား။

ငင်းနောက် ဦးကေလာသည် သက်နှင်းကို ရုံပြီးလျှင် သချိုင်းဘက်သို့ ကြွခဲ့လေရာ အဘိုးကြီးလည်း နောက်မှ ယပ်ကိုထမ်း၍ လိုက်ပါလာခဲ့လေ၏။

သချိုင်းသို့ရောက်သောအခါ၌ကား နေဝင်ခဲ့ပြီဖြစ်၍ မှောင်စပြုပြီဖြစ်လေရာ ဇရပ်တစ်ဆောင်ပေါ်၌ကား ခေါင်းတစ်ခု၏အနီးတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်သာလျှင် ထိုင်၍ စောင့်နေသည်ကိုတွေ့ရလေ၏။ ဦးကေလာလည်း မိမိအတွက် ခေါင်းအနီးတွင်

နံ့ရှိုးပြိုင်းပြိုင်းထလျက် ဆံပင်ကို ဖားလျားချ၍ထားသည့် ဝါသောအဆင်းရှိသော လူသေကောင်သည် ခေါင်းတွင်းမှ တစ်ကိုယ်လုံးထွက်လာပြီးလျှင် ဘုန်းကြီးဦးကေလာ၏လည်မျိုကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဖျစ်ညှစ်လေ၏။





ပြင်ဆင်၍ထားသောနေရာ၌ထိုင်ပြီး လျှင် ပံ့သကူပါးသီလကို ခပ်မြန်မြန်ပေးလေ ၏။ ထိုကဲ့သို့ သီလပေးပြီးသောအခါ၌ ကား လုံးလုံးမှောင်ခဲ့ပြီဖြစ်၍ အဘိုးကြီး လည်း မိမိအိတ်ထဲတွင် အသင့်ဆောင် ယူလာခဲ့သော ဖယောင်းတိုင်တစ်တိုင် ကို မီးညှိ၍ ခေါင်းအဖုံးကိုဖွင့်ပြီးလျှင် လူသေ၏မျက်နှာပေါ်တွင် အနည်းငယ် ဖုံး၍ထားသော ဖွဲပြာများကို လက်ဖြင့် သတ်ပြီးသော် "အမယ်လေး သားကြီးရဲ့ အဖေတို့တော့ ခွဲရတော့မနော်။ ဒီတစ်ခါ သားကြီးမျက်နှာကို အဖေ ဝအောင် ကြည့်လိုက်မယ် - သားကြီးရဲ့" စသည် ဖြင့် မြင်းစွာ ငိုကြွေးရာလေ၏။

ထိုအခါ ဦးကေလာလည်း မိမိထိုင်နေသောနေရာမှ ခေါင်းအတွင်းသို့ လှမ်း၍ကြည့်လိုက်ရာ ဝါသောအဆင်း ရှိသောမျက်နှာရှိသော အလောင်း ကောင်၏မျက်နှာကိုမြင်ရသည်နှင့်မျက် နှာကို အခြားဘက်သို့လွှဲလျက် -

"ဒီလိုငိုနေလို့မပြီးသေးဘူး - ဒကာ ကြီး၊ မြန်မြန်လုပ်ပါ"

ကြီး - ကိစ္စမရှိပါဘူးဘုရား။ တပည့်တော် လိုက်ပို့ပါ့မယ်။

ကေ - (မိမိ၏အနီးအနားကို ကြည့် လျက်) အင်း - လိုက်ပို့တာတော့ ဟုတ်ပါရဲ့၊ ဒီကဒကာကြီးတစ် ယောက်နဲ့ ဒကာမကြီးတစ် ယောက်ကော ဘယ်ရောက်သွား သလဲ။

ကြီး - ရှိပါတယ်ဘုရား။ ဇရပ်အောက်ကို ဆင်းသွားတာပါ။ သြော် - ရေစက် တောင် မချရသေးဘူး၊ ရေခွက်နဲ့ ပန်းကန်ပြားဇရပ်အောက်ဆင်းပြီး ယူလိုက်ပါရစေဦး ဘုရား။

ကေ - (အနည်းငယ် ကြောက်ရွံ့၍လာ လျက်) ရေစက်မချပါနဲ့တော့ ဒကာကြီးရယ်၊ ခေါင်းကြီးလည်း ပိတ်ထားလိုက်ပါ။

ကြီး - (နေရာမှထလျက်) အို - ကိုယ် တော်ကလည်း ဇရပ်အောက်တင် ပဲ ဘုရား၊ ကိစ္စမရှိပါဘူး။

ငင်းနောက် အဘိုးကြီးလည်း ပြော ပြောဆိုဆိုနှင့်ပင် ဇရပ်အောက်သို့ ဆင်း



www.burmeseclassic.com

www.burmeseclassic.com

သွားလေရာ ဦးကေလာတစ်ပါးတည်းသာလျှင်ဖွင့်၍ထားသောခေါင်းကြီးအနီး၌ကျန်ရစ်ခဲ့လေ၏၊ လေသည်ယခင်ကထက် ပို၍တိုက်ခတ်လာသဖြင့် ကြမ်းပေါ်၌ ချ၍ထားသော ခေါင်း၏အဖုံး၌ထွန်းညှိ၍ထားသော ဖယောင်းတိုင်မီးရောင်မှာ မိတ်တုတ်မိတ်တုတ်ဖြစ်ကာမကြာမီ ငြိမ်း၍သွားတော့မည်ကဲ့သို့ရှိလေ၏၊ ဦးကေလာလည်း တစ်ကိုယ်လုံးဖောချွေးများပြန်ကာစိမ့်၍ကြောက်လာသည်နှင့် မိမိ၏နောက်ကိုလည်းကောင်း၊ လက်ဝဲလက်ယာကိုလည်းကောင်း၊ မိမိ၏ရှေ့တွင် ဖွင့်၍ထားသောခေါင်းကြီးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ကိုလည်းကောင်း ကြည့်မိလေ၏၊ လေသည် ယခင်ကထက်ပင် ပြင်းထန်၍လာသည်ဟုမှတ်ထင်ရလေရာအဝေးမှ ခွေးအူသံတစ်ခုကို ကြားရသည်နှင့်ဦးကေလာမှာယခင်ကထက်ပင်ကြောက်လန့်၍ လာလျက် လူတို့မည်သည်အလွန်ကြောက်ရွံ့သောအခါများ၌အသံပြုခြင်းသည် မိမိကိုယ်ကို အားတက်စေတတ်ရကား ဦးကေလာလည်း "အို - ဒကာကြီး အို - ဒကာကြီး" ဟု နှစ်ကြိမ်မျှဟစ်၍ခေါ်သော်လည်း မည်သူမျှ ထူးဖော်မရချေ၊ အနီးပတ်ဝန်းကျင်ရှိ သချိုင်းဂူများမှပြန်၍ပဲ့တင်ရိုက်လာသော မိမိအသံကိုသာကြားရလေ၏၊

ထို့နောက်တစ်ဖန် "အို - ဒကာကြီး" ဟု တတိယအကြိမ် ခေါ်ပြန်သောအခါဦးကေလာမှာ ကြောက်လွန်းလှသည်ဖြစ်၍ အသံများပင် တုန်တုန်ယင်ယင်ဖြစ်လျက်ရှိလေ၏၊ ဤကဲ့သို့ခေါ်ပါသော်လည်း မည်သည့်အသံကိုမျှ မကြားရတော့ချေ၊

ကြောက်ရွံ့တုန်လှုပ်ဖွယ်ကောင်းသောအရာများကိုမကြာမကြာ ထပ်မံ၍ကြည့်လိုသောစိတ်ဆန္ဒရှိခြင်းသည် လူတို့၏ဓမ္မတာဖြစ်သည့်အတိုင်းဖွင့်၍ထားသောခေါင်းကို တစ်ဖန်ကြည့်မိပြန်ရာခေါင်းသည် တဖြည်းဖြည်းလှုပ်၍ လာသည်ဟု မှတ်ထင်ရလေ၏၊ ထို့နောက်ကြမ်းပေါ်တွင် အသံများ မြည်သည့်တိုင်အောင် ခေါင်းကြီးသည် လှုပ်၍လှုပ်၍လာပြီးလျှင်ဦးကေလာ၏မျက်နှာပေါ်သို့ခေါင်းထဲမှ ဖွဲပြာများလွင့်စဉ်၍ ကျလာလေ၏၊ ထိုအခါ ဦးကေလာမှာ အတိုင်းသေအောင် ကြောက်ရွံ့တုန်လှုပ်လျက်ရှိသည်ဖြစ်ရာတစ်စုံတစ်ရာမျှအသံမပြုနိုင်တော့ဘဲ နဖူးမှ ချွေးများသည်အပေါက်ပေါက်ကျလျက် မိမိ၏ဦးခေါင်းမှာလည်း ပုတ်လောက်ကြီး၍ သွားဘိသကဲ့သို့ မှတ်ထင်ရလေ၏၊

ဤကဲ့သို့ ရှိနေပြီးနောက် ဖြူဖွေးသောလက်တစ်ဖက်သည် ခေါင်းထဲမှတဖြည်းဖြည်း ထွက်၍လာပြီးလျှင် တစ်ဖန်မူကြာလတ်သော် ခြေထောက်ကြီးတစ်ဖက်ပါ ထင်ရှားစွာ ထွက်၍လာလေ၏၊ ဦးကေလာလည်း ကြက်သေသေလျက်မတုန်မလှုပ် ဆက်လက်ကြည့်နေလေရာ နံရိုးပြိုင်းပြိုင်းထလျက် ဆံပင်ကိုဖားလျားချ၍ထားသည့်ဝါသောအဆင်းရှိသော လူသေကောင်သည် ခေါင်းတွင်းမှ တစ်ကိုယ်လုံးထွက်လာပြီးလျှင် ဘုန်းကြီးဦးကေလာ၏လည်မျိုကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာ ဖျစ်ညှစ်လေ၏၊

ထိုအချိန်၌မည်သူသည်မကြောက်ရွံ့ဘဲ နေနိုင်ပါအံ့နည်း၊ ဦးကေလာမှာမိမိရှေ့တွင်ထားသော ခေါင်းထဲမှအလောင်းကောင်ကြီးသည်မိမိ၏လည်မျိုကိုတအားကုန်ညှစ်လျက်ရှိသည်ဖြစ်ရကား ကြောက်လွန်းလှသည်ဖြစ်၍သတိမေ့ကာကြမ်းပေါ်သို့လဲကျသွား၏၊ အလောင်းကောင်ကြီးလည်း မလွှတ်သေးဘဲ ဆက်လက်၍ ဖျစ်ညှစ်လေရာဦးကေလာ၏ မျက်လုံးများမှာ အပြင်သို့ပေါ်ထွက်လုမတတ် ပြူးထွက်လာသည့်တိုင်အောင် ဖျစ်ညှစ်လျက်ရှိရကားနောက်ဆုံး၌ ဦးကေလာမှာ တဖြည်းဖြည်း ပျော့ခွေ၍ သွားရှာလေ၏၊





www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အလောင်းတော်ကြီးလည်း ဇရပ်အောက်တွင် ယခင်က ဆင်းသွားနင့်သော အဘိုးကြီးနှင့်တွေ့၍ မိမိဝတ်ထားသော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်ပြီးလျှင် နှစ်ယောက်သား ဦးကေလာ၏ကျောင်းရှိရာသို့သွားကြလေ၏၊ အဘိုးကြီးလည်း မိမိဟန်ဆောင်၍ ဝတ်ထားသော ဆံပင်ပုံ၊ နုတ်ခမ်းမွေးပုံများကို ချုံတစ်ခုထဲ၌ ချွတ်၍ထားခဲ့လေရာ တစ်ခဏချင်း၌ပင် အသက်(၄၀)အရွယ်သို့ ပြောင်း၍သွားလေ၏၊ ကျုံကဲ့သို့ ဆက်လက်၍သွားကြရာ တစ်ယောက်က -

"ဘယ့်နယ်လဲဟေ့၊ ဘိုးသင် - မင်းတော်တော်မောသွားပြီလား"

တစ်ယောက်၊ ။မမောဘဲနေပ့ါမလားကွယ်၊ ခေါင်းထဲမှာ တစ်နာရီလောက်တောင် အောင့်ပြီးနေရတာပဲ၊

တစ်ယောက်၊ ။အင်း - ဒီအကောင်တော့ လက်စတုံးပြီးသေတာပါပဲကွယ်၊ လက်စသတ်တော့ - ကိုယ်တော်မြတ်က ဒီမှာ လာနိုင်ပြီး ဘုန်းကြီးယောင်ဆောင်နေတာကိုး၊

တစ်ယောက်၊ ။ပြီးတော့ - ရွာထဲက ကောင်မကလေးတစ်ယောက်နဲ့လည်း ညားနေသတဲ့၊ ကောင်မကလေးက ညညမှ လာသတဲ့၊

တစ်ယောက်၊ ။အေးကွယ် - ဘယ်သူနဲ့ပဲညားနေနေ အရေးမကြီးပါဘူး၊ တို့စက်ကိုပြန်ရရင် ပြီးတာပါပဲ၊ ကျောင်းအောက်မှာလည်း ဂူတစ်ခုရှိလေတော့ အလုပ်လုပ်ဖို့ အင်မတန် အခန့်သင့်နေတာပဲ၊

တစ်ယောက်၊ ။ဒဂါးလုပ်ပြီးတော့ ကောင်မကလေးကို ရန်ကုန်လွှတ်ပြီး အထုတ်နိုင်းသတဲ့ - ဘိုးမှင်ရဲ့၊

များမကြာမီ အင်္ဂလိပ်မြန်မာ သတင်းစာများထဲတွင် ဘုန်းကြီးဦးကေလာ၏အလောင်းကို ပြည်မြို့ကံကော်ဦး ရပ်ရှိ သချိုင်းဇရပ်တန်ဆောင်းပေါ်တွင် တွေ့ရကြောင်း၊ ၎င်း၏အနီး၌လည်းမွှင့်နေသောခေါင်းကြီးတစ်လုံးကို တွေ့ရသည့်အပြင် ကျောင်းအောက်၌ရှိသော မြေတိုက်ကိုလည်း လူဆိုးများ ချိုးဖဲ့ဝင်ကြဟန်လက္ခဏာရှိ၍အထဲမှတစ်စုံတစ်ခု လေးလံသောပစ္စည်းများကို ယူဆောင်သွားဟန် လက္ခဏာရှိကြောင်း၊ ပုလိပ်များက ထိုထူးဆန်းသော အမှုနှင့် တကွဦးကေလာသေဆုံးပုံကို လိုက်လံရှာဖွေစုံစမ်းလျက်ရှိကြောင်းဖြင့် တွေ့မြင်ရလေ၏၊

ဒဂုန်ရွှေမျှား

## တွဲဖက်မစားသင့်သောအစားအစာများ

| | | |
|---|---|---|
| ကတိုး | ⟺ | သရက်သီး |
| ဂဏတစ် | ⟺ | ကြာဟင်းခါးသီး |
| ကန့်ချုပ်မှို | ⟺ | အရက် |
| ကန်းငှက်သား | ⟺ | ကြက်ဆူဆီ |
| ကုလားပဲ | ⟺ | နို့ချဉ် |
| ကိုင်းဥ | ⟺ | ပုစွန်ချဉ် |
| ကုန်းကျေး | ⟺ | ပုစွန် |
| ကောက်ညှင်း | ⟺ | ရေငန်းသီး |
| ကျေးသား | ⟺ | ဘူးသီး |
| ကျောက်ဖရုံ | ⟺ | အိုးမဲ |
| ကျွဲခေါင်းသီး | ⟺ | အချဉ်မျိုးစုံ |
| ကျွဲသား | ⟺ | ကြာစွယ်၊ ကြာဥ |



www.burmeseclassic.com

www.burmeseclassic.com





**ယုံကြည်မှုသည်** အလွန်အံ့ဩစရာကောင်းတယ် ခင်ဗျ၊

ယုံကြည်ချက်နှင့် ယုံကြည်မှု မတူဘူးနော်၊

ယုံကြည်ချက်ဆိုတာ သူ ယုံကြည်တာကို တစိုက်စိုက်မတ်မတ်

အကောင်အထည်ဖော်တာ၊ စူးစိုက်ထားရှိတာကို ယုံကြည်ချက်လို့ခေါ်တာ၊

ဥပမာ - ကွန်မြူနစ်ဝါဒကို ယုံကြည်ချက်ရှိတယ်၊ ဒီဝါဒအတွက် ဆင်းရဲ ဆင်းရဲ

ချမ်းသာ - ချမ်းသာ မဖြစ်မနေ အားစိုက်မှု၊ အားထုတ်မှု၊ အနစ်နာခံမှုနဲ့

ခရီးဆက်နေတာ ယုံကြည်ချက်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ဒီယုံကြည်ချက်အတွက် ဘဝတွေကိုစွန့်လွှတ်ရဲတယ်၊ အနစ်နာခံရဲတယ်၊ ထောင်ပဲကျကျ၊ အသက်ပဲသေသေ မကြောက်ရွံ့ဘူး၊ မစိုးရိမ်ဘူး၊

အများက မှားနေတယ်၊ အစွန်းရောက်နေတယ်၊ မျက်မောက်ကာလနဲ့ မဆီလျော်တော့ဘူးလို့ ပြောဆိုဝေဖန်နေသည့်တိုင် သူ့ယုံကြည်ချက်အရ မှန်နေတယ် လို့ပဲ မှတ်ယူထားမယ်၊

အချို့သေလွန်သွားသည့်တိုင် ယုံကြည်ချက်မပြောင်းတဲ့လူတွေ ကမ္ဘာမှာရော၊ မြန်မာမှာပါရှိခဲ့ဖူးတယ်၊ ရှိလည်းရှိနေတုန်းပါပဲ၊

လူတစ်ယောက်ရဲ့ယုံကြည်ချက်ကို ပြောင်းလဲပစ်ဖို့က အလွန်မလွယ်တဲ့ကိစ္စပါ၊

ဆိုရှယ်လစ်စနစ်သည် သူ့ယုံကြည်ချက်၊

ကွန်မြူနစ်စနစ်သည် သူ့ယုံကြည်ချက်၊

အရင်းရှင်စနစ်သည် သူ့ယုံကြည်ချက်၊

ဒီမိုကရေစီသည် သူ့ယုံကြည်ချက်၊

ဘုရားရှိဝါဒသည် သူ့ယုံကြည်ချက်၊

ဘုရားမဲ့ဝါဒသည် သူ့ယုံကြည်ချက်၊

ယုံကြည်မှုသဒ္ဓါတရား
လွန်ကဲလာသောအခါ
ရိုးသားသောလူထုကို
နည်းမျိုးစုံဖြင့် လိမ်လည်
လှည့်ဖြားမှုများ
သည်လောကတွင်
အစဉ်ဖြစ်ပေါ်နေမည်ကို ..

ထာဝရဘုရားဖန်ဆင်းရှင်သည် သူ့ယုံကြည်ချက်၊

သေရင်ပြီးပြီဆိုတာ သူ့ယုံကြည်ချက်၊

သေပြီး နောက်ဘဝရှိတာကို အကြွင်းမဲ့ယုံကြည်စွာ ဆိုက်ထားတာလည်း သူ့ယုံကြည်ချက်ပါပဲ၊

ယုံကြည်ချက်အတွက် အသက်အသေခံတယ်၊

ယုံကြည်ချက်အတွက် စည်းစိမ်ဥစ္စာ၊ ဇနီးမယား၊ သားသမီးကိုစွန့်လွှတ်ရဲကြတယ်၊



ယုံကြည်ချက်က အစွဲမြဲပြင်းထန်တယ်၊

ယုံကြည်ချက်ကို ချက်ချင်းပြောင်းရွှေ့ဖို့ မလွယ်ဘူး၊

ယုံကြည်ချက်ဆိုတာ မာကြောတယ်၊ သံမဏိလိုပဲ၊

ယုံကြည်မှုကျတော့ တစ်မျိုးတစ်သဘောပဲ ခင်ဗျ၊

ယုံကြည်မှုက ပျော့ပျောင်းတယ်၊ ညင်သာတယ်၊ သိမ်မွေ့တယ်၊ တွေဝေမှုရှိတယ်၊ ဆွဲဆောင်အားကောင်းရင် စီးမျောရာဘက်ကို လိုက်ပါသွားတတ်တယ်၊

သို့သော် ယုံကြည်မှုက တကယ်လက်တွေ့ဖြစ်မလာရင် ရွေ့တတ်တယ်၊ ရွေ့ဖို့ပြောင်းလဲဖို့လည်းလွယ်တယ်၊ မြန်တယ်၊

ယုံကြည်မှုကို ယုံကြည်လက်ခံချင်လာအောင် စည်းရုံး၊ ဖော်ပြောလို့ရတယ်၊ သွေးဆောင်လို့ရတယ်၊

ယုံကြည်မှုဆိုတာ စစ်မှန်မယ်၊ သဘာဝလည်းကျမယ်၊ လူ့လောကအတွက်အသုံးဝင်တယ်ဆိုရင် ယုံကြည်မှုသန့်စင်ပြီး ခိုင်မြဲမှုရှိတာပဲဗျာ၊

ယုံကြည်မှုတိုင်း အစစ်အမှန်တော့ မဖြစ်ဘူးဗျာ၊

နတ်ကို ယုံကြည်မယ်၊

ဘိုးတော်ကို ယုံကြည်တယ်၊

သို့သော် ယုံကြည်ရာက အလိမ်း
လိုက်ရရင် နတ်တို့၊ ဘိုးတော်တို့ မယုံ
ကြည်တော့ဘူး၊

ယုံကြည်မှု ရွေ့သွားပြီ၊

သမထထိုင်တယ်၊ ဝိပဿနာ
ရှုမှတ်တယ်၊ ယုံကြည်လို့လုပ်တယ်
(သို့မဟုတ်) စူးစမ်းစမ်းသပ်ကြည့်တယ်
ရှုရင်းမှတ်ရင်း စိတ်တည်ငြိမ်လာတယ်
အေးချမ်းလာတယ်၊ ဘဝအမောတွေ
လျော့ပါးပြီး လောဘ၊ ဒေါသ၊ မောဟတွေ
လျော့ပါးသွားတယ်၊

အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး
တရားသုံးပါးရဲ့သစ္စာရေးတွေကို ဆင်
ကဲဆင့်ကဲမြင်လာတယ်၊

ဒါကြောင့် - သမထ၊ ဝိပဿနာ
အကျိုးအာနိသင်ကိုလက်တွေ့ယုံကြည်
လာတယ်၊

ဒီယုံကြည်မှုက ကောင်းကျိုး
လား။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ယုံကြည်မှု သက်ဝင်လာတယ်၊

သုခရှမ်းသာပါလား၊

သက်ဝင်လာလို့ ယုံကြည်မှုရှိလာတယ်၊

ယုံအောင်လည်း လက်တွေ့ ပြနေတာကိုး၊ ဒါကြောင့် - လက်တွေ့မှန်လို့ ယုံကြည်မှုရှိလာတာပါ၊

လက်တွေ့စမ်းသပ်လို့မဟုတ်ဘူး၊

မမှန်ဘူးဆိုရင် ယုံကြည်မှု ယုတ်လျော့ကျဆင်းသွားတာ သဘာဝကျပါတယ်၊

ဒါကြောင့် - ကျွန်တော် စဉ်းစားကြည့်တာပါ၊

ယုံကြည်ချက်နှင့် ယုံကြည်မှုမတူဘူးလို့၊

ယုံကြည်ချက်က အစွဲပြင်းထန်တယ်၊

တစ်ယူသန်ဖြစ်တယ်၊ မှားတာလည်းရှိမယ်၊ မှန်တာလည်းရှိမယ်၊ ယုံကြည်ချက်မှားသွားရင်မှားပါလားလို့ ရှက်ချင်းဝန်ခံခဲ့တယ်၊ အမှားကို အမှားလို့ပြောဖို့ အချိန်တွေ အများကြီးယူတယ်၊

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ယုံကြည်ချက်ကြီးစွာထူထောင်ခဲ့တဲ့ခေါင်းဆောင်တစ်ဦးဟာ သူ ယုံကြည်ခဲ့တဲ့စနစ်ကြီး ဗုန်းဗုန်းလဲကျသွားတာ ကိုယ်တွေ့မြင်ရ၊

တိုင်းသူပြည်သားတွေ နှစ်များစွာ ကာလအတွင်း ဆင်းရဲမွဲတေ မဖွံ့ဖြိုးတဲ့ဘဝကိုလက်တွေ့မြင်ရပြီးအချိန်အတန်ကြာမှ ပြောခဲ့တယ်၊

ဒီလိုမှန်းသိရင် ငါမလုပ်ခဲ့ပါဘူးတဲ့၊ စဉ်းစားစရာက ယုံကြည်မှုအကြောင်းပဲ၊ ယုံကြည်မှုအစစ်အမှန်က သွေးဆောင်ဖြားယောင်းမှုမရှိဘူး၊ ရိုးသားသန့်စင်တယ်၊ ပွင့်လင်းတယ်ဗျာ၊

ဥပမာ - ဗုဒ္ဓဝါဒ၊ ကာလမသုတ်တော်မှာ မြတ်စွာဘုရားရှင်က ဘယ်လိုဟောသလဲဆိုတော့ -

ငါဘုရားပြောတိုင်းလည်း မယုံနဲ့ဦးတဲ့၊ ငါ့ဆရာပြောတာပဲဆိုပြီးလည်းမယုံနဲ့ဦးတဲ့၊ ဒါကတော့ - ဘိုးဘွားမိဘ အစဉ်အဆက် ကိုးကွယ်၊ ယုံကြည်၊ ပြောဆို၊ လက်ခံခဲ့တာပဲဆိုပြီးတော့လည်းမယုံနဲ့ဦးတဲ့ - ဟုတ်ရဲ့လား၊ မှန်ရဲ့လား၊ အကျိုးရှိရဲ့လား၊ အများလက်ခံရဲ့လား၊ လက်





ပိဋကတ်နှစ်ပုံအောင်ဆိုတော့ လေးစားပြီး အချို့က အလှူငွေများ ထပ်လှူကြ၊ လေးစားကြပေါ့။ သို့သော် ဒီသတင်းကို သာသနာ ရေးဦးစီးအရာရှိက မသက်ဘူး။ တာဝန်ရှိတဲ့အဖွဲ့အစည်းတွေနဲ့ သွားရောက်မေးမြန်း စစ်ဆေးလိုက် ရာ အတုအယောင်သက်နီးဝတ် လူလိမ်ဖြစ်တာ ပေါ်ရောဗျာ။

တွေ့ကျင့်ကြံပွားများပြီးမှ အဖြေထုတ်ပြီး ယုံကြည်ပါတဲ့၊ ကောင်းလိုက်တဲ့ တရား အနှစ်သာရဗျာ၊ တိုတိုရှင်းရှင်းပြောရရင်တော့ -

ငါပြောတိုင်းလည်း မယုံနဲ့၊ သူများပြောတိုင်းလည်း မလုပ်နဲ့၊ ငါပြောတဲ့တရားကိုသင်ကိုယ်တိုင် လက်တွေ့ကျင့်ကြံပွားများစမ်းသပ်ပြီး လက်ခံနိုင်မှ အကျိုးအစစ်အမှန် ရမှ ယုံပါတဲ့၊

⊗◯⊗

ကျွန်တော်တို့ မျက်မှောက်ခေတ်မှာတော့ ယုံကြည်မှုရှိလာအောင် သွေးဆောင်ဖြားယောင်းနေတာတွေမြင်နေရတယ်၊

အတုကို အစစ်ဖြစ်သယောင် ယိုးမယ်ဖွဲ့အရောင်တင်၊အမြင်လှအောင် မွမ်းမံပြီး ဈေးကွက်ကျနေတာလည်းမြင်နေရတယ်၊

ကမ္ဘာပေါ်မှာ ဒီမိုကရေစီအစစ်ရှိသလို၊ ဒီမိုကရေစီအတုတွေလည်း ရှိတယ်၊

ဆင်ကြယ်ဇိနပ်က ဆင်ကြယ်ဇိနပ်ပါပဲ၊



www.burmeseclassic.com

www.burmeseclassic.com

ဆင်ကြယ်ဖိနပ်အတုက အတုပါပဲဗျာ၊ ယုံကြည်မှုရှိအောင် လိမ်လည်ဖြားယောင်းတာကိုယုံကြည်လို့အကျိုးနည်းတာတွေ ဒုနဲ့ဒေးပဲဗျာ၊

တစ်လောက သတင်းတစ်ပုဒ်ဖတ်လိုက်ရတယ်၊

သိန်းတစ်ထောင်ဆု ပေါက်တယ်လို့ယုံကြည်မှုရှိအောင်ပြောပြီး လာလိမ်တယ်၊

သမတရဲ့အထူးဆုဆိုလား၊ အဲဒါဆုငွေကိုထုတ်ယူဖို့အခွန်တော်ငွေ(၂၂)သိန်းဆိုလား၊ ဆောင်ရမယ်၊

ဘယ်ဘဏ်မှာအခွန်ငွေသွင်းလိုက်ပါ၊

ပြီးရင် - အထူးဆုငွေ ချက်လက်မှတ်(    )မှာလာထုတ်ပါတဲ့ ယုံကြည်အောင် ဖုန်းဆက်ပြောတယ်၊

မိန်းကလေးကလည်း ယုံကြည်လိုက်တယ်၊

ဒါနဲ့ - အခွန်ငွေ (၂၂)သိန်းဆိုလား၊ ဘဏ်မှာ သူတို့ပြောတဲ့ ဘဏ်နံပါတ်နဲ့ သွားဆောင်သတဲ့၊

အခွန်ငွေဆောင်ပြီး အထူးဆုငွေ သိန်းတစ်ထောင် သွားထုတ်ရော၊ တစ်ပြားမှ မရတော့ဘူး၊

ဘယ်ရမှာလည်း၊ လုပ်စားနေကျ လူလည်တွေက ညာပြီး ငွေ(၂၂)သိန်း လိမ်သွားတာကိုး၊

ခုမှ စုံလိုက်ရမှန်းသိပြီး ရင်ကွဲ၊ ရဲစခန်းတိုင်၊ အမှုဖွင့်၊

လိမ်တဲ့လူက ယုံကြည်မှုရှိအောင် ပြောတာလေ၊ ကိုယ်ကလည်း လောဘစိတ်ဖြစ်ပြီး နားလည်သူတွေနဲ့ တိုင်ပင်မေးမြန်းခြင်းမရှိဘူး၊

ပစ်ပြီးယုံလိုက်တာ၊

သွားပြီ - (၂၂)သိန်း "ပလုံ" ဆိုတဲ့ အသံတောင် မကြားလိုက်ရဘူး၊

သင်ခန်းစာတော့ ရလိုက်တာပေါ့၊

ယုံကြည်မှုရှိအောင် ပြောတိုင်းလည်း ယုံသင့်မှ ယုံရမှာပါလားဆိုတဲ့ အသိ၊

ဒါကြောင့် ပြောတာပေါ့ဗျာ၊

ယုံကြည်မှုသာ စစ်မှန်ရင်ယုံကြည်လက်ခံတယ်၊ မစစ်မှန်ရင် ရှေ့ရော၊

(၆)လပိုင်းကုန်ခါနီး မြေလတ်ပိုင်းမှာ သင်္ကန်းဝတ်နဲ့ လူလိမ်တစ်ဦး သက်ဆိုင်ရာက အရေးယူလိုက်ရတယ်၊

သင်္ကန်းဝတ်ကသူ့ကိုယ်သူပိဋကတ် ...ပုံအောင်ဆိုပြီး ကျောင်းတိုက်တစ် ...မှာ တည်းခိုပြောဆို အလှူခံနေ ...တဲ့၊

သူ့အောင်တဲ့ပညာတွေက "တိပိဋ ...ဓရ ဋီပိဋက ကောဝိဒ" ရေးဖြေ (ပိဋကတ) နစ်ပုံအောင်လို့ ယုံလောက် ...အောင်ပြောပြီး အလှူခံနေတာ၊

ပိဋကတ် နစ်ပုံအောင်ဆိုတော့ ...တားပြီး အချို့က အလှူငွေများ ထပ် ...ကြ လေးစားကြပေါ့၊

သို့သော် ဒီသတင်းကို သာသနာ ...ဦးစီးအရာရှိက မသင်္ကာဘူး၊ တာဝန် ...တဲ့အဖွဲ့အစည်းတွေနဲ့ သွားရောက်မေး ...စစ်ဆေးလိုက်ရော အတုအယောင်၊ ...င်္ကန်းဝတ်၊ လူလိမ်ဖြစ်တာ ပေါ်ရော ...၊

စာအောင်လက်မှတ်အတုတွေ၊

ဆရာတော်ကြီးများရဲ့တံဆိပ်တုံး ...တုတွေနဲ့၊

သိက္ခာထပ်မင်္ဂလာစာတန်းပါအဝါ ...ောင်လွယ်အိတ်နဲ့၊

အဲဒါ လူဝတ်လဲစေပြီး ပုဒ်မသုံးခုနဲ့ ...ရေးယူလိုက်ရပါရောဗျာ၊

မှင်မောင်းကောင်းကောင်းနဲ့ မြို့ရွာလူထုကို ယုံကြည်မှုရှိအောင် သရုပ်ဖြ ဟောပြောလုပ်ကြတာကိုအဟုတ်အမှန်မှတ်ပြီး ယုံကြည်အားထား လေးစားကြရှာ လှူဒါန်းပေးကမ်းလူလည်း ရှိတာပါပဲ၊

ပြောတိုင်းပြတိုင်း မယုံကြည်တဲ့လူတွေနဲ့တွေ့ရော အတုဟာ အတုပဲဗျာ၊ လိမ်ညာတာ ပေါ်တာပဲပေါ့၊

ဒီတော့ - အလိမ်ခံရတဲ့လူ ညံ့တာလည်း ပါတာပဲ၊

လိမ်နေတဲ့လူကို ပေါ်လွင်ထင်ရှားအောင် လုပ်တဲ့လူလည်း တော်တာပဲ၊

မြင်ရပါပြီလားဗျာ၊ ဘယ်မြို့က ဘုရားကြီး ရွှေထီးတော်တင်ရန်ဆိုပြီး ခွင့်ပြုချက်အတုတွေနဲ့ အလှူခံတယ်၊ စစ်တော့ ပေါ်လေရောကွာ၊ ယုံကြည်အောင်ပြောပြီး လိမ်နေတဲ့ အလိမ်ဆင်တွေ အများကြီးပါပဲဗျာ၊ သို့သော် ယုံကြည်မှုရှိအောင် ပြောဆိုသရုပ်ဖြ လိမ်ညာတာကို ယုံကြည်တဲ့အထဲမှာ ပညာတတ်တွေလည်း ပါတာပဲ၊

ကျောချမှ စားပြမှန်း သိသွားကြတာပဲ၊





www.burmeseclassic.com

www.burmeseclassic.com

ပညာနည်း၊ ရှိးသားတဲ့လူတွေကိုမှ ယုံကြည်အောင်ပြောပြီး လိမ်နေတာ မဟုတ်ဘူး။ ပညာလည်း တတ်တယ်၊ ချမ်းလည်း ချမ်းသာတယ်။

စီးပွားရေးလောကမှာလည်း ကြီးပွားဝင်ဆံ့နေတဲ့ လူလည်တွေလည်း ယုံကြည်မှုလွယ်လို့ ခံလိုက်ရပြီး သိန်းသန်းနဲ့ချီအလိမ်အညာခံလိုက်တာတွေ သတင်းစာထဲမှာ မကြာခဏ ဖတ်ခဲ့ရတယ်လေ။

ကျွန်တော် စာရေးဆရာပေါက်စဘဝတုန်းက လူလိမ်လူညာ အကြံအဖန်တွေအကြောင်း ကိုယ်တိုင်လိုက်လေ့လာကြည့်ဖူးတယ် ခင်ဗျ။

ဖြစ်ပုံက ဒီလိုခင်ဗျ။

ဟိုမှာဘက် လမ်းစဉ်ပါတီခေတ်တုန်းက ဖြစ်ခဲ့တဲ့အကြောင်းပေါ့ဗျာ။

အလွန်ကြီးမားတဲ့ တင်ပျဉ်ခွေရုပ်ပွားတော်မြတ်ကြီးတစ်ဆူ နဖူးတော်လကျာ ဘက်ကနေ ရောင်ခြည်တော်လွှတ်သတဲ့။

မြို့ထဲမှာ အုတ်အော်သောင်းတင်းဖြစ်ခဲ့ကြပါရော။



အဲဒါ - ဘုရားဖူးတွေရော၊ မမြင်ဘူးလို့ ကြည့်ချင်သူတွေရော ကားစင်းလုံးငှားတွေ၊ မြင်းလှည်းဆိုင်ကယ်တွေနဲ့ လာလာဖူးမြော်ကြတာနေ့စဉ်ရက်ဆက်ပဲဗျာ။

ဘုရားပရဝုဏ်ဝန်းကျင်မှာ ကားတွေ ပြည့်ကျပ်နေတာပဲ၊ ထမင်းဆိုင်တွေ၊ ကြံရည်ဆိုင်တွေ၊ ပန်းသည်တွေ ဈေးရောင်းမှကောင်းတဲ့။

လက်ဖက်ရည်ဆိုင်များဆို လက်မလည်အောင်ကိုရောင်းရတာတဲ့၊ သွားလိုက်ကြတာနယ်၊ မြို့စုံနယ်စုံပဲ။

ကိုယ်လည်း သွားကြည့်တာပေါ့။

ရုပ်ပွားတော်ကြီး ရောင်ခြည်လွှတ်တာ တစ်ခါမှ မမြင်ဖူးဘူးဗျာ။

အရှိုးအရပ်မှာ ရုပ်ပွားတော်ရဲ့မျက်လုံးအိမ်က မျက်ရည်ကျသတဲ့၊ ဖတ်ရကြားရဖူးပါ့။

ဘုရားရုပ်ပွားတော်ကမျက်ရည်ကျရင် မြို့ရွာတိုင်းပြည် ပူဆွေးသောကရောက်မတဲ့၊ တတ်သိနားလည် သူကြီးသူမများက ပြောရဲ့။

ဘုရားရုပ်ပွားတော် ပြုံးတော်မူရင် မြို့ရွာတိုင်းပြည် အေးချမ်းပျော်ရွှင်သာသာမတဲ့၊ နားလည်သူတွေပြောကြတယ် ခင်ဗျာ။

ရုပ်ပွားတော်တို့၊ စေတီပုထိုးတို့က ရောင်ခြည်တော်လွှတ်ရင် ပညာရှိ၊ ပုဏ္ဏားရှင် လူတွေ ဂုဏ်သတင်းကျော်စောမယ်။

ရောင်ဝါနေသို့ လင်းမယ်ဆိုသလို၊ အဲ့ - ကျွန်တော်လည်း အရောက်သွားပြီးကြည့်တာပေါ့၊ ထူးခြားတယ်ဗျာ။

အလွန်မြင့်တဲ့ တင်ပျဉ်ခွေရုပ်ပွားတော်ကြီးရဲ့ညာဘက်နဖူးတော်နေရာအနေ လင်းခနဲပြက်ခနဲဖြစ်ဖြစ်သွားတာမြင်ရတယ်ဗျာ။

နေ့နေ့ညည မီးရောင်းမီးလုံးများနဲ့ ထွန်းညှိပူဇော်ထားတော့ လင်းခနဲအလင်းရောင်က သိသိသာသာပြန့်သွားတယ်ဗျ။

ရှေ့ခုံး၊ ဘယ်၊ ညာနေရာ ရွှေ့ကြည့်ရင် ပိုတောင်သိသာသေးဗျာ။

ဒါကြောင့် - ဘုရားဖူးတွေ လာကြတာတိုး။

ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းတွေ ကပ်ကြတာ အလျှံပယ်ပါပဲဗျာ။

အဲဒါ တစ်လနီးပါး ကြာတယ်၊

နောင်တော့ - ဘုရားဖူး အလာတဲ့သွားပြီး ဟိုတုန်းက လာနေကျ၊ ဖူးမြော်နေကျအတိုင်းပဲ သွားရိုးလာစဉ်လာကြတယ်။

ဘာလို့ အလာအဖူးကျဲသွားတာလည်းမေးတော့ တစ်ယောက်က ရှင်းပြတယ်၊

"ရုပ်ပွားတော်ကြီးနဖူးက ရောင်ခြည်တော်လွှတ်တာ မဟုတ်ဘူးတဲ့ဗျို့"

"ဟေ - ဒါဆို - ဘာလို့ လင်းခနဲလက်ခနဲ ဖြစ်တာတုံးဗျ"

"နယ်မြေခံတာဝန်ရှိသူတွေ တက်စစ်တော့ အဖြေက ပေါ်သွားတယ်ဗျာ"

"အဖြေပေါ်ပုံ ပြောပါဦးဗျ၊ ဘယ်လိုတဲ့"

"နယ်မြေခံတာဝန်ရှိသူတွေ လှေကားထောင်ပြီး တက်စစ်တော့ ရုပ်ပွားတော်ကြီး နဖူးတော်မှာ စီးကရက်ဘူးထဲက ငွေရောင်ပြားကပ်နေတာတဲ့ ဗျာ၊ တစ်ယောက်ယောက်ကပဲ ဆက်

www.burmeseclassic.com

ကပ်ထားလားဆိုတော့ ဟုတ်ပုံမရဘူးတဲ့၊ စီးကရက်ငွေရောင်ပြားက လေနဲ့လွင့်တက်ပြီး ရုပ်ပွားတော်နဖူးဝန်းကျင်သွားကပ်နေတာတဲ့ဗျ၊ အစိုဓာတ်နဲ့ကပ်နေပြီးပြန်မကွာတဲ့သဘောတဲ့၊ အဲဒီ့ငွေရောင်ပြားကို ဓနရောင်နဲ့ လျှပ်စစ်မီးရောင်ထိုးတော့ အလင်းပြန်တာတဲ့ဗျာ၊

"ဖြစ်မှ ဖြစ်ရလေဗျာ"

ဖြစ်ပုံပြောပါတယ်၊

ကြဲကြဲဖန်ဖန် ဖြစ်သွားတာကိုး၊

နာမည်တော့ ကျော်သွားတာပေါ့ဗျာ၊

ဘုရားဖူးဖြစ်တဲ့ ကုသိုလ်ရော၊ လူရတန်းရတဲ့ကုသိုလ်ရောတော့ ရသွားတာပေါ့၊ ဂရုတစိုက်စစ်ဆေးတော့ အဖြေမှန်း သိသွားရတာပေါ့၊

ဓ☹ဓ

နောက်တစ်ခုကြုံလိုက်ရသေးသဗျ၊

ကျွန်တော်တို့ဒေသက ရွာတစ်ရွာမှာ ဝက်မကြီးက ခွေးလေးငါးကောင်မွေးပြီး နို့တိုက်နေသတဲ့ဗျို့၊

ဆိုင်ကယ်ကယ်ရီဆွဲတဲ့ လူရွယ်တစ်ဦးက ပြောတယ်လို့ ပြောတာပဲ၊

ဘယ်သူလဲမေးတော့ သူလိုလို၊ ငါလိုလို၊

သို့သော် ရွာက လာရောင်းတဲ့ဝက်သားသည်တစ်ဦး မေးကြည့်တော့ -

"ဟုတ်တယ် - အစ်ကိုရေ၊ ဝက်မကြီးက ခွေးလေးငါးကောင်ကို နို့တိုက်နေတာတော့"

"ဝက်မကြီးက ခွေးငါးကောင်မွေးတာလား"

"ကိုယ်တိုင်သာ သွားကြည့်တော် ဝက်သားမှာထားလို့ သွားဦးမတော့"

အတော်များများ အဲဒီရွာကို ဆိုင်ကယ်စက်ဘီးနဲ့ သွားကြတယ်၊ ဆိုင်ကယ် ကယ်ရီက အသွားအပြန် တစ်ထောင်ကျပ်ပေးရတယ်၊

သွားလိုက်ကြတာ လူတွေ မနည်းဆိုပဲ၊

တွေ့တဲ့လူကို မေးကြည့်ရတယ်၊

"နောင်ကြီး - ဆေးကိုးစီးရွာမှာ ဝက်မကြီးက ခွေးကလေးငါးကောင်မွေးတယ်ဆိုတာ ဟုတ်လားဗျာ"

"ပြောတော့ ပြောနေကြတာပဲဗျ၊ ကျုပ်လည်း သွားကြည့်မလို့ အဖော်မရှိတာနဲ့ မရောက်တာဗျာ"

"ကျွန်တော်နဲ့ သွားကြည့်ကြမလား"

"သွားလေ"

ဒါနဲ့ - ဆေးကိုးစီးရွာကို ရောက်ခဲ့တယ်၊

အရင်ဆုံးတွေ့တဲ့လူကိုမေးရတယ်ဗျာ၊

"ဒီမှာဗျာ - ဝက်မကြီးက ခွေးကလေးငါးကောင်မွေးတယ်ဆိုတဲ့အိမ်ကို သိချင်လို့ပါဗျာ - တဆိတ်"

ရွာသားကြီးက ကျွန်တော်တို့နှစ်ဦးကို သေသေချာချာ အကဲခတ်ပြီး မေးပါရော၊

"ခင်ဗျားတို့က ဘယ်အရပ်ကတုံး"

"မြို့ပေါ်ကပါ၊ သတင်းထောက်ပါခင်ဗျ"

"ဩော် - သတင်းထောက်တွေလား"

"ဟုတ်ပါတယ်ခင်ဗျ၊ ဟုတ်၊ မဟုတ် ကိုယ်တိုင်လာကြည့်တာပါခင်ဗျာ"

"ရေးကြမှာပေါ့"

"ဟုတ်ကဲ့ပါ ခင်ဗျ၊ ဒီလိုအဖြစ်အပျက်မျိုးက ကမ္ဘာမှာတောင် မကြားဘူးလို့ပါဗျာ"

"ဟုတ်တာပေါ့၊ ဒါထက် - သတင်းထောက်ကြီးက ဘယ်နတန်းအထိ ကျောင်းနေဖူးတုံးဗျာ"

"ကျွန်တော် - မြန်မာစာနဲ့ ဘွဲ့ရသောပြီးပါပြီ ခင်ဗျ"

"အေး - အေး - ဟိုရွာထိပ်က ထဲဝဲဗျာ၊ သွားကြည့်ကြပါ၊ အင်း - အင်း ရှုးလည်း ရှုးကြ၊ ပြောလည်းယုံကြပုံတွေ သွား - သွား"

ဒါနဲ့ - ကျွန်တော်တို့ လူလေးငါးယောက် အဝင်အထွက်ရှိတဲ့အိမ်ကို ရောက်သွားကြတယ်၊

ဟုတ်တာပဲဗျာ၊

ဝက်မခါးပတ်ကြားကြီးက ခွေးပေါက်စလေးငါးကောင်ကို နို့တိုက်နေတာဗျာ၊

ခွေးပေါက်စလေးတွေကဝက်မကြီးရဲ့နို့အုံကိုလက်နဲ့တွန်း၊ ခြေကန်ပြီး နို့စို့နေတာမှ အပြိုင်ပဲဗျာ၊

ဝက်မကြီးက မျက်လုံးမှေးပြီး ငြိမ်လို့၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်းကင်မရာထုတ်ပြီး ဓာတ်ပုံသုံးပုံရိုက်လိုက်တယ်၊ ကျွန်တော်တို့ အလျင်ရောက်တဲ့လူအချို့က နို့စို့နေတဲ့ခွေးလေးတွေရဲ့ ကျောမွှမွှလေးတွေကို ပွတ်သပ်ပြီး ပြောနေကြတယ်၊

"အံ့ဩစရာပဲဗျာ"

"ဟုတ်တယ်ဗျာ၊ ဝက်မကြီးက လည်းငြိမ်နေတာပဲ"

"မိခင်မေတ္တာထားတာပေါ့လေ"

"ခွေးလေးတွေကံကောင်းတာပေါ့နော"

"အသွင်မတူပဲ အမေနဲ့ သားသမီးလို သံယောဇဉ်မေတ္တာထားတာ အံ့ဩစရာပဲဗျာ"

"ဂုဏ်ရှိရမေတ္တာပေါ့ဗျာ"

သို့ကလိုပြောဆိုကြပြီး အိမ်ရှင်လူကြီးကို ငွေစက္ကူအချို့ထုတ်ပေးကြတယ်၊

လူကြီးက မယူပါဘူးလို့ငြင်းတယ်၊

"နွားနို့လေး-နို့မှုန့်လေးဝယ်တိုက်ပါ-ဦးကြီးရာ၊ ကျွန်တော်တို့ကသိုလ်ပြုတာပါ-လက်ခံပါနော်"

အိမ်ရှင်လူကြီးက အားရွံ့အားနာနဲ့ယူလိုက်တယ်၊

သူတို့ဆိုင်ကယ်ကိုယ်စီနဲ့ပြန်သွားတော့မှအိမ်ရှင်လူကြီးကိုအေးအေးဆေးဆေး အင်တာဗျူးရတယ်ဗျာ၊

"ဦးကြီးတို့ရွာက ဆေးကိုးစီးရွာနော်"

"ဟုတ်ပါတယ်ကွယ်"

"ဦးကြီးအမည်ရော ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

"ဦးဇော်ဇေလို့ခေါ်ပါတယ်ကွယ်"

"ဦးကြီး ဝက်မွေးတာ ကြာပြီလား ခင်ဗျာ"

"သုံးနှစ်လောက်ရှိပါပြီဗျာ"

"အားလုံး ဝက်ဘယ်နှကောင်မွေးပါသလဲ"

"ဝက်မသုံးကောင်ပါ"

"ဒီဝက်မကြီးက ခွေးငါးကောင်မွေးတာပေါ့-ဟုတ်လား"

"ဗျာ"

"ဒီဝက်မကြီးက ခွေးငါးကောင်မွေးတာပေါ့-ဟုတ်လား"

"ဗျာ"

"ဒီဝက်မကြီးက သားဦးမွေးလား၊၊ ဒုတိယအကြိမ်မွေးလား-ဦးကြီး"

"အဲ-အဲ-ဟို"

"ဒီလိုဝက်မကြီးက ထူးဆန်းစွာခွေး ...ကောင်မွေးတော့ ကြိုတင်အိပ်မက် ...တာတွေများ ရှိခဲ့ပါသလား ဦးကြီး"

"မောင်ရင်"

"ဟုတ်ကဲ့-ပြောပါ"

ကျွန်တော်ကလည်းအသံဖမ်းစက် ...သူ့ရှေ့တိုးပေးလိုက်တယ်၊

"မောင်ရင်-မှားနေပြီ"

"ဗျာ-ကျွန်တော် ဘာမှားလို့ပါလဲ ...ဗျာ"

"ဒီဝက်မကြီးက ခွေးငါးကောင်မွေး ...တာမဟုတ်ဘူး"

"ဗျာ"

"ဒီခွေးပေါက်စငါးကောင်ကို သူတို့ ...အမေ ခွေးမကြီးက မွေးတာ"

"ဟင်"

"ခွေးမကြီး အစာအဆိပ်မိပြီး သေ ...သွားလို့ ခွေးပေါက်စလေးတွေကို သား ...ပြီးစ ဝက်မကြီးနဲ့ ချော့တိုက်ရင်းကနေ ...အခု ဝက်မကြီးက သူ့သားသမီးတွေလို ...သဘောထား၊ မေတ္တာထားပြီး နို့တိုက် ...တာ-မောင်ရင်ရဲ့"

"ဗျာ-အဲဒီလို"

"ဟုတ်တယ်"

"ကျွန်တော်တို့မြို့ပေါ်မှာတော့ ဝက်မကြီးက ထူးထူးဆန်းဆန်း ခွေးလေးငါးကောင်မွေးပြီးနို့တိုက်တယ်လို့ပြောနေ သတင်းဖြစ်နေတာ-ဦးကြီးရ"

"အဲဒါ-ဟိုကောင်တွေ ပြောတာကွ"

"ဘယ်သူတွေတုံးဗျာ"

"ရွာလာရင်ဆိုင်ကယ်ကယ်ရီဂိတ်ဆိုတာ ကားလမ်းနံဘေးမှာရှိတယ်ကွယ့်၊ ဒီကောင်တွေ ဆိုင်ကယ်သိပ်ဆွဲမကောင်းလို့ အကြံအဖန်လုပ်ပြီး ငါ့ခွေးပေါက်စတွေ ဝက်မကြီးနို့တိုက်တာမြင်ရော ဝက်မကြီးက ခွေးလေးငါးကောင်မွေးတယ်ဆိုပြီး မဟုတ်မဟတ်လုပ်ကြံ သတင်းလွှင့်ကြတာကွ၊ ငါ့မလဲ အဟုတ်မှတ်ပြီး လာကြည့်တဲ့လူတွေကို ကနဦးတော့ ရှင်းပြပါတယ်ကွာ၊ ကြာတော့ ဆင်ခြင်တုံဉာဏ်မရှိတဲ့ငတုံးတွေ ဆိုင်ကယ်ကယ်ရီသမားတွေ ဆိုင်ကယ်ဆွဲကောင်းအောင် လိမ်ညာစွပ်ချက်တာ ခံတော့ဟဆိုပြီး ငြိမ်နေလိုက်တာကွ၊ မင်းတို့မြို့သားတွေ ရူးလည်း ရူးပဲ့ကွာ၊ တောသားတွေရဲ့အပတ်ခံရတာ...ရောပေါ့၊ နောင်ကို ပြောလိုက်ကြပါကွာ၊

www.burmeseclassic.com

ဒေါ်ဆီလည်း မလာကြပါနဲ့၊ ပိုက်ဆံလည်း မပေးကြပါနဲ့၊ မိခင်ခွေးမကြီးသေသွားလို့ ဝက်မကြီးကနို့တိုက်၊ နို့စို့ခွင့်ပြုနေတာလို့ ပြောကြ၊ ရေးကြပါကွာ၊ ဆိုင်ကယ်ကယ် ရီကောင်တွေလည်း အတော်မဟုတ် မဟုတ်ပြောပြီး ငွေရှာတာ ဆိုးသကွာ၊

ကိုင်း - အဖြစ်မှန်က အဲဒီလိုပါဗျ၊

ဟိုကယ်ရီသမားအရို့ညာပြော လုပ်ကြ၊ ပြောကြတာကို ယုံကြည်မှုဖြစ်ပြီး သွားကြည့်တဲ့ ကျွန်တော်တို့ ခံလိုက်ရတဲ့အဖြစ်မှန်ပါဗျာ၊

အင်း - ညာတာလေးလည်း ယုံချင်တာ ခံရသပေါ့၊

၁၀

ဒီ့ထက်ဆိုးတဲ့အဖြစ်အပျက်နှစ်ခု ကြုံရသေးသဗျာ၊

ကံကောင်းလို့သာပေါ့၊

နိုမို - ကျွန်တော် ဂမ္ဘီရစာရေးဆရာ အရှက်ကွဲရော၊

ဖြစ်ပုံက ဒီလိုခင်ဗျ၊

နယ်မြို့ရွာတစ်ရွာမှာ ဘုရားစေတီတော်က ရောင်ခြည်တော်လွှတ်လို့ ဒီအကြောင်းဂမ္ဘီရစာရေးဆရာ ဆောင်းပါးရေးဖို့ လာမေတ္တာရပ်ခံတာ ခင်ဗျာ၊

ဗွီဒီယိုရိုက်ထားတဲ့အခွေလည်း သက်သေပြတယ်၊

အို - အံ့ဩစရာကောင်းလိုက်တာ၊

ဒီတစ်ခါပဲ ဘုရားစေတီက အံ့ဩဘနန်း ရောင်ခြည်တော်လွှတ်တာ မြင်ဖူးပါတယ်ဗျာ၊

အထက်အောက် မီးပွင့်တွေ ထွက်တယ်၊

ဘေးဘယ်ညာ မီးပွင့်မီးသီးတွေ လျှောက်သွားတယ်၊

အောက်ကနေ အထက်ကို မီးသီးရောင်တွေ တက်တယ်၊

ကြည့်ရတာ ဘုရားစေတီရောင်ခြည်တော်လွှတ်နေတာနဲ့ မတူဘူး၊ အော်တိုမက်တစ်မီးသီးတွေ သီတင်းကျွတ်လမှာ မီးကစားနေသလိုပဲ၊

အံ့ဩစဉ်းစားစရာ ဖြစ်နေလို့ ပြောရတယ်၊

ကျွန်တော် မရေးရဲဘူးလို့၊

ကံကောင်းပါတယ်ဗျာ၊

နောင်တော့ - အဲဒီ့ကိစ္စက အဖြစ် ...သွားတယ်၊ တော်ပါသေးရဲ့၊

နိုမို့ ကျွန်တော် အကျိုးနည်းရော...၊

အရို့ဘုရားစေတီတွေ အမှန် ...ယ်ရောင်ခြည်တော်လွှတ်တာ ရှိပါ ...ယ်၊ အော်တိုမက်တစ်မီးသီးမီးပြေး ...ိုမဟုတ်ပါဘူးဗျာ၊

တစ်နေ့ကပဲ ကျောက်စိမ်းဘုရား ...တီကို ညဥ့်လယ်မှာ နတ်မြင်းပျံတွေ ...ရောက်ဖူးလာတာ ဓာတ်ပုံသတင်းဖတ် ...ိုက်ရတယ်၊

အံ့ဩစရာပဲဗျာ၊

ဓာတ်ပုံမှာတော့ နတ်မြင်းပျံမပေါ်ပါ ...ဘူးတဲ့၊

သို့သော် ထူးဆန်းတဲ့မီးခိုးတိမ်ရိပ် ...တန်း၊ ဘုရားစေတီဝန်းကျင်ပျံဝဲဝေ့ ...ဝဲ့ကိုတော့ အထင်အရှားပြသထား ...မြင်ရတော့ အံ့ဩရတာပေါ့ဗျာ၊

ဖြစ်ချင်တော့ - ကျွန်တော့်အိမ်မှာ ...ကွယ်ထားတဲ့ ဒက္ခိဏာသာခါသစ်က ...သားဘုရားရုပ်ထုနဲ့ အဘအောင် ...ခေါင်ရုပ်တုနှစ်ခု ဘယ်ဘက်မျက်စိ ...ပြီး ညာဘက်မျက်စိ ပွင့်နေတာ ...။

သူငယ်ချင်းတစ်ဦး အိမ်လာရင်း မြင်တာဗျို့၊

သူငယ်ချင်းက ပြောတယ်၊

"ညီမှိုင်း - မင်းအိမ်ထဲ ဒက္ခိဏာသာခါရုပ်ပွား ဘယ်မျက်လုံးမှိတ်ပြီး ညာမျက်လုံးတစ်လုံးပဲ ပွင့်နေပါလား"

"ဟေ - ဟုတ်လား - ဘယ်မှာတုံးကွ"

"ဘုရားကျောင်းဆောင်ပေါ်မှာလေ"

"ဟာ - ဟုတ်တာပဲဟေ့"

"ဟ - ငါ့လူရ - ဒက္ခိဏာသာခါရုပ်ပွားတင်မဟုတ်ဘူး၊ ဟိုမှာကြည့်စမ်း အဘအောင်မင်းခေါင်ရုပ်တုပါ၊ ဘယ်မျက်စိမှိတ်ပြီး ညာမျက်စိဖွင့်နေတာတ ထူးပြီကွ - ညီမှိုင်းရ"

"ဟေ - ဟုတ်သဟ"

"မင်းတော့ ထူးပြီ - ညီမှိုင်းရေ"

သူငယ်ချင်းပြောလိုက်လို့ အသိအရှိုးတောင် လာကြည့်ကြပြီး အံ့ဩကြလို့ဗျာ၊

"အတိတ်ကောင်း နိမိတ်ကောင်းယူကွ၊ ညီမှိုင်းရ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုအတိတ်နိမိတ်ယူရမှာ တုံးဗျ"

"ဒကွဲ့ကာသာခါရုပ်ပွား မျက်စိတစ်လုံးပဲဖွင့်တော့ ဘုရားတည်ဖို့ သိန်းတစ်ရာ ထိကြီးပေါက်"

ဒီမှာကိုသောင်းညွန့်ဦးကဖြတ်ပြောတယ်။

"ကိုတင်ဝင်းရေ..."

"ဘာတုံး - ကိုသောင်းညွန့်ဦး၊ ကျုပ်ပြောမပြီးသေးဘူး"

"သိန်းတစ်ရာ မပြောပါနဲ့ဗျာ"

"ဘာဖြစ်လို့တုံး"

"နည်းတာပေါ့ဗျ။ သိန်းတစ်ထောင် ထိဆုပြီးပေါက်မယ်လို့အတိတ်ကောက်ပါဗျ၊ စာရေးဆရာကြီး နန်းတော်ရှေ့ ဆရာတင်ရေးတဲ့ "အောင်နိမိတ်" သီချင်း စာသားလိုပေါ့ဗျာ"

"ပြောပါဦး - မင်္ဂလာသောင်းရ"

"နန်းတော်ရှေ့ဆရာတင်က ဘယ်လိုရေးလဲဆိုတော့ "ကောင်းတဲ့အတိတ်ကောက်ရင် နိမိတ်နောက်မှာ အရောင်လာ၊ ကျွန်တော်ဆိုတဲ့သီချင်းကို ရွှေနားတော် ဆင်ကြပါတဲ့၊ ဒါကြောင့် - သိန်းတစ်ထောင် ထိဆုကြီးပေါက်၊ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာကြီး ရှင်တစ်ရာအလှူရှင်ကြီး ဂန္ထဝင်စာရေးဆရာကြီး ဦးညိုမှိုင်း ဖြစ်ရောပေါ့ဗျာ"

"အိုကေ - ကျုပ်လည်း ထောက်ခံတယ်ဗျ"

"ဘယ်လိုကြောင့် ကိုလှမြင့်ဦးက ထောက်ခံနေတုံး"

ဒီမှာ ကိုလှမြင့်ဦးက သစ္စာစကားပြောတယ်။

"ကိုညိုမှိုင်း - သိန်းတစ်ထောင်ထိပေါက်မှ ကျုပ်လည်း ငွေလေးငါးဆယ်သိန်း ချေးလို့ရမှာပေါ့ဗျ"

"ဟား - ဟား - ဟား - ဟား - ဟုတ်လိုက်လေဗျာ"

"ဒါဆို - အဘအောင်မင်းခေါင် ညာမျက်လုံးဖွင့်ပြီး ဘယ်မျက်လုံးမှိတ်တဲ့သဘောကရောဗျ - ကိုတင်ဝင်းရ"

"တစ်ယောက်တည်းကမ္ဘာ့ထိပ်ဦးဆောင်သာသနာပြုရမယ် ဆိုတဲ့ အတိတ်နိမိတ်ဗျ"

"ဟုတ်လိုက်လေဗျာ၊ ဘုရားဒါယကာ ဦးညိုမှိုင်းရေ - မင်္ဂလာရှိတဲ့ အချိန်မှာ မင်္ဂလာစကားပြောတာကိုးခင်ဗျ"

"ဟုတ်ပ ကိုသောင်းရေ - ဒီတော့"

"လက်ဖက်ရည်နဲ့ မုန့်ကတော့ ချက်ချင်းအလှူကြီးရှေ့ရေးအတွက် ...သတ်ဒါနပြုတဲ့သဘောနဲ့ကျုပ်တို့သုံး ...ဆောက်ကိုကျွေးသင့်၊ မသင့်စဉ်းစားကြ ...ဗျာ"

"မင်္ဂလာသောင်း - ခင်ဗျားက ဒီလို ...ချင်အလွန်တော်ပါပေရဲ့ဗျာ၊ ကျွေးသင့်တာ ရောက်ကတည်းဗျ"

လှုတော်တွေပါဗျာ၊

သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူးလေ၊

ကိုလှမြင့်ဦးက ရာစုဥဒါန်းစာကြည့် ...တိတ်မှုး၊

ကိုတင်ဝင်းက ရေဒီယိုတေးသရှင်၊

ကိုသောင်းညွန့်ဦး (ခေါ်) သန်လျင်ညွန့်ဦးက တေးရေးဆရာ၊ တေးသံရှင်၊ ဇာတ်မန်နေဂျာဗျာ၊

ဒီလိုအထင်ကရပုဂ္ဂိုလ်တွေပြောတာဆိုရင် အယူတော်မင်္ဂလာဦးနီးရဲ့ စနည်း၊ အဆောင်၊ အတိတ်၊ နိမိတ်အရ ကိန်းသေ ကျွန်တော် ကြီးပွားချမ်းသာ ညည့်နိမိတ်ပဲဗျာ၊

ဒါကြောင့် - မြို့လယ်က "မုန့်ကဖီး" မှာလက်ဖက်ရည်၊ မုန့်၊ စီးကရက်၊ ဒါနပြုကျွေးလိုက်တယ်ဗျာ၊

ငွေသုံးထောင်ကျော် ကုန်သွားတယ်၊

ပြီး - ကျွန်တော်တို့ လူစုခွဲလိုက်ကြတယ်၊

သူတို့သုံးဦးရဲ့ သတင်းမြန်မှုပဲ ...မြန်လိုက်ပါဘိဗျာ၊ အိမ်မှာ အသိမိတ်ဆွေတွေ ရောက်နေကြပြီ၊ ဘုရားကျောင်းဆောက်ကို ကြည့်ပြီး အံ့ဩ...လို့၊

"ကိုညိုမှိုင်း"

"ဗျာ"

"ဘာလို့ - ဒီအကြောင်းကျွန်တော်တို့မပြောတာလဲ"

"အဲ - အဲ - ဟို - ဟို"

"ခင်ဗျားဗျာ - ဒါဖြစ်ရပ်ဆန်းကြီးဗျ၊ သတင်းထောက် တင်မောင်ဌေး ချစ်ဟန်ဝင်းတို့၊ မောင်ဘုန်းတို့ ဖိတ်... မပြဘူးလား၊ ဒါ - ခင်ဗျားကို ပုဂ္ဂိုလ်ဓ... မ.တာလေဗျာ"

"ကျွန် - တော် - လည်း - ကိုတ...ဝင်းတို့၊ ကိုသောင်းညွန့်ဦးတို့ပြော... ခုမနက်ကမှ သိတာပါဗျာ"

"ကိုင်း - ကျုပ်တို့ - ဒီသတင်း သန်လျင်က မောင်မောင်ဦးသွား...





www.burmeseclassic.com

www.burmeseclassic.com

မယ်၊ စီးပွားကမ္ဘာဂျာနယ်မှာစာလုံးကြီးနဲ့ ရေးထိုးကနေ ထည့်ရမည့်သတင်းဗျ"

"နေ - နေ - ကြပါဦး - ကို ကျော်အောင်ဦးရာ"

"လာ - သိန်းနွယ်ဦး - မောင်မောင်ဦးတို့သတင်းစာဆရာ၊ စာရေးဆရာအဖွဲ့ကို အမြန်အသိပေးကြစို့"

သူတို့ဆိုင်ကယ်ကိုယ်စီနဲ့ ထွက်သွားကြပါရော၊

ဒီကိစ္စ တင်မောင်ဝေတို့၊ ချစ်ဟန်ဝင်းတို့က သတင်းထောက်တွေသိသွားရင် ပုံကြီးချဲ့ရေးတော့မှာဗျ၊ မောင်သွေးရင့်တို့၊ အိကြွေတာတို့သိသွားရင် လက်တမ်းစာ စောင်တွေရိုက်ပြီး ရန်ကုန်သန်လျင်ဖြန့်တော့မှာ၊

ဖြန့်တာထက် ဘော်ချက်ခွင်ဖန်ရင်ဒုက္ခ၊

ဟယ် - တတ်နိုင်တော့ဘူး၊

ဖြစ်ချိန်တန်လို့ဖြစ်တဲ့ကိစ္စဥစ္စာ၊

ကိုယ် - ဘယ်လိုတားလို့ရမှာတုံး၊

မတော် - သတင်းထောက်တွေ၊ ..ရေးဆရာတွေ၊ ညှော်သည်တွေ စုပြုံရောက်လာရင် အလုပ်က များမယ်၊

ချစ်ကန်ဝင်းဆိုတဲ့သတင်းထောက်ကြီးက ခွေးနစ်ကောင်ကိုက်ရင်တောင် သတင်းရေးတဲ့လူကြီး၊

သန့်ရှင်းရေးတော့ လုပ်ထားမှ၊

ဘုရားရော၊ အဘရုပ်ထုရော၊ ရေသပ္ပာယ်ပြီး အမွှေးတိုင်၊ ဖယောင်းတိုင်ဆက်မှ ကောင်းမယ်၊

ဒါနဲ့ - ဒက္ခိဏသာခါရုပ်ပွားတော်နဲ့ အဘအောင်မင်းခေါင်ရုပ်ထုကို ပင့်ပြီး ရေသပ္ပာယ်ရော၊

"ဟိုက်"

ဒက္ခိဏသာခါရုပ်ပွားတော်ရဲ့ပိတ်နေတဲ့ ဘယ် မျက် လုံး ရေနဲ့ ထိရော၊ ပျက်ပြယ်ပြီး ပွင့်သွားပါလား၊

အလို၊

ဒါကြောင့်ကိုး....

အဘအောင်မင်းခေါင်ရုပ်ထုရဲ့ပိတ်နေတဲ့ဘယ်ဘက်မျက်လုံးကို ရေပတ်အဝတ်နဲ့ သုတ်သန့်ရှင်းရော၊

"ဟယ်"

ဒါကြောင့်ကိုး၊

မျက်လုံးပေါ်က ဖြူဖြူတွေ ရေထိတော့ပြယ်သွားရောဗျာ၊ ခုမှပဲအဖြေပေါ်တော့ တယ် ခင်ဗျ၊

ဒီလိုဗျ - ဒီလို - ဒီလို၊ အရုပ်ကတို့၊

ကျွန်တော်က တစ်ပတ်(၇)ရက်တစ်ခါရုပ်ပွားတော်တွေကို ချီးရေတော်ဆက် ရေသပ္ပာယ်လေ့ရှိတယ်၊

ဘုရားပန်းတွေ အသစ်ပြန်လဲ၊ ..မွေးအိုး၊ ငွေအိုးမှာအောင်သပြေပန်း ..အသစ်ထိုး၊ ပြီးရင် - နံ့သာဖြူသွေး ..သားအရည်နဲ့ ရုပ်ပွားတော်များရော၊ ..အဘအောင်မင်းခေါင်ရုပ်တုကိုရော ..ဖြူရည်ကို သပြေခက်စိမ်ပြီး ပက် ..ဆက်လေ့ရှိတာကိုး ခင်ဗျ၊

နံ့သာရည်ဆက်ရင်း မိသားစုများ ..မာချမ်းသာ အန္တရာယ်ဘေးကင်းဖို့ ..ား ဥစ္စာများ ဒီရေအလား တိုးဖို့ ..ကောင်းရင်း (၁၁)ဘုံသားတွေလည်း ..ဗ္ဗာပို အမျှဝေတာကိုး ခင်ဗျ၊

အခန့်သင့်ချင်တော့ နံ့သာဖြူရည် ..သပြေခွက်နဲ့စိမ်ပြီး ပက်ဖြန်းဆက် ..လိုက်တဲ့ နံ့သာဖြူအရည်စက်က ..ဏသာခါရုပ်ပွားတော်ကြီးရဲ့ ဘယ် ..ဘက်မျက်လုံးနဲ့၊

အဘအောင်မင်းခေါင်ရဲ့ ဘယ် ..ဘက်မျက်လုံးပေါ် သွားဝင်ပြီး နံ့သာဖြူ ..ရည်လည်း ခြောက်သွေ့ရော၊

တိုက်ဆိုင်ချင်တော့ ရုပ်တုနှစ်ခုလုံး ..ဘယ်ဘက်မျက်လုံးနဲ့ နံ့သာဖြူရည် ..ခြောက်သွေ့ပြီး မျက်လုံးပိတ်သလိုဖြစ်၊

နံ့သာဖြူမပေကျံတဲ့မျက်လုံးတ နက်ကို အတိုင်းပွင့်နေမြဲ၊ ကိုယ်ကလည်းအမှုမဲ့ အမှတ်မဲ့နေတော့ အဲဒီထူးခြားချက်ကို မမြင်မိ၊

မနက်ကရောက်လာတဲ့ကိုသောင်းညွန့်တို့သုံးဦးကမြင်ပြီး အံ့သြကြ၊ နိမိတ်တွေ ကောက်ကြ၊

ဝမ်းသာအံ့သြပြီး တွေ့တဲ့လူပြောကြ၊

စာရေးဆရာညိုမြိုင်းအိမ်က ဒက္ခိဏသာခါရုပ်ပွားတော်နဲ့ အဘအောင်မင်းခေါင်ရုပ်တုတွေ ဘယ်မျက်လုံးမှိတ်ပြီး ညာမျက်လုံးဖွင့်ပြနေတယ်ပေါ့ဗျာ၊

ခုတော့ - ကိုယ်ပြုတဲ့ ကုသိုလ်တံကြောင့် အဖြေအစစ်အမှန်ပေါ်ပြီး အဲဒါ ရေသပ္ပာယ်ပြီး ဘုရားကျောင်းဆောင်ပေါ်ပြန်ပင့်နေရာချ၊

အမွှေးတိုင်နဲ့ ဘုရားမီး၊ လျှပ်စစ်မီး ပူဇော်လိုက်တယ်၊ နံ့သာဖြူအရည် မပက်တော့ဘူး၊

လာသမျှလူတွေလည်း ..ငံးပြန်ရတယ်၊





www.burmeseclassic.com

www.burmeseclassic.com

"ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ဖြစ်တာ မဟုတ်ပါဘူးခင်ဗျာ၊ ဘုရားရုပ်ပွားတော်နဲ့အဘကိုနံ့သာဖြူအရည်ပက်ဆက်ရင်း မတော်တဆ မျက်လုံးကို အရည်စဉ်ပြီး ကပ်တာပါ၊ အရည်ခြောက်တော့ ဖြူပြီး မျက်လုံးတစ်လုံးစီ ပိတ်သလို ပိတ်ဖွင့်နေသလို ဖြစ်သွားတာပါခင်ဗျ၊

အဲဒီလို ရှင်းပြတော့မှ သဘောပေါက်သွားကြတယ်ဗျာ၊

တော်ပါသေးရဲ့၊

ကိုယ်ကလည်းရေမသပ္ပာယ်ပဲနဂိုအတိုင်းဖြစ်နေရင် ဟုတ်မှာပဲ ဒကာ္ဘကသာခါ ရုပ်ပွားတော်နဲ့ အဘအောင်မင်းခေါင် ထူးထူးခြားခြားနိမိတ်ပြတာပဲလို့ မှတ်ယူထားလိုက်ရင်၊

တော်ပါသေးရဲ့၊ သန်လျင်သားသတင်းထောက်တွေလာကြည့်၊ ရေးကြလို့ အဟုတ်တကယ်မှတ်ပြီး ကြားကြားသမျှလာကြည့်ကြ၊ ပူဇော်ကြ၊ အလှူငွေထည့်ကြ၊

ထန်းပင်ကုန်းရပ်ကွက်ထဲ လူစုလူဝေးတွေနဲ့ အုတ်အော်သောင်းတင်းဖြစ်ကုန် ကြရင်း - မတော် - ရဲသတင်းတပ်ဖွဲ့လာစစ်ဆေးလို့ ခုလို နံ့သာဖြူအရည် ခြောက်ကပ်နေတာ တွေ့သွားသိသွားရင်၊

ဘုရား - ဘုရား၊

ကျွန်တော့်ကိုဗုဒ္ဓဘာသာဝင်လူထုကို ယုံကြည်သူရှိအောင် လိမ်ညာလှည့်စား အကြံအဖန် ခွင်ချက်တယ်ဆိုပြီး အချုပ်ထဲများ ထည့်လိုက်ရင် တွေးရင်းကျောထဲ ကြက်သီးဖြန်းဖြန်းထ၊

ဂမ္ဘီရစာရေးဆရာ လူလိမ်ဆိုပြီး သတင်းစာတွေထဲ ပါသွားရင် သွားပြီ၊

ဘဝတော့ လုံးဝပျက်ပြီ၊

ကံကောင်းလို့၊

မိတ်ဆွေတို့ ယခုရေးလိုက်တဲ့ အကြောင်းအရာက တကယ့်ဖြစ်ရပ်မှန်ပါဗျာ၊

ကိုသောင်းညွှန့်ဦးတို့ ကိုတင်ဝင်းလေးတို့ယနေ့တိုင်သက်ရှိထင်ရှားရှိနေတုန်းပါခင်ဗျာ၊

မယုံရင် မေးကြည့်လို့ရပါတယ်၊

◎◎◎

ဆိုလိုချင်တာက လုပ်စားမယ်ဆိုရင်ယုံကြည်အောင် ပြောပော သရုပ်ပြပြီး လုပ်စားလို့ရတဲ့ မဟုတ်မဟတ်ခွင်တွေ အများကြီးရှိပါတယ် ဆိုတာ သဘောပေါက်စေချင်လို့ပါ၊

ယုံကြည်မှုရှိအောင် လုပ်ကြံပြောဆို အကြံအဖန်လုပ်တဲ့လုပ်ရပ်တွေက အဖြစ်မှန်မပေါ်ခင်အထိတော့ကျော်စောနေမှာပါ၊

အဖြစ်မှန်ပေါ်ပေါက်သိရှိသွားရင် ယုံကြည်မှုမရှိတော့ပဲ ကဲ့ရဲ့ခံရတာပဲ အဝတ်တင်ကျန်ရစ်ခဲ့မှာပါ၊

အဲဒီလို ကိစ္စတွေဟာ နိုင်ငံရေးလောကမှာလည်း ရှိပါတယ်၊ စီးပွားရေးလူမှုရေးလောကမှာလည်း ရှိပါတယ်၊ ဘာသာရေးနဲ့နွယ်တဲ့ ကိစ္စရပ်တွေမှာလည်း အနည်းနဲ့အများ ရှိနေပါတယ်၊

မျက်မှောက်ခေတ် လူကုန်ကူးတဲ့ သတင်းတွေကို ကြည့်စမ်းပါဗျာ၊

တရုတ်နိုင်ငံမှာ၊ ထိုင်း၊ မလေးရှားနိုင်ငံမှာ လစာကောင်းတဲ့ အလုပ်ရမယ်လို့ ယုံကြည်မှုရှိအောင် ပြောပြီး အကျိုးဆောင်ခ ထိုက်ထိုက်တန်တန်ယူ ပို့ပေးနေတယ်၊

တရားမဝင်ပို့ပေးတာနော်၊

ယုံကြည်အောင်ပြောပြီး စည်းရုံးတာကိုး၊

မက်လုံးတွေပေးပြီး ဆွယ်တာကိုးခင်ဗျ၊

ယုံကြည်အောင်ပြောတော့ ယုံလိုက်မိရော၊ ကိုယ်က ရိုးရိုးသားသား ယုံကြည်မိတာ၊ မှန်ကန်တယ်ထင်လို့ ယုံကြည်မိတာ၊

ခုကြည့်စမ်း၊

မိန်းကလေးတချို့ကိုလိမ်ညာလှည့်ဖြား ပြောခါပြီး တရုတ်ပြည်မှာ တရုတ်မယားလုပ်ဖို့ ရောင်းစားတယ်၊

တရုတ်ပြည်ရောက်ရော မပြောသာတော့ပဲ နှိပ်စက်ညှဉ်းပန်း ခြိမ်းခြောက်မှုကြားမှာ တရုတ်မယားအဖြစ်နဲ့ ဘဝပျက်ခဲ့ကြရတယ်၊

မိန်းကလေးတင်မဟုတ်ဘူး၊

ယောကျ်ားသားလူငယ်လူရွယ်အတော်များများလည်း ယုံကြည်မှုရှိအောင်ပြော ဆိုစည်းရုံးပြီး ထိုင်းတို့ မလေးရှားတို့၊ အင်ဒိုနီးရှား၊ တံငါသူတွေ့တွေထံ ရောင်းစားခံရတယ်၊

လစာလည်းမရ၊

မဝရေစာစား၊





www.burmeseclassic.com

www.burmeseclassic.com

(၂၄)နာရီနီးပါး ပင်လယ်ထဲမှာ တံငါအလုပ် လုပ်ရ၊ နေမကောင်းရင် ဆေးကုမပေးဘူး၊မနာခံရင်သေလုမြော ပါး အနှိပ်စက်ခံရရင်း အချို့သေဆုံးသွား ခဲ့ရတယ်၊

စတော်သေးတာပေါ့ဗျာ၊

ဒီလိုလူကုန်ကူးခံရပြီးကျွန်ဘဝသာ သာ ရောက်နေ၊ ဒုက္ခဆင်းရဲသတင်းကို နိုင်ငံခြားသတင်းထောက်တစ်ဦးက သတင်းစာမှာ ရေးလိုက်လို့၊

မြန်မာနိုင်ငံသား လူကုန်ကူးခံသူ တွေ သတင်းသိရပြီး မြန်မာအစိုးရက ကယ်တင်ခဲ့လို့ ထိုင်းနဲ့ အင်ဒိုနီးရှားက လူကုန်ကူးခံရောင်းစားခံရသူဘဝလွတ် မြောက်ခဲ့ရတာ ငြင်းလို့မရဘူးဗျာ၊

ဒါကြောင့် - ယုံကြည်မှုတိုင်းဟာ အပြစ်ကင်းစင် ရိုးသားပါတယ်လို့ ပြော လို့မရတော့ဘူးဗျာ၊

ယုံကြည်မှု အလွဲသုံးစားလုပ်သူ တွေ ကျွန်တော်တို့ဝန်းကျင်မှာ ရှိနေ တယ်၊ ကမ္ဘာမှာလည်း ရှိနေတယ်၊

ဒီနေရာမှာ ကြုံကြိုက်တုန်း ယုံ ကြည်မှုကြောင့် အံ့ဖွယ်ဖြစ်ရပ်ဆန်း ကြယ်ဖြစ်ခဲ့တာလေးကိုယ်တွေ့မှီပြောပြ ချင်ပါတယ်ဗျာ၊

အမှန်က မကောင်းတာက ကျွန် တော်တို့ ခင်ဗျ၊

ဖြစ်ပုံက ဒီလို၊

ဟိုး လမ်းစဉ်ပါတီခေတ်တုန်းက ဖြစ်ခဲ့တာ၊

ကျွန်တော်ရယ်၊ ခင်ရွှေရယ်၊ ကိုသိန်းစိုးရယ်၊ ကိုချိုကြီး၊ ပန်းချီကိုဝင်း လွင်ရယ် ငါးယောက်တို့ဟာ သောက် သောက်စားစား ပျော်ပျော်နေသူတွေ ပေါ့၊

ကျွန်တော်က စာရေးဆရာပေါက်စ၊

အရပ်ပြဇာတ်တွေ စီစဉ်ကနေတဲ့ ဇာတ်ရှင်၊

ကိုချိုကြီးက အစိုးရရုံးဝန်ထမ်း၊

ကိုသိန်းစိုးက ဘဏ်စာရေးကြီး၊

ကိုဝင်းလွင်က ပန်းချီဘလောက် လုပ်ငန်းလုပ်တဲ့သူ၊ ခင်ရွှေက အလုပ်မရှိ၊ အကိုင်မရှိ၊

ကျွန်တော်တို့အားလုံးပန်းချီကိုဝင်း လွင်အိမ်မှာ စနေ၊ တနင်္ဂနွေနေ့များ စုဝေး ချက်ပြုတ်စားသောက်ကြပေါ့၊

ပန်းချီ ကိုဝင်းလွင်ရဲ့ဇနီး မမြင့်က လည်း သဘောကောင်းတယ် ခင်ဗျ၊ ကိုဝင်းလွင်ကိုကိုသိန်းဟန်လို့လည်းခေါ် ကြတယ်၊



များသောအားဖြင့် ကိုယ့်အိမ်က ...င်းနဲ့ထမင်း ယူလာပြီး ကိုဝင်းလွင် ...န်းချီအညာသား)အိမ်မှာစုပေါင်းစား ...ကြ သောက်ကြ၊

ဘဏ်စာရေးကြီး ကိုသိန်းစိုးက ...ချော ခင်ဗျ၊ တရုတ်သွေးစပ်တယ်၊

(မှတ်ချက်၊ ၊ယခုအခါကိုသိန်းစိုး ...ည် ရဟန်းဘဝနှင့် အသက်(၇၀) ...ကျော်ရှိပြီး ကျန်းမာရေးမကောင်းရှာ ...ဗျာ)

(ကိုချိုကြီးရော၊ ကိုဝင်းလွင်ရော၊ ...င်ရွှေရော ကွယ်လွန်ကုန်ကြပါပြီ၊ ကျွန် ...တော်နဲ့ ဦးဇင်းကြီး သိန်းစိုးပဲ အသက် ...ရှင်လျက်ရှိနေတုန်းပါ၊)

ကိုသိန်းစိုးက တစ္ဆေ၊ သရဲတို့၊ ...အဆောင်လက်ဖွဲ့တို့ အလွန်ယုံကြည် ...တယ်ဗျာ၊

ဒီလူစုထဲမှာ ကျွန်တော်နဲ့ ကိုဝင်း ...လွင်(ပန်းချီ)က အနောက်အပြောင်သန် ...တယ်၊ နောက်ပြောင်ရင်လည်းခပ်တည် ...တည်နဲ့ ပြောင်နောက်တာဗျ၊

တစ်နေ့ ကိုသိန်းစိုးက မေးရော၊

"ညိုမှိုင်း"

"ဘာလဲ - ကိုသိန်းစိုး"

"မောင်ရင် - အင်းတို့၊ လက်ဖွဲ့တို့ ပီးဆေးတို့ ယုံလားကွ"

"ယုံတာပေါ့ဗျ၊ ဘာဖြစ်လို့တုံး"

"ကိုယ်တွေ့ကြုံဖူးလား"

"ကျုပ်တို့အဘိုးက အင်္ဂရုတ်လည်း ကျွမ်းတယ်၊ ခါတ်လုံးတွေ အတော် ပေါက် မြောက်ဖူးတယ်ဗျ၊ ပယောဂ လည်း ကုနိုင်တယ်၊ ကျုပ်အစ်ကို တစ်ခွဲ တိုးထုံးမန်းစီရင်ပေးတာ စွမ်းတယ်"

"စွမ်းပုံပြောပါဦးကွ"

"ဓားနဲ့ခုတ်တာ မပြတ်မရှဘူးဗျ ကိုယ်တွေ့ပဲ"

"ငါ - လိုချင်တယ် - ညိုမှိုင်းရာ"

"ကျုပ်အဘိုးက ကွယ်လွန်သွားပြီ ဗျ၊ တစ်ပွဲတိုးထုံးမန်းတော့ မရနိုင်ဘူး၊ ခင်ဗျား လိုချင်ရင် လက်ဖွဲ့ကြိုးတော့ ရမယ်"

"စွမ်းလား"

"စွမ်းတယ် - အဘိုးပြောပုံကတော့ ကိုယ့်ကို ဘယ်လိုလူမှ အန္တရာယ်ပြုလို့ မရဘူးတဲ့"

"ငါ့ကိုပေးပါလား - ညိုမှိုင်းရာ"

"ခဏတော့ ငှားလိုက်မယ်ဗျာ၊ အပိုင်တော့ မပေးနိုင်ဘူး၊ ကျုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားရင်ဒီလက်ဖွဲ့ဆောင်သွားရတာ ဗျ"


"ငါ - ကျေးဇူးမမေ့ပါဘူး - ညီမှိုင်းရာ၊ ငါအလုပ်သွားနေရတဲ့ဘက်က ဝေးတယ်ကွ၊ ပြန်ရင် မှောင်တယ်၊ လမ်းမှာ မကြာခဏ ကားဓားပြတိုက်တော့ အန္တရာယ်ရှိလို့ပါကွာ၊ တစ်လလောက်ပဲ ငှားပါ"

"ကျေးဇူးမမေ့နဲ့နော် - ကတိတည်နော်"

"အေးပါကွာ - မမေ့ပါဘူး - စိတ်ချ"

"ဒါဆို - နက်ဖြန်မနက် (၉) နာရီ အိမ်ကိုလာခဲ့၊ ရေမိုးချိုးသန့်စင်ပြီးမှလာ၊ နားလည်လား"

(၁၅) ရက်ပြည့်သွားလို့ နတ်ကတော်အိမ်သွားကြ၊ မေးကြတော့ မပွားသေးဘူး။ ကိုယ်တော်ကြီးက ရွှေရောငွေရော ပွားမပေးသေးဘူး။ စောင့်ကြဦးလို့ ပြောရော။ မစောင့်နိုင်ဘူး။ ရွှေတွေ ငွေတွေပြန်ပေးပါ။ ဝိုင်းပြောရော။ နတ်ကတော် နန်းနွယ်ဦးက အပ်ထားတဲ့ ရွှေငွေယူပြီး လစ်ပြေးသွားတယ်တဲ့။



"အေးပါ - ငါ့လူရာ၊ ကျေးဇူးမမေ့ပါ ...ကွာ"

ကိုသိန်းစိုး ဝမ်းသာအားရဖြစ်ပြီး ...သွားတယ်၊

ကျွန်တော်တို့ချည်းကျန်မှာ ကိုချို ...ကြီးက မေးရော၊

"ညီမှိုင်း"

"ဘာတုံး - ကိုချိုကြီး"

"နင့်မှာစွမ်းတဲ့လက်ဖွဲ့တကယ်ရှိလို့ ...လား"

ကိုချိုကြီးက ကချင်လူမျိုးဗျ၊ ကချင် ...ညီက "အမ်နော်ဘောက်"တဲ့၊ ခရစ် ...ာန်ဘာသာကို ကိုးကွယ်ယုံကြည်သူ ...ပေမဲ့သော်လည်း မြန်မာဂမ္ဘီရဖြစ်ရပ်ဆန်း ...ကြယ်တွေကို သူက စိတ်ဝင်စားတာကိုး ...ဗျ

"ကျုပ်မှာ မရှိပါဘူးဗျာ"

"အဲ့ဖြင့် - နင်ဘာလို့လက်ဖွဲ့ရှိတယ်၊ ...ပါ်ပြန်လာယူပြောတာတုန်း"

"ကိုချိုကြီးရေ - ကိုသိန်းစိုးကြီးက ...ည်းနည်း "ဂေါက်" ချင်၊ "ကြောင်" ချင် ...ယ်လေဗျာ၊ ဒီတော့ - ဒီလူကြောင်ကြီး ...ကို သူ အာသီသဖြစ်နေတဲ့ အန္တရာယ် ...ကင်းလက်ဖွဲ့ပေးရမှာပေါ့"

"ကြည့်လုပ်ပါကွာ၊ တော်ကြာ - ဓား ခုတ်စမ်းရင်း ဆေးရုံရောက်နေပါ့ဦးမယ်ကွာ"

"အဲလိုစမ်းလို့တော့ ဘယ်ပြောမလဲဗျာ"

သည့်နောက် အိမ်ရှင်ပန်းချီဆရာကို မေးရတယ်၊

"ကိုဝင်းလွင်"

"ဘာတုံးကွ"

"ခင်ဗျားအိမ်မှာ နို့မှုန့်ဘူးအခွံရှိလား"

"ရှိတယ် - ငါ့ကလေးတွေသောက်လို့ - ရှိတယ်"

"နို့မှုန့်ဘူးအခွံပေးစမ်းဗျာ"

ကိုဝင်းလွင်က နို့မှုန့်ဘူးခွံအလွတ်တစ်ခုပေးတယ်၊ ကျွန်တော်က နို့မှုန့်ဘူးအဖုံးအောက်က လေလုံအောင်ကာတဲ့ ငွေရောင်ခဲပြားအဝိုင်းကို ညှပ်ယူလိုက်တယ်၊

"ငမှိုင်း - ဒီငွေရောင်ပြားက ဘာလုပ်မလို့တုံး"

"အင်းချမလို့ဗျ"

"အမ်ဟ - သောက်ကြီးသောက်ကျယ်လုပ်လို့၊ မင်းက "အင်း" ဝေးလို့

www.burmeseclassic.com

ကကြီးခချေး ဗျည်း(၃၃)လုံးတောင် အလွတ်ရေးနိုင်လို့လား"

ကိုဝင်းလွင်က ကျွန်တော့် အကြောင်းသိတော့ပြောရောဗျ။

"ကိုသိန်းစိုးက အန္တရာယ်ကင်း လက်ဖွဲ့လိုချင်တယ်တဲ့။ အဲဒါ - ဒီငွေ ရောင်ပြားပေါ်မှာ လေးကွက်ချပြီး သင့် ရာဂဏန်းအကွရာလည်း ကြိုးနီနဲ့ လုပ် ပေးလိုက်ရင် ကိုသိန်းစိုးက တကယ့် လက်ဖွဲ့ဆိုပြီး ဆောင်ထားမှာဗျ။ ဒီလူက နည်းနည်းကြောင်တယ်လေဗျာ။ ဆောင် ပါစေဗျာ"

"မတော် - ကိုးရိုးကားရားတွေဖြစ် ကုန်ရင်"

"မဖြစ်ပါဘူးဗျာ"

အဲဒီတုန်းက ကျွန်တော် အင်း အကြောင်း၊ စမအကြောင်း လုံးဝမသိ ဘူး။ နားမလည်ပါဘူးဗျာ။ ကဗျာလေး ရေး၊ပြဇာတ်လေးကဟိုယောင်ယောင်၊ သည်ယောင်ယောင်၊ ယောင်ချောက် ဆယ်ဗျ။

နောက်ချင်၊ ပြောင်ချင်စိတ်က များ တာကိုး၊



အိမ်ရောက်တော့ နို့မှုန့်ဘူး၊ အဖုံးခဲ ရောင်ပြားပေါ်မှာ စတုရန်းကွက်လေး ချလိုက်တယ်။

အဘိုးအင်းချတာတော့ မြင်ဖူးတာ ပေါ့။

အင်းမချတတ်ဘူး။

အင်းကျိုး၊ အင်းပေါက်၊ အင်းကန်း ခြင်း လုံးဝမသိ။

အင်းချ မျဉ်းသားရင် ရွတ်တဲ့ မန္တန် အလွတ်လည်းမရ၊ ကြားလည်း မကြား ဘူးသေးပါ။

အင်းဆန်သွင်းပုံ၊ ဗျည်းအက္ခရာ သွင်းပုံလည်းနားမလည်ပဲနဲ့ လေးကွက် အင်းချပြီး ဂဏန်းလေးလုံးအကွက်ထဲ ရေးသွင်းလိုက်တယ်။

ပြီးတော့ - ကြိုးနီတစ်ချောင်းမှာ စာစောက ရေးပြီးဖြစ်တဲ့ နို့မှုန့်ဘူးငွေ ရောင်ခဲပြားအင်းရွက် လိပ်ပတ်ပြီး ကြိုး ထုံး သုံးထုံး၊ ထုံး။

ပြီးတာနဲ့ ရေမွှေးစိမ်ထားတဲ့ ပုလင်း ပုလေးထဲထည့်ပြီး ဘုရားကျောင်း ဆောင်ပေါ်တင်ထားလိုက်တယ်။

နောက်နေ့ မိုးလင်းရော ဘဏ်စာ ...ကြီး ကိုသိန်းစိုး ရောက်လာပါရော။ ...က်နှာက ဝင်းပတောက်ကြွလို့ဗျ။

"ရောက်လာပြီဗျ"

"ရောက်ပြီကွ"

"ရေချိုးသန့်စင်ခဲ့ရဲ့လား"

"ချိုးပြီးပြီ"

"ညတုန်းက ခင်ဗျား အဓိဋ္ဌာန်လုပ်ခဲ့ ...လား"

"ဘာအဓိဋ္ဌာန်လုပ်တာလဲ"

"အဓိဋ္ဌာန်လေဗျာ - အဲဒါလုပ်ခဲ့ရင် ...နေ လက်ဖွဲ့ခင်ဗျားအပ်လို့မရဘူး"

"ဘာအဓိဋ္ဌာန်မှ မလုပ်ပါဘူးကွာ"

ကိုသိန်းစိုးကလည်း ကျွန်တော်မေး ...တဲ့ "အဓိဋ္ဌာန်" ကိုမသိပဲနဲ့ ဘာအဓိဋ္ဌာန်မှမလုပ် ...ဘူးတဲ့။

သူတစ်ပါးကို ချောက်ကျအောင် ...လုပ်ရင် မှင်ကောင်းရတယ်ဗျ။ အဟန့် ...လေး ရှိရတယ်။

လိမ်နိုင်ရင် သမားမိ။

ညာနိုင်ရင် ပညာရှိ၊

တကယ်အချိုးကြီးလိမ်ညာတာလိမ် ...ညာနည်းပညာတတ်တဲ့လူတွေပဲဗျ။

ဇွန်(၂၇)ရက်နေ့ထုတ် စံတော်ချိန် သတင်းစာမှာ မှခင်းသတင်းတစ်ခု ဖတ် လိုက်ရတယ်။

မကွေးမြို့နယ်က ကျေးရွာမှာ နတ် ကတော်တစ်ဦးကရွှေနှစ်ဆပွားပေးမယ် ဆိုပြီး တစ်ရွာလုံးက ရွာသူရွာသား(၂၇) ဦးအပ်တဲ့ ရွှေကာလတန်ဖိုး (၂၈)သိန်း ကျော်ဖိုး လိမ်သွားတဲ့သတင်း။

နတ်ကတော် မိန်းမချောလေးတ ယုံလောက်အောင် နမူနာလုပ်ပြပြောပြီး လိမ်သွားတာ။

ရွှေတစ်ဆယ်သားအပ်ရင် နှစ် ဆယ်သားဖြစ်ရမယ်၊

ရွှေတစ်ပိဿာအပ်ရင် ရွှေနှစ် ပိဿာဖြစ်ရမယ်၊

ယုံကြည်အောင် ပြောတာ၊ ရွာသား တွေကလည်း နတ်ကတော်ပြောတာကို အကြွင်းမဲ့ယုံကြည်လိုက်ကြတယ်၊

ယုံတော့ - လူ(၂၇)ဦးပိုင်တဲ့ရွှေငွေ အသီးသီး နတ်ကတော်မလေးထံ အပ် ကြတယ်၊

(၁၅)ရက်ကြာရင် အပ်တဲ့ရွှေငွေ နှစ်ဆဖြစ်ပြီ၊ လာယူကြတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

(၁၅)ရက်ပြည့်သွားလို့နတ်ကတော် အိမ် သွားကြ၊ မေးကြတော့ မပွားသေးဘူး။ ကိုယ်တော်ကြီးက ရွှေရောငွေရော ပွားမပေးသေးဘူး။ စောင့်ကြဦးလို့ပြောရော၊

မစောင့်နိုင်ဘူး၊ ရွှေတွေ ငွေတွေ ပြန်ပေးပါ။ ပိုင်းပြောရော၊ နတ်ကတော် နန်းနွယ်ဦးက အပ်ထားတဲ့ ရွှေငွေယူပြီး လစ်ပြေးသွားတယ်တဲ့၊

အဲဒါ လိမ်သွားမှန်း သဘောပေါက်ပြီး မကွေးမြို့နယ်မြေရဲစခန်းတိုင်ပြီး အမှုဖွင့်ကြတဲ့သတင်း။

လိမ်မည့်၊ ညာမည့်သူမှန်ရင် ယုံကြည်အောင် ပြောတာပဲဗျာ၊ အပြောကောင်းတိုင်း ယုံကြည်ရင် ခံရတာပဲ၊

ဖြစ်နိုင်၊ မဖြစ်နိုင် ဦးနှောက်နဲ့ စဉ်းစား၊ စုံစမ်းမေးမြန်း၊ လေ့လာဖတ်ရှုရမှာက ကိုယ့်အလုပ်လေ။

အဲဒါတွေ အားနည်းတော့ ယုံလွယ်ရော၊

အခု(၈၂)သိန်းကျော် ပါသွားပြီ၊

သိန်းထောင်သောင်းချီ လိမ်ညာသွားတဲ့သတင်းတွေလည်း ဖတ်ခဲ့ရပါ့ဗျာ၊

ယုံကြည်မှုလွန်ကဲလို့ဖြစ်ရတဲ့ကိစ္စ၊

အကြောင်းရှိလို့ အကျိုးဖြစ်ခဲ့တာ၊

ယုံလွယ်ရင် ခံတော့၊

ခု - ကျွန်တော့် သူငယ်ချင်း ကျွန်တော်ပြောသမျှ ယုံနေတယ်၊ အမှန်က သူ့ကိုကျွန်တော်ကနောက်ပြောင်ကျီစားချင်လို့ယုံကြည်မှုရှိအောင်ပြောပြီးအမှန်က လိမ်ညာနေတာ၊

"ကိုသိန်းစိုး"

"အေး - ပြော"

"ဘုရားရှိခိုးလိုက်"

"ဘယ်ဘုရားရှိခိုးနဲ့ ရှိခိုးရမှာလဲ"

အဲဒီလိုတုံးတဲ့လူပါဗျာ၊

"ကြိုက်တဲ့ဘုရားရှိခိုးနဲ့ ရှိခိုး"

သူ - ဘုရားရှိခိုး စာတွေ ရွတ်တယ်၊ ရွတ်လို့ပြီးရော ကျွန်တော်က ဘုရားကျောင်းဆောင်ပေါ်က ပေါက်ထောက်ကရ ရေးထားတဲ့လက်ဖွဲ့ပုလင်းပုလေး



ကိုသေသေယူပြီး သူ့လက်ဝါးထဲ ထည့်လိုက်တယ်၊

"ခင်ဗျားနဲ့ ထိုက်လို့ရတာ"

"ကျေး - ကျေး - ဇူး - ဇူး"

ဝမ်းသာလွန်းလို့အသံတွေ တုန်လို့ပျာ၊

ကျွန်တော် ရယ်ချင်လွန်းလို့ ပါးစပ်ပိတ်၊ အံကြိတ်ထားရတယ်၊ ဒါနဲ့ - ပုလင်းနှင့် ရေမွှေးစိမ်ထားတဲ့ အင်းလက်ဖွဲ့ကို သူ့ညာလက်မောင်းရင်းမှာ ချည်ပေးလိုက်ပြီး -

"ဥုံ - ယခုချိန်မှစ၍ ဤလက်ဖွဲ့ရှိအင်းစောင့်တို့လည်း သောကြာသားမောင်သိန်းစိုးအား အလိုရှိတိုင်း စောင့်ရှောက်ကြစေ။ ခေါ်တိုင်း၊ တတိုင်းရောက်နိုင်စောင့်ရှောက်ကြစေ။ မားလုံ၊ သေနတ်၊ အမြောက်၊ စိန်ပြောင်း ဘေးရန်အသွယ်သွယ်မှ စလုတ်မထိ၊ ဆူးမငြိ ကာကွယ်စောင့်ရှောက်ကြစေ - ဥုံ - ဥုံ - ဥုံ"

ကိုသိန်းစိုး ကျွန်တော့်ကို ငွေငါးဆယ်ကျပ် ကန်တော့ပြီး ပြန်သွားတယ်၊

သူလည်း သုံးနှစ်မြို့ဘက်ရှိရာကို အလုပ်သွားရသမို့ကျွန်တော်တို့နဲ့မတွေ့တာ ငါးရက်ရှိသွားပြီ၊

ကျွန်တော်တို့လည်းကိုသိန်းစိုးပေးခဲ့တဲ့ ငွေငါးဆယ်နဲ့ အရက်တစ်လုံးပြီးတစ်လုံး သောက်ကြတာ မြိန်လို့ဗျာ၊

ကိုဝင်းလွင်က ပြောတယ်၊

"မောင်မှိုင်း"

"ဗျာ - အေ့ - ဇေ့"

"ငါ့အိမ်မှာနိမ့်မှန်ဘူးအခွံခဲရောင်းဖြားတွေ ရှိ - ရှိသေးတယ် - အေ့ - ဇေ့၊ သိန်းသိန်းစိုးလို လူကြောင် - လေး - ငါးယောက်ရရင် - ငါ - ငါတို့ အရက်ဖိုး မှုစရာ မလိုတော့ - တော့ဘူးကွ"

"ဒါပေါ့ဗျာ - အေ့ - ဇေ့"

"ငချိုနဲ့ ခင်ရွှေ"

"ဗျာ - အေ့ - ဘာ - ဘာတုံး ကိုဝင်းလွင်"

"မင်း - မင်းတို့လည်းနောက်သိန်းစိုးတွေ - ရှာ - ရှာကြ - နာ - နားလည်လား"

"စိတ်ချပါဗျ - "ယူ၊ ဘီ၊ အေ" (U.B.A)ကိုသိန်းတို့လူမျိုးကြီးအနှန်းမောင်တို့ကို ပြောလိုက်ပါ့ - ပါ့မယ်ဗျာ၊ အဲ - အဲဒီ - နှစ်ယောက်က ပီ - ပီ - ယဆေးလိုချင်တာဗျ"

"မောင်မှိုင်း"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတုံးဗျ"

"ပီယဆေးရော စီရင်လို့ရလား အေ့-ဝေ့"

"အရက်သောက်ဖို့အတွက်ဆိုပီယဆေးဇရာ၊လင်ကွာ၊မယားကွာဆေးရော ကျုပ်-ကျုပ်-ကြံ-ကြံရမှာပေါ့ဗျ"

"ဟား-ဟား-ဟား-ဟား-ဟား အောက်လမ်းဆရာကြီး အကြံအဖန် မောင်မှိုင်း ရှိနေသရွေ့-အေ့-ဝေ့ သောက်ရေး-မြည်း-ရေ-အို-အို-ခေမှာ-စိုး-စိုးပြည်"

ဒီအချိန်မှာပဲ ကိုသိန်းစိုး ရောက်ချလာတာပျား

"ဟ-သိန်းစိုး-မ-မဟုတ်လား"

"ဟုတ်တယ်-ကိုဝင်းလွင်။ ကျွန်တော်ပါ-သိန်းစိုးပါ"

"ပျောက်-ပျောက်-လုချည်လားကွ-ဟေ-အေ့"

"ပျောက် ဆို - ကျွန်တော် က်ကောင်းလို့မသေတာဗျာ"

"ဟေ"

"ဘာ"

ကျွန်တော်တို့မျက်လုံးတွေ ကျယ်သွားကြတယ်ဗျ။

"ဒီလိုဗျ-သုံးခွမြို့နဲ့ ပုလဲကျေးရွာစပ်ကြားက ညမှောင်ရင် မကြာခဏ ဓားပြတိုက် ခံရတယ်လေဗျာ၊

"အေး-ဒီတော့"

"မနေ့ညတုန်းက သုံးခွကနေ ကားနဲ့အပြန် ပုလဲမရောက်ခင် ကားလမ်းမှာ ဓားပြက တားတာဗျာ"

"သောက် ကျိုးနည်းပါလား၊ သိန်းစိုးရာ၊ ဘာတွေပါသွားတုံးကွာ"

"သုံးခွမြို့နယ်နဲ့ သန်လျင်မြို့နယ် ပုလဲရွာကြားကလမ်းမှာနေဝင်မှောင်ရင် ကား ကား ဓားပြတိုက်တာ ကြာပြီဗျ။ ဒါကြောင့်-ကျွန်တော် စောစောပဲ ပြန်လေ့ရှိတယ်၊ မနေ့တုန်းကအလုပ်အရေးကြီးလို့ နေဝင်သွားတယ်၊ သန်လျင်ပြန်မည့်ကား စီးလာတော့ ည၉(၇)နာရီထိုးပြီး ဒီလိုနဲ့ သုံးခွမြို့အလွန်ရွာလမ်းမပေါ်မှာ သစ်တုံးတွေ၊ ကျောက်တုံးတွေ ကားလမ်းပေါ် ချထားကို ကားမီးရောင်နဲ့ မြင်ရော ဓားပြတိုက်ဖို့ လမ်းမပေါ်မှာ အတားအဆီးချထားမှန်း သိလိုက်ပြီ၊

"ကျုပ်တို့ကို ဓားပြတိုက်တော့မယ်ဗျို့"

"ကားရပ်မပေးနဲ့-ကားဆရာ"

"မရပ်ရင် သေနတ်နဲ့ ပစ်လိမ့်မယ်နော့"

"ရပ်ရင်လည်း ကျုပ်တို့ ခင်ဗျားတို့ဆီကတဲ့ ရွှေငွေကုန်မှာပဲ"

"နောက်ကြောင်းပြန်လှည့်ရမလား နော့"

"လှည့်လည်းလွတ်မှာမဟုတ်ဘူး၊ ဘိုမှာဓားပြတွေဝပ်နေရာကထရပ်ကုန်မှာ"

"ကတ္တရာလမ်းပေါ်က မမောင်းနဲ့ ဘေးခင်နဲ့၊ လမ်းအောက် နွားလှည်းလမ်းကြောင်းအတိုင်း မောင်းချပြီး သန်လျင်ကိုမောင်း-ကားဆရာ"

"ပြီးရောဗျာ-တန်းတွေ ကိုင်ထားကြ"

"ကိုင်းဟာ"

"ဝူး-ဝရော-ဝရော"

"ဂျုံး-ဂျုံး-ကလုံ-ကလုံ-ဂျိုင်း"

"အမလေးတော်"

"ကိုင်ထား-မြဲမြဲကိုင်ထား"

ဂျစ်ကားမောင်းတဲ့ဒရိုင်ဘာက လှည်းလမ်းကြောင်းရှိရာကို ဆင်းလိုက်တော့ကားက ဘယ်ညာလူးခုန်ပေါက်ပြီး လှည်းလမ်းပေါ်ကဆုန်ကျလို့ လိုတာမြင့်လိုက်ချိန် -

ကျွန်တော်လည်း ညိုမှိုင်းပေးတဲ့ အနက္ခရာယ်ကင်းလက်ဖွဲ့ကိုလက်နဲ့ဆုပ်ပြီး တ.တာပေါ့ဗျာ၊

"ဟော့-ကားရပ်-ရပ်နော်"

"မရပ်ရင် ပစ်ကွာ"

"ဒိုင်း"

"ရှိ"

"မရပ်နဲ့-ဆက်မောင်း-မြန်မြန်မောင်းပါဗျ"

"ဒိုင်း-ရှိ"

"ဝပ်နေ-ဝပ်နေ"

တော်ပါသေးရဲ့ဗျာ၊ ဓားပြတွေပစ်တဲ့ကျည်ဆန်က ကျွန်တော်တို့ မထိလို့သာပေါ့၊

ဒီအချိန်မှာ ကျွန်တော်ကလည်း ညိုမှိုင်းပေးတဲ့အနက္ခရာယ်ကင်းလက်ဖွဲ့ပေါ် ဘယ်လက်တင်ပြီး သမ္မုဒ္ဒေဂါထာရွတ်ရွတ်ရင်း လက်ဖွဲ့အစောင့်တွေကို ပြောလိုက်တယ်၊ ဓားပြရန်က လွတ်အောင် ကူညီပါလို့၊ ကံကောင်းတယ်ဗျ၊ ကျွန်တော့်ကား လူးလိမ့်ပြီး အထဲမှာလဲပြိုကုန်တာတောင် လုံးဝမပွန်းမပဲ့ဘူး၊

www.burmeseclassic.com

ကျန်တဲ့ခရီးသည်တွေတော့တိုက်ထိပြီး ကွဲပြကုန်တာ သွေးချင်းချင်းရဲ့ဗျ၊ ဖော့ကောင် - ညီမှိုင်း"

"ဘာ - ဘာတုံး - ကိုသိန်းစိုး"

"ကျေးဇူးတင်တယ်ကွာ - ငါ ကျေးဇူးတင် - ပါ့လူရာ"

"ဗျာ"

"မင်းပေးတဲ့လက်ဖွဲ့ အရမ်းစွမ်းတယ်ကွ၊ ဓားပြပစ်တဲ့သေနတ်ကျည်ဆန် ငါတို့ကို လုံးဝမထိဘူး၊ ငါလည်း မပွန်းမပဲ့ဘူးဟေ့"

ကျွန်တော်တို့လူစု ကိုသိန်းစိုး စကားအဆုံးမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့သြနေကြပေါ့၊

ကျွန်တော် နောက်ပြောင်ချင်လို့ ပေါက်ကရ ရေးပေးလိုက်တဲ့ လက်ဖွဲ့ အစွမ်းပြလို့တဲ့၊ တိုက်ဆိုင်ပုံက ဆန်းလိုက်တာ၊

ဒီမှာပန်းရှိဆရာကိုဝင်းလွင်က သူ့မိန်းမကို လှမ်းအော်ပြောလိုက်တယ်၊

"အမြင့်ရေ"

"ရှင် - အစ်ကို - ဘာလိုလို့လဲဟင်"

"နို့မှုန့်ဘူးအခွံတွေ ပါတာနီကုလားထဲ ရောင်းမစားနဲ့"

"ရှင် - ဘာဖြစ်လို့"

"ညီမှိုင်းကို အကုန်ပေးလိုက်"

"ဟုတ် - ဟုတ်"

အကြောင်းသိတဲ့ခင်ရွှေနဲ့ကိုချိုကြီး (အမ်နော်ဘောက်)တို့က တဟားဟား အော်ရယ်ရင်း အရက်ခွက်ကို ကောက်ကိုင်လိုက်ကြလေရဲ့၊

ကိုသိန်းစိုးလည်း လက်ဖွဲ့ပြန်မပေးတော့ဘူး၊

ဘာလို့လည်းဆိုတော့ ဓားပြရန်က သုံးကြိမ်လွတ်တယ်၊ သူ့အိမ်ဝင်ဖောက်တဲ့သူခိုး လက်ရမိတယ်၊

လေပြင်းတိုက်ပြီး သူတို့အပေါ်သစ်ပင်ကိုင်းပြီး ကျိုးကျတော့ သူနဲ့အတူရှိတဲ့ လူနှစ်ဦး သစ်ကိုင်းထိပြီး ဆေးရုံရောက်သွားတယ်၊ ကိုသိန်းစိုး - ဘာမှမဖြစ်ဘူး၊

ဒီလိုစွမ်းတဲ့လက်ဖွဲ့ မတွေ့ဖူးဘူးတဲ့၊

ကျေးဇူးကိုနောင်ဘဝအထိ တင်ပါတယ်ကွာတဲ့၊

ကိုင်း - ဘယ့်နယ်ရှိစ၊

ဘယ်လိုမှ သုံးစားလို့မရနိုင်တဲ့ ပေါက်ကရရေး အင်းလက်ဖွဲ့က ကိုသိန်းစိုးရဲ့ယုံကြည်မှုကြောင့် ရန်တွေ ရှောင်နေတာ လက်တွေ့၊

အင်း - ယုံကြည်မှု - ယုံကြည်မှု၊

ယုံကြည်မှုတွေမှာ ကောင်းကျိုးရှိနေသလို၊ ဆိုးကျိုးတွေလည်းရှိနေတာပဲ ဗျလား၊

ဒီတစ်ခါတော့ ကျွန်တော်တို့ ခံရတဲ့ အလှည့်ပဲဗျ၊ သူများကို ကလိမ်ကကျစ် လုပ်ခဲ့သမျှ ဒီတစ်ပွဲမှာ အပိုင်ခံလိုက်ရတာဗျို့၊

ကိုယ်ခံရတော့လည်း ငွေကုန် သပြာပဲ ခင်ဗျ၊

အချိန်က ၁၉၈၈ - အရေးတော်ပုံ ပေါ်ခင် နှစ်နှစ်ခန့်က ရန်ကုန်နယ် မြေပ်အကျော် (   )မြို့နယ်က ရွာတစ်ရွာမှာ လူအရှင်လတ်လတ် မြေမြှုပ်လို့တဲ့၊

ဖြစ်ပုံက ဒီလိုတဲ့ဗျ၊

မိခင်အိုကြီးကို သားအရက်သမား တွေက အရက်ဖိုး ပိုက်ဆံတောင်းတာ မိအေကြီးက မပေးတော့၊

သားမူးက မိခင်အိုကြီးကို ရိုက်နှက်ထိုးကြိတ်တာတဲ့၊ မိခင်ကြီးက ကြောက်လို့ထွက်ပြေးတော့ သားမူးက ဓားရှည်နဲ့ လိုက်သတဲ့၊

ရွာပြင်ကွင်းထဲရောက်ရော၊ လယ်ပယ်ကြားအက်ထဲ ခြေကျွံကျရင်း မြေမြှု နစ်မြုပ်နေတာတဲ့၊

အစ - ခါးတစ်ဝက် နစ်သွားပြီ၊

မအေကြီးကလည်း မိခင်မေတ္တာ ကြီးမားတော့ သူ့သားကို ကယ်ပေးကြ ပါဆိုပြီး ငိုယိုပြောသတဲ့၊

ကြားရ၊မြင်ရသူတွေလည်း လန့်ထ သူလန့်၊

ဝမ်းသာတဲ့လူ ဝမ်းသာတဲ့၊

ဒီကောင် မိခင်အိုကြီးကို နေ့တိုင် ဆဲရေးတိုင်းထွာရိုက်နက်နေတာ ကြ ပြီတဲ့၊

စုမှ မအေကို ပြစ်မှားစော်ကား အရှင်လတ်လတ်မြေမျိုနေတာ၊ မြန်ပြ သေလေ၊ ကောင်းလေပဲတဲ့၊

ရန်ကုန်သန်လျင်မြို့ရွာအ သတင်းကြီးနေတာ၊

ကျွန်တော်လည်း အဲဒီအချိန် သတင်းထောက်လုပ်နေချိန်ဗျ၊ သတ စာဂျာနယ်အချို့မှာ သတင်းတွေ ချိန်၊





www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်က သတင်းသမားတွေ စုပေါင်းကားငှားပြီး သွားကြတယ်၊ လူအတော်များများ ကားတွေ ဆိုင်ကယ်တွေနဲ့ သွားကြည့်ကြတာ၊ အချို့က အဲဒီမြို့က မြင်းလှည်း ဆိုက်ကား ငှားသွားကြ၊

ပြန်လာတဲ့ လူတွေလည်း မေးရတယ်၊

"တွေ့ခဲ့လားဗျာ"

"ကျုပ်တို့ရောက်တဲ့ရွာမဟုတ်ဘူးဗျ၊ အတော်ဝေးဝေးက ရွာတဲ့ နေ့ပွဲပြင်းလို့ မသွားတော့ဘူး"

"ဟုတ်ရောဟုတ်လားဗျာ"

"အဲဒီမြို့ပေါ်မှာလည်း မြင်းလှည်းသမားတွေရော၊ ဆိုက်ကားသမား၊ ကားသမားတွေရော ပြောနေတာပဲ"

အချို့က ရေဆေးကြီးကုန်းရွာတဲ့၊

အချို့က ရွှေနဘောရွာမှာတဲ့၊

အချို့က စာဘူးတောင်းရွာရှေ့က ကွင်းထဲမှတဲ့၊

"တစ်ရွာနဲ့တစ်ရွာက ဝေးတယ်ဗျ၊ ကားခတင် အတော်ကုန်သွားတယ်ဗျာ"

"ခင်ဗျား သွားချင်ရင် ပိုက်ဆံတော့ များများထည့်သွား - နေကုန်သွားရမှာ"

ဒါနဲ့ - အဲဒီမြို့ကို ရောက်ခဲ့တယ်၊

တွေ့တဲ့ တက္ကစီသမားကို မေးရတယ်၊

"လူ့အရှင်လတ်လတ် မြွေမျိုတာ ဟုတ်သမား - နောင်ကြီး"

"ပြောနေတာပဲဗျ"

"ခင်ဗျာ - သွားမကြည့်ဘူးလား"

"နေရာအတိအကျမသိရဘူးဗျာ၊ ပြောနေတာတော့ ဝါးနက်ကုန်းရွာမှာတဲ့"

"သေရာလား"

"မြင်းလှည်းဆရာတစ်ဦးပြောတာပဲ"

ခါးတစ်ဝက်မြုပ်နေပြီတဲ့၊ ရေရော၊ အစာရောပေးလို့မရဘူး၊ အနားကပ်ရင် ပွလို့တဲ့၊ ပြောနေကြတာပဲ၊

"ခင်ဗျား လိုက်ပို့ပါလားဗျာ"

"ကားခဈေးကြီးမယ် - ဆရာ၊ ကျွန်တော်လည်း အဲဒီ ဝါးနက်ကုန်းရွာ မရောက်ဖူးဘူး၊ လမ်းကြမ်းတယ်တဲ့"

"ခင်ဗျား ကားခ ဘယ်လောက်ယူမလဲသာ ပြောဗျာ"

"ဆရာက သတင်းထောက်လား"

"ဟုတ်တယ်"

"သတင်းထောက်တွေအများကြီးပဲ မေးစိုင်းလာကြတယ်ဗျ"

"ကားခပြောပါ"

"သုံးရာတော့ ပေးပါ - ဆရာ"

"နှစ်ရာထားပါဗျာ"

"လမ်းကြမ်းလို့ပါ - ဆရာရယ်၊ ဆယ်ပါနဲ့ဗျာ၊ ဆရာတို့သတင်းထောက်နဲ့ လျှော့ယူတာပါ၊ ရန်ကုန်က ပိုက်ဆံရှိတဲ့လူတွေဆို ငါးရာတောင် ယူတာပါ ဆရာ"

"ပြီးရောဗျာ - သွားစို့"

အဲဒီအချိန်တုန်းက ဝန်ထမ်းလစာ ငါးရာဆိုတော့ ဌာနခွဲမှူးတစ်လ လစာမှ ဦးစီးစာရေးမှ လစာ(၁၂၅)ကျပ်ပဲ ရတဲ့ ခေတ်လေဗျာ၊

ဆင်းရဲသားတွေ သမဝါယမက ဝေငှတဲ့ ရွှေဝါထွန်းမှီတက်နဲ့ ငစိန်ဆန်ကြမ်းကို ကုန်ဝယ်စာအုပ်နဲ့ တန်းစီတိုးဝယ်စားရတဲ့ခေတ်၊

သို့သော် - သတင်းဆန်းတစ်ပုဒ်ရဖို့ ငွေတော့ အကုန်ခံရမှာပဲဗျာ၊ အချို့ကားတွေ၊ မြင်းလှည်းတွေ ပြန်လာကြတာ လမ်းမှာ တွေ့တယ်၊

တွေ့တော့ ကားရပ်ပြီး မေးရတယ်၊

"တွေ့လားဗျို့"

"ဟို - ရှေ့က ချောင်းကို ကူးရမယ်တဲ့၊ ချောင်းဟိုဘက်က ရွာလို့ပြောတယ်၊ နေဝင်မှာစိုးလို့ ပြန်ပြီဗျို့"

ဒါနဲ့ - ဝါးနက်ကုန်းရွာကို ရောက်ထမင်းဆိုင်မှာ ထမင်းစားပြီး စုံစမ်းရပြန်ရော၊

"မြွေမျိုတာ အမှန်ပဲလား - ဦးကြီး"

"ပြောနေကြတာပဲဗျာ၊ မအေတို့ ပြစ်မှားလို့တဲ့"

"ဘယ်ရွာမှာတဲ့တုံး ခင်ဗျ"

"ရှေ့က ဘုဒလက်ချောင်းကို တစ်နာရီပဲ့ထောင်စီးပြီးသွားရင် ဖွတ်ပြီးရွာကို ရောက်လိမ့်မယ်၊ ဖွတ်ပြီးတောင်ဘက်က "ကျားလိုက်ကုန်း" အစုမှာလို့ပြောနေကြတာပဲဗျ"

"ဦးကြီးတို့ သွားမကြည့်ကြဘူးလား"

"ဘယ်သွားနိုင်မှာလဲ - မောင်ရင်ရယ်၊ မြွေမျိုတဲ့နေရာ သွားကြည့်တဲ့ခရီးသည်တွေ ဒီမှာဝင်နားစားကြတော့ ရောင်းရချက်ရနဲ့ အချိန်ကို မအားတော့ဘူးကွယ်"

ဟုတ်တာပဲဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

ထမင်းဆိုင်မှာ ရန်ကုန်တို့နယ်ကတို့ လာကြည့်ကြတဲ့ သိချင်သူခရီးသွားတွေ စားကြ၊ သောက်ကြလို့။

ဒါနဲ့ စားပြီး ပွဲထောင်ငှားလို့ ခရီးဆက်ခဲ့တယ်။

နယ်ကလူတွေကခရီးပန်းလို့မလုပ်ကြဘူး။

တစ်နာရီခန့် ပွဲထောင်စီးပြီးနောက် ရွာတစ်ရွာသို့ ရောက်ခဲ့တယ်။ ဖွတ်ပြီးရွာတဲ့၊

ရွာသားတစ်ဦးကို မေးရရော -

"ကျားလိုက်ကုန်းက ဘယ်နေရာပါလဲ - နောင်ကြီး"

"ဟိုရှေ့က ကုန်းပဲကွ"

"အဲဒီမှာမြေမျိုတယ်ဆိုတာ - ဟုတ်လား"

"မပြောတတ်ဘူး"

"ကြားရောကြားလား"

"ပြောသံတော့ ကြားတယ်၊ ကျားလိုက်ကုန်းတော့ ဟုတ်မယ်မထင်ဘူး"

"ဒါဆို - ဘယ်ရွာတုံးဗျ"

"ကျွဲညီနောင်ရွာဘက်လို့ကြားတာပဲ"

"ကျွဲညီနောင်"

"ဟုတ်တယ် - လူတွေ ပြောသံကြားတယ်"

"ဘယ်နားမှာတုံး - နောင်ကြီး"

"ဒီချောင်းအတိုင်း အောက်ကိုပြန်စုန်ဗျ၊ ချောင်းဆုံးရင်ကရင်ချောင်းကိုရောက်မယ်၊ ကရင်ချောင်းမြောက်ဘက်ကရွာက ကျွဲညီနောင်ရွာပဲ၊ မနေ့ကလာတဲ့လူတွေလည်း လမ်းညွှန်လိုက်တယ်"

"ကျေးဇူးပဲဗျာ - ကျားကိုက်ကုန်းတော့ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူးဗျာ"

ဒါနဲ့ - ပွဲထောင်ပြန်ငှား၊ ကျွဲညီနောင်ကိုလာခဲ့၊ လာကြည့်တဲ့လူတွေ တွေ့တယ်၊

"ဟုတ်လားဗျ - မြေမျိုတာ"

"ဒီရွာမဟုတ်ဘူးတဲ့ဗျို့"

"ဒါဆို - ဘယ်ရွာတုံး"

"ပဲခူးရိုးမတောင်ခြေက ရွာတဲ့ဗျို့"

ဒီလိုနဲ့ - ကျွန်တော် သတင်းထောက်နှစ်ဦးလူစုစုတွေ့ရာ တောင်ခြေရွာကို ရောက်သွားလို့ မေးကြည့်တော့ -

"ခင်ဗျားတို့က ဘယ်ကလာကြတာ ...းခင်ဗျ"

"ကျွန်တော်တို့က သာကေတကပါ၊ ...ခင်ဗျားကရော"

"ကျွန်တော်က သတင်းထောက် ...ဗျာ၊ လူမြေမျိုတာ တွေ့ပြီလား ဟင်"

"မတွေ့ပါဘူးဗျာ - ဟိုရွာလို့ပြောလို့ ...ိုရွာသွားရင် ဟိုရွာမဟုတ်ဘူး၊ ဟိုး ...ဘက်က ရွာလို့ ပြောသံကြားတာပဲ ဖြစ် ...ြန်ရောဗျ၊ ကားသမားတွေကလည်း ...ိုရွာ ဒီရွာပြော မြင်းလှည်းသမားအချို့ ...လည်း ဘယ်ရွာမှာပြောပြန်၊ သူတို့ ...ွန်တဲ့နေရာသွားရင်ဒီမှာမဟုတ်ဘူးလို့ ...ွာခံတွေကပြော၊ ဒီလိုနဲ့ ကျွန်တော်တို့ ...ည်း ရွာပေါင်းစုံသွားပြီဗျာ၊ ငွေကုန်၊ ...ူပင်ပန်းတာပဲ အဖတ်တင်တယ်၊ လူမြေမျိုတာ ခုထက်ထိ မတွေ့ပါဘူးဗျာ၊ ...ိုတ်ကားသမားအချို့နဲ့ မြင်းလှည်းသမားအချို့ကတော့ သတိပေးသားဗျာ၊ ...ဖြစ်နိုင်ဘူးနော်၊ ခင်ဗျားတို့ ငွေကုန်သံ ...ာဖြစ်အောင်တဲ့၊ ဟုတ်တာပဲ၊ ကား ...ရိုတ် မြင်းလှည်းစရိတ်၊ စားစရိတ် ကုန် ...ာမနည်းဘူး၊ အပြန်လမ်းစရိတ်ပဲရှိ ...ယ်၊ ပြန်တော့မယ်ဗျာ"

သာကေတက လူအုပ်စုကားစုပေါင်းငှားပြီး ပြန်သွားကြတယ်၊ ကျွန်တော်က ဖွဲမလျှော့ဘူးဗျာ၊

"လူအရှင်လတ်လတ် မြေမျိုတာတဲ့ - ဦးကြီးရဲ့"

"ပြောနေကြတာပဲ - မအေကို နှိပ်စက်လို့ မြေကြီးပပ်ကြားအက်ထဲ ကျတယ်ပြောနေတာပဲ၊ ခုထိတော့ ဘယ်သူမှမတွေ့ကြသေးဘူးကွ၊ ငါတို့အရပ်တလက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တွေလည်း ရောင်းကောင်းပဲ၊ လှည်းသမားတွေလည်း ဟိုရွာဒီရွာလိုက်လို့တာဟန်ကျပဲကွ"

နောက်ဆုံး ကျွန်တော်တို့ လက်လျှော့ပြန်လာကြတယ်၊

ရန်ကုန်သွားမည့်ကားဂိတ်မှာ သူလိုကိုယ်လို သတင်းထောက်တွေလည်း ကင်မရာတွေ ရိုက်ယူ၊ စက်တွေနဲ့ ပြန်ဖို့ပြင်နေတာမြင်ရတယ်၊

ဒီလိုနဲ့ - မိခင်ကို စော်ကားနှိပ်စက်တဲ့ သားလုပ်သူ ကွင်းထဲမှာ အရှင်လတ်လတ် မြေမျိုတဲ့ကိစ္စ မစုံစမ်းတော့ဘူး၊ တုံးတုံးချ ရပ်ပစ်လိုက်တယ်ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com

အချိန်တစ်လကြာတော့ကျွန်တော့်တူမနဲ့ သူ့ခင်ပွန်းနေတဲ့ မြို့ကနေ သန်လျင်ကို ပြောင်းလာကြတယ်၊

"ဟဲ့ - တူမကြီး - နင်တို့ဟိုမြို့မှာနေတယ်ဆို၊ အခု - အပြီးပြောင်းလာကြတာလား"

"ဟုတ်တယ် - ဦးလေး၊ ဟိုမြို့မှာက ရေရှား၊ ငွေရှားပဲ၊ အရောင်းအဝယ်လည်း မကောင်းဘူး၊ အလုပ်လုပ်ရတာ လှတိုင်း စားဖို့တောင် အနိုင်နိုင်ပဲ၊ ဒါကြောင့် ကိုယ့်မြို့ကိုယ်ပြန်လာပြီး ဈေးရောင်းစားမယ်လို့ ရည်မှန်းထားတယ် - ဦးလေးရေ"

ဒီမှာလွန်ခဲ့တဲ့တစ်လခန့်က တူမတို့နေခဲ့တဲ့ အဲဒီဒေသမှာ လူမြေမျိုတဲ့ကိစ္စ သတိရလို့ မေးကြည့်တာပေါ့ဗျာ၊

"ဟဲ့ - တူမ"

"ရှင် - ဦးလေး - ဘာလဲဟင်"

"နင်တို့နေတဲ့မြို့နယ်မှာ မိခင်ကို ဓားနဲ့ လိုက်ခုတ်တဲ့ သားလုပ်သူ အရှင်လတ်လတ် မြေမျိုတယ်ဆိုတာ ဟုတ်လားဟဲ့ - တူမရဲ့"

"မဟုတ်ပါဘူး - ဦးလေးရယ်"

"နယ်လေးရပ်ကျော်နေလို့ ငါ့ကို သတင်းသမားတွေပါ အနံ့လိုက်စုံစမ်းခဲ့သေးတယ်ဟ"

"တွေ့လို့လား"

"မတွေ့ဘူး"

"ဘယ်တွေ့မှာလည်း - အဲဒီသတင်းက "အင်"ကြီး၊ လုပ်ကြံသတင်းကြီးဥစ္စာ"

"ဟေ - ဘယ်လို - ဘယ်လို - လုပ်ကြံ"အင်"သတင်းလဲဟဲ့ - တူမရဲ့ - ရှင်းစမ်းပါဦး"

"ဒီလိုဦးလေးရဲ့ - ကျွန်မတို့နေတဲ့မြို့ပေါ်မှာရော၊ ရွာတွေ ရပ်တွေမှာရော စီးပွားရေးမကောင်းလို့စားရေး၊ သောက်ရေး၊ ရောင်းရေး၊ ဝယ်ရေး ကျပ်နေတယ်လေ၊ ဆိုက်ကားရော၊ မြင်းလှည်းရော၊ ကားရောစီးမည့်၊ ငှားမည့် သူမရှိဘူး၊ ဒီမှာပဲ ဉာဏ်သမားအချို့က ဒီမြို့ပေါ်က ဘယ်ရပ်ကွက်မှာ မိခင်ကို စော်ကားတဲ့ သားအရှင်လတ်လတ်မြေမျိုနေတယ်လို့ သတင်းလုပ်ကြံလွှင့်လိုက်တာတဲ့၊ အဲဒါ ကြားကြားသမျှအနယ်နယ်အရပ်ရပ်က လူတွေလူမြေမျိုတာမြင်ဖူးချင်လို့ကျွန်မတို့မြို့ကို ရောက်လာကြပါရောလား ဦးလေးရဲ့ ဘယ်နေရာမှာတုံး - လိုက်ပို့ပေးပါဆိုပြီး ကားဂိတ်၊ မြင်းလှည်းဂိတ်၊ ဆိုက်ကားဂိတ်မှာ မေးကြ၊ ငှားကြပါရော ဦးလေးရေ၊ ရှင်းရှင်းပြောရင် ဒီကိစ္စ သူတို့လည်းမသိဘူး၊ ဟိုရွာလို့တော့ ကြားတာပဲ၊ ဒီရွာလို့တော့ကြားတာပဲလို့ ကြားသံလေးပြောပြပြီး လိုက်ဖို့ကူညီကြတာပဲ၊

လူအရှင်လတ်လတ်မြေမျိုတာ ကြည့်ချင်သူက များလာတယ်၊ မြင်းလှည်း၊ ဆိုက်ကား၊ ကားသမားတွေကလည်း ကျုပ်တို့တော့ မမြင်သေးဘူး၊ ပြောသံကြားတာပဲ၊ သွားချင်လိုက်ပို့ပေးမယ်၊ ပြော - ကူညီရတာပေါ့၊ အဲဒါ တစ်လနီးပါးကြာသွားတယ်၊ ဆိုက်ကား၊ မြင်းလှည်း၊ ကားလုံးချင်း တစ်နေ့ကုန် ငှားသည်သွားချင်ရာလိုက်ပို့ပေးတော့ ရွှင်တာပေါ့၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စာကလေးကြော် ဆီထမင်းလည်း ပြောင်းဖူးသည်၊ သောက်ရေရောင်းတဲ့ သူပါ ရောင်းကောင်းလွန်းလို့ ဈေးတို့ ရှင်နေတာပဲ - ဦးလေးရေ၊ အခု လူမြေမျိုတဲ့သတင်းငြိမ်သွားပြီ၊ မဟုတ်မှန်း သိသွားကြပြီလေ၊ နောက်ထပ် အဲဒီမြို့နယ်မှာ မြေမျိုတယ်ပြောရင် လုံးဝမယုံတော့ဘူး၊ အရောင်းအဝယ်လဲ အတန်ပြန်ပါးသွားပြီ၊ ယုံတဲ့လူကလည်းယုံတာပဲကိုး - ဦးလေးရဲ့ အယုံလွယ်တော့ ငွေကုန်သံပြာဖြစ်ပြီး ခံရတာပေါ့"

ရှင်းသွားပါပြီဗျာ၊

အချို့နေရာတွေမှာ စီးပွားရေး၊ လူမှုရေး စသည်တို့အတွက် ယုံကြည်မှုရှိအောင် လုပ်ကြတယ်၊

ယုံလောက်အောင်လည်း ပြောကြတာကိုး၊

ဟုတ်၊ မဟုတ် မစဉ်းစားဘူး၊

ဖြစ်နိုင်၊ မဖြစ်နိုင် မစဉ်းစား၊ မဝေဖန်ဘူး၊

ဖွတ်ယုံလိုက်တာပဲ၊

ကျွန်တော်တို့သတင်းထောက်တွေကတော့ ဟုတ်လေမလား၊ ဟုတ်ရင် သတင်းထူးဆိုပြီး လိုက်စုံစမ်းတာ ခံလိုက်ရတယ်၊ အီစလံဝေသွားတာပဲ၊

ဒါကြောင့် ပြောချင်တယ်ဗျာ၊

ယုံကြည်ချက်ပြင်းထန်လို့အကျိုးမဲ့သွားသူရှိသလို အကျိုးရှိသွားသူတွေလည်းရှိနေတာပဲဗျာ၊





www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုကျတော့ ခုဇတ်ရတဲ့ အတိုင်းပဲဗျာ။

ယုံကြည်မှုရှိအောင် ပြောဆိုလှည့်ဖြားပြီး လိမ်ညာသွားတာတွေရှိတယ်၊ ခုလည်းရှိတယ်၊ နောင်လည်းရှိနေဦးမှာပဲ၊

ယုံကြည်မှုတိုင်းမှာလည်း ...၊

ကောင်းကျိုးရှိသလို၊ ဆိုးကျိုးလည်း ရှိတယ်ဗျာ၊ လူလိမ်လူညာနဲ့တွေ့ပြီး ခံလိုက်ရတဲ့ ဆုံးရှုံးမှုတွေကတော့၊

ယုံကြည်မှုရှိအောင်ပြောတဲ့လူရဲ့ အပြစ်လား၊ ယုံကြည်လို့ လိုက်လျောမိတဲ့လူရဲ့အပြစ်လားဆိုတာတော့ ကိုယ့်ဘာသာကိုယ် ပြန်သုံးသပ်ကြပါစို့ဗျာ၊

ကျွန်တော်လည်း သူများကို ယုံကြည်အောင် ပြောပြီး လိမ်ခဲ့ဖူးတယ်ဗျာ၊ အခု ကျွန်တော်လည်း ခံလိုက်ရပြီခင်ဗျ၊ ဘယ်နေရာမှာ လူအရှင်လတ်လတ် မြေမြှုပ်ပါသလဲ၊ ကြားရင်သိရင် ကျွန်တော့်လည်း လက်တို့ကြပါဦးဗျာ၊ အလိမ်ခံချင်လွန်းလို့ပါ၊

မောင်ညိုမှိုင်း (သန်လျင်)


**တွဲဖက်မစားသင့်သောအစားအစာများ**

| | | |
|---|---|---|
| ကြောင်လျှာသီး | ⟺ | ငါးသေတ္တာ |
| ကြောင်လျှာသီး | ⟺ | စပါးကျိုးမြွေ |
| ခရု | ⟺ | အမဲသား |
| နို့ | ⟺ | စောင်းလျားသီး |
| ချောကလက် | ⟺ | စောင်းလျား၊ |
| | ⟺ | ပဲမြစ် |
| ခံသီး | ⟺ | နို့ရည် |
| ငါးရံ့ | ⟺ | မွေး |
| ငါးရံ့ | ⟺ | မြွေ |
| ငှက်သား | ⟺ | နို့ |





www.burmeseclassic.com

www.burmeseclassic.com




ဒဂုန်ရွှေမျှား

ရွှေစင်နတ်ဘုရား




ဒဂုန်ရွှေမျှား

ဗိညာဉ်လောက

www.burmeseclassic.com

www.burmeseclassic.com

# ဟိုင်း နှင့် ရွယ်စုံကျစ်မြေမှာဆုံ



ရာဇဝတ်သား
အယောင်ဆောင်
တစ်ယောက်အား
ရေဆုံးမြေဆုံး
လိုက်လံရှာဖွေရင်း
တွေ့ဆုံလိုက်သောအခါ ..

**ရိုးမသည်** မိုးတွင်းနှင့် ဆောင်း ...ခယလို မှိုင်းပျမနေတော့။ မင်းလွင်၊ ...န်များနှင့် ပြာရော်ခြောက်သွေ့လာ ...ည်၊ စမ်းချောင်း၊ စမ်းပေါက်များ တစ် ...နှ တခြား ခန်းခြောက်စပြုလာ၏၊ ...အိုင်၊ လူးအိုင်၊ ဆားကျင်း၊ ကျစ်မြေတို့ ...ာ စမ်းချောင်း၏ အောက်ပိုင်း၌သာ ...ည်ရှိနေကြတော့သည်၊

ထို့ကြောင့်လည်း ရိုးမကြီးကို အမှီ ...တဲ့ပြုနေကြသော တောတိရစ္ဆာန်များ ...းလုံးသည် စမ်းအောက်တောင်ကျ ...ချောင်းဘက်သို့ စားကျက်ပြောင်းသွား ...ပြီး ဆိုသည်ကို ဦးတင်အောင်တို့ တောဆင်ရိုင်းဖမ်းကြမည့်အဖွဲ့သားများ အားလုံး သဘောပေါက်ကြသည်၊

ဦးတင်အောင်တို့ ဆင်ဖမ်းအဖွဲ့မှာ ရိုးမမော်ရိုးစည်းပြတ်တွင် ဆင်ကျုံးတစ်ခုကို မိုးနှောင်းကာလကပင် တည်ဆောက်ထားခဲ့ကြ၏၊ ရိုးမရှိ ဆင်အုပ်များကို တစ်သောင်းတစ်နေ့ ရှာဖွေလိုက်ဖမ်းကျုံး သွင်းနိုင်ရန် ကြိုးစားခဲ့ကြသော်လည်း သူတို့ ဆင်ကျုံးတွင် ဤနှစ် ဆင်တစ်ကောင်တလေမှ မမိသေး၊ ဆင်တွေကို ကျုံးမသွင်းနိုင်ကြသေး၊ ထို့ကြောင့် ယခု ဆင်ကင်းထောက် (ဆင်စနည်းနာ) ရန် စမ်းချောင်း၊ တောင်အောက်ဘက်သို့ ဆင်ရှာရန် ထွက်လာကြခြင်းဖြစ်သည်၊

ဆင်များအလွန်ကြိုက်သော မျှစ်ဖိုး မျှစ်ပေါက်တို့မှာလည်း ဤသမယမျိုး၌ ရိုးမကုန်းခေါင်တို့တွင် မပေါက်၊ မထွက် နိုင်ကြတော့ဘဲ စမ်းပေါက်၊ ချောင်းအိုင် အနီး၌သာ တစ်ပင်စ၊ နှစ်ပင်စ ထွက် ပေါက်လေ့ရှိကြရာ ဆင်ခြေရာကိုလည်း စမ်းပေါက်၊ ချောင်းအိုင်နားမှာသာ တွေ့ ရှိနိုင်ကြတော့သည်၊

ဦးတင်အောင်တို့အဖွဲ့ စမ်းပေါက် နားတစ်ခုတွင် စမ်းအောက်ဘက် ဆင်း သွားသော ဆင်ခြေရာ လတ်လတ်ဆတ် ဆတ်တစ်ခုကို တွေ့ကြသည်၊ ထို့

www.burmeseclassic.com

ကြောင့် ဦးတင်အောင်နှင့် အဖွဲ့က ထီးသုံး မဲလုံးတို့သည် ဆင်ခြေရာခံပြီး စမ်းချောင်းအောက်ဘက် ဆင်းလိုက်လာကြသည်။

အသံတိတ်လိုက်လာကြရာ မကြာမီမှာပင် အောက်ခြေရှင်းသော ပျဉ်းမတောထဲမှ သစ်ခေါက်ခွာစားရင်း စမ်းချောင်းအောက်ဘက် ဆင်းသွားသော စွယ်စုံဆင်ပေါက်ကြီးတစ်ကောင်ကိုမြင်လိုက်ကြရသည်။ သူတို့အထင်မှာ စွယ်ပြောင်ကြီးနှင့် မနီးမဝေးတွင် ဆင်အုပ်ရှိလိမ့်မည်အထင်နှင့် လိုက်လာကြခြင်းဖြစ်၏။

သုံးယောက်စလုံးမှာ တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်မျက်ခြေပြပြီး နီးစပ်ရာ သစ်ပင်တစ်ပင်ပေါ်ကို အမြန်တက်လိုက်ကြပြီး ငြိမ်ကုပ်နားစွင့်ကာ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်ကြည့်နေကြသည်။

သူတို့အထင်မှာဤစွယ်စုံဆင်ပေါက်သည်ရှေ့ပြေးဦးစီးခေါင်းဆောင်ဆင်ဖြစ်ရမည်။ ဤဆင်၏နောက်တွင် မကြာမီ စမ်းပေါက်ရေအိုင်ထဲ ရေသောက်၊ ရေစိမ်ရန်ဆင်အုပ်တစ်အုပ်ပါလာကြလိမ့်မည်။ ထိုဆင်အုပ်ကို သူတို့သည် လူယောင်ပြအသံပေးကာ သူတို့ ဆင်ကျုံးရှိရာသို့ စည်းပြုတ်ဘက်မှ မောင်းသွားကြရန်ဖြစ်၏။

စွယ်စုံဆင်ပြောင်ကြီးနောက်ကို လိုက်လာကြမည့် ဆင်အုပ်ကြီးကို ဦးတင်အောင်တို့ ဆင်ဖမ်းအဖွဲ့က သစ်ပင်ပေါ်မှ နားစွင့်နေကြစဉ် စွယ်စုံဆင်ပြောင်ကြီးသည် စမ်းရေကို မသောက်သေးဘဲ နှာမောင်းကို လေထဲသို့ တစ်ခါတစ်ခါ မြှောက်ရှူကာ ရေခန်းခြောက်နေသော စမ်းပေါက်ကမ်းပါးယံဘေးရှိ မြေသားတစ်နေရာကို အစွယ်နှင့် ထိုးကော်ပြီး မြေစိုင်မြေခဲထဲမှ မြေခဲလေးအချို့ကို ရွေးချယ်ကောက်ယူစားနေ၏.

စောစောကမူ ဆင်ပြောင်ကြီးက သူ့နှာမောင်းကိုလေထဲမြှောက်၍ရှူရှိုက်လုပ်နေခြင်းမှာ သူ့နောက်ကလိုက်ပါလာကြမည့်ဆင်အုပ်၏ခရီးအကွာအဝေးကို တိုင်းတာကြည့်ခြင်းဟုသာ ထင်ခဲ့ကြသည်။

ယခုမူ ထိုသို့မဟုတ်။ ဤဆင်ကြီးသည် ဆားငန်ဓာတ်ပါသော ကျစ်မြေကို စားလို၍ အနံ့ခံလိုက်ရှာနေခြင်းသာ ဆိုသည်ကို သဘောပေါက်သွားကြ၏။ ဤဆင်ကြီးမှာ သင်းကွဲ၊ ကောင်ထီး၊ နိုထီးမှန်း သိသွားကြလေသည်။

ဤသင်းကွဲဆင်ပြောင်တစ်ကောင်တည်းကိုကျုံးသွင်းထောင်ဖမ်းရန်လည်း ဖြစ်နိုင်တော့။ သို့သော် သူတို့ကို အနံ့ရသည့်အပြင် အောက်ဆင်းပြေး၍လည်း ဖြစ်နိုင်တော့သဖြင့် ဤဆင်ကောင်ထီး၏ အခြေအနေ၊ သို့မဟုတ် ကျစ်မြေကို စားပြီး ဤဆင်စွယ်စုံကြီးကျစ်မြေအနားမှ ထွက်သွားရန် အချိန်ကာလကို စောင့်နေကြရလေသည်။

သူတို့သုံးယောက်သည် သစ်ပင်ပေါ်၌ တစ်ယောက်တစ်ယောက် လက်ဟန်ခြေဟန်နှင့် သင်္ကေတပြပြီး စောင့်နေကြစဉ် နောက်ထပ်ဟိုင်းဆင်ကြီးတစ်ကောင်သည်ဘယ်ကဘယ်လိုအနံ့လိုက်လာသည်မသိ။ ရုတ်တရက် ဆားမြေကျစ်ကျင်းနားကို ဘွားခနဲ ရောက်လာ၏။

ဆားဓာတ်ပါသော ကျစ်မြေကိုအာ ဘာငမ်းငမ်းနှင့် စားနေသော စွယ်စုံဆင်ပေါက်ကြီးက ရှောင်ပြေးရန် အချိန်မရလိုက်၊ ဟိုင်းဆင်ကြီး ရောက်လာသည် လည်း ကမ်းပါးယံအောက်ဘက်က မြင်ရာမတ်စောက်သောတောင်ကမ်းပါးပေါ်တက်ပြေး၍လည်းမရ၊ ဟိုင်းဆင်ကြီးသည် "ကျီ" ခနဲတစ်ချက် မာန်ဟုန်ဝင့် စိန်ခေါ်လိုက်ကာ စွယ်စုံဆင်ပြောင်ကြီးနား ချက်ချင်းပြေးချလာတော့၏။

ဟိုင်းဆင်နှင့် စွယ်ပြောင် အားမာန်ကြီးနှစ်ကောင်သည် ဆားမြေ(ကျစ်ခြေ)မှာ ဆုံမိနေကြလေပြီ။

စွယ်စုံဆင်ပြောင်ကြီးသည် သူ့အနီးသို့ ဟိုင်းဆင်ကြီး အပြေးရောက်လာသည်နှင့်တစ်ပြိုင်နက် လက်မောင်းတာ ဆုံးနီးပါးခန့်ရှည်သော သူ၏အစွယ်နှစ်ချောင်းကို စမ်းချောင်းကမ်းပါးယံမြေသားထဲ အရင်းထိ နစ်ဝင်သွားအောင် ထိုးစိုက်ထားလိုက်၏။

အားသန်သော ဟိုင်းဆင်ကြီးက လည်းစွယ်စုံဆင်ပြောင်ကြီး၏အစွယ်တို့ သူ၏သန်မာတုတ်ခိုင်လှသောနှာမောင်း အားကိုးနှင့် ဖမ်းလိမ်ချိုးပစ်ရန် ကြိုးစားနေ၏။ ဟိုင်းဆင်မျိုးတွင် သစ်ခွံတိုးဟုခေါ်သော အစွယ်ငုတ်တိတိ တိုတိုလေးသာပါ၏။ သစ်ခေါက်ခွံများကို ထိုးကော်ခွာစားရုံကလွဲပြီး သူ၏ သန်မာတုတ်ခိုင်လှသော နှာမောင်းကိုသာ အားကိုးအားထားပြုလေသည်။

ခွန်အားဗလအရာမှာ ဟိုင်းဆင်မျိုးက စွယ်စုံဆင်ပြောင်များထက် အားသန်သည့်အပြင် ကိုယ်လုံးကိုယ်ထည်လည်း





www.burmeseclassic.com

www.burmeseclassic.com

ကြီးမားကြသည်၊ အသက်အရွယ်ချင်း တူလျှင် ဟိုင်းဆင်မျိုးက စွယ်စုံဆင်မျိုး ထက် အကောင်ကြီးသလို ခွန်အားဗလ လည်း ကြီးမားကြ၏၊ ထို့ကြောင့် တစ် ကောင်ချင်း တိုက်ခိုက်ကြရတော့မည် ဆိုလျှင် ဟိုင်းဆင်ကို စွယ်စုံဆင်များက ဘယ်လိုမှ ယှဉ်မတိုက်နိုက်ရဲကြပေ၊

ဟိုင်းဆင်က စွယ်စုံဆင်များထက် ခွန်အားဗလနှင့် ကိုယ်လုံးကိုယ်ထည် ကြီးမားကြရခြင်းအကြောင်းမှာ ဟိုင်း ဆင်များသည် မိခင်၏နို့ကို နို့သက်တန် အောင်၊ စို့သောက်ခဲ့ကြရသဖြင့် ဖြစ်၏၊ စွယ်စုံဖြစ်လာမည့် ဆင်ငယ်များမှာမူ နှစ်နှစ်သားကျော်ကာတည်းကပင် သူတို့ ၏ သဘာဝအစွယ်နှစ်ချောင်းက ရှည် ထွက်လာရာ ထိုအခါ မိခင်နို့အုံကို ဦးကင်းထိပ်နှင့် (အောင်း)ခွေ့စို့တိုင်း မိခင်၏ဝမ်းဗိုက်ကို အစွယ်နှင့်ထိုးသလို ဖြစ်နေသဖြင့်ဆင်မကြီးသားသည်အမေ များသည် စွယ်စုံဆင်ကလေးများကို နို့သက်တန် အစို့မခံကြတော့ဘဲ စောစီး စွာ နို့ဖြတ်၊ သားခွဲလုပ်ပစ်တတ်ကြ၏၊ ထို့ကြောင့် စွယ်စုံဆင်ကလေးများမှာ နို့မျက်ပြီး ဟိုင်းဆင်ကလေးများလို ခွန် အားဗလနှင့် ကြီးထွားမှု အားနည်းသွား ကြခြင်း ဖြစ်သည်၊ ထိုသို့ ခွန်အားဗလ အားနည်းမှုကြောင့်လည်း စွယ်စုံဆင် များမှာ အစွယ်ကိုသာ အားကိုးကြခြင်း ဖြစ်သည်၊

ဟိုင်းဆင်ကြီးသည် စွယ်စုံဆင် ပြောင်ကြီးနား ချက်ချင်းပြေးကပ်လာ ကာ ချောင်းကမ်းယံမြေကြီးထဲကို တအားထိုးနစ်ဝှက်ထားသောစွယ်စုံဆင် ၏အစွယ်ကို လုယူချိုးပစ်ရန် နှာမောင်း အားကို အသုံးချပြီး လုံးထွေးကြုံးစား လာ၏၊

သို့သော် စွယ်စုံဆင်ပြောင်ကြီးက လည်း သူ၏အစွယ်ကို မြေကြီးထဲက ဆွဲနုတ်ပြီးဟိုင်းဆင်ကြီးကို ထိုးသတ်ရန် ကြံရွယ်သည်နှင့်တစ်ပြိုင်နက် ဟိုင်းဆင် ကြီးက သူ၏အစွယ်ကိုနှာမောင်းနှင့်ဖမ်း လိမ်ကာ မုချလုယူချိုးပစ်တော့မည်ကို သိသဖြင့် သူ၏အစွယ်နှစ်ချောင်းကိုမြေ ကြီးထဲက လုံးဝဆွဲမနုတ်ဝံ့ဘဲ ပို၍သာ မြေကြီးထဲ ထိုးနှစ်ကာ ပေခံနေ၏၊

ကိုယ်လုံးချင်း ပူးသတ်ဆွဲလှဲသော် လည်း စွယ်စုံဆင်ကြီး၏အစွယ်ကို ချိုး သတ်ရန် ကြံစည်၍ မရသောအခါ ဟိုင်း ဆင်ကြီးသည် စွယ်စုံဆင်ကြီးအား တစ် မျိုးတစ်ဖုံ တိုက်စစ်ဆင်လာပြန်၏၊ စွယ် စုံဆင်၏ နားရွက်နှစ်ဖက်ကို နှာမောင်း နှင့် ဖမ်းလိမ်ကာ ဆွဲဆုတ်၏၊ သူ၏နား ရွက်နှစ်ဖက်မှာ ဟိုင်းဆင်ကြီး ဆွဲဆုတ် သဖြင့် တပြန်းပြန်း စုတ်ပြဲသွားသော် လည်း စွယ်စုံကြီးကား သူ၏အမြတ်တနိုး အားကိုးအားထားရသောအစွယ်ကိုမြေ ကြီးထဲက ဆွဲနုတ်ရန်မှ မဝံ့ရဲသဖြင့် တကျိုကျိုအော်ဟစ်ကာ ဖမ်းယမ်းလှည့် ပတ်၍ ပေခံနေ၏၊

နားရွက်ကို ဆွဲဆုတ်သော်လည်း အစွယ်ကို မြေကြီးထဲက ထုတ်မလာ သော စွယ်စုံဆင်ကို ဟိုင်းဆင်ကြီးက အမြီးကို ကိုက်ဖြတ်ပြန်၏၊ ဤအထိ သည်း စွယ်စုံကြီးသည် သူ၏အစွယ်နှစ် ချောင်းကို မြေကြီးထဲက ဆွဲမနုတ်ဝံ့ဘဲ ရှိနေသေး၏၊ အမြီးဖျားမှ တစက်စက်ကျ လာသော သွေးအလိမ်းလိမ်းနှင့် သာ အော်ဟစ်ပေခံနေသေး၏၊

ထိုအခါ ဒေါသပိုကြီးလာသော ဟိုင်းဆင်ကြီးသည် စမ်းချောင်းထဲက ကျောက်ခဲကြီးတစ်လုံးကို နှာမောင်းနှင့် သိမ်းကောက်ကာ စွယ်စုံဆင်ကြီး၏ ဦးကင်းကို တအားထုချလိုက်၏၊ စွယ်စုံ ဆင်ကြီး၏ ဦးကင်းမှ သွေးများ ယိုစီးကျ လာ၏၊

ဤတစ်ခါလည်း စွယ်စုံဆင်ကြီးက တကျိုကျိုအော်ဟစ်ကာ ဖင်ယမ်း၍သာ ပေခံနေသေး၏၊ ထိုအခါ ဟိုင်းဆင်ကြီး ကလည်း ပိုပြီး ဒေါသကြီးလာကာ စွယ်စုံ ဆင်ကြီး၏ကျောကုန်းကို ကျောက်ခဲနှင့် တအုန်းအုန်း ထုပြန်၏၊

ဤတစ်ခါတော့ ဆင်စွယ်ကြီးမှာ မခံနိုင်တော့၊ ဒေါသထွက်လာသော ဝမ်းခေါင်းသံကြီးကို မြေတုန်ဟည်းသွား အောင် ကျုံးဝါးလိုက်ကာ မြေကမ်းပါးယံ ထဲ၌ထိုးဝှက်မြုပ်ထားသော သူ၏အစွယ် နှစ်ချောင်းကို ဆတ်ခနဲ ဆွဲနုတ်လိုက်ပြီး ဟိုင်းဆင်ကြီးကို အစွယ်နှင့် ထိုးလိုတ် သည်၊

ဤတိုက်ကွက်ကို လိုချင်၍ သူ့ဦး ကင်းနှင့်ကျောကုန်းကို ကျောက်တုံးကြီး နှင့် တဗုန်းဗုန်း ထုရိုက်ခဲ့သော ဟိုင်းဆင် ကြီးကလည်း သူ့ကို လိုက်ထိုးတိုက်ခိုက် နေသော စွယ်ပြောင်ဆင်ကြီး၏ အစွယ် နှစ်ချောင်းကို သူ၏ သန်မာတုတ်ခိုင်လှ သော နှာမောင်းနှင့် လိုက်ဖမ်းနေ၏၊

ဟိုင်းဆင်ကြီးက နှာမောင်းနှင့် လိုက်ဖမ်းနေ၍ မလွတ်နိုင်တော့ဟု ထင် သွားဟန်တူသော စွယ်စုံကြီးသည် သူ၏ အစွယ်နှစ်ချောင်းကို ပထမနည်းတူ မြေ



www.burmeseclassic.com

www.burmeseclassic.com

ကြီးထဲထိုးစိုက်နစ်မြုပ်ထားလိုက်ပြန်၏။ ထိုအခါဟိုင်းဆင်ကြီးကလည်းကျောက်ခဲ၊ကျောက်တုံး၊နီးရာသစ်ကိုင်း၊ဝါးကိုင်းတို့နှင့် ထုရိုက်သတ်ပုတ်ပြန်၏။ သည်လိုနှင့်သူ့အစွယ်တစ်ကမ်းသို့ဟိုင်းဆင်ကြီး ဆုတ်လိုက်သည်နှင့် သူ့အစွယ်ကိုမြေကြီးထဲက ဆွဲနုတ်ပြီး ဟိုင်းဆင်ကြီးကို လိုက်ထိုးနေပြန်၏။

ဤသို့နှင့်ဆင်ပြောင်ကြီးနှစ်ကောင်သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်နိုက်သတ်ပုတ်နေကြရာ စွယ်ပြောင်ကြီး၏ခေါင်းလှည့်တစ်ချက် အမှားတွင် ဟိုင်းဆင်ကြီးက စွယ်ပြောင်ဆင်ကြီး၏အစွယ်တစ်ဖက်ကို သူ၏ကြံ့ခိုင်သန်မာသော နှာမောင်းကြီးနှင့် ဖမ်းမိသွား၏၊ ဆင်ဖမ်းသမားသုံးယောက်၏ မျက်စိအောက်၌ပင် ဟိုင်းဆင်ကြီးသည် စွယ်ပြောင်ဆင်ကြီး၏ အစွယ်တစ်ဖက်ကိုဖြောင်းခနဲ အသံနှင့်အတူ လိမ်ချိုးပစ်လိုက်၏။ စွယ်ပြောင်ကြီး၏ မရှိမဆုံအထိတ်တလန့် အော်လိုက်သံမှာ တစ်တောတစ်တောင်လုံးပဲ့တင်ဟည်းသွားသလား ထင်လိုက်ရ၏။

အစွယ်တစ်ဖက် အချိုးခံလိုက်ရ၍တစ်ပတ်နှစ်ပတ် လိမ့်ထွက်သွားသောစွယ်ပြောင်ကြီးသည် ချက်ချင်းပြေးထကာ သူ့ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသော ဟိုင်းဆင်ကြီး၏ ဘေးစောင်းကို သူ၏တစ်ချောင်းတည်းသာကျန်အစွယ်နှင့် လျှပ်တစ်ပြက် အောင်းထိုးချလိုက်၏။

ဤတစ်ခါ ဟိုင်းဆင်ကြီး၏ အော်ဟစ်လိမ့်ကျသွားသံမှာမူ ဘယ်လိုမှပြန်၍နာလန်ထူနိုင်တော့မည်မဟုတ် ဆိုသည်ကို သစ်ပင်ပေါ်ထက်ရှိ ဦးတင်အောင်တို့ဆင်ကင်းထောက်သမားများက အတပ်သိလိုက်ကြလေသည်။

ဟိုင်းဆင်ကြီးမှာ အငိုက်ခံလိုက်ရခြင်းဖြစ်၏။ သူ့အစွယ်တစ်ချောင်း လိမ်ချိုးခံလိုက်ရသော စွယ်ပြောင်ဆင်ကြီးသည် ဤကျစ်မြေဆားကျင်းနားက သူ့ကိုကြောက်၍ ပြေးသွားလိမ့်မည်ဟု အထင်နှင့် စိမ်းစိမ်းကြီးကြည့်ပြီး ခဏသတိလစ်မိသွားစဉ် စွယ်စုံဆင်ကြီးက လျှပ်တစ်ပြက် ဝင်အောင်းထိုးချလိုက်ခြင်းဖြစ်သည်။

တောင်စောင်းကမ်းပါးမှ ချောက်နက်ကြီးထဲ လိမ့်ဆင်းသွားသော ဟိုင်းဆင်ကြီး၏ ကိုယ်လုံးကြီးနှင့်အတူ ကျောက်ခဲ၊ကျောက်တုံး၊သစ်တုံးများပါ တောင်ချောက်ထဲ လိမ့်ဆင်းပါသွားကြလေသည်။

အောင်ပွဲရသွားသော ဆင်ပြောင်ကြီးမှာလည်း တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းနှင့် ညည်းညူမြည်တမ်းသာ ကျစ်မြေကိုပင် ဆက်မစားရဲတော့ဘဲအယီးအယိုင်နှင့်ကတိမ်းကပါးကျစ်မြေ[illegible]သွားလေသည်။

ထိုအခါအချိန်မှာလည်းနေစောင်း[illegible]ပြီဖြစ်သဖြင့်ဦးတင်အောင်တို့ဆင်ကင်းထောက်သမားသုံးယောက်မှာသည်း နေမဝင်မီ စခန်းပြန်ရောက်ရန် [illegible]တ်ခြေတင်လာကြလေသည်။

ဆင်သေကိုရှာဖွေကြစဉ်က

ဦးတင်အောင်တို့ ဆင်ကင်းထောက်အဖွဲ့မိုးချုပ်နေဝင်မှ စခန်းပြန်ရောက်လာကြသည်ကို သောင်ဆရာ(ဆင်ရိုင်းဖမ်းအဖွဲ့ခေါင်းဆောင်)ဦးလူခေါင်းက -

"မင်းတို့ကွာ - မိုးချုပ်နေဝင်"ဟု "တောစကား"တစ်ပိုင်းတစ်စကို ဆို၏။

ဦးတင်အောင်ကလည်းတောထုံးစံအတိုင်း ဘာမှပြန်မပြော၊ သူတို့ ဤနေ့ မိုးချုပ်နေဝင်ဖြစ်ခဲ့ကြရသည်ကို ညနေထမင်းစားသောက်ပြီး၍ ဆင်တွေ၊ ဆင်မြင်၊ တောဝင်၊ တောထွက်သူမြင်၊ ကိုယ်တွေ့စကားဝိုင်းဖွဲ့နီးနေသာဖလှယ်ကြမှ ဦးတင်အောင်က ယနေ့ သူတို့ စခန်းပြန်နောက်ကျရသည့်အကြောင်းကို ပြောပြရတော့သည်။

"ဒီနေ့ - ကျုပ်တို့အဖွဲ့ စခန်းပြန်နောက်ကျတာက ဟိုင်းဆင်ကြီးတစ်ကောင်နဲ့ စွယ်ပြောင်ကြီးတစ်ကောင်တကျစ်မြေလုပြီး တိုက်ခိုက်နေကြတော့ ကျုပ်တို့ကလည်း ကျုပ်တို့ကိုမြင်ရင် ရန်ရှာမှာစိုးလို့သစ်ပင်ပေါ်တက်ပုန်းနေခဲ့ကြရတာ။ ဟိုင်းဆင်ကြီးနဲ့ စွယ်ပြောင်ကြီးတို့ တိုက်ခိုက်ကျင်းလုနေကြတာ အတော်ကြာတယ်၊ နောက်တော့ ဟိုင်းဆင်ကြီးက သူ့ကိုအစွယ်နဲ့ ထိုးဖို့လုပ်တဲ့ စွယ်ပြောင်ကြီးရဲ့အစွယ်တစ်ချောင်းကို လုယူဖမ်းချိုးပစ်လိုက်တာ စွယ်ပြောင်ကြီး သုံးလေးပတ် လိမ့်ထွက်သွားတယ်၊ ဒါပေမဲ့ - စွယ်ပြောင်ကြီးကလည်း ဟိုင်းဆင်ကြီးအငိုက်မှာ ကျန်တဲ့အစွယ်တစ်ချောင်းနဲ့ ဟိုင်းဆင်ကြီးကို အောင်းထိုးထည့်လိုက်တာ ဟိုင်းဆင်ကြီးလည်း ဝမ်းခေါင်းသံကြီးနဲ့အော်ပြီးစမ်းချောင်း





www.burmeseclassic.com

www.burmeseclassic.com

ဘေး ချောက်ထဲ လိမ့်ကျသွားတယ်။ အဲဒါစွယ်ပြောင်ကြီးကျစ်မြေက ရွာသွားမှ ကျုပ်တို့လည်း သစ်ပင်ပေါ်က ဆင်းရဲကြတာ၊ အဲဒါကြောင့် - စခန်းပြန် မိုးချုပ်နေဝင်ဖြစ်သွားတာပဲ - ကိုကြီးဒေါင်း"

ဦးတင်အောင်က ထိုသို့ပြောလိုက်သောအခါဆင်ကင်းထောက်အဖွဲ့(၃)မှ သံဗောတူက -

"ဒါဆို - စွယ်စုံကြီးဆီမှာ အထိုးခံလိုက်ရတဲ့ ဟိုင်းဆင်ကြီးဟာ ခုလောက်ဆို သေပြီးထင်လား - ဦးလေး"

"လောလောဆယ်တော့ သေချင်မှ သေမယ်ကွ၊ စွယ်စုံဆင်ပေါက်ကလည်း ကြောက်ကြောက်နဲ့ ထိုးလိုက်ရတာဆိုတော့ ချက်ကောင်းကို မိချင်မှ မိမှာပေါ့၊ ဆင်သက်ကပြင်းတော့တစ်ရက်နှစ်ရက် ခံချင်ခံ ခံမှာပေါ့ကွာ"

"ဟာ - ဒီ - အဲ - ဟိုင်းဆင်ကြီးသာ တစ်ရက်နှစ်ရက် အသက်ရှင်နေရင် ဒီနှစ် ကျုပ်တို့ကျုံးမှာ ဆင်မဝင်၊ ဆင်မမိသေးပေမဲ့ ပွပြီပဲ - ဦးလေ - ပွပြီပဲ"

"ဘာလဲကွ - မင်းက ဟိုင်းဆင်ကြီး ချိုးလွှင့်ပစ်ထားခဲ့တဲ့ စွယ်ပြောင်ဆင်စွယ်တစ်ချောင်းကို သွားရှာမလို့လား"

လက်ထောက်ကင်းအဖွဲ့ငသံညိုက သံဗောတူကို မေးလိုက်၏။

"ဆင်စွယ်လေးတစ်ချောင်း ရရုံနဲ့တော့ တို့အဖွဲ့ ပွမလားကွ"

"ဒါဆို - မင်းက ပွပြီဆိုတာ ဘာလဲ၊ အရင်းမရှိ အဖျားမရှိနဲ့"

သံဗောတူက ပွပြီဆိုသောစကားကို ငသံညိုသာမဟုတ်၊ ဦးလူဒေါင်းနှင့် ဦးတင်အောင်ကပါ "ဒီကောင် ဘာပြောပါလိမ့်" ဟု သံဗောတူမျက်နှာကို လှမ်းကြည့်နေကြ၏။

"ဟေ့ကောင် - မင်း ပွမယ်ဆိုတာ ဘာလဲလို့၊ ရှင်းရှင်းပြောစမ်းပါ"

ငသံညိုက သံဗောတူကို ထပ်မေး၏။

"မင်းတို့ကလေးတွေက ဆင်ဖမ်းလိုက်လာကြတယ်သာဆိုတာ ဘာအတွေ့အကြုံမှ မရှိကြသေးတော့ ဘယ်သိမလဲ၊ ဒီမှာ ငါပြောမယ်"

"အောင်မာ - ငါတို့ကိုများ ကလေးတဲ့၊ ကဲ - မင်း လူကြီးပြောစမ်းပါ၊ ဘာပြောမလဲ"

"ဆင်များဟာ သူတို့ကို သူတို့ သေတော့မယ်လို့ သိရင် ဆင်သချိုင်းကို အရောက်သွားပြီးမှ သေတတ်ကြတယ်ဘဲ၊ အဲဒါ - ဦးလေးတင်တို့လဲ သက်ကြီးဝါကြီးအားသက်ငယ်ကြားကြားဖူးကြမှာပါ"

"အေးကွ - သံဗောတူပြောလိုက်မှ ငါလည်း သတိရတော့တယ်၊ ဆင်များဟာ သေခါနီးရင် ဆင်သချိုင်းကို အရောက်သွားပြီးမှ သေတတ်ကြတယ်ဆိုတာ တို့အဘိုး၊ အဘိုးတို့လည်း ပြောကြတယ်ဟ"

"အဲဒါကြောင့် - ကျွန်တော်က ပွပြီလို့ ပြောတာပေါ့ - ဦးလေးတင်ရာ၊ ခုဦးလေးတင်တို့ နေ့ခင်းက မြင်ခဲ့ကြရတဲ့ ဟိုင်းဆင်ကြီးကို စွယ်ပြောင်ကြီးက ထိုးလိုက်တယ်ဆိုတာ ဘယ်တောင်ကြောမှာလဲလို့"

"မြင်မတိမ် တောင်ကြောမှာပဲကွ"

ဦးတင်အောင်တို့နှင့် တစ်ဖွဲ့တည်းသွားခဲ့ကြသော ငထီးသံက ဝင်ပြောလိုက်၏။

"ဟာ - ဒါဆို - သေချာပြီ၊ မြင်မတိမ်ရဲ့ အမ်းဒလက်က နီးတယ်၊ ဒလက်ဖျားမှာ ဆင်သချိုင်းတစ်ခုရှိတယ်ဆိုတာ တို့ဘောက်ဆရာကြီး အဘိုးစိန်တောက်လည်း ပြောဖူးတယ်၊ အဲဒီတော့ - ဆင်သချိုင်းကိုတွေ့မှာပဲ၊ ဆင်သချိုင်းကိုသာ တွေ့လို့ကတော့ အနှစ်နှစ် အလလတာ လာလာသေထားကြတဲ့ဆင်ရိုးဆင်စွယ်ဆိုတာလှည်းနဲ့ကိုတိုက်ထုတ်ကြရမှာ။ အဲဒါကြောင့် - ကျုပ်က ပွပြီပြောတာပေါ့ ဘယ့်နယ်လဲ"

သံဗောတူ ပြောလိုက်ခါမှ ဆင်ဖမ်းသမားများအားလုံးမှာလည်း သူတို့ ဘိုးစဉ်ဘောင်ဆက် ပြောလာခဲ့သည်ကို သတိရသွားကြကာ သံဗောတူကို ဝိုင်းဖက်နမ်းပစ်လိုက်ကြ၏။

ထိုအချိန်ထိ ယခုလက်ရှိ ဘောင်ဆရာ ဦးလူဒေါင်းကတော့ ဆိုးသည်ကောင်းသည်တစ်ခွန်းမှဝင်မပြောသေး။ ထို့ကြောင့် ယခု ဆင်ရိုင်းဖမ်းအဖွဲ့တွင် ဒုတိယခေါင်းဆောင်လည်းဖြစ်၊ လက်ထောက်ဘောင်ဆရာလည်းဖြစ်သော ဦးတင်အောင်က ဦးလူဒေါင်းကို လှမ်းကြည့်ပြီး -

"အစ်ကိုကြီး - ကျုပ်တို့ သံဗောတူ ပြောတာ ဘယ့်နယ်လဲ"

ဟု မေးလိုက်၏။

"ဆင်သချိုင်းဟာ ဒလက်ဖျားမှာ ရှိတယ်ဆိုတာတော့ ဒါလည်း ဘိုးစဉ်ဘောင်ဆက် ကြားဖူးလာပါတယ်၊ မင်းတို့ စိတ်နိုင်ရင်တော့ သွားကြ၊ ဒါပေမဲ့





www.burmeseclassic.com

www.burmeseclassic.com

ရှေးရှေးလူတွေကတော့ "မြင်မတိမ်"နဲ့ နီးလို့တောကြီးနတ်ကြီးတယ်လို့ပြောဖူးကြတယ်"

"အဲဒါကတော့ သတိဝီရိယနဲ့ သွားကြမှာပဲပေါ့ - မဟုတ်ဘူးလား - ဦးလေးတင်"

သံတော်တူ၏အဆိုကို အားလုံး သဘောတူကြ၏။

သည်တော့ - ဆင်သချိုင်းကိုလိုက်ရှာကြရန်နှင့် ဒက်ရာရပြီး ဆင်သချိုင်းသို့ သေရန် မုချသွားလိမ့်မည်ဖြစ်သော ဟိုင်းဆင်ကြီးနောက်ကိုလိုက်ရန် အားလုံးစုဝေးတိုင်ပင်ကြသည်။

ဆင်သချိုင်းရှာရန် ကျုံးသမားများ အားလုံး လိုက်သွားကြ၍တော့ မဖြစ်သေး၊ ဆင်ကျုံးစခန်း၌လည်း ဆင်ဖမ်းသမားအချို့ကိုထားခဲ့၊ ချန်ခဲ့ကြရဦးမည်၊ ဆင်ကျုံးတည်ဆောက်ရာတွင်ငွေကြေးက သိန်းချီကုန်ကျထားကြသော ပစ္စည်းပစ္စယများ ရှိနေသေးသည့်အပြင် ကျန်လူများသည် ဆင်ရှာ၊ ဆင်ကင်းထောက်၍ ဆင်ဖမ်းရန် ကျန်နေခဲ့ကြရဦးမည်၊

တောဆင်ရိုင်းအုပ်ကို ကျုံးသွင်းထောင်ဖမ်းရန် ဆင်ကျုံးတစ်ကျုံး တည်ဆောက်ရာတွင် ဆင်ဖမ်းလုပ်သားက (၃၂)ယောက် ဖွဲ့စည်းပုံရှိရသည်၊ ထိုအထဲတွင် ယခု ဟိုင်းဆင်ကြီးနောက်ကို လိုက်ပြီး ဆင်သချိုင်းရှာရန် လိုက်သွားကြရမည့်သူများကိုရွေးချယ်ကြ၏၊ ဆင်သချိုင်းကို သွားရောက်ရှာဖွေကြရာ၌ မတော်တဆ အန္တရာယ်တစ်ခုခုနှင့်ကြုံလာလျှင် သွေးသားရင်းမှ ဖြစ်မည်ဟူသော အယူအဆနှင့် ပထမဦးဆုံး ဆင်သချိုင်းအကြောင်းကိုပြောသူသံတော်တူနှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သူ ငထီးသံတို့ကို ပထမရွေးချယ်ကြသည်၊

နောက်သုံးယောက်မှာအားကောင်းမောင်းသန်များဖြစ်ကြသော ငသံထီး၊ ငသံညိုနှင့် ရွှေထက် အပြေးမြန်သည်ဟု ပြောကြသော လောရှည်ကြီးခေါ် ငထော်ကြီးတို့ငါးယောက်ကို ရွေးလိုက်ကြသည်၊

သောင်ဆရာဦးလူခေါင်နှင့်ဦးတင်အောင်အပါအဝင် ကျန်လူများမှာ ဆင်ကင်းထောက်ခြင်း၊ ဆင်အုပ်များကို ရှာခြင်းနှင့် ဆင်ရိုင်းအုပ်တွေက ကျုံးသွင်းဖမ်းဆီးကြရန် ကျန်နေခဲ့ကြသည်၊ ဆင်ဖမ်းအဖွဲ့တွင် လူငါးယောက် လျော့သွား

ာ်လည်း လူနှစ်ဆယ်ကျော်နှင့်လည်း ာဆင်ရိုင်းများ တွေ့ပါက ကျုံးသွင်း းဆီးနိုင်ကြ၏၊

ဆင်ဖမ်း၍ ဆင်ကောင်ရေ မည်မျှ ဆင်သချိုင်းရှာ သွားကြသူများက ည်း ဆင်သချိုင်းကို တွေ့ပါက ရသမျှ ဆင်စွယ်ရိုးအားလုံးကိုညီတူမျှတူဝေယူ ကြရန် ကတိသစ္စာဆိုပြီး သံတော်ထူတို့ ခွဲ့ ဆင်သချိုင်းရှာရန် ထွက်သွားကြ ာ့မည်ဆိုသောအခါ လူငါးယောက် လေးငါးရက် ရိက္ခာကိုလည်း ရွာပြန် ကြ၏၊

ရိက္ခာယူ၍ရွာကပြန်လာကြရာတွင် ံတော်တူက သူတို့ရွာရှိ မုဆိုးကြီးချင်း အောင်ဆီက "ကျားနိုင်" ဆိုသော ခွေး ခင်စပ်တစ်ကောင်ကိုပါ တောကျွမ်း၊ မ်းထောက်၊ ကျီးခြောက်၊ ကြက်နင် ိုသလို ခေါ်ချလာပြန်သည်၊

သူတို့ရွာ၌ မုဆိုးကြီးချင်းငအောင် ကျားနိုင်ဆိုသောခွေးမှာလည်းသမိုင်း ၌အလာကြီးသောခွေးပင်၊ တခြား များဆိုလျှင် ကျားနံ့ရ၊ ကျားဟိန်းသံ ြားက ဖင်သီဒရွတ်ဆွဲကာ တဂိန်ဂိန် ာ်နေတတ်ကြသော်လည်း ဤခွေး လူသာ သူ့အနီးအနား၌ရှိနေလျှင်

ကျားကိုပင် ခံဟောင်ခြင်း၊ သူ့သခင် ငအောင်ကသာ ရှူးတိုက်လိုက်လျှင် ကျားကိုပင် ခံကိုက်ရဲသော သတ္တိခဲ ခွေးသမင်ဖြစ်သည်၊ အလုံးအရပ်ကလည်း သာမန်ခွေးတွေထက် ကြီးမြင့်၏၊ ထို့ကြောင့်လည်း သံတော်တူက ချင်းငအောင်ကို ဆင်သချိုင်းကိုသာ တွေ့ပါက ခွေးကိုလည်း လူတစ်ဖို့ဝေစု ပေးမည်ဟုပြောပြီး ခေါ်လာခဲ့ခြင်းဖြစ်သည်၊

သည်လိုနှင့်နောက်တစ်ရက်နံနက်ဝေလီဝေလင်းအချိန်တွင် လေးငါးရက်စာ ရိက္ခာကိုယ်စီနှင့် လူငါးယောက် ခွေးတစ်ကောင်တို့သည် ဟိုင်းဆင်နာကြီးသွားရာကို နောက်ယောင်ခံကာ ဆင်သချိုင်းရှာရန် ထွက်လာကြသည်၊

နေမွန်းမတည့်မီပင် ငထီးသံ၊ ငမည်းလုံး ဦးတင်အောင်တို့ မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ကြရသော ဟိုင်းဆင်ကြီး လိမ့်ကျသွားရာ ချောင်းခြောက်စမ်းနားကို ရောက်လာကြသည်၊

ငထီးသံနှင့် ဦးတင်အောင် ငမည်းလုံးတို့ပြောသည်မှာအမှန်ပင်ဖြစ်သည်၊ ဟိုင်းဆင်ကြီးကိုစွယ်ပြောင်ဆင်ကြီးက ထိုးချလိုက်၍ လိမ့်ကျသွားရာနှင့် သွေး





www.burmeseclassic.com

www.burmeseclassic.com

တွက်ကြီးတွေမှာ ယင်မည်းရိုင်းမကြီး တွေတလောင်းလောင်းနှင့်ပတ်ဝန်းကျင်တွင် နာခေါင်းညှီစော်နံမိနေကြသည်။

ထိုနေရာမှ ဟိုင်းဆင်နာကြီးသည် ရိုးမတောနက်စမ်းချောင်းဖျားဘက် တက်သွားရာကိုလည်း ထင်ထင်ရှားရှား တွေ့ကြရသည်။ သံတောတူတို့အဖွဲ့သည် စခန်းမှ ထုတ်ယူလာကြသော ထမင်းထုပ်ကိုယ်စီကို ဖြေစားကြကာ ဆင်နာကြီး၏ သွေးစက်ခြေရာကိုခံပြီး ဆက်လိုက်လာကြ၏။ ဆင်နာကြီးသွားရာလမ်းတစ်လျှောက် သွေးစက်ခြေရာကလည်း အထင်းသား ညွှန်ပြနေသည်။

သည်လိုနှင့် စမ်းချောင်းဖျားရှိ စမ်းရေအိုင်တစ်ခုနား ရောက်လာကြ၏။

ဟိုင်းဆင်နာကြီးသည် ဤစမ်းရေအိုင်ထဲ ရေဆင်းစိမ်သွားပုံရ၏။ စမ်းရေအိုင်ထဲက အတက်တွင် သူ့ကိုယ်လုံးကြီးကို မထိန်းနိုင်တော့၍ ခြေတစ်ဖက်ချော်ကျထားရာကိုလည်း အားလုံးမြင်တွေ့ကြရ၏။ ထိုနေရာ သွေးတွေ ပိုကျလာသည်ကိုလည်း သတိပြုမိ၏။ ဆင်နာကြီး၏ခြေရာနှင့် သွေးစက်တို့မှာ သံတောတူပြောသလို ဒလက်ချောင်းဖျားဘက်မြင်မတိန်တောင်ကြောဆီ ဦးတည်နေသည်။

သည်လိုနှင့် ဆက်လက်လိုက်လာခဲ့ကြသော တစ်မိုးချုပ်သွားသဖြင့် သူတို့သည် စမ်းပေါက်တစ်ခုနား၌ မီးဖိုကြီးတစ်ဖိုကို ဖိုကာ ညနေစာကို ထိုနေရာ၌ပင် ချက်ပြုတ်ကြသည်။ တစ်ယောက်က ချက်ပြုတ်နေချိန်တွင် ကျန်လေးယောက်တို့မှာ ထမင်းစားပြီးသည်နှင့် အဆင်သင့် တက်ပြီးအိပ်နေနိုင်ရန် လူငါးယောက်နှင့်ခွေးတစ်ကောင်အတွက် ညအိပ်လင့်စင်တစ်ခုကို ကမန်းကတန်းပြီးစလွယ်ထိုးကြရသည်။ သစ်ဝါးပေါသောအရပ်ဖြစ်၍ တစ်ညတာအတွက် လင့်စင်ထိုးရသည်မှာ အခက်အခဲမရှိ။ ထမင်းစားသောက်ပြီးသည်နှင့်ခွေးရောလူပါလင့်စင်ပေါ်တက်ကြရသည်။

ဤနေရာမှာ သားရဲတိရစ္ဆာန်များပေါများသော ရိုးမတောနက်ထဲဖြစ်သဖြင့် မြေပြင်၌မူ ဆင်ဖမ်းသမားများကို မဆိုထားနှင့် တောလည်တောကျွမ်းမုဆိုးကြီးများပင်မြေပြင်၌အိပ်ဝံ့ကြသည်မဟုတ်။

ထို့ကြောင့်လည်းဟိုင်းဆင်နာကြီးနောက်လိုက်ပြီး ဆင်သရှိုင်းရှာကြမည့် သံတောတူတို့အဖွဲ့မှာ ညနေစာ ထမင်းစားသောက်ပြီးသည်နှင့်လင့်စင်အောက်တွင် မီးဖိုကြီးတစ်ဖိုကို ဖိုထားခဲ့ကြကာ လင့်စင်ပေါ် တက်ပြီး တစ်ညနားကြသည်။

တစ်နေ့လုံး ဟိုင်းဆင်နာကြီးနောက် လိုက်လာကြရသဖြင့် မောမောနှင့် အိပ်ပျော်နေသော သံတောတူသည် သူ့ခုံးကို တစ်စုံတစ်ယောက်က လက်နှင့် လာကုတ်နေသဖြင့် အိပ်ပျော်နေရာမှ လူးလွန့်လာ၏။ သူ လူးလွန့်နိုးလာသည်အထိ လက်ကုတ်နေသူက မရပ်သေး။ ထို့ကြောင့် -

"ဘယ်သူလဲကွ - ဘာဖြစ်လို့လဲ"

ဟု တီးတိုးမေးလိုက်ရ၏။

"ကိုကြီးသံ၊ ကျုပ်ပါဗျ"

ဟု ဆိုလိုက်သူမှာ တန်းစီးအိပ်နေကြသော သံတောတူနှင့် တစ်ယောက်ကျော်မှ လောရှည်ကြီးခေါ် ငထော်ကြီးဖြစ်သည်။ တီးတိုးပြောသော်လည်း သံတောတူက ငထော်ကြီးအသံကို မှတ်မိလိုက်၏။ ထို့ကြောင့် -

"ထော်ကြီး - ဘာလဲကွ"

ဟု ကြားရုံမျှ လေသံနှင့် ပြန်မေးလိုက်၏။

တောကြီးမျက်မည်းကျ၍ သစ်ရိပ်ဝါးရိပ်နှင့်ပိန်းပိတ်အောင်မှောင်နေသော လမိုက်ညတွင် လူလုံးမကွဲသော ထော်ကြီး၏မျက်နှာက သေသည်ကိုကျော်ကာ ခွေးကျားနိုင်နှင့်အတူ ဖက်အိပ်နေသော သံတောတူ၏မျက်နှာပေါ် မည်းမည်းကြီး မိုးနေ၏။ ထော်ကြီး၏ အသံကို သာ မကြားလိုက်ရလျှင် တောကြီးမျက်မည်းထဲ သန်းခေါင်ယံအချိန်၌ လင့်စင်ပေါ်တို့ သရဲတစ္ဆေ တကောင်ကောင် တက်ရောက်ခြောက်လှန့်လာသလားဟုပင် ထင်စရာ။

သို့သော် ယခုမူ သရဲတစ္ဆေမဟုတ်။ ထော်ကြီး၏ တိုးညင်းသော်လည်း ပီသသောအသံကိုသံတောတူ သဲသဲကွဲကွဲပင် မှတ်မိလိုက်သည်။

"ကိုကြီးသံ - အိပ်ပျော်နေလား"

"အေး - မင်းတော့ အိပ်မပျော်ဘူးလား"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် - ကျွန်တော့်နားထဲ အသံတစ်ခု ထူးထူးခြားခြား ကြားမိနေလို့၊ ခု ကိုကြီးသံကော ကြားမိလား၊ ခု - ဒီကြားနေရတဲ့အသံလေ"

ထော်ကြီးက ထိုသို့ပြောလာသဖြင့် သံဗောထူသည် ချက်ချင်းခါးတစ်ပိုင်း ထထိုင်ကာ နားစွင့်နေလိုက်သည်၊

မှန်၏၊ ရှိုးမတောနက်ဘက်မှတရှဲရှဲ လေတိုးသလိုမြည်လာသော အသံတစ်ခုကို ချက်ချင်းကြားလိုက်ရသည်၊ ဘယ်လိုအသံပါလိမ့်၊ သစ်တောကို လေတိုးသံဆိုလျှင်လည်း သူတို့လင့်စင်ပေါ်က သစ်ပင်တွေပါ လှုပ်ရှားလာမည်၊ ယခုမူ ဘယ်သစ်ပင်မှ မလှုပ်မရှား၊

"ကိုကြီးသံကြားတယ်မှတ်လား"

"အေး - အေး"

နားစွင့်နေရင်းက ထော်ကြီး၏ အမေးကို သံဗောတူမှာ "အေး - အေး" က မဆက်နိုင်ဖြစ်နေ၏၊ ထိုအခါ သံဗောတူနည်းတူ ထော်ကြီးကလည်း ထထိုင်လိုက်၏၊

"ဟင် - ကိုကြီးသံ၊ ဘာသံလဲဗျ၊ ကျုပ်တော့ တောထဲတောင်ထဲ ဒီလို အောက်ခြေက မြည်လာသံကို တစ်ခါမှ မကြားဖူးဘူး"

သံညို၏ကိုယ်ကိုကျော်၍ ထော်ကြီးက သူ့ပါးနား ကပ်မေးနေပြန်၏၊

ဆင်သရိုင်းရှာရန် လာကြသူများထဲတွင် ဦးဆောင်လူကြီးဖြစ်သူ သံဗောထူမှာ ထော်ကြီးကို ဘာပြန်ပြောရမှန်းပင် မသိသေး၊ ထော်ကြီးပြောလိုက်တော့မှ အောက်ခြေဆိုတာကိုလည်း သတိပြုမိသွား၏၊ အသံမှာ လေတိုက်သလိုအပေါ်ကလာသံမဟုတ်၊ ရွက်ကြွေ သစ်တောထဲ သစ်ခက်သစ်ကိုင်းများကို ချဆွဲယူလာသလိုလို အောက်ခြေက ကြားရသောအသံ၊

"အေးကွ - တောခြောက်သံများ လားလို့ငါလည်း နားထောင်နေတာပဲ"

"တောခြောက်သံတော့မဟုတ်ဘူး ထင်တယ်ဗျ၊ ကျုပ်ကြုံဖူးတဲ့ တောခြောက်သံနဲ့တော့ မတူဘူး"

ထော်ကြီးကသူ့တောအတွေ့အကြုံကို မှတည်ပြီး ပြောပြန်၏၊

"တစ်ခုတော့ ရှိတာပေါ့ကွာ၊ တော်ဆူသလို တောခြောက်တာလည်း တူချင်မှတူမှာပေါ့၊ နားထောင်ကြည့်ပါဦး"

ရှိုးမတောနက်ဘက်မှ တရှဲရှဲမြည်အသံသည် သူတို့နှစ်ယောက် နားထောင်နေကြစဉ်မှာပင် တဝေါဝေါ တသောသောနှင့်မြည်သံကျယ်လာ၏၊ အသံ၏လာရာဘက်ကလည်း သူတို့ဆီ ဦးတည်လာနေသလိုပင်၊ သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သံဗောတူက အိပ်နေသောခွေးကျားနိုင်ကို တစ်ချက်ငုံ့ကြည့်လိုက်၏၊

ချင်းငမောင်ခွေး ကျားနိုင်ကား တုတ်တုတ်မျှပင် မလှုပ်သေး၊ တောခြောက်တာမဟုတ်ဟု သံဗောတူ တွေးလိုက်သည်၊ အကယ်၍တောခြောက်သံဆိုလျှင် ခွေးကျားနိုင်သည် ဤသို့ ငြိမ်အိပ်နေမည်မဟုတ်၊

တောခြောက်သည်ဆိုခြင်းမှာ အဘိုင်တောင်ပိုင်များ မကြိုက်မနှစ်သက်သော အပြောအဆို အပြုအမူ တစ်ခုခုကိုလူသားတစ်ဦးဦးက ကျူးလွန်ပြစ်မှားမိတော့မှသာ တောခြောက်ခံရခြင်းဖြစ်သည်၊ တောခြောက်တောမှောင်သည်ဆိုခြင်းမှာ နာနာဘာဝ၊ ဝိနာဘာဝများ၏ လှည့်စားခြင်းဖြစ်သဖြင့် သူတို့၏ အပါယ်ဘုံသားအချင်းချင်းဖြစ်သော ခွေးသည် အကောင်အရိပ်မြင်တတ်၏၊ ထိုအခါ အရှင်သခင်လူသားများအား အသိပေးသည့်အနေနှင့် ချက်ချင်းအူတတ်၊ ဟောင်ပြတတ်သည်၊ ယခု ကျားနိုင်ခွေးကား တုတ်တုတ်မျှပင်လှုပ်မလာသေး၊

ထို့ကြောင့် တောခြောက်တာ ဟုတ်၊ မဟုတ်သိနိုင်အောင် ချင်းငမောင်၏ ကျားနိုင်ခွေးခေါင်းကို သံဗောတူက ပုတ်နှိုးလိုက်၏၊ ကျားနိုင်ခွေး နိုးလာ၏၊ ဆောင့်ကြောင့်ထိုင်ရာက ခြသေ့ထိုင် ထိုင်ကာ နားစွင့်၏၊ သို့သော် ဘာမှထူးထူးခြားခြားလက္ခဏာမပြ၊ သားကောင်ကြီးတွေ အနံ့ရသော သတိပေးသံကလည်း သူ့ပါးစပ်မှ ထွက်မလာသေး၊ ရှူးတိုက်ပြီး အဟောင်ခိုင်းလိုက်ရအောင်ကလည်း မမြင်ရသေးသဖြင့် ဘယ်နေရာကို ရှူးတိုက်ဟောင်ခိုင်းရမှန်းမသိ၊ သူတို့နေရာမှာ စမ်းချောင်းဖျားတောင်ကျောင်းကျသဖြင့် တဝေါဝေါ၊ တရှဲရှဲမြည်လာသံ

www.burmeseclassic.com

ကတောတောတောင်ကိုပွဲတင်ရိုက်ကာ ကျယ်သထက်ကျယ်လောင်လာ၏။ ထိုအခါ တောထဲ တောင်ထဲ အနေများ၍ နားပါးကြသော ထေီးသံ၊ သေသံထီး၊ သေသံညီ[တို့က နိုးလာပြီး ချက်ချင်းထထိုင်လိုက်ကြသည်။

"ဟင် - ဘာသံတွေလဲဗျ"

"ကိုကြီးသံ၊ ဘာသံတွေလဲဗျ"

"တောခြောက်တဲ့အသံတွေများလား"

ယခုမှနိုးလာကြသူသုံးယောက်က တစ်ယောက်တစ်ပေါက်ပြောပြီး သူတို့ထက်စောစီးစွာနိုးနေသောသံဗောတူ၏ မျက်နှာကိုကြည့်ပြီး မေးလိုက်ကြ၏။ သူတို့ထဲတွင် သံဗောတူကလွဲလျှင် တောအတွေ့အကြုံ ပိုများသော မုဆိုးတစ်ပိုင်းလည်းဖြစ်သော သေသံညီ[က တောခြောက်သံ ဟုတ်၊ မဟုတ် မောင်နွေးကျားနိုင်ကိုလှမ်းကြည့်၏။ ကျားနိုင်ဆီက ဘာသံမျှ ထွက်မလာ။ သံဗောတူနားတွင် လက်နှစ်ဖက်ပေါ် မေးတင်ကာ ဝတ်၍ပင် နေနေ၏။

"ဒီအသံက တောခြောက်သံလားလို့ ငါနဲ့ ထော်ကြီးတို့ နားထောင်နေကြတာ နည်းနည်းတောင်ကြာသွားပြီ။ မင်းတို့ကော ဘာအသံလို့ထင်ကြလဲ"


သံဗောတူက သူတို့ကို ပြန်မေးလိုက်၏။ နောက်မှနိုးလာသူသုံးယောက်မှာ ယခု သူတို့နားနှင့် ဆတ်ဆတ်ကြားနေရသောအသံကို ဘာသံဟု မည်သူကမျှမပြောဝံ့၊ မပြောနိုင်ကြသေး။ ပါးစပ်ပိတ်ပြီး နားစွင့်ကာ အထိတ်တလန့်ဖြစ်နေကြ၏။

"ဘာသံပါလိမ့်"

မည်သူမျှအဖြေကိုမပြောနိုင်၊ မသိနိုင်ကြ။ သူတို့သည် တောထဲ တောင်ထဲ ဆင်လိုက်၊ ဆင်ဖမ်း၊ ကြံ့ခုတ်၊ ဝါးခုတ်၊ သစ်ခုတ်၊ သင်းသတ်မုဆိုးတစ်ပိုင်းလုပ်လာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ လေမတိုက်၊ မိုးမရွာဘဲ ယခုလိုတရှဲရှဲတသောသောမြည်လာနေသံကို တစ်ခါမှ မကြားဖူးကြ။

အသံမှာ ကျယ်သထက်ကျယ်လာသလို သူတို့ရှိနေရာ လင့်စင်ဘက်ဆီ ပိုနီး ပိုဦးတည်လာနေသလိုပင်။

လူငါးယောက်နှင့် ခွေးတစ်ကောင် နားစွင့်၊ နားထောင်နေကြရိုန်မှာပင် ရွက်ကြွေ၊ ရွက်ခြောက်များပေါ်မှ နင်းရေပြေးလာနေကြသောအသံတွေမှာ တစ်ဆယ့်ရှစ်ခါပေါက်သော ဒေဝီဇံ တပ်မကြီးများ ချီတက်လာနေကြသလား ထင်ရသည်။ စောစောက ကြားခါစအသံနှင့်စာလျှင်



ထိုသို့မီးဖိုကိုလှည့်ပတ်
င်းမော့အနံ့ခံလုပ်နေကြရာမှ
တောင်နှစ်တောင်ရှည်သော
ကောင်ကြီးများသည်မီးဖိုကို
ခြေလက်များနှင့်ယက်ပစ်
တ်ကြသည်။ ကင်းခြေများ
င်းယက်ပစ်လိုက်ကြသဖြင့်
င်းတုံးထင်းစအသေးတွေမှာ
ရိုပရဲပြန့်ကျဲသွားသည်။

ယခုကြားလာရသောအသံမှာတစ်တောလုံး တစ်တောင်လုံး ပြိုလိုက်လာသလိုပင်မြည်ဟည်းလာ၏။

သံဗောတူတို့မှာ ဤနေရာသို့ညနေကမှ ရောက်လာကြသူများပီပီ ထူးဆန်းသောအသံကြောင့် ထိတ်လန့်လာကြသည်၊ ထို့ကြောင့် အသံကြားရာဘက်နှင့် လင့်စင်အောက်ကိုလည်း ထိတ်ထိတ်လန့်လန့်နှင့်မျက်ခြေမပြတ်စောင့်ကြည့်နေကြ၏။

ညနေကမှ ထင်းတုံးအကြီးအသေးတွေနှင့် ဖိုထားခဲ့ကြသော မီးဖိုမှာတော့ ယခုမှ မီးအားတွေ ပိုကောင်းကာ





www.burmeseclassic.com

www.burmeseclassic.com

မီးတောက်မီးလျှံတွေပင် လျှံထွက်နေသည်။ ထို့ကြောင့်မီးဖိုတစ်ဝိုက်မှာလည်း လင်းထိန်နေသည်။ ဤလို မီးတောက်မီးညွန့်တွေလျှံထွက်နေရာသို့မည်သည့် တောတိရစ္ဆာန်ကြီးတွေမှ မလာရဲကြဆိုသည်ကိုတော့ အားလုံးသိနေကြသည်။

ထို့ကြောင့်လည်းမီးတောက်မီးလျှံများကို မြင်ကြရ၍လည်း သူတို့မှာ ကြောက်စိတ်တော့ နည်းနည်းပြေသွားကြ၏။ သို့သော် သတိဝီရိယနှင့်တော့နေကြရမည်ဖြစ်သဖြင့် အားလုံးမှာ ဆင်လိုက်လုံ့ရှည်များကို လက်ထဲတွင် မြဲမြဲကိုယ်စီ ဆုပ်ကိုင်မိပြီးသားဖြစ်သွားကြသည်။

သူတို့ ဆင်ထိုးလုံ့ကိုယ်စီကို ကိုင်လိုက်ကြချိန်မှာပင် တရှဲရှဲတသောသောမြည်လာသောအသံကြီးနှင့်အတူ တောတောင်တစ်ခွင်လုံးကို အုပ်စိုးလာသောအသံရှင်များသည် မီးဖိုအနီး လင့်စင်အောက်ကို ရောက်လာကြ၏။

တိရစ္ဆာန်များ လင့်စင်အောက်ကို ရောက်လာကြသည်မှာ ဖြောင့်ဖြောင့်တန်းတန်းတော့မဟုတ်။ တစ်ကောင့်ကိုတစ်ကောင် လိမ်ကျစ်လုံးထွေး ကျော်တက်ကာ သူ့ထက်ငါဦး မီးဖိုနား အပြေးရောက် လာကြသည်။ အစကမ္ဘ ထိုတိရစ္ဆာန် ထောင်ရှိရာရှိကို လင့်စင် ပေါ်က ငုံ့ကြည့်နေကြသော ဆင်သမား တွေမှာ ဘာကောင်တွေမှန်း မသိကြ သေး။ နောက် မီးရောင်ထဲတွင် မီးဖိုကို လှည့်ပတ်သွားနေကြသည်ကိုသေသေ ချာချာ ငုံ့ကြည့်ကြတော့မှ ရာရှိထောင် ရှိ ရောက်လာကြသော အကောင်များ မှာ ကင်းခြေများတွေ ဖြစ်နေသည်ကို သိကြရတော့သည်။

ဤကင်းခြေများသည် ဘယ်အရပ် ကသူတို့ဆီအဘယ်ကြောင့်ပြေးရောက် လာကြသည်ကို အကြောင်းရှာမတွေ့ တတ်ကြဘဲ ဆင်သမားများမှာ အံ့ဩ တကြီးနှင့်သာ ငုံ့ကြည့်နေကြရ၏။

ရာပေါင်းထောင်ပေါင်းများစွာသော ကင်းခြေများထဲတွင် လက်သန်းလက် ပေါက်စနလေးကစ၍ တံတောင်နှစ် တောင် ရှည်သော ကင်းခြေများ အကောင်ကြီးများလည်း ပါသည်။ ထို ကင်းခြေများအားလုံးသည် မီးဖိုကြီးကို လှည့်ပတ်ကာပတတ်ရပ်ခေါင်းမော့နှင့် အနံ့ခံနေကြသည်။ ဆင်သမားတွေမှာ သူတို့လင့်စင်ပေါ်များ အစုလိုက်၊ အပြုံ လိုက် တက်လာကြလေမလားဟု လုံ ကိုင်ထားရင်းက ဒူးတုန်ချင်လာကြ၏။ ညည်သို့မျှ မထူးခြားသည်ကတော့ ချင်း မောင်ခွေး ကျားနိုင်ပင်။ လူတွေ ထိုသို့ ထိတ်လန့်နေကြစဉ် ခွေးကျားနိုင်ကား မြန်အိပ်၍ပင် ကောင်းနေသလိုနှင့် တောတိ မလှုပ်မယှက်။

ထိုသို့မီးဖိုကိုလှည့်ပတ်ခေါင်းမော့ အနံ့ခံလုပ်နေကြရာမှ တံတောင်နှစ် တောင်ရှည်သော အကောင်ကြီးများ သည် မီးဖိုကို သူတို့၏ခြေလက်များနှင့် သက်ပစ်လိုက်ကြသည်။ ကင်းခြေများ ဝိုင်းယက်ပစ်လိုက်ကြသဖြင့် ထင်းတုံး ထင်းစအသေးတွေမှာ ဖရိုဖရဲ ပြန့်ကျဲ သွားသည်။ ထိုအချိန်ကျတော့မှ တော အတွေ့အကြုံရင့်နေသော သံတောတူက သဘောပေါက်လိုက်တော့သည်။

သူတို့ရိက္ခာအဖြစ် ယူလာကြသော ဆတ်သားခြောက်များကို ညနေထမင်း စားကြတော့ ဖေထော်ကြီး ဖုတ်ပေးသည်ကို သတိရလိုက်၏။ အမှန်က တောနက် တောင်နက်ထဲ၌ အသားခြောက်များကို မီးဖုတ်ကင်မစားကြရဘဲ ဝါးကျည်တောက်အိုးခွက်တို့နှင့်သာ ပြုချက်စား ကြရသည်ဟူသော ရှေးလူကြီးများနှင့် ဘိုးကြီးများပြောဖူးသည်ကိုသွားသတိ ရသည်။ အသားခြောက်များကိုတောထဲ တောင်ထဲ ဖုတ်ကင်စားပါက ညှော်နံ့ ကြိုက်သော တောတိရစ္ဆာန်များသည် ညှော်နံ့စံကာ လိုက်လာတတ်ကြသည် ဟုဆိုသည်။

ယခုလည်း သူတို့ထဲတွင် တောအိ မဝသေးသော ဖေထော်ကြီးသည် ဆတ် သားခြောက်များကို ဖုတ်ပြီး သူတို့အား အလွယ်တကူ ကျွေးခဲ့ရာ ထိုအချိန်တာ ပင်လေနှင့်လွင့်မျောပါသွားသောညှော် နံ့ကိုရပြီးဝေးလံသီခေါင်သောအရပ်တာ ပင်ပြေးလိုက်လာကြသောကင်းခြေများ အုပ်ကြီးမှာ ယခုအခါ သူတို့ လင့်စင် အောက် ရောက်နေကြပြီ။ ဤသည်မှာ လည်းဖေထော်ကြီးသည်လူများဝါးစား၍ မရသော ဆတ်သားထဲက အရွတ်ထုံး တစ်တုံးကိုမီးဖိုထဲပစ်ထည့်ထားခဲ့ရာထို အရွတ်တုံးကို ယခု ကင်းခြေများတွေတာ ယက်ရှာနေကြပြီ။

ဤအခြေအနေကိုရိပ်မိလိုက်သော သံတောတူသည် ထော်ကြီးကိုပင် မေး နေတော့ဘဲ ဆတ်သားခြောက်တစ်တုံ ကို မီးစွဲလောင်နေသော ထင်းစများဆီ ပစ်ချပေးလိုက်၏။ ထိုအခါ သံတော ပစ်ချပေးလိုက်သော ဆတ်သားထဲ





www.burmeseclassic.com

www.burmeseclassic.com

ညှော်နံ့ထွက်လာသည်နှင့် နစ်တောင်ကျော်ကျော်ရှည်သော ကင်းခြေများကြီးတစ်ကောင်သည် ထိုဆတ်သားခြောက်တိုကိုက်ပေါက်ကာ ယူပြေးတော့၏။


ဆတ်သားခြောက်တုံးကို ကိုက်ကောက်ယူပြေးသွားသော ကင်းခြေများနောက်ကို အရွယ်စုံ၊ အကြီးအသေးစုံကင်းခြေများတွေက သူ့နောက်ကို ပြေးလိုက်ဝိုင်းလုကိုက်ကြသည်၊ ရသွားသောအကောင်က သူတို့နေရာ တောနက်ထဲဘက် ချီပြေးပြန်ရာ နောက်အကောင်တွေကလိုက်လုပြီးဆတ်သားခြောက်ကိုက်ချီပြေးနေသောအကောင်နောက် လိုက်သွားကြ၏။

ထိုအခါမှ သံဗောတူတို့ ဆင်ဖမ်းသမားများရှိရာ လင့်စင်အောက်တွင်ကင်းခြေများဆို၍ မီးလောင်ကာ သေကျန်ခဲ့သော လေးငါးကောင်မှလွဲပြီးအကုန်လုံး ဆတ်သားတုံးကိုက်ချီသွားသောကင်းခြေများနောက် ပြေးလိုက်သွားသည်၊

ထိုအခါမှ ဟိုင်းဆင်နာကြီးကိုနောက်ယောင်ခံလိုက်ကာ ဆင်သချိုင်းရှာရန်လာကြသောသံဗောတူတို့အဖွဲ့မှာသက်မ.ကိုယ်စီ ချနိုင်ကြတော့သည်၊

ဖိုးကျော်

| တွဲဖက်မစားသင့်သောအစားအစာများ | | |
|---|---|---|
| ငှက်တော်သား | ⟺ | ပဒ္မမြာကြာစေ့ |
| စိန် | ⟺ | သံပုရာ |
| စိမ်းစားဥ | ⟺ | ရှောက်ချဉ်သီး |
| စောင်းလျားသီး | ⟺ | နို့ရည်၊ ပျားရည် |
| ဆူးပန်းရွက် | ⟺ | ဆိတ်သား၊ |
| | ⟺ | ဆိတ်နို့ |
| ညံ့ရွက် | ⟺ | အရက် |
| ထန်းရည်ချို | ⟺ | ဝက်သား |
| တလဲသီး | ⟺ | နို့ |
| မင်းကွတ်သီး | ⟺ | သကြား |



www.burmeseclassic.com

**မနက် ခင်း**အစောပိုင်းက ရဲဘက်မှဆိုးတင်မောင် ထောင်ထားသည့်သုတ်ကိုင်းတွင် တောဝက်တစ်ကောင် မိနေသည်ဟုဆိုသဖြင့် ကျွန်တော် စခန်းမှ ဒဿမ .၃၀၃၊ အမေရိကန်နိုင်ဖယ်သေနတ်ကြီးကိုထမ်းကာ သွားပစ်ရသည်။

> ဒေသစိမ်းတစ်ခုတွင် မမျှော်လင့်သောအန္တရာယ်၊ တောတိရစ္ဆာန်အန္တရာယ် စသည်တို့ မြုပ်ကွယ်နေရာမှ ရုတ်တရက်ပေါ်ပေါက်လာတတ်ပေရာ ..

တောဝက်သိုးကြီးကိုင်းမိနေသောနေရာမှာစခန်းအရှေ့ဘက်ကျွန်တော်တို့အကျဉ်းဦးစီးဆီအုန်းခြံနှင့် ဒေသခံပသျှူးလူမျိုးများ၏သီဟိုခြံများအကြားရှိဆီးဖြူပင်များ ဝိုင်းပေါက်နေကြသောအသ်အိုးပုံစံချိုင့်ကြီးဖြစ်သည့် ဆီးဖြူပင်များက ချိုင့်ကြီးခုတ်ခမ်းတွင် ပေါက်နေကြသောကြောင့် ကြွေကျသောဆီးဖြူသီးများမှာ လိမ့်ဆင်း၍ ချိုင့်ကြီးအတွင်းအလယ်၌စုကြသည်။ ထိုသည်ကိုတောဝက်များကသိ၍ ချိုင့်အတွင်းဆင်းပြီးဆီးဖြူသီး စားသည်။ ထိုအကြောင်းကိုသိသောမှဆိုးကလည်း တောဝက်များဆင်းလမ်းကိုခြေရာခံ၍ငုင်းကိုင်းထောင်သည်၊ တောတိရစ္ဆာန်တို့သဘာဝမှာ သွားနေကျလမ်းကသာ သွားလေ့ရှိသည်။ လမ်းသစ်က သွေဖည်ပြီးသွားလေ့မရှိပါ။ မုဆိုးကလည်း တောကောင်များ၏ ဓလေ့စရိုက်ကိုသိ၍ ငုင်းကိုင်းထောင်ခြင်းဖြစ်သည်။

ကျွန်တော်တို့အပြေးအလွှားရောက်သွားတော့ တောဝက်သိုးကြီးက လူနံ့ရသောကြောင့်အတင်းရုန်းကန်ရာ သုတ်ကိုင်းကျိုးသွားပြီး ကြိုးတန်းလန်းဖြင့် ထွက်ပြေးစဉ် ကျွန်တော် ပစ်ရခြင်းဖြစ်သည်၊ ချိုင့်ဝှမ်းနှုတ်ခမ်းအပေါ်မှ ချိုင့်ငွင်းသို့ ပစ်ရသောပစ်မှတ်ဖြစ်သော ကြောင့် ပစ်ကွင်းသာသည်၊ သို့သော် ချားပစ်မှတ်ဖြစ်သောကြောင့် တော်သတိထားရပါသည်။

တောဝက်သိုးကြီး ဒေါနှင့်မောနှင့် ဘန်ရင်း ချိုင့်ကြီးအပေါ်သို့ ပြေး တ် ကျွန်တော်၏ ဒဿမ .၃၀၃ ရိုင် ကြီးမှ မီးပွင့်သွားသည်။

"ဒိုင်း"

ဝက်သိုးကြီးအား သေနတ်ထိမှန်၍ တ်ပြန်လန်အကျ ကျည်သစ်ထိုး ချိန်ရွယ်ထားစဉ် ချက်ကောင်းထိ မှုတ္တု၍ပြန်အထ ငုတ်တုတ်ကြီးဖြစ် ဉ် ကျွန်တော် ဒုတိယကျည်ဆန်ကို ပ်မံပစ်လွှတ်ရပြန်သည်။

"ဒိုင်း"

ဤတစ်ကြိမ်တော့ ချက်ကောင်း ၍ လဲပြိုသွားရာ ပြန်မထတော့ ထိုစဉ် သေနတ်သံကြောင့်မုဆိုးတင်မောင် တင်မှာခဲ့သော ရဲဘက်ဖိုး ကြီးမှ ထမ်းသမားအဖွဲ့ အပြေးရောက်လာကြပြီး ချိုင့်ထဲဆင်း၍ ဝက်သိုးကြီးအား သယ်ဆောင်ရန် စီစဉ်ကြတော့သည်။

ကျွန်တော့်တာဝန် ပြီးပါပြီ၊ ဖိုးကြီး ရဲဘက်အဖွဲ့နှင့်အတူ ကျွန်တော့်အား လာကြိုသော ဘိုနီ၊ ဘိုဖြူ အမဲလိုက်ခွေးနှစ်ကောင်အတူ ကျွန်တော့်သေနတ်ထမ်း၍ စခန်းသို့ ပြန်ခဲ့သည်၊ နေရောင်အောက်တွင်တနသ်ာရီရိုးမတောင်တန်းကြီး နောက်ခံပြု၍အတန်းလိုက် စိုက်ပျိုးဖြစ်ထွန်းနေသောဆီအုန်းပင်ပျိုများမှာ လွန်စွာလှပပါသည်။ စခန်းအတွင်းသို့ ရောက်တော့လည်းသူ့နေရာနှင့်သူစနစ်တကျဆောက်လုပ်ထားသောအဆောက်အအုံများကို မြင်ရတော့ စိတ်ချမ်းသာပီတိဖြစ်မိသည်၊ ဤအောက်ချိုင့်ခြံဆီအုန်းရဲဘက်စခန်းမှာ ယခင်က ယာယီပျိုးပင်ဖောက်တဲစခန်းသာဖြစ်သည်၊ ကျွန်တော်ရောက်မှကျွန်တော့်စိတ်တိုင်းကျ ပြုပြင်တည်ဆောက်ထားခြင်းဖြစ်သည်၊ ဝန်ထမ်းနှင့်ရဲဘက်များကလည်း စည်းကမ်းရှိကြ၍ စခန်းဝင်းအတွင်း





www.burmeseclassic.com

www.burmeseclassic.com

ပြောင်ရှင်းနေသည်။ အမှိုက်တစ်စပင် မရှိပါ။

စခန်းရုံးအိမ်ကြီးတွင် ကျွန်တော် ခေတ္တအနားယူရင်း အရာရှိဗိုမှ ဗိုခေါင်း သံချောင်း စီစဉ်ပေးသော အခါးရှည်ကျ ကျကို ဇိမ်ခံသောက်ရင်း အပန်းဖြေရ သည်။ ကျွန်တော့်၏ အမဲလိုက်ခွေးနှစ် ကောင်မှာလည်း ကျွန်တော်၏ ရုံးစားပွဲ အောက်တွင် အိပ်စက်အနားယူကြ သည်။ ဤအမဲလိုက်ခွေးနှစ်ကောင်မှာ ငယ်စဉ်နို့ခွဲစကပင် လက်ပွန်းတတီးမွေး မြူကျွေးမွေးခဲ့သောကြောင့် ကျွန်တော် နှင့် ရဲဘက်သံချောင်းကို အလွန်ခင် သည်။ ကျွန်တော်တို့အပေါ် သဘော လည်းအလွန်ကောင်းသည်။ အမဲလိုက် တောလည်ပြီဆိုလျှင်တော့ "ဇ" သွင်း ထားသောအမဲလိုက်ခွေးများပီပီတောနံ့ တောင်နံ့ တောကောင်နံ့ရသည်နှင့် ကျား၊ ခြေသံ့ထက်ကြောက်စရာကောင်း အောင် အစွမ်းသတ္တိပြကြတော့သည်။

ကျွန်တော်တို့ ဆီအုန်းစခန်းမှာ တနင်္သာရီရိုးမတောင်တန်းကြီးနှင့်

ဘင်္ဂလားပင်လယ်အော်ကြီးအကြ တွင် တည်ရှိပါသည်။ စခန်းအရှေ့ဘ တွင်ဘန်နွားရွာနှင့် ချန်းဇန်းရွာဟူသေ ပသျှူးရွာများရှိကြသည်။ ဘန်နွားရွာ ငယ်သော်လည်း ချန်းဇန်းရွာကြီးက ပင်လယ်ဆိပ်ကမ်းရှိပြီး ရေလုပ်ငန်းလုပ် ကိုင်ကြသောကြောင့် တောမြို့ကလေး တစ်ခုသဖွယ် စည်ကားသည်။ ကုန်မျိုးစုံ ဆိုင်များနှင့်အလယ်တန်းကျောင်းဘုန်း တော်ကြီးကျောင်းများလည်းရှိသည်။ မြန်မာ၊ မွန်၊ ကရင်၊ ကုလား၊ တရုတ်၊ ပသျှူးလူမျိုးများ နေထိုင်ကြသဖြင့် စရိုက်က အမျိုးမျိုး။ သို့သော် တစ်ဦးနှင့် တစ်ဦး အလိုက်အထိုက် တည့်အောင် တော့ ပေါင်းကြသဖြင့် ပြဿနာကြီးကြီး ကျယ်ကျယ်တော့ မဖြစ်ပါ။

⁂

ကျွန်တော် အနားယူနေစဉ် ဧည့် သည်များ ဆိုင်ကယ်ဖြင့် ရောက်လာကြ သည်။ လဲမွန်ကွပ်ကဲရေးစခန်းမှ ငွေ

တရင်းတာဝန်ခံ ထောင်မှူးကြီး ဦးတင် ဝင်းနှင့်မိသားစုဖြစ်သည်။

"လာ - သူငယ်ချင်း - ကော့သောင်း ဆင်းဖို့ လာကြတာလား"

"ဟုတ်တယ် - သူငယ်ချင်းရေ။ ငွေ ထုတ်ဖို့ ကော့သောင်းမြို့ကို ဆင်းရမှာ။ ဒီနေ့တော့ မမီတော့ဘူး။ နောက်ကျနေ ပြီ။ အဲ့ဒါ သူငယ်ချင်းစခန်းမှာ ဒီညအိပ်ပြီး မနက်ဖြန်မနက်မှာ ချန်းဇန်းလိုင်းကားနဲ့ ကော့သောင်းဆင်းမယ်။ မိန်းမကလည်း ဈေးဝယ်ချင်လို့တဲ့။ ကလေးကလည်း အမေကပ်နေတော့ ခေါ်ခဲ့ရတာပေါ့"

"ကဲ - စိတ်ချလက်ချအနားယူပါ ကိုတင်ဝင်းရာယ်။ ဒီနေ့မနက်တောဝက် တစ်ကောင်ရထားလို့ ဟင်းစားလည်း အဆင်ပြေပါတယ်"

"ကိုသိန်းဝင်း - ခင်ဗျားမှာ သောက် စရာ ဘာရှိသလဲ"

"သူငယ်ချင်းရေ - ကော့သောင်းမြို့ မဆင်းတာကြာလို့ ပြတ်နေပြီ။ ဒါပေမဲ့ ချန်းဇန်းရွာနဲ့နီးတော့ သွားဝယ်လို့လွယ် ပါတယ်။ ဈေးထဲ နည်းနည်းကြီးတာပါ"

"ချန်းဇန်းက ပသျှူးရွာပဲ အရက် ရောင်းသလား"

"ဆိုင်သောက်ရောင်းတာတော့ မဟုတ်ဘူးဗျို့ ကျောင်းဆရာ ကိုတော် မြင့်က သူ့အိမ်မှာ အလုံးလိုက်ရောင်း တာ။ အရက်မျိုးစုံရတယ်၊ သူ့မိန်းမက လည်း ကုန်မျိုးစုံဆိုင်ဖွင့်ပြီး ရောင်းသေ တယ်"

"အော် - ဟို မဆလပါတီဝင် ကျောင်းဆရာမဟုတ်လား။ ဒီလူက ဂ လည်ဗျ။ အစုံလုပ်တယ်၊ ရေခူကို ဆာ စိမ်ပြီး ဟိုဘက်နိုင်ငံကိုပို့တယ်၊ သစ်မ မှောင်ခိုရောင်းဝယ်တယ်၊ မီးသွေးဖော လုပ်တယ်၊ တခြားမှောင်ခိုပစ္စည်းတွေ အရောင်းအဝယ် လုပ်တယ်လို့ကြာ တယ်"

"ဟုတ်ပ့ါဗျာ။ သူက ကျောင်းဆရ ပါတီကောင်စီဝင်လူကြီးဆိုတော့ လု ချင်တိုင်း လုပ်နေတော့တာပဲဗျို့။ ဒါပေ ကျွန်တော်နဲ့တော့ အတော်ခင်သည်။ အစိုးရဝန်ထမ်းချင်းဆိုတော့ အစည်



www.burmeseclassic.com

www.burmeseclassic.com

အဝေးပွဲတွေမှာ မကြာခဏ တွေ့နေရတယ်လေဗျာ"

"ကဲ - ကိုတင်ဝင်းရေ - အိမ်အပေါ်ထပ်မှာ ဧည့်ခန်းနှစ်ခန်းရှိတယ်၊ ကြိုက်ရာအခန်းမှာ အိပ်ကြပေရော့၊ နေ့လယ်နေ့ခင်းပူတော့ ဒီအောက်ထပ်ရုံးခန်းက အေးသဗျ၊ ဟောဟိုထောင့်မှာ ရုံးခန်းစောင့်ဝန်ထမ်း ညအိပ်တာမို့ ခင်ဗျားမိန်းမနဲ့ကလေး အနားယူလို့ရတယ်၊ ကျွန်တော်တော့ ခင်ဗျားသောက်ဖို့အတွက် မဲခေါင်တစ်လုံးနဲ့ ဘီယာလေးဘာလေး ပြေးဝယ်လိုက်ဦးမယ်"

"ချန်းဖန်းရွာကို ကျွန်တော်လည်းလိုက်မယ်ဗျာ၊ ခင်ဗျားဆိုင်ကယ်နဲ့ သွားမှာမဟုတ်လား၊ ကျွန်တော် မရောက်ဖူးလို့ပါ"

အဲဒီ့ခွေးနှစ်ကောင်ကို အမဲလိုက်ခွေးဗီဇသွင်းပေးထားတော့ မည်းမည်းမြင်ရာ ကိုက်တော့တာပဲ။ စောစောက ဝက်အုပ်နဲ့သာ တိုးရင်တော့ ပွဲကြီးပွဲကောင်းပဲဗျို့။ အသေအလဲကိုက်ကြမှာ။ ဝက်အုပ်ကလည်း အင်အားကောင်းတော့ ပြန်ပက်မှာပဲ၊ တော်ပါသေးရဲ့ လွဲသွားလို့။





"လိုက်ခဲ့ဗျာ - အဖော်ရတာပေါ့၊ ...းပါဘူး၊ တခြားလိုအပ်တာရှိရင် ...ည်း ဝယ်ရတာပေါ့၊ ခင်ဗျားမိန်းမနဲ့ ...လေးအတွက်ရော ဘာလိုသေး ...လဲ"

"မလိုပါဘူးဗျာ၊ ကလေးက နို့မခွဲ ...တော့ မုန့်မစားတတ်သေးပါဘူး၊ ...ကလည်းကလေးနို့မခွဲသေးတော့ ...တာရာ စားလို့မရသေးပါဘူး"

ကျွန်တော်နှင့်ကိုတင်ဝင်းဆိုင်ကယ် ...တော်နှီးပြီးစခန်းကထွက်ခဲ့တော့ကျွန် ...တ်၏ အမဲလိုက်ခွေးနှစ်ကောင် ...တ်ကလိုက်လာသဖြင့်ဟန့်ခဲ့ရသေး ...ည်၊ ချန်းဖန်းရွာထဲသွားမည်ဖြစ်သော ...ကြောင့် ခွေးများပါလာလျှင် ရှုပ်ကုန်မပေ ...မည်၊ ပသျှူးလူမျိုးများက ခွေးနှင့် ...ဝက်ကိုအလွန်ကြောက်ကြသည်၊ ...တို့ဘာသာစကားဖြင့်ခွေးအား "မား" ...ခေါ်ပြီး ဝက်အား "မူး" ဟုခေါ်သည်၊ ...ကိုမြင်လျှင်ပင် သူတို့ဘာသာထုံးစံ ...တ်မကောင်းဟုယူဆပြီးမျက်တောင် ...တို့ဆွဲနုတ်ပစ်ရသည်ဟုလည်းကြား ...ပါသည်၊

ကျွန်တော်တို့ဆိုင်ကယ်ကလေး စခန်းဝင်လမ်းအဝ ဘန်နားရွာအစပ်ရောက်သည်နှင့်လမ်းပေါ်တွင်တောဝက်အုပ်ကြီးဖြတ်သန်းနေသဖြင့် ဆိုင်ကယ်ကိုရပ်ပေးရသည်၊ တောဝက်အုပ်ကြီးမှာ အရွယ်အစားမျိုးစုံ အကောင်(၂၀) ကျော်သည်၊

"ဟ - ကိုသိန်းဝင်း - ခင်ဗျားတို့ဆီက တောဝက်တွေ ပေါလှချည်လား"

"ဟုတ်ပဲ့ဗျာ - ပသျှူးတွေက တောဝက်ကြောက်တော့ တောဝက်တွေက မထီလေးစားနဲ့ တောထဲမှာ မနေကြဘဲ ပသျှူးခြံတွေအထဲမှာပဲ အသိုက်လုပ်ပြီး နေကြတာဗျ၊ ခြံထဲက သီဟိုသီးတွေ ကောက်စားရင်း ကြီးထွားဖြစ်ထွန်းနေကြတာ"

"ခင်ဗျားတို့ လာမပစ်ကြဘူးလား"

"သူတို့ပိုင်နက်ထဲမှာမကောင်းဘူးလေဗျာ၊ အကူအညီလာတောင်းရင်တော့ ပစ်ပေးပါတယ်"

"အေးဗျာ - ကျုပ်တို့စခန်းထဲမှာဆိုရင်တော့ ဘယ့်လောက်ကောင်းလိုက်မလဲ၊ နေ့တိုင်း တောဝက်သားစားရမှာ"

www.burmeseclassic.com

"နေ့တိုင်းစားတော့လည်း ရိုးအီနေမှာပေါ့ဗျာ"

"တရုတ်လူမျိုးတွေ ဘယ်လိုလုပ်မလဲ၊ နေ့တိုင်းဝက်သားစားတာပဲ မဟုတ်လား"

တရုတ်တွေစားတာက မြန်မာတွေလိုမဟုတ်ဘူးဗျ၊ သူတို့တွေက ဝက်သားကို အမျိုးမျိုးလက်ရာအပြင် အသီးအရွက်တွေနဲ့ရောနှောချက်စားကြတော့ နေ့တိုင်းစားနိုင်တာပေါ့၊ မြန်မာတွေက ဝက်သားပြောင်ချက်ပြီး တစ်ခါတည်း အဝစားကြတာ၊ အဲဒီတော့ ရိုးအီသွားတော့တာပေါ့၊

ကျွန်တော်တို့ဆိုင်ကယ်ကလေး စခန်းနယ်မြေက ထွက်ပြီးဘန်နွားရွာသို့ အဝင်တွင် အသံတစ်စုံတစ်ရာကြားရသောကြောင့် ကျွန်တော့်ဆိုင်ကယ်၏ နောက်ကြည့်မှန်ကို ကြည့်မိတော့ ကျွန်တော့်စခန်းမှ အမဲလိုက်ခွေး ရွှေနီနှင့် ရွှေဝါတို့နှစ်ကောင် အပြေးလိုက်လာကြခြင်းဖြစ်သည်၊ ထို့ကြောင့်ကျွန်တော်က ဆိုင်ကယ်ကို တုန့်ခနဲ ဘရိတ်အုပ်၍ရပ်လိုက်တော့ ကိုတင်ဝင်းက -

"ဘာဖြစ်လို့လဲ - ကိုသိန်းဝင်း တောဝက်တွေပြန်ပြီလား"

"မဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့လည်း မှန်စခန်းက ယူလာခဲ့တဲ့ ခွေးနှစ်ကောင် နောက်က လိုက်လာကြလို့ပါ၊ အဲဒီခွေးနှစ်ကောင်ကိုအမဲလိုက်ခွေးဗီဇသွင်းပေးထားတော့ မည်းမည်းမြင်ရာကိုက်တော့တာပဲ၊ တောတောက ဝက်အုပ်နဲ့သာ တိုးရင်တော့ ပွဲကြီးပွဲကောင်းပဲဗျို့၊ အဆေအလဲကိုက်ကြမှာ၊ ဝက်အုပ်ကလည်း အင်အားကောင်းတော့ ပြန်ပက်မှာပဲ၊ တော်ပါသေးရဲ့ လွဲသွားလို့"

ကျွန်တော် ဆိုင်ကယ်ရပ်စောင့်နေတော့ ခွေးနှစ်ကောင် လျှာတစ်လစ်နှင့် မီလာကြသည်၊

"ဟဲ့ ကောင်တွေ - ပြန်ကြစမ်း၊ တောထဲသွားမှာမဟုတ်ဘူး၊ ရွာထဲ ဈေးဝယ်သွားမှာ၊ တော်ကြာ - ဟိုတိုက်သည်တိုက်နဲ့ လျှော်နေရဦးမယ်၊ ပြန်ကြစမ်း"

ကျွန်တော် ငေါက်လိုက်တော့ ခွေး ကောင်မှာ လူစကားနားလည်သည့် အား စခန်းဘက်သို့ပြန်လှည့်ပြီး ပြေး ကြသည်၊

"ကဲ - ခင်ဗျားထောင်တွေက သခင် နားထောင်ကြသားပဲ၊ ရှာခနဲ ပြေးသွားကြတာပဲ"

"ဒီကောင်တွေက ကျွန်တော့်မော် ဆိုင်ကယ်စက်သံကိုလည်း ခွဲခြား သိသဗျ၊ အပြန်ကျရင် လာကြိုနေ ဦးမယ်"

ကျွန်တော်တို့ စကားပြောရင်း လာခဲ့ကြရာ ဘန်နွားရွာကားလမ်း ပြီး ချန်းဖန်းရွာထဲသို့ ဝင်လာခဲ့ သည်၊ ချန်းဖန်းရွာကြီးမှာ ချောင်း များဖေပါပြီး ပင်လယ်ကမ်းစပ်ရွာ ဖြစ်သည်၊ ဒီရေတက်လျှင် အနိမ့် လမ်းများအား ရေဝင်တတ်သော ကြောင့် ရွာဝင်လမ်းအချို့နေရာများတွင် များကာဖုံးနေတတ်သည်၊ ထိုနေရာမျိုး တက်ကျော်လျှင် သဲဆွဲသောကြောင့် ဆိုင်ကယ်မှောက်တတ်ပါသည်၊ ထို့ကြောင့် ကျွန်တော် ဆိုင်ကယ်ဂီယာကြီးပြောင်း၍ သတိထားပြီး ဖြည်းဖြည်းစီးရသည်၊ ထိုခြံအတွင်း၌ ဒေသခံပသျှုးလူမျိုးများက ဆိတ်များမွေးမြူထားသောကြောင့် တပဲပဲ အော်မြည်နေကြသည်၊ ခြံစည်းရိုးကလည်း အုန်းလက်ခြောက်များဖြင့်သာ ယာယီခတ်ထားသောကြောင့်မလုံခြုံပါ၊ ကျွန်တော်တို့ကျောင်းဆရာ အိမ်ရှိရာ ကမ်းနားပိုင်းသို့ မောင်းခဲ့ကြသည်၊ ဆိပ်ကမ်းတွင် စက်လှေများဆိုက်ကပ်ထားပြီး ဆားစိမ်ထားသောရေရှူများကို စက်လှေပေါ်သို့ အလုပ်သမားများက ထမ်းတင်နေကြပြီး အချို့ငါးဖမ်းစက်လှေများက ဖမ်းဆီးရမိသော ပင်လယ်ငါးများကိုကမ်းပေါ်သို့ထမ်းတင်နေကြသည်၊

ပင်လယ်ဆိပ်ကမ်းဖြစ်သောကြောင့်စည်ကားသည်၊ ချန်းဖန်းရွာဆိပ်ကမ်းမှ ပင်လယ်ပြင်ကြီးကို လှမ်းမြင်နေရသည်၊ ရေကျချိန်ဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ဆိပ်ကမ်းအတွင်းမှ ကျောက်ဆောင်တန်းများ ပေါ်ထွန်းနေသည်ကို လှမ်းမြင်နေရသည်။ ပင်လယ်ရေမှာပြာလွင်ခြင်းမရှိဘဲ ရွှံ့နှစ်ရောင် နောက်ကျိနေသည်။

ကျွန်တော်တို့ဆိုင်ကယ်ကို ခေတ္တရပ်၍ ချန်းဇန်းဆိပ်ကမ်းအား ငေးကြည့်နေပြီးနောက် ကျောင်းဆရာအိမ်ဘက်သို့ ဆက်လက်မောင်းနှင်ခဲ့သည်။ ကျောင်းဆရာအိမ်ရှေ့တွင်လည်း စက်လှေတစ်စီး ဆိုက်ထားပြီး ရေရှူများကို အလုပ်သမားများက ထမ်းပြီး စက်လှေအတွင်းတင်နေကြသည်။ ကျွန်တော့်ကို မြင်သည်နှင့် ကျောင်းဆရာကတော်က ဆိုင်အတွင်းမှ ထွက်လာပြီး -

"ဟော - ထောင်မှူးကြီး - ဘာအလိုရှိပါသလဲ"

"လဲမွန်က သူငယ်ချင်းရောက်လို့ပါ။ မဲခေါင်အကြီးတစ်လုံးလောက်ပေးပါ၊ ဒါနဲ့ ကျောင်းဆရာကော ဘယ်သွားသလဲ"

"ဟော့ဟိုစက်လှေပေါ်မှာရှင့်"

"အတော်အလုပ်ကြိုးစားတဲ့ဆရာပဲနော်"

"ဟုတ်ကဲ့ - ရှင့်သူငယ်ချင်းက ရှာလည်း အတော်ရှာသလို ဖြုန်းလည်းအလွန်ဖြုန်းတာရှင့်၊ အဲ့ဒါ ညကျတော့ ဟိုဘက်နိုင်ငံရနောင်းကိုကူးပြီး ဖြုန်းဦးမှာ"

"အစ်မကြီးရယ် - ကလေးငယ်မှမရှိတာ၊ သူရှာနိုင်တာပဲ သုံးပါစေ၊ ဖြုန်းပါစေပေါ့၊ နို့မဟုတ်ရင် သူရှာထားတာတွေဘယ်သွားပြီးထားမလဲ"

"အင်း - ဆရာကလည်း အားပေးအားမြှောက်လုပ်နေပြန်ပြီ"

ကျွန်တော်တို့ အရက်တစ်လုံးဝယ်၍ စခန်းသို့ ပြန်လာခဲ့ကြသည်၊ ထိုစဉ် ဆိတ်မွေးမြူရေးခြံအနားအရောက်တွင် ကျွန်တော်၏ခွေးနှစ်ကောင်က ဆိတ်တစ်ကောင်ကို ဝင်ကိုက်နေသဖြင့် ခြောက်လှန့်မောင်းနှင်ရသေးသည်၊ ထိုစဉ် ခြံရှင် ပသျှူးမကြီး ထွက်လာပြီး အော်ဟစ်နေသည်။

"ကိုသိန်းဝင်းရေ့- ပသျှူးလူမျိုးတွေက ကျိန်ဆဲတတ်တယ်နော်၊ ပညာလည်းတတ်တယ်၊ ပြုစားတတ်သတဲ့၊ သတိထားနေဦး"

"တိရစ္ဆာန်အချင်းချင်းပဲဗျာ၊ တမင်ခိုင်းတာမှမဟုတ်ဘဲ"

ကျွန်တော်တို့ စခန်းပြန်လာကြတော့ ခွေးနှစ်ကောင် ရှေ့က လမ်းပြပြီး ဦးဆောင်ပြေးကြသည်၊ သို့နှင့် ထိုညနေ ကျွန်တော်တို့ရေမိုးချိုးပြီးနောက် ဝိုင်းဖွဲ့စားသောက်ကြရင်း စကားပြော၍ ဆက်ရက်မင်းစည်းစိမ်ကို ခံကြသည်။ ည(၉)နာရီခန့်တွင် အိပ်ရာဝင်ခဲ့ကြသည်။ သောက်စားထားသော်လည်း ကျွန်တော်က နေ့ညမပျက် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ် မေတ္တာပို့ခြင်းအမှုကို ပြုသည်၊ ဘုရားဝတ်ပြုပြီး၍ ကျွန်တော်၏ အိပ်ရာခြင်ထောင် ခေါင်းအုံးအနီး၌ လက်နှိပ်ဓာတ်မီးနှင့် အတူတွဲ၍ ချထားသောပုတီးကို ကောက်ကိုင်လိုက်သောအခါ ကျွန်တော်၏လက်ဝဲဘက်နံရံအနီးမှ တစ်တစ်တောက်တောက် အသံကို ကြားရသည်၊ အသံမှာ အိမ်မြှောင် (သို့မဟုတ်) တောက်တဲ့အမြီးရိုက်သံမျိုးဖြစ်သည်။

ကျွန်တော် မေတ္တာပို့၍ အနီးရှိ နံရံအား လက်ဖြင့်ပုတ်၍ခြောက်လှန့်လိုက်သော်လည်း ခေတ္တသာ အသံငြိမ်သွားပြီး တတောက်တောက်အသံပြန်ထွက်လာပြန်သည်၊ ထို့ကြောင့် စိပ်ပုတီးကို ခေါင်းအုံးပေါ်သို့တင်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်တော့ လက်ဝဲဘက်ခေါင်းအုံးအနီးတွင် နီရဲတောက်ပသော မျက်လုံးတစ်စုံဖြင့် ကျွန်တော့်အား ငေးကြည့်နေသော နက်ပြောင်နေသည့် မြွေတစ်ကောင်၊ ကျွန်တော်က ပျားဂေဟာကေဒါကဆင်း၊ မြွေနှင့်ရေသတ္တဝါများ ဘာသာရပ်ကို အထူးပြုယူခဲ့သောကြောင့် မြွေများအကြောင်းကို နားလည်ကျွမ်းကျင်

www.burmeseclassic.com

ပါသည်၊ ထို့ကြောင့် ငြိမ်သက်စွာဖြင့် ထိုင်နေရင်းမှ လက်ျာလက်ဖြင့် ခြင်ထောင်စအား မွေ့ရာအောက်မှ ဖြည်းညင်းစွာဆွဲထုတ်ပြီး လူတစ်ကိုယ်စာ ထွက်ပေါက်ရသည်နှင့် ခုတင်အောက်သို့ ခုန်ဆင်းပြီး ခြင်ထောင်စကို ပြန်ပိတ်လိုက်သည်၊ ထို့နောက် အိမ်အပေါ်ထပ်တွင် အတူအိပ်နေသော ထောင်မှူးကြီးကိုတင်ဝင်းနှင့် အိမ်အောက်ထပ်မှ ရုံးခန်းစောင့်သံချောင်းတို့အားအော်ဟစ်ပြီး နှိုးရတော့သည်၊

"ကိုတင်ဝင်းနဲ့သံချောင်းတို့လာကြပါဦးဗျို့၊ ဒီမှာ အိပ်ရာထဲ မြွေဝင်နေလို့"

သူတို့လည်းအိပ်ပျော်ကြဟန်မတူသေးပါ၊ ချက်ချင်းအပြေးရောက်လာကြသည်၊ ရုံးခန်းစောင့်သံချောင်းက သူကိုင်နေကျ အဆစ်ပိတ်ဝါးတုတ်ဖြင့် တဖုန်းဖုန်းရိုက်သည်၊

"ဟာ - ဆရာရေ့ - တောကြီးမြွေဟောက်ဗျ၊ ကိုက်မိလိုက်ရင်တော့ဆေးတောင် မမီနိုင်ဘူး - ဆရာရေ့"

မြွေသေကြီးကို သံချောင်းက ဆွဲထုတ်လာတော့ တံတောင်ခန့်အရှည်ရှိပြီး ဦးခေါင်းက ဩဂံပုံစံဖြင့် ကျပ်လုံးခန့်ရှိသောမြွေဟောက်တစ်ကောင်ကျွန်တော်ဘုရားဝတ်မပြုဘဲအရက်မူးမူးဖြင့် အိပ်လိုက်လျှင်တော့ခေါင်းကိုမြွေပေါက်ပြီး အဆိပ်တက်စရာအကြောင်းပင် မရှိတော့ဘဲ တုန်းခနဲ သေဆုံးမည်ဖြစ်သည်၊

ထိုစဉ် ထောင်မှူးကြီးကိုတင်ဝင်းက -

"ကျွန်တော်ပြောတယ်မဟုတ်လား ကိုသိန်းဝင်းရဲ့ပသျှူးတွေကပညာတတ်ပါတယ်လို့၊ ကံကောင်းလို့ဗျနော်"

ကျွန်တော်လည်း အလွန်အံ့ဩမိသည်၊ ကျွန်တော်တို့စခန်းက အလွန်သန့်ရှင်းရေးကောင်းသည်၊ စခန်းဝင်းအတွင်း၌ အမှိုက်တစ်မျှင်၊ မြက်တစ်ပင်ပင်မရှိပါ၊ နောက်ပြီးကျွန်တော်နေသည်က နှစ်ထပ်ရုံးခန်းအိမ်ကြီး၏အပေါ်ထပ်စခန်းဝင်းအတွင်း၌လည်း ယခင်က မြွေ

...သော တီကောင်ပင် မတွေ့ရ၊ ...ပြင်းသောတောကြီးမြွေဟောက် ...ယ်ကဘယ်လိုခြေထောက်ပေါက်

၍ရောက်လာသည်မသိနိုင်တော့ပါ၊ ထူးဆန်းဆန်းကြယ်သည်ကတော့အမှန်ပင်ဖြစ်ပါတော့သတည်း၊

**ထောင်မှူးကြီး သိန်းဝင်း**

## တွဲဖက်မစားသင့်သောအစားအစာများ

| | | |
|---|---|---|
| နို့ | ⟺ | ဖရုံသီး၊ မရိုးစေး၊ |
| | ⟺ | မှို၊ သေရည်၊ ဥ၊ |
| | ⟺ | မန်ကျည်း၊ မုန်လာ၊ |
| | ⟺ | ပြောင်းသား၊ ပဲကြီး၊ |
| | ⟺ | နှမ်းဖတ်၊ ပဲနှလက်၊ |
| | ⟺ | မျှစ်၊ ငှက်ပျောသီး၊ |
| မဲဇလီဖူးသုပ် | ⟺ | လက်ဖက်သုပ် |
| မုန်ညင်းဆီ | ⟺ | သက်န်းဖွပ်ငှက်သား |
| ထန်းလျက် | ⟺ | သပြေသီး |
| ဒူးရင်းသီး | ⟺ | ရှိန်းဒို |
| ဒေါင်း | ⟺ | နို့ချဉ် |
| နနွင်း | ⟺ | မိကျောင်းသား |
| နို့ | ⟺ | ပီလောပီနံ့ဥ |
| နို့ချဉ် | ⟺ | ပေရည်၊ ဝက်သား၊ |
| | ⟺ | သားငါး၊ ထန်းသီး၊ |



www.burmeseclassic.com

www.burmeseclassic.com

# ဆယ့်နှစ်ရာသီမှုခင်းများ

# ကြောင်

**ဒုတိယတပ်ကြပ်** မင်းနောင်က အိမ်ထောင်သည်လိုင်းများရှိသည့် ကုန်းမြင့်လေးပေါ်သို့ တက်လာခဲ့သည်။ သူ့ခြေလှမ်းတွေက လေးနေကြသည်။ ပေါင်တွေ၊ ခြေသလုံးတွေ တောင့်တင်းနေသည်။ ခါးပတ်တွင် တွဲ၍ ချိတ်ထားသော ခြောက်လုံးပြူးသေနတ်က ခါတိုင်းနေ့တွေနှင့်မတူ၊ ပိုပြီးလေးလံနေသလိုလည်း စိတ်ထင်နေမိသည်။ အိမ်ခန်းပေါက်ရောက်တော့ ဖိနပ်ချွတ်မည်ပြုပြီးမှ မချွတ်တော့။ စေ့ထားသောတံခါးကို ဖွင့်ပြီး အပေါက်ဝတွင် ထိုင်သည်။

[illegible] ဂုန်နီအိတ်စုတ်နှင့် ဖိနပ်ကိုသုတ်ပြီး အခန်းထဲ ဝင်လိုက်သည်။ အိပ်ခန်းထဲကို လှမ်းကြည့်မိသည်။ သူ့မိန်းမ စိုးစိုးညွန့် မရှိပါ။ နောက်မှနာရီကို ကြည့်မိသည်။ မွန်းလွဲ နှစ်နာရီခွဲနေပေပြီ။ သားကြီး နေလင်းစိုးကို သွားကြိုနေခြင်း ဖြစ်မည်။ သားကြီး ကျောင်းက သုံးနာရီတွင် လွှတ်မည်ဖြစ်သည်။ မင်းနောင် ဘာမှမတွေးတော့၊ ထမင်းစားပွဲတွင် ထိုင်၍ မှောက်ထားသောပန်းကန်တွေကို လှန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

တပ်ထိန်းရဲဘော် တစ်ယောက်၏ နေ့စဉ်ဘဝအထွေထွေ၊ လှုပ်ရှားရုန်းကန်ရသည့် အခြေအနေများကို ဟာသ ဆန်ဆန်ရေးဖွဲ့ထားသော ဝတ္ထုကောင်းတစ်ပုဒ် ..

ထမင်းစားပွဲဝိုင်းပေါ်တွင် ကုလားပဲဟင်း၊ ငါးပိကြော်၊ ပဲတီချဉ်နှင့် မုန်လာရွှေပန်းကန်တွေသာရှိသည်၊ ဒါပါပဲ၊

တပ်မတော်ထဲ စတင်ဝင်ရောက်သောနေ့ကစပြီး ယခုတိုင် ပဲဟင်းနှင့် ငါးပိကြော်ပါပဲလား၊ အော် - မိန်းမရပြီး ကလေးနှစ်ယောက်ပါ တိုးလာ၍လား မသိ၊ တို့စရာ၊ ချဉ်ဖတ်တစ်မျိုး တိုးလာသည်ပေါ့၊ မင်းနောင် တွေးမိကာ ပြုံးလိုက်မိပြန်သည်၊ လူပျိုဘဝတွင် ကြက်သား၊ ဝက်သားစားရသေးသည်၊ အတိတ်က စားခဲ့ရသည်တို့ကိုပြန်လည်တွေးရင်း ထမင်းစားခဲ့ရာ နှစ်ပန်းကန် ကုန်သွားခဲ့သည်၊

မနက်မိုးမလင်းမီက ထမင်းကြမ်းနှင့်ငါးခြောက်ဖုတ်သာစားသွားခဲ့ရသည်၊ တာဝန်က ရှိနေ၍တစ်ကြောင်း၊ ပိုက်ဆံအပိုပါမသွား၍တစ်ကြောင်း တစ်မနက်လုံး ဘာမှမစားရ၊ ရေသောက်ရင်း ဟာနေသော ဝမ်းဗိုက်က ဖြည့်နေခဲ့ရသည်၊ တပ်ထိန်းရဲဘော်တစ်ယောက်ထမ်းဆောင်နေရသောတာဝန်တွေကမသေးငယ်လှ၊ ကြည့်လိုက်ရလျှင်၊ မြင်လိုက်ရလျှင် မင်းသားပေါ့၊

စိမ်းစိမ်းရင့်ရင့်စစ်အင်္ကျီ၊ ဘောင်းဘီတွင် ခါးပတ်အဖြူ၊ စလွယ်သိုင်းကြိုးနှင့် သေနတ်အိတ်အဖြူ၊ ခရာကြိုးအဖြူ၊ ဖိုင်ဘာခမောက်အဖြူတွင်အနီရစ်ရှေ့ဘက်တွင် "တပ်ထိန်း" ဆိုသောစာသားနှင့် ဦးထုပ်ကို ဆောင်းထားသူ တပ်မတော်တပ်ထိန်းရဲဘော်တွေကိုမြင်တိုင်း အားကျသဘောတွေ့မိသည်၊ တပ်ထိန်းရဲဘော် အလွန်ဖြစ်ချင်မိခဲ့သည်၊

နိုင်ငံခေါင်းဆောင်ကြီးတွေ၊ နိုင်ငံခြားဧည့်သည်တော်တွေ၊ သံတမန်တွေကို ကြိုဆိုခေါ်ဆောင်လာရသည့်အခါ ယာဉ်တန်း၏ရှေ့မှနေ၍လည်းကောင်း၊ နောက်မှလိုက်၍လည်းကောင်း လိုက်ရ

...ည့်အခါတောက်ပပြောင်လက်သော ...မော်တော်ဆိုင်ကယ်ကြီးတွေကို စီးနင်း ...လိုက်ပါကြသည်ကိုမကြာခဏမြင် ...ရသဖြင့်အိပ်မက်ထဲတွင်မကြာခဏ ...င်းခဲ့ရဖူးသည်၊ အိပ်မက်ထဲတွင်ပင် ...နောင်က ကံမကောင်းပါ၊

ဘာကိုကံမကောင်းပါလဲဆိုတော့ ...နောင်စီးရသောမော်တော်ဆိုင်ကယ် ...ချာသည်၊ ဒုက္ခပေးလွန်းသည်၊ ...တ်ထရီမကောင်းသည်လား မသိ၊ ...ခဏစက်ရပ်သည်၊ စတပ်တာ နိုပ် ...ရသဖြင့် ခြေနင့်ကန်ကာ ဆောင့် ...နိုးမှရသည်၊ စက်မနိုးသေးသော် ...ည်း မင်းနောင်နိုးရတော့သည်၊ မနိုး ...ည်းမရတော့ ဘေးတွင်အိပ်နေသော ...ညွန့်ပါးစပ်ကလည်းအော်နေ၊ လက် ...ည်း ထုရိုက်၊ ဆိတ်ဆွဲနေသည်ကို၊

"ကိုမင်းနောင် - ရှင်ဒီလောက်တပ် ...လုပ်ချင်ရင်တစ်ယောက်တည်းနေ ...တော့၊ ရှင် - မော်တော်ဆိုင်ကယ်စက် ...ဒဏ်ကိုခံနိုင်မယ့်မိန်းမတစ်ယောက် ...ရှာထားပေတော့"

မကြာခဏမော်တော်ဆိုင်ကယ်စက် ...သောဒဏ်ကို ခံရလွန်းသောကြောင့် ...မစိုးစိုးညွန့်မှာလည်းသည်းမခံနိုင် ...ပြီရှိ သူ့မိဘများအိမ်သို့ ဆင်းသွားခဲ့ဖူးသည်၊ မင်းနောင်မှာ ယောက္ခမအိမ်ကိုလိုက်သွားပြီးအတော်ကိုတောင်းပန်ကတိတွေပေးပြီး ပြန်ခေါ်ခဲ့ရသည်၊ သူ့အိပ်မက်တွေကတော့ ဆက်ပြီးမက်နေခဲ့ပါသည်၊ သို့သော်လည်းမင်းနောင်တစ်ယောက် ကံကောင်းသွားခဲ့ပါသည်၊ သူဆက်လက်မက်သောအိပ်မက်တွေထဲမှ သူစီးသောမော်တော်ဆိုင်ကယ်က စက်မရပ်တော့၊ စက်မနိုးရသောကြောင့် ဖြစ်ပါသည်၊

မင်းနောင်တစ်ယောက် တပ်ထိန်းဖြစ်ချင်သည်မှာ ဤသို့သောအဖြစ်တွေ ဖြစ်ခဲ့ရသည်အထိပင်၊

သည်လိုစိတ်အားထက်သန်လွန်းသော စွဲလမ်းမှုအင်အားကြောင့်လား၊ ကုသိုလ်ကံကောင်းသည်ဆိုရမည်လား၊ သို့တည်းမဟုတ် သူ၏(၅)ပေ (၈)လက်မမျှ မြင့်မားသောအရပ်အမောင်းကို သဘောကျသွားသည်ထင်၏၊ သူ့ကို မိခင်ခြေလျင်တပ်ရင်းမှတပ်မတော်တပ်ထိန်းတပ်ဖွဲ့ကို ပြောင်းရွှေ့ပေးခြင်း ခံရပါတော့သည်၊

★★★

မင်္ဂလာဒုံတပ်ထိန်းတပ်ဖွဲ့၏ တပ်ထိန်းအတတ်သင်တန်းကျောင်းမှသင်တန်းအောင်မြင်လာသည်နှင့်ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

ဘောင်ဒရီ (ယခု မမ္မစေတီ) လမ်းရှိ တပ်ထိန်းတပ်ဖွဲ့ကို ရောက်လာခဲ့သည်။ သည်လိုနှင့်သူ အနှစ်နှစ်အလလ အိပ်မက်တွေ ရာနှင့်ချီမက်ရအောင်ထိ စွဲလမ်းတောင့်တခဲ့သော တပ်ထိန်းရဲဘော်တစ်ယောက် ဖြစ်ခဲ့ရတော့သည်။

စိမ်းစိမ်းရင့်ရင့်စစ်အင်္ကျီ၊ စစ်ဘောင်းဘီတွင် ခါးပတ်အဖြူ၊ စလွယ်သိုင်းကြိုးနှင့် သေနတ်အဖြူ၊ ပခုံးတွင် ခရာကြိုးအဖြူ၊ ဗိုင်ဘာခမောက်တွင် အနီရောင် အရစ်ရှိပြီး ရှေ့ဘက်တည့်တည့်တွင် တပ်ထိန်းဆိုသော စာတန်း ရေးထားသည်။ ဗိုင်ဘာခမောက်ကို ဆောင်းသည်။ လက်အိတ်အဖြူကို ဘယ်ညာလက်တွင် စွပ်လိုက်ပြီးမှ မင်းနောင်က အိမ်ပေါ်မှ ဆင်းလိုက်ပါသည်။ အောက်ကိုရောက်လျှင် သူ့ကိုယ်သူ ရှေ့ကို ငုံ့ကြည့်လိုက်၊ နောက်ကျောဘက် ပြန်ကြည့်လိုက်နှင့်၊ အကြိမ်ကြိမ် အပြန်အလှန်ကြည့်၍ ကျေနပ်လေမှ အိမ်ခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

မင်းနောင် ထိုကဲ့သို့ပြုလုပ်နေပုံကို စိုးစိုးညွန့်က အငယ်မကို နို့တိုက်နေရာမှ ကြည့်နေသည်။ အတန်ကြာအောင် ကြည့်နေသော်လည်း ဘာကြောင့် လုပ်နေကြောင်းမသိ၊ ကြည့်နေရာမှ မျက်စိနောက်လာပုံဖြစ်၍ လှမ်းမေးလိုက်တော့သည်။

"ကိုမင်းနောင် - ရှင်ဘာလုပ်နေတာလဲ၊ ရှင့်ကိုယ်ရှင် ဘာများထင်နေလို့လဲ"

"ဟေ - ငါ့ကိုယ်ငါ ဘာထင်သလဲ ဟုတ်လား"

"ဟုတ်တယ် - ဟုတ်တယ်"

"ငါ့ကိုယ်ငါ ဘယ်လိုထင်သလဲဆိုတာထက် ငါ့မိန်းမကရော ငါ့ကို ဘယ်လိုထင်နေသလဲဆိုတာ အရင်ပြောပြပါဦး"

မင်းနောင်က ခြေနှစ်ဖက်ကိုကား လက်နှစ်ဖက်ကလည်း ခါးထောက်ရင်း ခပ်ပြုံးပြုံးလုပ်ကာ မေးလိုက်သည်။

"ကျွန်မက ရှင့်ကိုဘယ်လိုထင်ရမှာလဲ၊ ရှင်က ကျွန်မရဲ့ယောကျ်ားပေါ့၊ ဘာထင်ရဦးမှာလဲ"

"ဟာ - အဲဒါကို ပြောတာမဟုတ်ဘူး - စိုးစိုးရဲ့"

"အဲဒါမဟုတ်ရင် ဘာကိုပြောတာလဲ"

"ငါ့မိန်းမကတော့ တကယ်ကိုဒုံးဝေးတာကိုး"

မင်းနောင်က စိတ်ပျက်သွားဟန်နှင့် ညည်းညည်းညူညူ ပြောလိုက်ရာ စိုးစိုးညွန့်က မျက်စောင်းထိုးကာ ပြောတော့သည်။

"ကျွန်မကတော့ ဒုံးဝေးတယ်ထားပါတော့၊ ရှင်က ကိုဒုံးနီးကြီးဆိုရင် ပြောပြပါဦး"

"ဒီလိုလေကွာ - မင်းယောကျ်ားဆိုတာတော့ ဟုတ်ပါတယ်၊ အခုလို စမတ်ကျကျစတိုင်လ် အပြည့်ဝတ်ထားလိုက်တဲ့အခါ ရုပ်ရှင်မင်းသား ဇော်လွင်တို့၊ ကျော်ဆွေတို့လို တူသွားပြီး ပိုချောလာသလားလို့ပေါ့ - ဟဲဟဲ"

"အော် - ရုပ်ရှင်မင်းသားတွေနဲ့ တူမတူကို မေးတာကိုး"

"အေး - ဟုတ်တယ် - ဟုတ်တယ်၊ ကဲ - ပြောပါဦးကွ၊ ငါက ဘယ်သူနဲ့ ပိုတူသွားသလဲ"

မင်းနောင်က ဖနီးသည်စိုးစိုးညွန့်ကို မေးလိုက်ပြီး စိတ်အားထက်သန်စွာနှင့် စောင့်မျှော်ကြည့်နေသည်။ စိုးစိုးညွန့်က ပုခက်ထဲတွင် အိပ်ပျော်သွားသော အငယ်လေးကို ပွေ့ချီကာ ပုခက်ထဲတွင် ထည့်သိပ်လိုက်သည်။ ပြီးလေမှ - မင်းနောင်ကို စေ့စေ့စပ်စပ်ကြည့်သည်။ မျက်မှောင်ကုတ်ကာ စဉ်းစားသလိုဟန်မျိုး၊

"ကဲ - ကဲ - ပြောပါဦး၊ ဘယ်သူနဲ့တူသလဲ ဟင်"

မင်းနောင်က မျှော်လင့်တကြီးမေးသည်၊ စိုးစိုးညွန့်က အတန်ကြာစဉ်းစားပြီးမှ ဖြေလေသည်။

"အင်း - ရုပ်ရှင်မင်းသားဆိုတာက ဘယ်သူတိုင်းသိချင်မှသိတာ၊ ရုပ်ရှင်ဝါသနာပါသူဆို ဘယ်သိမလဲ"

"အေး - ဟုတ်တယ်၊ ဒါဆို - ငါက ဘယ်သူနဲ့တူသလဲ"

"အရုပ်ထဲမှာ လူတိုင်း ကလေးတာအစ သိကြတာဆိုရင် - အင်း - ဟို"

"ပြောစမ်း - ပြောစမ်း - ဘယ်သူလဲ"

"ကလေးတွေကအစ သိကြတဲ့လူဆိုရင် ရှင်ဟာ ဘိုးဘိုးအောင်လိုလို၊ ဘိုးသူတော်လိုလိုဖြစ်နေပြီ"

"တောက် - တော်ပြီ - တော်ပြီ၊ ငါ့မိန်းမကတော့ကွာ - ဟင်း - ဂျူတီဝင်နေတာပဲကောင်းတယ်"

စိုးစိုးညွန့်အဖြေစကားကို ကြားလိုက်ရသော မင်းနောင်မှာ မျက်နှာကြီးရှုံ့မဲ့ကာ မကျေမနပ်ပုံစံနှင့် တပ်ဖွဲ့ရုံးဆီသို့ ဘောက်ဆတ် ဘောက်ဆတ်နှင့် ဆင်းသွားပါလေသည်။

သူတို့လင်မယားနှစ်ယောက် အပြန်အလှန်ပြောဆိုနေကြသံများကို ကြားခဲ့ရသည့် အခန်းချင်းနေကြသူများမှာ အားရပါးရပင် ရယ်မောနေကြပါလေသည်။ သည်တော့မှ - မင်းနောင်၏ တပ်ထိန်းဝါသနာကြီးမားလွန်းသည်ကို တွေးမိရင်း စိုးစိုးညွန့်ကိုယ်တိုင်လည်း တစ်ယောက်တည်း အားရပါးရ ရယ်မောနေမိပါလေသည်။

မင်းနောင်မှာ တပ်ထိန်းတစ်ယောက် အဖြစ်တစ်နှစ်ကျော်တာဝန်ထမ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီးဖြစ်၍သူထမ်းဆောင်ရသောတာဝန်တွေမှာ မသေးငယ်လှကြောင်း တွေးမိသည်။ တာဝန်တွေက ကြီးမားများပြားသလို လူမှာလည်း အတော်ကို ပင်ပန်းလှပါသည်။ တပ်မတော်တပ်ထိန်းအဖွဲ့ဆိုသည်က တပ်မတော်၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များအားလုံးကိုထိန်းသိမ်းစောင့်ရှောက်ကူညီရန်ဖွဲ့စည်းထားသောတပ်ဖွဲ့ကြီးတစ်ခုပင်ဖြစ်ပါသည်။

သည်နယ်ထိန်းသိမ်းနိုင်ရန်အတွက် တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်များကို ရွေးချယ်ခေါ်ယူပြီး သင်တန်းကျောင်းတွင် သင်ကြားလေ့ကျင့် ပေးခဲ့ပြီးသောအခါမှ တာဝန်ပေးခဲ့ခြင်းဖြစ်ပါသည်။ သည်လိုတပ်ထိန်းတပ်ဖွဲ့မျိုးက ကမ္ဘာနိုင်ငံအသီးသီးရှိတပ်မတော်တိုင်းတွင်ဖွဲ့ထားသည်ချည်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် B.C.M.P (BURMA COMMAND MILITARY POLICE) ဟူ၍ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြင်ပအရပ်လောကတွင် ပြည်သူများကိုကာကွယ်စောင့်ရှောက်ပြီး လူဆိုးလူမိုက်ဥပဒေကျူးလွန်သူများကို ဖမ်းဆီးနိုင်ရန် ပုလိပ်အဖွဲ့ရှိသကဲ့သို့ပင် တပ်မတော်သားတွေကိုထိန်းသိမ်းကြပ်မတ်နေသောအဖွဲ့ ဖြစ်၍လည်းကောင်း၊ (B.C.M.P)ဆိုသော စကားလုံးအဓိပ္ပာယ်အရလည်းကောင်း တပ်ထိန်းများကို "စစ်ပုလိပ်" အဖွဲ့ဟု အရပ်သားတွေက အမှတ်အသားပြု ခေါ်ခဲ့ကြသည်မှာ လွတ်လပ်ရေးရပြီး မြန်မာ့တပ်မတော်အဖြစ် စတင်သည်မှဖြစ်ပါသည်။

ရေးသားထားသောအင်္ဂလိပ်စာသားအရ အဓိပ္ပာယ်ပြန်ရသော် စစ်ပုလိပ်ဆိုသောအခေါ်မှာ မှားသည်ဟု မဆိုနိုင်ပါချေ။ မည်သည့်အဖွဲ့အစည်းဖြစ်ဖြစ်၊ လူများစွာနှင့် ပါဝင်ဖွဲ့စည်းရသောကြောင့် လူအမျိုးမျိုး၊ စိတ်သဘောထားအမျိုးမျိုးရှိကြသည်သာဖြစ်သည်။ သည်သဘောအတိုင်းအဖွဲ့စည်းအတွင်းပြဿနာတွေ မဖြစ်ရန် ကြိုတင်စီမံထားရသည်။ ထိန်းကွပ်ဖြေရှင်းရန်အဖွဲ့လည်း ထားရှိရပေသည်။ သို့မှသာ အဖွဲ့အစည်းမှာ တာရှည်နိုင်မြဲနိုင်မည်ဖြစ်သည်။

မင်းနောင်တို့ တပ်ထိန်းတပ်ဖွဲ့တွင် ရေတပ်နှင့် လေတပ်မှ ရဲဘော်တွေကိုပါ ပူးတွဲတာဝန်ပေးထားခဲ့သည်။ နေ့စဉ် ကြည်း၊ ရေ၊ လေ တပ်ထိန်းတပ်ဖွဲ့ဝင်သုံးဦးပါဝင်သောအဖွဲ့(၃)ဖွဲ့ကိုတာဝန်ယူစောင့်ကြပ်စေခဲ့ပါသည်။ အဖွဲ့(၁)တွင် ကြည်းတပ်မှ တပ်ကြပ်ကြီး (သို့မဟုတ်) တပ်ကြပ်က ခေါင်းဆောင်၊ (၂)အဖွဲ့တွင် ရေတပ်မှ ခေါင်းဆောင် (၃)အဖွဲ့တွင်



မူးနေသောရဲဘော်၏ ခုခံတိုက်ခိုက်မှုကိုမင်းနောင် ကြုံခဲ့ဖူးသည်။ ရဲဘော်က ဘာမှကို မမှတ်မိ၊ မသိတော့။ မည်းမည်းမြင်ရာကိုရန်သူအထင်နှင့် အားမာန်အပြည့်ဆော်ပလော်တီးလေတော့ရာ မင်းနောင် မျက်နှာတွင် အလူးတွေ၊ သဖန်းသီးတွေ ပေါ်လာခဲ့သည်။

လေတပ်မှ ခေါင်းဆောင်အဖြစ် တာဝန်ယူရပြီး ဂျစ်ကားတစ်စင်းစီနှင့် လှည့်လည်သွားလာစောင့်ကြပ်ကြရပါသည်။ သည်အဖွဲ့ကို နေ့စဉ်တာဝန်ချထား၍ (MOBILE DUTY)ခေါ်ရာမှ မင်းနောင်တို့က မှူပိုင်ဟူ၍ သတ်မှတ်ခေါ်ခဲ့ကြလေသည်။

မြို့တွင်းမြို့ပြင် လှည့်ပတ်သွားနေကြရသည်။ တစ်ဖွဲ့လျှင် (၈)နာရီ တစ်ဂျူတီဖြစ်သည်။ အဓိကတာဝန်မှာ စစ်သည်များကို ထိန်းသိမ်းခြင်းဖြစ်သည်။ စစ်သည်များ အပြင်ထွက်သည့်အခါ မူးယစ်သောက်စားပြီး ရန်ဖြစ်ကြသည်မျိုး





www.burmeseclassic.com

www.burmeseclassic.com

စစ်ယာဉ်နှင့် အရပ်ဘက်ယာဉ်တိုက်မိခြင်း စသည်တို့ကို သတင်းရသည်နှင့် ချက်ချင်းလျင်မြန်စွာ သွားရောက်ကြရသည်။ မှုခင်းဖြစ်ပွားရာ နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရသည်။ လိုအပ်သလို အရေးယူပြီး အစအဆုံးတိုင် ဆောင်ရွက်ကြရသည်။

နေရာတိုင်း၊ ဌာနတိုင်း၊ အဖွဲ့အစည်းများတွင် စုန်းပြူးခေါ်ရမည့်သူ၊ စည်းကမ်းဖောက်သူ၊ သတ်မှတ်ထားသော ဌာနစည်းကမ်း၊ အဖွဲ့စည်းကမ်းကို မလိုက်နာ ချိုးဖောက်တတ်သူဆိုသည်က ရှိကြစမြဲပင်။ စစ်တပ်ကဲ့သို့ လူမျိုးပေါင်းစုံ နေရာဒေသအစုံစုံမှ ရောက်ရှိနေကြသည့်အဖွဲ့မျိုးဆိုပါက ပြောစရာမရှိပါ၊ အကျင့်ဇာဂ မလေ့ စရိုက် မျိုးစုံသည်။

သည်လို မတစ်ထောင်သားတွေ ရှိကြသည်ကို တင်းကြပ်နိုင်မာသော စည်းကမ်းဥပဒေနှင့်အမြဲတစေထိန်းကွပ်ကြည့်နေရသည်။ အနည်းငယ်မျှ လျော့ပေး၍မရပါ၊ တပ်မတော်ဆိုသည်မှာ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ပေးခြင်းဖြစ်သည်။ သည်တော့ အရပ်သားများဖြစ်ကြသည့်ပြည်သူပြည်သားနိုင်ငံသားများနှင့်ပြဿနာဖြစ်သည်ဆိုလျှင် ကျောသားရင်သား မခွဲခြားဘက်မလိုက်၊ တရားမျှတစွာ စုံစမ်းစစ်ဆေးပြီးအရေးယူဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဖြစ်ပျက်မှုအမှန် ပေါ်ပေါက်လာပါက အမှု၏ အကြီး၊ အသေး၊ ထိခိုက်နစ်နာမှုတို့အရ စစ်ဥပဒေအရလည်းကောင်း၊ အရပ်ဘက်တရားဥပဒေနှင့်ငြိစွန်းလျှင် အရပ်ဘက်တရားဥပဒေအရ အရေးယူအပြစ်ပေးရန် ပြုလုပ်ရမည်လည်းဖြစ်ပါသည်။ ထိုသို့တိကျမှန်ကန်စွာ အရေးယူဆောင်ရွက်ပေးမှသာ ပြည်သူပြည်သားများ၏ ချစ်ခင်လေးစားအားကိုးမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ထိုသို့ရဲဘော်ဆိုးတွေကိုထိန်းသိမ်းရသည်ကလည်းလွယ်ကူလှသောကိစ္စတစ်ခုတော့မဟုတ်ပါ။ တစ်ခါက အရက်မူးနေသူ ရဲဘော်တစ်ယောက်ကို ထိန်းသိမ်းခေါ်ဆောင်မှုတစ်ခုတွင်မူးနေသောရဲဘော်၏ ခုခံတိုက်ခိုက်မှု ကိုမင်းနောင်ကြုံခဲ့ဖူးသည်။ ရဲဘော်က ဘာမှကိုမမှတ်မိ၊ မသိတော့။ မည်းမည်းမြင်ရာကိုရန်သူအထင်နှင့်အားမာန်အပြည့်ဆော်ပလော်တီးလေတော့ရာ မင်းနောင်မျက်နှာတွင် အာလူးတွေ၊ သဖန်းသီးတွေ ပေါ်လာခဲ့သည်။ အညိုအမည်းစွဲလာ၍အမှတ်(၂) စစ်ဆေးရုံသို့လေးရက်မျှပြသကုသပေးခဲ့ရသည်ကို တစ်ခါတစ်ခါ သတိရနေမိသည်။

သည်လိုရဲဘော်မျိုးတွေကို တစ်ခါတော့တ်၊ သုံးကြိမ်လေးခါမျှ တွေ့ကြုံခဲ့ဖူးသည်။ သူတစ်ပြန်၊ ကိုယ်တစ်ပြန် ရွှေဘုံ တင်ညွန့်တို့ ရုပ်ရှင်ထဲ ထိုးကြိတ်သံ ...မဟုတ်၊ တကယ်ကို သူနိုင်ကိုယ်နိုင် အကြိတ်တွယ်ပြီးမှ ဖမ်းဆီးခဲ့ရသည်။ နစ်...တ်လုံး ဘယ်သူမှမသက်သာ၊ တံခွန် ...တ်ဗိုလ်လုပွဲတွေကို မင်းနောင် ဆင်နွှဲ ...ရပေါင်းများ၍ မမှတ်မိတော့။

ရှိပါသေးသည်၊ ထိုကဲ့သို့ရဲဘော်ဆိုး...ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်ထက်ပိုပြီး ...တ်ညစ်ရသည်မျိုး ပိုပြီးကြောက်စရာ ...ကောင်းသည့် ပွဲတစ်ပွဲလည်း ရှိပါသေးသည်။

သည်ပွဲကတော့ ဘောလုံးဝါသနာ ကြီးမားလွန်းသော မြန်မာဘောလုံးပွဲ ကြည့်သူများနှင့် ဆုံရကြုံရသော နိုင်ငံခြားဘောလုံးအသင်းနှင့် မြန်မာဘောလုံးအသင်းတို့ကစားကြသည့်ဘောလုံးပွဲပင်ဖြစ်ပါသည်။ ချစ်ကြည်ရေးတို့ မိတ်ဆက်ပွဲတို့က ကွင်းထဲမှ ကစားသူတွေအတွက်ဖြစ်ပေမည်၊ ကစားပွဲကြည့်ရှုသူတွေအတွက်ကတော့ ဘာမှစိတ်ထဲမမှတ်ထားပါ၊ ဘောလုံးပွဲအဖြစ်သာ အာရုံစိုက်ထားသည်၊ ကွင်းပြည့်လျှံထွက်သည်ထိ ...ာရောက်အားပေးကြသည်။

ဘောလုံးပွဲဆိုက မြန်မာပြည်သားတွေကမန္တလေးမှရန်ကုန်အထိပင်ဆင်းလာ၍ ငွေကုန်ခံကြည့်တတ်ကြသည်၊ အားရပါးရအားပေးတတ်ကြပါသည်၊ တကယ်ကိုပွဲကြီးများဖြစ်လျှင် ရဲတွေနှင့် ထိန်းသိမ်းမရအောင်လည်းဖြစ်တတ်ကြသည့်အတွက် မင်းနောင်တို့ တပ်ထိန်းအဖွဲ့သားတွေ အင်အားအပြည့် သွားရောက်ထိန်းသိမ်းပေးခဲ့ရတတ်ပါသည်။

သာမန်ပြည်တွင်းဌာနဘောလုံးအသင်း၊ မြို့နယ်တိုင်း၊ ပြည်နယ်အသင်းများလည်းအားပေးလွန်းသွားသောအခါ ပွဲကြမ်းတတ်သည်လည်း ရှိပါသည်။ ကွင်းထဲတွင် ကစားနေသူများကိုကြည့်ရင်း စိတ်ဓာတ်တွေ တက်ကြွကာ အရှိန်တွေ လွန်ကြ၊ ထိန်းမရဖြစ်သည်၊ အားမလို အားမရနှင့် အဆိုအဆဲလေးတွေ ပါလာကြတော့သည်၊ သူ့လူကိုယ့်လူ သူ့ဘက်ကိုယ့်ဘက် အားပေးကြရာက ကိုယ့်ဘက်က ရှုံးလာပြီဆိုလျှင် အားပေးမှုပုံစံက ပြောင်းလဲသွားတော့သည်။

ကိုယ့်လူကိုအားပေးခြင်းထက် ရန်တိုက်ပေးသလို သွေးထိုးမြှောက်ပင့်ပေးသလိုဖြစ်ကုန်ကြတော့သည်။ "ဘာလုပ်နေတာလဲ - ချပါလားကွ" "ဟိုကောင် ကြောက်ရင် ကွင်းထဲက ထွက်" "ပိုက်လေကွာ - လိုက်ပါဟ၊ ဘိန်းစားကျနေ





www.burmeseclassic.com

www.burmeseclassic.com

တာပဲ” “နင်းချလိုက် - နင်းချပစ်လိုက်လေ” သည်လိုတွေ လုပ်ပေးတတ်ကြသည်၊

ဒိုင်လူကြီးလုပ်သူကိုလည်း ရှင်းသာမပေးပါ။ အမျိုးမျိုးလှောင်ပြောင်ကြသည်၊ တစ်ခါတလေ ဒိုင်လူကြီးက တကယ်မမြင်မိသည်လား၊ မမြင်ယောင်ဆောင်သည်လားမသိ၊ ပရိသတ်က ဆုပေးကြသည်၊ ပြောင်းဖူးရိုးတွေ၊ ဖရဲသီးခွံတွေနှင့်ပစ်ပေါက်ကြခြင်းပင်၊ “ဒိုင်လူကြီးဘာလုပ်နေတာလဲ၊ လူကျွံနေတာမမြင်ဘူးလား” “ဒိုင်လူကြီး - ခေါက်ဆွဲစားထားလို့မမြင်တာလား” ဟုတ်သည်လား၊ မဟုတ်သည်လားမသိ၊ စိတ်ထဲထင်တိုင်း အော်နေကြသည်၊

ရဲအဖွဲ့ဝင်တွေ ထိန်းလည်းမရတော့၊ မင်းနောင်တို့ရဲဘော်တွေက ဝင်ရောက်တန့်တားရသည်၊ အဲ - ခဏတော့ ရပါရဲ့၊ တော်ကြာ - ပြန်လည်အော်ဟစ် ဆူပူကြပြန်သည်၊ မင်းနောင်တို့က ဟိုပြေးလိုက်၊ သည်ပြေးအော်ဟစ် တားဆီးလိုက်ကာ ထိန်းသိမ်းသော်လည်း မရပါ၊ မင်းနောင်တို့က တားမြစ်ပြောဆိုသည်မှလွဲ၍ ဘာမှမလုပ်မှန်းသိတော့ ပိုမိုအတင့်ရဲလာကြသည်၊

တစ်ယောက်ယောက်က နောက်သလို၊ ပြောင်သလို ဖရဲသီးခွံနှင့်စပြီး ပေါက်သည်၊ ပြောင်းဖူးရိုးနှင့် ပစ်သည်၊ မင်းနောင်တို့ကို ဘောလုံးပွဲ ထိန်းသိမ်းရန် တာဝန်ပေးစဉ် တာဝန်အတိုင်း ထိန်းသိမ်းပေးရန်သာဖြစ်သည်၊ ပြည်သူတွေနှင့် အပြိုင်ရန်ဖြစ်ဖို့မဟုတ်ကြောင်း၊ တုံ့ပြန်ရန်မဆိုနှင့် ပြန်လည်ဆဲဆိုခြင်းပင် မပြုလုပ်ရ၊ ပြဿနာဖြစ်ခဲ့လျှင် စုံစမ်းစစ်ဆေးပြီး ပြင်းထန်စွာ အရေးယူမည်ဟု၍ ပြောကြားခဲ့သည်၊ ထို့ကြောင့် မင်းနောင်တို့မှာ ဟိုရှေ့သည်လှည့်နှင့်သာ ရှောင်တိမ်းခဲ့ကြရသည်၊

သို့သော်လည်း ပေါ့လေ၊

ဘောလုံးပွဲကြည့်သူတွေက သူတို့လူတွေရှုံးသည့်အတွက် ပြဿနာရှာချင်နေသူတွေဆိုတော့ ဦးထုပ်ဖြူ၊ ခါးပတ်ဖြူ၊ စလွယ်သိုင်းကြိုးနှင့် သေနတ်အိတ်ဖြူ တို့ ဆင်ယင်ထားသော မင်းနောင်တို့ကို အမြင်ကတ်သည်လား၊ စိုးစိုးညွှန့်ပြောသလို ဘိုးဘိုးအောင်လိုလို၊ ဘိုးသူတော်လိုလိုဆိုတော့ကာ ပိုင်းဝန်းအားပေးလှု ဒါန်းလိုက်ကြသည်က ပုလင်းခွံတွေ၊ ခဲလုံးတွေနှင့် ဖြစ်ပေသည်၊

မင်းနောင်တို့မှာ အရှောင်အတိမ်း ဂျက်စီကိုမ်းဆိုသလို အခုန်အပျံလေးတွေ၊ လေးကွက်သိုင်း၊ ရှစ်ကွက်သိုင်း၊ လေပွေသိုင်းတွေ ထုတ်သုံးကာ အားကုန်ပြေးရပါလေသည်၊ နောက်ကျသောခြေ ထောက်ပိုင်ရှင်မှာ ခဲတွေ၊ ပုလင်းခွံတွေနှင့်မိတ်ဆက်ခြင်းခံရတော့သည်၊ ခေါင်းမှာတော့ ဖိုင်ဘာဦးထုပ်ဆောင်း ထား၍ ဘာမှမဖြစ်၊ ရင်ဘတ်တို့ ကျောတို့ကတော့ပစ်မလွှဲနေရာတွေမို့တဘုတ်ဘုတ် နှင့်ပစ်တိုင်းထိကုန်ပါသည်၊ အထိခံရဆုံးက မင်းနောင်တို့ ဝါနုသောတပ်ထိန်း ရဲဘော်ပေါက်စလေးတွေပါ၊

တပ်ထိန်းဝါရင့်လူဟောင်းကြီးတွေကဘောလုံးပွဲအကြောင်းနှောကျောနေကြသူတွေဆိုတော့ ဘောလုံးပွဲတာဝန်ပေးသည်နှင့် မသိမသာ နောက်ချန်နေနေသူတတ်လေ့ရှိသည်မို့ သူတို့တွေက ဘာလည်း နည်းနည်းပါးပါးအစာကြေရင် ရှောင်ရှုံသာဖြစ်ပါသည်၊ မင်းနောင်တို့ ကို မနူးမနပ်တချို့မှာ (LINE SICK) ဆေးခန်းလိုက်ပြသကုသခဲ့ကြရပေသည်၊

အခြေအနေမဟန်လျှင် စီးတော်ယာဉ် ဂျစ်ကားပေါ်တက်မောင်းပြေးကြရသည်၊ သည်လိုအောင်မြင်စွာ ဆုတ်ခွာခြင်းပြုနိုင်ရန် ယာဉ်မောင်းနှင့် စီးတော်ဂျစ်ယာဉ်တစ်စုရပျက်ကွက်ခဲ့လျှင်တော့ကားကိုသံယောဇဉ်ဖြတ်စွန့်ပစ်ပြီး ညီတော်နောင်တော် ခြေနစ်ချောင်းကို အားကိုးပြီးပြေးပါလေ၊ မျက်နှာငယ်နှင့် အဖော်မဲ့ကျန်ခဲ့သော ဂျစ်ကားအဖို့ကတော့ ဘောလုံးပွဲကြည့်ပရိသတ်၏တစ်ယောက်တစ်ချက်ပိုင်းဝန်းလက်ရည်စမ်း ချက်နှင့် နောက်တစ်နေ့ ကရိန်းကားနှင့် ဆွဲယူပြီး အင်းစိန်ရှာမရှိသံရည်ကျိုပို့ရန် ဘဝ ရောက်တော့မည်က သေချာပါသည်၊ ထိုအဖြစ်မျိုး ရန်ကုန်မြို့ အောင်ဆန်းဘောလုံးကွင်းတွင် ဖြစ်ခဲ့ဖူးပါသည်၊

ကိုယ်ကာကွယ် စောင့်ရှောက်ပေးရမည့်ကိုယ့်နိုင်ငံသားတွေ မဟုတ်လား၊ ဘာတတ်နိုင်ပါမည်နည်း၊ သူတို့လက်မှ လွတ်အောင်ပြေးရန်တာဝန်သာ အဓိကဖြစ်တော့သည်၊ (ထိုအချိန်က မင်းနောင်တို့ရဲဘော်တွေ၏ခံယူချက်စိတ်ဓာတ်ကို ဖော်ပြခြင်းပါ၊)

တပ်ထိန်းရဲဘော်တွေ တာဝန်ဝတ္တရားနှင့် လုပ်ရှားရမှုတွေကို ရေးပြရလျှင်တရှတ်သိုင်းဝတ္ထုလိုအတွဲလိုက်ပင် ရေးထုတ်ပြဖို့ လိုပါလိမ့်မည်၊

နိုင်ငံခြားမှ သမ္မတတွေ၊ ဘုရင်တွေ၊ ဝန်ကြီးချုပ်တွေနှင့် အထူးသံတမန်ဧည့်သည်တော် မြန်မာနိုင်ငံသို့ လာရောက်သည့်အခါ လေဆိပ်ကို သွားရောက်ကြိုဆိုရသည်၊ ပြန်လည်လိုက်ပို့ရသည်၊ ဧည့်ခံပွဲတွေလိုက်ပြီးစောင့်ကြပ်ရသည်၊ နေ့ခင်းဧည့်ခံပွဲဆိုက တော်သေးသည်၊ ညပိုင်းဧည့်ခံပွဲတွေဆိုပါက အင်မတန်စိတ်ဆင်းရဲကြရသည်၊ သူဌေးကမွှေးကြိုင်

www.burmeseclassic.com

သင်းပျံ့သည့် အစားအစာကောင်းတွေ စားကြ၊ ယမကာသင်းသင်းလေးတွေ သောက်လိုက်နှင့် မင်းနောင်တို့က အနံ့ပေါင်းစုံကို ရှူရှိုက်ခံရလေ ဗိုက်က ဆာလေလေ၊ သူတို့ကို အဘယ်စားပွဲထိုးကမှပင် ဂရုမစိုက်၊ သောက်ရေပင် မတိုက်ပါ၊ ပြီးဆုံးသည့်အချိန်က ည(၁၁)နာရီ၊ (၁၂)နာရီ ရှိလေပြီ၊

လိုင်းခန်းရောက်တော့ မိန်းမနှင့် တလေးတွေက အိပ်နေလေပြီ၊ ထမင်းစားပွဲမှာ ငါးပိချက်နှင့် ပဲဟင်းသာ၊ ပဲဟင်းက အချိန်လွန်နေပြီမို့ ချဉ်စော်သိုးစော်နံနေသည်၊ ဘာမှမတတ်နိုင်တော့၊ ရေကိုသာ နှစ်ခွက်ဆင့်သောက်ပြီး အိပ်လိုက်ရတော့သည်၊ အိပ်ရာထဲ လှဲမိလေမှ တိုးသဲ့သဲ့ ကိုယ့်ကိုယ်ကိုလည်း ပြောလိုက်မိသည်၊

"လုပ်ချင်ဦးဟ - တပ်ထိန်း" ဟူ၍၊

★ ★ ★

အမေနှင့်ရွာကိုလွမ်းသည်ဆိုသလိုပင်၊

လူအင်အားနှင့်မမျှ တာဝန်တွေက များလှသည်၊

နိုးရာမဟာသင်္ကြန်ပွဲ၊ လွတ်လပ်ရေးပွဲ၊ ပြည်ထောင်စုပွဲ၊ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ ပွဲတော်တွေတိုင်း တာဝန်တညစဉ်နေ့စဉ်ဆိုတော့ ခြေမသယ်ချင်၊ လက်မသယ်ချင်ဖြစ်လာသည်၊ ထို့ကြောင့် အမေနှင့်ရွာကို လွမ်းသလိုမျိုး၊ လွမ်းသလေမောင်ကြီး ဆိုလိုက်ချင်သည်၊ မိခင်တပ်ရင်း ခြေလျင်တိုက်ခိုက်ရေး တပ်ရင်းကိုသာ ပြန်ချင် နေမိသည်၊

သို့သော်လည်းပေါ့၊ စစ်တပ်မဟုတ်လား၊ မိမိကိုယ်မိမိ မပိုင်သလို၊ စိတ်ကိုလည်း အစိုးမရပါ၊ အမိန့်နှင့် တာဝန်ကိုနာခံဆောင်ရွက်ရုံမှအပ ဘာမှမလုပ်နိုင်၊ မပြောနိုင်ပါ၊

မိမိတို့တပ်ထိန်းရဲဘော်များမှာ မိမိနိုင်ငံ၊ မိမိနိုင်ငံသားတို့ကို တခြားတပ်ရင်း တပ်ဖွဲ့များမှရဲဘော်တွေလိုပင် ကာကွယ်စောင့်ရှောက်ပေးနေကြရသူများပင်ဖြစ်ပါသည်၊ သည်အချက်ကိုတွေးပြီး လူပင်ပန်း၊ စိတ်ပင်ပန်းသမျှတို့ကို ဖြေသိမ့်နေရသည်၊

"ကိုမင်းနောင်"

စိုးစိုးညွန့်က နှိုးသည်၊ မင်းနောင် မနိုးပါ၊

"ကိုမင်းနောင် - ကိုမင်းနောင်"

စိုးစိုးညွန့်က နောက်တစ်ကြိမ်ပါးစပ်ကလည်း အော်၊ လက်ကပါ မင်းနောင် ပခုံးကို ကိုင်၍နှိုးသည်၊ ထိုအခါမှ နိုးလာသည်၊

"ဘာလဲဟ - ဘာဖြစ်လို့လဲ စိုးစိုး"

"ဘာမှမဖြစ်ဘူး - ရှင် ဒီနေ့အားတယ်မဟုတ်လား"

"အေး - အခုနေတော့အားနေတာ [illegible]၊ တော်ကြာ - ဘာကိစ္စတွေ ပေါ် [illegible]လဲမသိဘူး"

"ရှင့်ဟာက မသေမချာကြီးနဲ့"

"နင့်မှာ ဘာကိစ္စရှိလို့လဲ - ပြောပါ [illegible]"

"ကျွန်မတို့သားအမိ ရုပ်ရှင်ကြည့် [illegible]လို့"

"ဟာ - ရုပ်ရှင်ကြည့်ချင်လည်းသွား [illegible]၊ တပ်မတော်ကပွဲရုံကို ဖယ်ရီပို့ပေး [illegible]နေတာ - လိုက်သွားပေါ့ဟ"

မင်းနောင်က ခပ်ပေါ့ပေါ့ပြောလိုက် [illegible]ည်၊ သူ့စကားကြောင့် စိုးစိုးညွန့် မျက် [illegible]သွားသည်၊

"ကပွဲရုံမှာမဟုတ်ဘူး၊ မြေနီကုန်း [illegible]ကြည့်မှာမို့လို့ ရှင့်ကို လိုက်ပို့နိုင်းမလို့"

"နင်တို့သားအမိသွားလည်း ရတာ [illegible]တော့တာလား၊ ဒီမှာက ဘာကိစ္စပေါ်လာ [illegible]လဲမသိဘူး၊ တော်ကြာ - ဂျူတီဝင်ဖို့ [illegible] ဘယ်လိုလုပ်မလဲ"

မင်းနောင်ကအရေးပေါ်တာဝန်တွေ [illegible]ကြာခဏ ပေါ်လာတတ်သည်ကို ကြုံ [illegible]တွေ့နေကျမို့ ပြောလိုက်ခြင်းဖြစ်သည်၊

"ရှင့်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ သူ [illegible]လင်မယားတွေကတော့ သွားနိုင်ကြ [illegible] မတွေ့ဘူးလား၊ ရှင်က (၂၄)နာရီ [illegible]ဝန်ရှိတဲ့အရာရှိကြီးဖြစ်နေလို့ လား"

"အေးပေါ့ - ဟုတ်တယ် - ဟုတ်တယ်"

မင်းနောင်မှာ အိပ်ရေးမဝ၊ နားပူလွန်းသောကြောင့် တအားပင် အော်လိုက်ပြီး အိပ်ရာထဲမှ ထလာခဲ့မိသည်၊ မျက်နှာသစ် ရေချိုးကာ အဝတ်အစားဝတ်လိုက်သည်၊ အပေါက်ဝမှခေါ်သံ —

"ဖော့ - ပဲရှုဆား - အဲ - ပဂိုးသား"

လှည့်ကြည့်လိုက်တော့ ရုံးအုပ်ကြီးကို တွေ့ရသည်၊

"ဟာ - ဆရာကြီး - ဘာကိစ္စလဲဗျ"

"မင်း V.I.P ယာဉ်တန်းလိုက်ရမယ်"

"ဟင် - ကျွန်တော် ညက သမ္မတအိမ်တော်ညစာခံပွဲဂျူတီက သန်းခေါင်မှ ပြန်ရတာ၊ ဒီနေ့ဂျူတီအော့ဖ်မဟုတ်ဘူးလား"

မင်းနောင်က သူ့နားရက်ဖြစ်ကြောင်း ပြန်ပြောလိုက်သည်၊ ရုံးအုပ်ကြီးက မချိသွားဖြဲပုံစံနှင့် ပြုံးပြရင်း ပြောလာသည်၊

"အေး - သိပါတယ်ကွာ၊ ဒါပေမဲ့ ငါ့မှာ လူမရှိလို့ပါ"

"ဟို - အရန်အဖွဲ့ကကောင်တွေ ရှိသားပဲမဟုတ်လား"

"အေး - အရန်အဖွဲ့ကကောင်နှစ်ကောင် မနေ့ညနေက ဘောလုံးပွဲမှာ ခြေမှန်လို့ သုံးကောင်လုံး ဆေးရုံ လိုက်သွားပြီ"





www.burmeseclassic.com

www.burmeseclassic.com

"ဟင် - ခဲမှန်တာနှစ်ကောင်၊ ဆေးခန်းလိုက်တာသုံးကောင် - ဆရာကြီးကလည်း ပေါက်ကရတွေ"

"အော် - မင်းက မိုးချုပ်မှ ပြန်လာရတော့ ဘယ်သိမလဲကွ၊ ဘောလုံးပွဲမှာ ခဲမှန်တဲ့ကောင်သုံးကောင်မှာ နှစ်ကောင်အရန်၊ တစ်ကောင်အဖွဲ့တစ်ကဆိုတော့ သုံးကောင်ပေါ့၊ ဒါကြောင့် - အဖွဲ့တစ်မှာ မင်းအစားဝင်ရမှာလေ"

သည်လို သည်အကြောင်းတွေကြောင့် မင်းနောင်မှာ နေ့စဉ်ယာဉ်ကင်းလှည့် (MOBILE DUTY) အဖွဲ့တစ်တွင် လူစားဝင်လိုက်ရပါလေသည်၊ သည်လို ဂျူတီဝင်ရသည်ကို ဝမ်းသာသွားမိသည်၊ အိမ်မှာဆို စိုးစိုးညွန့်တို့ သားအမိကို ချပ်ရှင်လိုက်ပို့ရဦးမည်၊

ရုပ်ရှင်ပို့ရသည်က လွယ်သည်မဟုတ်၊ အသွားအပြန် ကလေးချီရမည်၊ ရုံထဲတလေးသေးပေါက်၊ အီးပါကိစ္စတွေကိုသူသာ တာဝန်ယူရဦးမည်၊ စိုးစိုးညွန့်တစတိုင်လ်နှင့်အချဉ်ထုပ်စားရင်းရုပ်ရှင်ကြည့်နေမည်သာ၊ သူကတော့ကလေးထိန်းသက်သက်ပင်၊ တွေးမိသည်နှင့် မိန်းမကိုဒေါသထွက်မိပြန်ပါသည်၊ အင်း သည်လိုဒေါသတွေ ပေါက်ထွက်လို့ ကလေးနှစ်ယောက်ပင်မွေးလာခဲ့ပြီးဖြစ်ပေသည်၊

V.I.P ယာဉ်တန်းမှပြီးဆုံး၍တပ်ဖွဲ့ဝင်းထဲသို့ ကားဝင်လာခဲ့သည်၊ တပ်မှူးရုံးခန်းဘေးကားကိုရပ်လိုက်မိရုံစက်ပင်မရပ်ရသေးပါ၊ ရုံးပေါ်မှ တာဝန်မှူးဆင်းပြီးလျှောက်လာသည်၊

"အေးကွာ - မင်းတို့ကိုပြောရမှာအားတော့ နာပါရဲ့၊ ဒါပေမဲ့ - ပြောရမှာပဲကွာ"

"ပြောပါတော့ - ဗိုလ်ကြီးရယ်၊ တော်ကြာ - ခါးနာနေမယ်"

"အင်း - ကိစ္စကတော့ မြေနီကုန်းမီးပွိုင့်မှာ အရပ်ယာဉ်နဲ့ စစ်ယာဉ်တိုက်မှုဖြစ်နေလို့၊ ဟိုမှာ ယာဉ်မှုစစ်အဖွဲ့က စောင့်နေတယ်"

တာဝန်မှူးစကားကြောင့် အားလုံးဘေးဘယ်ညာဆီကို လှည့်ကြည့်လိုက်ကြသည်၊ သည်အကြည့်တွေကိုတာဝန်မှူးက သဘောပေါက် နားလည်သလို ဆက်ပြောလာသည်၊

"ဘာမှရှာကြည့်မနေနဲ့ - အဖွဲ့နှစ်နဲ့ သုံးပါထွက်သွားကြပြီ၊ မင်းတို့က ယာဉ်တိုက်မှုဆိုတော့ တော်သေးတယ်၊ ကဲ - သွားကြ"

အမိန့်သည် အမိန့်၊ တာဝန်သည် ကျေပြွန်အောင် ထမ်းရွက်ရမည့်အရာသာဖြစ်သည်၊ ပြီးတော့ - ယခုကိစ္စသည် ပြည်သူ့အကျိုးကို ထိခိုက်စေသည့် ...ပ်သားပိုင်ယာဉ်နှင့်တိုက်ခိုက်မိခြင်း ...နေသည်၊ တိကျမှန်ကန်စွာ စစ်ဆေး ...ရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်၊

သို့သော်လည်းပေါ့၊ သည်လိုယာဉ် ...တ်မှုဆိုသည်က တစ်နေ့ထဲ ပြီးပြတ် ...သာအမှုမျိုးမဟုတ်ပါ၊ လောလောဆယ် ...ပ်မှုကိုစစ်ဆေးအရေးယူရသည်၊ ...ပ်မျက်နှာအနေအထား၊ လမ်းကြော ...မမှန်၊ အရှိန်မြန်နှုန်း စသည်တို့ကို ...သေချာမေးမြန်းရဦးမည်၊ စစ်ယာဉ်ထိ ...တ်မှု၊ အရပ်ယာဉ်ထိခိုက်မှု ကြည့်ရ၊ ...တ်ရသည်၊ ယာဉ်မှူးစစ်ရဲတွေနှင့်ပူးတွဲ ...ပ်ဆောင်ရသည်၊ ယာဉ်မောင်းနှစ်ဦး ...ကို အရေးယူစစ်ဆေးခြင်း၊ အမှုတွဲ ...ည့်စုံအောင် တည်ဆောက်ပြီးမှ တရား ...သို့ စွဲဆိုတင်ပို့ရမည်ဆိုလျှင် ယာဉ်မှု ...စ်ရဲစခန်းသို့ ပေးအပ်ရမည်၊

အမယ်လေး - များပြားလိုက်သည့် ...စ္စတွေ၊

ပြီးတော့ - ယာဉ်မှုစစ်ရဲနှင့်တရားရုံး ...လည်း သက်သေခံရန်အတွက် ဘယ် ...ခေါက်သွားရဦးမည်မသိ၊ အမယ်မင်း ...ည်လျှားထွေပြားနိုင်သည့်ကိစ္စပါ၊

အင်း - လောလောဆယ် အနေအထားအရ သည်နေ့အတွက် မနက်စာ ...တ်ကိန်းကြုံရဖို့က သေချာနေသည်၊ ...ဘာကြောင့်လဲ၊ ဘာအတွက်လဲဆိုတော့ ...သူတို့အဖွဲ့ခေါင်းဆောင် ဆရာသန်းချစ်ကမွေ့ကထိကတစ်ဦး၊ လေကြောကခပ်ရှည်ရှည်၊ အပြောအပြောကောင်း၊ အဖွဲ့သားအားလုံး မတိုင်ပင်ရပါ၊

"ဘဝသံသရာတဲ့ရှည်လျားထွေပြားမနေမနားကိစ္စတွေကများထမင်းလည်း မစားရသေးပါတဲ့ချ"

သံပြိုင်သီကျူးလိုက်ကြရာ တာဝန်မှူးက မျက်နှာထား ခပ်တင်းတင်းနှင့် တစ်ချက်စိုက်ကြည့်ပြီးမှ တစ်ဖက်သို့ထွက်သွားသည်၊ လျှောက်သွားရင်းမှ ရဲဘော်တွေ မမြင်အောင်ပြုံးနေမိသည်၊ မိမိရဲဘော်တွေ ဝန်နှင့်အားမမျှသည်ထိ တာဝန်ထမ်းဆောင်နေရသည်ကိုသိနေသည်မဟုတ်လား၊ သို့တစေ မျက်နှာသာ ပေးခြင်း မပြုရဲပါ၊ ရောင့်တက်ပြီး တာဝန်ပေါ့သွားမည် စိုးရိမ်၍ပင်၊

"ဟ - သောက်ကျိုးနည်း - ဖြည်းဖြည်းလုပ်ပါ - ဘီအီးရဲ့ညနေတစ်ကောင်ဘွားနဲ့ မောင်ညိုဆိုင်ကို သွားဖို့တော့ အချိန်ရနိုင်ပါသေးတယ်ကွာ"

ယာဉ်မောင်းရဲဘော်သိန်းအောင်ကစက်နှိုးလျက်ရှိသေးသောဂျစ်ကားကို ဒုတိယဂီယာနှင့် ဆောင့်ထွက်လိုက်သောကြောင့် တပ်ကြပ်သန်းချစ် ... ဆောင်းထားသော ဖိုင်ဘာခမောက်မှာ မြေပေါ် ပြုတ်ကျသွားတော့သည်၊ တပ်ကြပ်သန်းချစ်က မြေပေါ်ခုန်ချကာ သွားကောက်ယူပြီး ရဲဘော် သိန်းအောင်ကို





www.burmeseclassic.com

www.burmeseclassic.com

မျက်စောင်းထိုးကာ ပြောလိုက်ခြင်းဖြစ်သည်။

ရဲဘော်သိန်းအောင်က အရက်သောက်တတ်သူဖြစ်သည်၊ ညနေပိုင်းတန်းဖြုတ်လျှင် မြေနီကုန်းညဈေးတန်းအနီးရှိ မောင်ညို၏တစ်ကောင်ဘွားအရက်ဖြူ(ဘီအီး)ဆိုင်သွားလေ့ရှိသည်ကိုရည်ရွယ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ အကြောင်းသိနေသူကားပေါ်မှမင်းနောင်တို့က အားရပါးရရယ်မောလိုက်ကြသည်။ သူတို့သာမဟုတ်သေး၊ ခပ်လှမ်းလှမ်းရောက်နေသော တာဝန်မှူးပင်ကြားလိုက်သောကြောင့် ထပ်ပြီးပြုံးနေပါလေသည်။

ရဲဘော်သိန်းအောင်ကစပ်ဖြဲဖြဲလုပ်ရင်းကားကိုလျှင်မြန်စွာမောင်းနေသည်။ သူတို့တပ်ဖွဲ့နှင့်မြေနီကုန်းကဝေးလှသည်မဟုတ်တော့ ငါးမိနစ်မပြည့်မီ ရောက်ရှိသွားခဲ့သည်၊ ကားမရပ်မီကပင် တွေ့လိုက်ရသည့်မြင်ကွင်း စိတ်မသက်သာစရာပါ၊ နှစ်ဆန်းကယ်ရီယာစစ်ယာဉ်တစ်စင်းက စမ်းချောင်း၊ ပဒုမ္မာဘောလုံးကွင်းဘက် လူသွားစင်္ကြံလမ်းပေါ် တစ်ခြမ်း ရောက်နေသည်။ မီးအချက်ပြတိုင်တစ်တိုင်ကတော့ ခါးကျိုးပြီး တွဲလောင်းကျနေသည်၊ အရပ်ကား တောက်ဆော်ဖစ်တာ အပြာရောင်ကားလေးတစ်စီးကလမ်းဘေးတွင် ရှိသည်၊ တံခါးတစ်ဖက်ပိန်ချိုင့်နေသည်၊ လူတွေ ဝိုင်းရွှေ့ပေးခဲ့ခြင်းဖြစ်ပုံရသည်။

"အင်း - ဒီပုံစံမြင်ရတော့ ဘီအီးလိုကားမောင်းတဲ့ကောင်မျိုးပဲဖြစ်မှာ သေချာတယ်"

တပ်ကြပ်သန်းချစ်က ကားပေါ်ကဆင်းလာရင်း ရဲဘော်သိန်းအောင်ဘက်ကိုမျက်စောင်းထိုးရင်းပြောလိုက်သည်၊ ရဲဘော်သိန်းအောင်က တမင်ပင် ကားလီဗာကို နှစ်ချက်သုံးချက် ဆောင့်နင်းလိုက်သည်၊ ထိုကြောင့် ဂျစ်ကားတစ်စင်းလုံး ခုန်ထွက်တော့မလို ခါယမ်းသွားသဖြင့်တပ်ကြပ်သန်းချစ်ကမန်းကတန်းဆင်းသွားသည်။

ထို့ကြောင့်မင်းနောင်နှင့် ရေတပ်မှရဲဘော်သန်းမောင်တို့က ပြုံးစေ့စေ့လုပ်ရင်းကားပေါ်မှဆင်းခဲ့သည်၊ သုံးယောက်သား စစ်ယာဉ်ဆီသို့လာခဲ့ကြသည်၊ စစ်ယာဉ်ဘေးတွင် ယာဉ်မောင်းရဲဘော်နှင့် ယာဉ်မှူးစစ်ရဲအဖွဲ့ဝင်တွေကို တွေ့ကြရသည်။

"ဟာ - ဆရာသန်းချစ်တို့အဖွဲ့ဆိုတော့ အိုကေသွားတာပေါ့ဗျာ - ဝမ်းသာတယ်ဗျာ"

ပေကြိုးဘူးကို ကိုင်ထားသော ရဲအရာရှိက အားရဝမ်းသာ ပြောလာသည်၊ တပ်ကြပ်သန်းချစ်က မျက်နှာကိုရှုံ့မဲ့လိုက်သည်။



"ကျုပ်ကတော့ ခင်ဗျားကို တွေ့ရတာ ဝမ်းမသာဘူးဗျ"

"ဟာ - ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမလဲဗျ၊ အခုချိန်ထိ နက်စာ မစားရသေးဘူး၊ တစ်ခုပြီးလို့ နက်စာလေးစားမလို့ တပ်ထဲ ပြန်ဝင်လာရုံရှိသေးတာ၊ ကားပေါ်ကတောင် ဆင်းရသေးဘူး၊ ခင်ဗျားခေါ်လို့ ပြန်ထွက်ခဲ့ရတာ"

"ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ ကျွန်တော် ကျွေးပါ့မယ်၊ ခုကိစ္စကို မြန်မြန်ပြီးအောင်လုပ်ကြတာပေါ့"

ယာဉ်မှူးစစ်ရဲအရာရှိက ပြောလိုက်သည်၊ သူတို့အားလုံးမှာ မကြာခဏဆိုသလို အတူလက်တွဲလုပ်ကိုင်ခဲ့ပေါင်းများ၍ ရင်းနှီးခင်မင်နေကြသူများဖြစ်ကြသည်။

"အဲဒီလိုဆိုရင်တော့ခင်ဗျားကိုတွေ့ရတာ ဝမ်းသာစရာပါလို့ ပြောရတော့မယ်"

တပ်ကြပ်သန်းချစ်မျက်နှာမှာ ချက်ချင်းကြည်လင်ရွှင်ပျသွားသလို သွက်သွက်လက်လက်ဖြစ်သွားပါသည်၊ သည်နောက် အရပ်ယာဉ်ပိုင်ရှင်ဖြစ်ဟန်တူသည့်လူဆီ လှမ်းသွားသည်၊ တိုက်ပုံအင်္ကျီ၊ အင်းလေးလုံချည်နှင့် အသက်ငါးဆယ်ခန့်လူကြီးမှာသူ၏တောက်ဆော်ဖစ်တာကားဘေးတွင်ရပ်ပြီး အတိုက်ခံထားရသော ကားတံခါးမှ ဒဏ်ရာဒဏ်ချက်တွေကိုကြည့်ပြီး စိတ်ညစ်နေဟန်ပင်၊ တပ်ကြပ်သန်းချစ်က သူ့လုပ်ငန်းကိုစတင်လိုက်သည်။

"ဦးလေးက ဒီကားပိုင်ရှင်လား ခင်ဗျ"

"ဟုတ်ပါတယ် - ဆရာ"

"ကဲ - ဘယ်လိုဖြစ်ကြတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပါလား ခင်ဗျ"

တပ်ကြပ်သန်းချစ် အင်မတန်ယဉ်ကျေးသိမ်မွေ့နေပါသည်၊ သူက စကားပြောကောင်းသလို ဦးနှောက်ဉာဏ်လည်းကောင်းသည်၊ အကဲခတ်မှုလည်းထက်မြက်သူကိုး၊ ကားနှင့်လူကို ဆက်စပ်ကြည့်ပြီး အထင်မသေးရဲခဲ့၊ ရိုးရိုးသူဌေးလူချမ်းသာပုံမဟုတ်၊ ကားထဲရှိထိုင်ခုံပေါ်တွင် ဖိုင်တွဲတစ်ထပ်ကြီး တွေ့နေရသည်၊ အရပ်ဘက်အရာရှိဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် စစ်ဘက်က အရပ်ဝတ်ဝတ်ဆင်ထားသူ ဗိုလ်မှူးအဆင့်ထက်နိမ့်မည့်သူမဖြစ်နိုင်၊ သို့ကလိုတွေးပြီး ရိုကျိုးနေခြင်းပါ၊

"ကျွန်တော်ကအင်းစိန်ဘက်ကနေမောင်းလာတာ၊ မီးပွိုင့်က အဝါရောင်ပြောင်းသွားတာ ခပ်လှမ်းလှမ်းက မြင်တာနဲ့ သုံးဆယ်နှုန်းလောက် လျှော့ပြီးမောင်းလာတာ"



www.burmeseclassic.com

www.burmeseclassic.com

"အော် - ဟုတ်ကဲ့ - ဟုတ်ကဲ့၊ ဒါနဲ့ ဆက်ပါဦး ခင်ဗျ"

"အဲဒီလို မောင်းလာရင်း မီးပွိုင့်ရောက်လို့ ရပ်လိုက်တာမှာ ဟိုစစ်ကားက ကျွန်တော့်ကိုတိုက်ပြီး ညာဘက်ကို မြန်အဆွဲမှာ မီးပွိုင့်တိုင်ကို ထပ်တိုက်တော့တာ"

"ကျွန်တော်ကလည်း မိုင်သုံးဆယ်လောက်လေးနဲ့ မောင်းလာခဲ့တာပါ"

အရပ်ကားမောင်းသူ လူကြီးစကားအဆုံးတွင် စစ်ယာဉ်မောင်းလူကဝင်ပြောလိုက်ရာ တပ်ကြပ်သန်းချစ်က စစ်ယာဉ်မောင်းဘက်ကိုကြည့်ပြီး လူမိုက်ကြည့်အကြည့်မျိုးနှင့် ကြည့်လိုက်ကာ လေသံခပ်မာမာနှင့် ဟောက်ပါတော့သည်၊

"ငါက ဒီကားပိုင်ရှင်ဦးလေးကို မေးနေတာ၊ မင်းဘာမှဝင်ပြောစရာအကြောင်းမရှိဘူး၊ မင်းကိုမေးတဲ့အခါမှ မင်းဖြေ၊ နောက်ထပ်တစ်မှု တိုးသွားမယ်"

"ဟုတ် - ဟုတ်ကဲ့"

ယာဉ်မောင်းရဲဘော်က မျက်နှာငယ်လေးနှင့်ဖြေသည်၊

တပ်ကြပ်သန်းချစ် ဒေါသမပြေသေးပါ၊ သူ၏လက်မောင်းရင်းမှ အရစ်နှစ်ရစ်ကို လက်ညှိုးနှင့် ထိုးပြပြီး -

"ဟော့ကောင် - ငါ့လက်မောင်းမှာ အရစ်နှစ်ခု တပ်ထားတာ မြင်ရဲ့လား"

"ဟုတ်ကဲ့ - မြင်ပါတယ် ခင်ဗျာ"

"ငါဟာ တပ်ကြပ်တစ်ယောက်ဆိုတာမြင်ရင်၊ သိရင် ငါ့ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ မင်းမသိဘူးလား"

"ဟုတ်ကဲ့ - ဆရာ"

"အေး - အဲဒီလိုမှပေါ့၊ ကိုယ့်ထက်ရာထူးကြီးသူကို ရိုသေရမယ်ဆိုတာ တို့တပ်မတော်ရဲ့စည်းကမ်းတစ်ခုပဲ၊ ဒါတင်မဟုတ်သေးဘူး - တို့မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုဓလေ့ဆိုတာကိုပါ မှတ်ထား"

တပ်ကြပ်သန်းချစ်အရှိန်ရလာစမို့ သူ၏ဒဿနတွေကို ပဏာမပျိုးလာပါလေပြီ၊ မင်းနောင်တို့ စိတ်မသက်မသာဖြစ်ရပါသည်၊ ရဲဘော်ကိုပြောပြီး ယာဉ်တိုက်မှုဖြစ်ခဲ့ရသောနေရာကိုသွားကာ ဘာမှမရှိတော့ပြီဖြစ်သော လမ်းလယ်မျဉ်းဖြူကြောင်းနေရာတွင် အပ်ပျောက်ရှာသလို ဟိုငုံ့ကြည့်၊ သည်ငုံ့ကြည့်နှင့် လုပ်နေသည်၊

အဖြူရောင်ဦးထုပ်၊ စလွယ်သိုင်းကြိုး၊ ခါးပတ်နှင့် သေနတ်အိတ်တို့ကို ဝတ်ဆင်လျက် လမ်းလယ်ကောင် ခပ်တည်တည်ရပ်လိုက်၊ လျှောက်လိုက် လုပ်နေသူ တပ်ကြပ်သန်းချစ်ကို ဖြတ်သန်းမောင်းနှင်သွားနေကြသူ၊ ယာဉ်နှင့်ယာဉ်မောင်းတွေက တအံ့တသြကြည့်ပြီးသွားကြသည်၊ တပ်ကြပ်သန်းချစ်က

...တော့ ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်၊ ...သူတစ်ယောက်တည်း ရှိနေသလိုမျိုး ...လုပ်နေပါသည်၊

★ ★ ★

သည်ပုံစံအတိုင်း အဘယ်မျှကြာ ...ကြာလုပ်နေဦးမည်မသိ၊ ဘာကိုရှာနေ ...သိမို့၊ သူလုပ်နေသည်ကိုဟန့်တားခြင်း ...ပြုလျှင် ညမိုးချုပ်သွားပေတော့မည်၊ ...တင်မကသေး၊ တပ်ကြပ် သန်းချစ် ...လမ်းလယ်ကောင်ရှိနေစဉ် လေယာဉ် ...မောင်းသူတွေကိုအားကျပြီး သူနိုင်ကိုယ် ...အပြိုင်မောင်းလေ့ရှိကြသည့်ဘတ်စ် ...လိုင်းယာဉ်မောင်းတွေပြိုင်ပွဲဝင်လာ ...သည်နှင့်ကြုံသွားပါက တပ်ကြပ်သန်းချစ် ...အို့ ဂုဏ်ပြုတပ်ဖွဲ့နှင့် အနေးလျှောက် ...သေနတ်ပစ်ပြီး သဂြိုဟ်ခံရဖို့ နီးစပ်နေ ...သည်၊

သည်အတွေးကို တွေးမိသော ...မင်းနောင်က အော်ဟစ်သတိပေးရန်စဉ်း ...စားပြီးမှမပြောတော့ပါ၊ တော်ကြာလမ်း ...လမ်းခွလူအများထဲတွင် ကြိမ်းလား၊ ...နေလားနှင့် တုံ့ပြန်ပါက မိမိသာ ရှက် ...ကြုံနိုင်ပေသည်၊

မင်းနောင်က သူတို့ ဆရာချစ် ...အကြောင်းသိ၍ ကြောက်ပြီးငြိမ်နေကြ ...သော်လည်း သည်အကြောင်းတွေကို မသိသလို အချိန်ကုန်မခံနိုင်သော ယာဉ်မှူးစစ်ရဲအရာရှိက လှမ်းပြောတော့သည်၊

"ဆရာသန်းချစ် - ဖြစ်စဉ်တွေကို ကျွန်တော် ပေကြိုးနဲ့ သေချာတိုင်းပြီး မြေပုံပါ ပုံကြမ်းဆွဲထားပြီးပြီဗျ - ပြန်လာတော့"

"အော် - ဟုတ်ပြီဗျာ၊ ကျုပ်က သေချာအောင်လို့ ထပ်ကြည့်တာပါ"

တပ်ကြပ်သန်းချစ်က တုံ့ပြန်ပြောပြီး ရင်ကိုကော့ လက်နှစ်ဖက် ခပ်ကားကားလုပ်ပြီး ခပ်မှန်မှန်ခြေလှမ်းများနှင့် လျှောက်လာသည်၊ သူ့ပုံစံက အမေရိကန် COW BOY ရုပ်ရှင်ကားထဲက မင်းသား MARLON BRANDO၊ လူဆိုးနှင့် သေနတ်ယှဉ်ပစ်ရန် လျှောက်လာသည့်ပုံစံမျိုး ဖြစ်သည်၊ စောင့်နေကြသူတွေထဲမှ စစ်ယာဉ်မောင်းဆီသို့ သွားပြန်သည်၊

"ကဲ - ကဲ - ဒီဂျက်လေယာဉ်မောင်းတဲ့ - အဲ - ဟုတ်ပါဘူး၊ စစ်ကားမောင်းတဲ့ ဆရာ့နာမည်က ဘယ်သူလဲဆိုတာ သိပါရစေ"

စစ်ယာဉ်မောင်းရဲဘော်မှာ တပ်ကြပ်သန်းချစ်၏ အရှဲ့တိုက်အမေးကြောင့် ကြောက်လန့်သွားပြီးမှ ဖြေသည်၊

"ကျွန် - ကျွန်တော့်နာမည် ချစ်စရာပါ ဆရာ"

"ဘာ - ချစ်စရာ - ဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် - ဆရာ"

"ဟင်း - နာမည်နဲ့လူ့ကလိုက်ပုံများ၊ တစ်နေ့လုံးထိုင်ကြည့်တာတောင် တစ်စက္ကန့်လေးတောင် ချစ်စရာတစ်ကွက်တွေ့မယ့်မျက်နှာ မဟုတ်ဘူး"


တပ်ကြပ်သန်းချစ်အပြောင်အပြက်နိပ်ကွပ်စကားကြောင့် စစ်ယာဉ်မောင်းချစ်စရာ မျက်နှာမဲ့သွားသည်၊ ပြန်လည်မပြောရဲသဖြင့် ငြိမ်သက်စွာ ရပ်နေသည်၊

"မင်းတို့ကောင်တွေက ထိုင်ခုံပေါ်ရောက်လို့ လက်ကိုင်ခွေကိုင်မိတာနဲ့ ဂျက်လေယာဉ်လို မောင်းကြတော့တာပဲ"

"ဟာ - ဆရာကလဲ - ကျွန်တော်ကမြေပေါ်မှာ ဘီးလေးဘီးနဲ့ ကားကို မောင်းတာပါ"

"အေးလေ - ဘီးလေးဘီးနဲ့ မို့လို့ မြေကြီးနဲ့မထိအောင် မောင်းတာကို ပြောတာကွ"

ဟေ - ဘာမှကြီးကျယ်တာ မဟုတ်ဘူး - သောက်ကျိုးနည်း။ ပြောမှ ပြောရက်တယ်ကွာ။ ဟိုမှာကြည့်စမ်း၊ ထက်ပိုင်းကျိုးနေတဲ့မီးပွိုင့်တိုင်ရယ်၊ မင်းမောင်းတဲ့ကားရှေ့တစ်ခုလုံး ကြေမွနေပြီ။ ဒါတွေက ပြည်သူပိုင်ပစ္စည်းတွေကွ။ နင့်ပထွေးပစ္စည်းတွေ မဟုတ်ဘူး - သိရဲ့လား။



"ဆရာရယ်၊ ကျွန်တော်က မိုင်သုံးဆယ်လေးနဲ့ ..."

"တော်စမ်း - မင်းက မိုင်သုံးဆယ်နဲ့မောင်းတာဟုတ်လား၊ ဒါဖြင့် ဟိုမီးပွိုင့်တိုင်က ဖော့ချောင်းနဲ့လုပ်ထားတာဖြစ်မယ်"

"ဟုတ်တယ်နော် - ဆရာ"

"ဘာကွ - သောက်ရူး"

စစ်ယာဉ်မောင်း ချစ်ရာ ဆိုသူမှာ ဘာကယ်နံ သည်လား၊ ဆရာချစ်ကို အကြိုက်ဆောင်ပြောသည်လားမသိ၊ ပြောလိုက်မိရာ ဆရာချစ် ဒေါပွကာ ဟောက်လိုက်သည်၊

"တောက် - မိုင်သုံးဆယ်တဲ့သောက်ကျိုးနည်း၊ မိုင်ခြောက်ဆယ်နဲ့သာမောင်းခဲ့ရင် မိုးပေါ်တောင် ပျံတက်သွားနိုင်မယ် ထင်တယ်"

"ဟုတ်တယ်နော် - ဆရာ၊ ဒီလိုမှန်းသိရင်စောစောကကျွန်တော်မိုင်ခြောက်ဆယ်တင်ပြီးမောင်းခဲ့ရင် ခုလိုဖြစ်ရမှာ မဟုတ်ဘူး"

"ဟေ့ကောင် - တော် - တော်ကြာရင် - ငါဆွဲထိုးပစ်လိုက်မိတော့မယ် သွား - သွား"

"ဘယ်လိုလဲ - ဆရာ၊ လေတပ်ကို လေယာဉ်မောင်းဖို့လား"

"လေတပ်ကိုတော့ မဟုတ်ဘူး ဟေ့ - အင်းစိန်ထောင်ကို"

စစ်ယာဉ်မောင်းမှာ အူကြောင်ကြောင်၊ ဆရာချစ်ကလေကြောရှည်ရှည်နှင့်မင်းနောင်တို့ရော၊ ယာဉ်မှူးစစ်ရဲတွေပါ ရယ်ရမလိုလိုနှင့် နားပူစိတ်ညစ်လာကြသည်၊ ဗိုက်တွေလည်း ဆာလောင်လွန်း၍ အောင့်လာနေသည်၊

"ဆရာရယ် - ဒီကိစ္စလေးက ဘာမှကြီးကျယ်တာမှမဟုတ်တာ၊ လူလည်း ဘာမှမထိခိုက်ကြတာ"

"ဟေ - ဘာမှကြီးကျယ်တာမဟုတ်ဘူး - သောက်ကျိုးနည်း၊ ပြောမှပြောရက်တယ်ကွာ၊ ဟိုမှာကြည့်စမ်း၊ ထက်ပိုင်းကျိုးနေတဲ့မီးပွိုင့်တိုင်ရယ်၊ မင်းမောင်းတဲ့ကားရှေ့တစ်ခုလုံးကြေမွနေပြီ၊ ဒါတွေက ပြည်သူပိုင်ပစ္စည်းတွေကွ၊ နင့်ပထွေးပစ္စည်းတွေမဟုတ်ဘူး - သိရဲ့လား"

တပ်ကြပ်သန်းချစ်၏ လူ့လောကသဘာဝ ဒဿနတွေက တော်တော်နှင့်ပြီးတော့ဟန်မရှိ၊ တစ်ခုစီ လက်ညှိုးထိုးပြီးပြောနေသည်၊

"ဟို - ဦးလေးကြီးကားကိုကြည့်စမ်း နင့်ကြောင့် ကြည့်မကောင်း၊ ရှုမကောင်းဖြစ်နေပြီ - မြင်လား"

"ဟုတ်ကဲ့ - မြင်ပါတယ် - ဆရာ"





www.burmeseclassic.com

www.burmeseclassic.com

"အေး - မြင်ရုံနဲ့မပြီးဘူး၊ အဲဒီ့အတွက် မင်း လျော်ပေးရမှာသိလား"

"ဆရာရယ် - ကားကို ကျွန်တော့် ဘာသာမြင်လိုက်ပါ့မယ်၊ အမှုလည်းဖွင့်မနေပါနဲ့တော့၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

တောက်ဆော့ဖစ်တာကားပိုင်ရှင် လူကြီးကကားပျက်စီး၍စိတ်ညစ်ရသည့်အထဲတပ်ကြပ်သန်းချစ်ပြောစကားလေ ကြောရှည်မှုများကြောင့် ပိုပြီး စိတ်ညစ်လာဟန်နှင့် ပြောလိုက်သည်၊

"ဟာ - ဦးလေးကစာနာစိတ်နဲ့ပြောတာမှန်ပေမယ့် ကျွန်တော်တို့ တာဝန်ရှိသူတွေအနေနဲ့ ဒီလိုစည်းကမ်းမဲ့၊ တာဝန်မဲ့တဲ့ရဲဘော်တွေကို ညှာလို့မဖြစ်ဘူးဗျ၊ မှတ်လောက်အောင်ဥပဒေအတိုင်းလုပ်ရမှာပဲ၊ ဒါမှ - နောင်ကိုနိုင်ငံတော်အတွက်ရော ပြည်သူတွေအတွက်ပါ အကျိုးရှိလာမှာ"

တပ်ကြပ်သန်းချစ်က အားမာန်အပြည့်နှင့်ပြောနေရာ စစ်ယာဉ်မောင်း အကြောင်းကြောင်းကဖြတ်မေးလိုက်ပြန်သည်၊

"ဆရာ - ကျွန်တော့် အတွက်က ရော"

"အော် - မင်းအတွက်လား၊ မင်း အတွက်ကတော့ ဘာမှမပူပါနဲ့ကွာ၊ လောလောဆယ် - နီးရာတပ်တစ်ခုခုက အချုပ်ခန်းမှာ နေရမယ်"

"ဗျာ - ဒုက္ခပါပဲ၊ ကျွန်တော်က မိန်းမနဲ့ဗျ"

"ဘာလဲ - မင်းမိန်းမကိုပါအချုပ်ထဲ ခေါ်ချင်လို့လား"

"ဟို - ကလေးလည်း ရှိသေးတာ ဒုက္ခပါပဲဗျာ"

"ဟင် - လုပ်တုန်းကတော့လုပ်ခဲ့ပြီး ဘာ - ခုမှဒုက္ခတွေ ပြောနေတာလဲ၊ မင်း သေချာမှတ်ထား - ဒုက္ခနဲ့သုခဆိုတာ တကယ်တော့ နှစ်ခုမဟုတ်ဘူး၊ တစ်ခုထဲအတူတူကွ၊ ဟိုဘက်ကသုခ၊ ဒီဘက်က ဒုက္ခလေ၊ ဟိုကွာ - လက်ဝါးလိုပေါ့၊ ဒီဘက်ကလက်ဖဝါး၊ ဟိုဘက်ကလက်ခုံလေ၊ တကယ်တော့ လက်တစ်ခုထဲကွ၊ ဒီသဘောတရား ..."

"ကဲပါ - ဆရာချစ် - ဟို - ကားပိုင်ရှင်ကို သွားခွင့်ပေးလိုက်ပါဗျာ၊ သူလဲ သွားစရာတွေနဲ့ ကားပြင်ဖို့ရှိသေးတယ်လေ၊ နောင် - အမှုကိုတရားစွဲတင်တဲ့အခါကျမှ သက်သေအဖြစ် ကျွန်တော်တို့ခေါ်မယ်"

ကြာလေပိုဆိုးလေဖြစ်တော့မည်မို့ ယာဉ်မှူးစစ်ရဲအရာရှိက ဝင်ရောက်ပြီး စကားဖြတ်ရတော့သည်၊

"အော် - ဟုတ်ပေသားပဲ၊ ဒါက ခင်ဗျားတို့တာဝန်လေ၊ လုပ်ပါဗျာ၊ ဆက်လုပ် - ဆက်လုပ်"



ယာဉ်ပိုင်ရှင်လူကြီးမှာ သူ့ကားတံခါးကိုကြိုးနှင့်ချည်နှောင်ပြီးမှ ဖွတ်ချက်ဖွတ်ချက်ဆောင့်ကြီးအောင့်ကြီး မောင်းသွားတော့သည်၊ ယာဉ်မှူးစစ်ရဲတွေက သူတို့မော်တော်ဆိုင်ကယ်ပေါ်သို့ တက်ထိုင်လိုက်ကြမှ တပ်ကြပ်သန်းချစ် သတိရသွားသည်၊

"ဟေ့လူ - ကျုပ်တို့ကိုထမင်းကျွေးမယ်ဆိုဗျ"

"ကျွေးမယ်လေ - ဆရာချစ်တို့လည်း စစ်ကားဆွဲဖို့ ဒီရဲဘော်ကို အချုပ်ပို့လုပ်ရဦးမှာလေ၊ ကျွန်တော်တို့ယာဉ်မှူးစစ်မှာ အမှုဖြစ်စဉ်ရေးရင်း အတူတူစားကြမယ်လေ"

ပြောပြောဆိုဆိုပင် ယာဉ်မှူးစစ်ရဲအရာရှိနှင့် သူ့လူတွေက မောင်းထွက်သွားပါတော့သည်၊ သေချာသွားသည်ကတပ်ကြပ်သန်းချစ်တို့အဖွဲ့သည်မနက်စာတစ်နပ်တော့ ဥပုသ်စောင့်ရတော့မည်ဖြစ်ပါသည်၊ ခဏအကြာ အင်ဂျင်ဒီယာတပ်မှပျက်စီးနေသောစစ်ယာဉ်ကို ဆိုင်းကားနှင့် ဆွဲယူသွားမှ တစ်ပူအေးသွားသည်၊ တပ်ကြပ်သန်းချစ်က သက်ပြင်းလေးလေးကြီးချကာစစ်ယာဉ်မောင်း ဆီတ် လှည့်လိုက်သည်၊

"ကဲ - တနင်္လာပြုံးမင်းလေး"

"အာ - ကျွန်တော့်နာမည် ချစ်စရာလေ - ဆရာရဲ"

"ချစ်စရာဆိုတာ တနင်္လာလေကွာ"

"တနင်္လာမဟုတ်ဘူး၊ သောကြာသား - ဆရာ၊ ကျွန်တော်ငယ်ငယ်က ချစ်စရာကောင်းတယ်ဆိုပြီး အဖေ၊ အမေတွေက ချစ်စရာလို့ ခေါ်ရာကနေ ကြီးတဲ့အထိပါ ချစ်စရာဖြစ်သွားတာပါ"

စစ်ယာဉ်မောင်းက သူ့နာမည်ရာဇဝင်ကို ရှင်းလင်းပြောပြခဲ့သည်တွင် တပ်ကြပ်သန်းချစ်မျက်နှာကိုမဲ့ပစ်လိုက်သည်၊

"အင်း - သောကြာသားမို့ သောတ်စကားများတာကိုး၊ စိတ်ထဲမှာထင်တော့ ထင်လိုက်သား၊ ငါလည်းသောကြာသားကွ"

အရေးထဲ ဆွေမျိုးစပ်နေသည်မို့ မင်းနောင်မှာ ဆက်ပြီးအောင့်မထားနိုင်တော့၊ စကားဖြတ်ရတော့သည်၊

"ဆရာချစ် - သူ့ကို ဘယ်တပ်က အချုပ်မှာ အပ်မှာလဲ"

သူတို့ တပ်ထိန်းတပ်ဖွဲ့မှာ ဘောင်ဒရီ (မွေ့စေတီ) လမ်းတွင် တည်ရှိပြီး အချုပ်ခန်းမရှိပါ၊ အမှုဖြစ်သောရဲဘော်များကို ရန်ကုန်မြို့တွင်းရှိ တပ်ခွဲတစ်ခုခုတွင် ခေတ္တအပ်နှံပြီး ချုပ်ထားလေ့ ရှိပါ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ ယခု မြေနီကုန်းတွင် တည်းခိုရေးတပ်၊ ဖိုလ်ရှေ့တပ်၊ စုဆောင်းရေးတပ်တို့ ရှိကြသည်။ တခြားတပ်တွေလည်း ရှိသေး၍ မင်းနောင်က မေးလိုက်ခြင်း ဖြစ်သည်၊

"ဒီအတွက် ဘာမှမပူနဲ့၊ မင်းတို့ရဲ့ ဆရာချုပ်ပါကွ၊ စနေတုန်းကကားလာခွဲတဲ့ ဘီအိုအမ်မ်ဒီအိုတပ်ကို ဟိုရတနာပုံရုပ်ရှင်ရုံကဖုန်းဆက်ပြောပြီးတစ်လက်စထဲ သူ့အတွက်ပါ မေးပြီးပြီ"

"ဘယ်တပ်မှာချုပ်မှာလဲ"

"ဟို ဆက်သွယ်ရေးတပ်က အချုပ်မှာပေ့ါ"

"ဟာ - ဆက်သွယ်ရေးတပ်မှာ အချုပ်ခန်းမရှိဘူးလေ"

"မင်းတို့ တော်တော်ညံ့တဲ့ကောင်တွေ၊ ဒါကြောင့်လည်း ပါ့တပည့်ဖြစ်နေရတာ၊ မှတ်ထား - ဆက်သွယ်ရေးတပ် တအရင်လိုမဟုတ်တော့ဘူး၊ ဗဟိုကင်းဆောက်ပြီးတာသုံးလတောင်ရှိပြီ၊ အသစ်စက်စက်ရှိသေးတယ်"

တပ်ကြပ်သန်းချစ်က ဒုတိယအကြိမ်အက်တင်အပြည့်နှင့်မင်္ဂလာယူပြီးပြောလိုက်သည်၊ မလေ့လာမိခဲ့သော မင်းနောင်တို့မှာ အောင့်သက်သက် ခံလိုက်ရသည်၊

သူတို့ ဆရာချုပ် နောက်ထပ်လေကြောမရှည်မီ ယာဉ်မောင်းရဲဘော်သိန်းအောင်က ဂျစ်ကားရပ်ထားခဲ့ရာသို့ ပြေးသွားပြီး မောင်းယူလာခဲ့သည်၊ ယာဉ်တိုက်မှုတရားခံ ဖြစ်သွားသူ ရဲဘော်ချစ်စရာကို နောက်ဘက်တွင် မင်းနောင်နှင့် သန်းမောင်တို့နှစ်ယောက်အကြားတွင် ညှပ်ပြီးထိုင်စေသည်၊ ပြီးတော့မှ တပ်ကြပ်သန်းချစ်ကနောက်ဘက်လှည့်ကာ အမှာစကားပြောနေသည်၊

"ဟေ့ ကောင် - ပြဿနာ - အဲ ချစ်စရာ - ကားပေါ်ကနေ ခုန်ချထွက်ပြေးဖို့တော့ မကြိုးစားနဲ့နော်၊ တို့တပ်ထိန်းကားမောင်းတဲ့ကောင်ကလည်းမင်းလိုပဲ ဂျက်လေယာဉ်မောင်းဖို့လေ့ကျင့်နေတဲ့ကောင် - အဲ - ဟဲ့ - သောက်ကျိုးနည်း လုပ်ပြန်ပြီ"

သူတို့ဆရာချုပ်နောက်ဘက်လှည့်ဩဝါဒမှာကြားနေသည်ကိုယာဉ်မောင်းသိန်းအောင်က စိတ်မရှည်တော့သလို ဂျစ်ကားကား ဒုတိယဂီယာနှင့် ဆောင့်ထွက်လိုက်ရာ တပ်ကြပ်သန်းချစ်၏ ဦးထုပ်မှာ မြေပေါ် ပြုတ်ကျသွားတော့သည်၊

"ကဲ - ငါပြောတာ ယုံပြီလား"

တပ်ကြပ်သန်းချစ်က ကားပေါ်မှ ဆင်းပြီး ဦးထုပ်ကို ကောက်ယူကာ ထိုင်မိသည်နှင့် ပြောလိုက်သည်၊

မင်းနောင်က နာရီကို ကြည့်မိသည်၊ ညနေသုံးနာရီထိုးပြီးပါလေပြီ၊

တပ်ထိန်းဂျစ်ကားလေးကဦးဝိစာရ ထိပ်ဆုံးဆီသို့ဦးတည်ပြေးသွားနေသည်၊ မင်းနောင်၏အတွေး စိတ်အလျင်ကပါ ပြေးသွားနေပါလေသည်၊

ဆက်သွယ်ရေးတပ်ရောက်လျှင် သက်ဆိုင်ရာအရာရှိနှင့် အဘယ်မျှကြာအောင် လေကြောတွေ ရှည်ဦးမည်မသိရ၊ အချုပ်သားရဲဘော်ကိုအပ်ပြီးယာဉ်မှုစစ်ရဲစခန်းသို့ ဆက်ပြီးသွားရဦးမည်၊ မှုခင်းဖြစ်စဉ်တွေကိုယာဉ်မှုစစ်ရဲတွေနှင့် ညှိပင်ညှိနှိုင်းပြီးရေးရဦးမည်၊ သည်ကိစ္စတွေကိုအကြမ်းရေးအချောသပ်မိတ္တူကူးရမည်၊ ဒါတွေအားလုံး ညနေခြောက်နာရီနှင့်ပင် ပြီးနိုင်ပါမည်လား မသိပါ၊

တပ်ကို မည်သည့်အချိန်ကျမှ ပြန်ရောက်နိုင်ပါလိမ့်၊

တွေးရင်းတွေးရင်းမင်းနောင်ခေါင်းထဲခြောက်ကပ်လာသည်၊ ထမင်းအိုးသာဆိုက တူးစော်တွေ နံထွက်လာတော့မည်၊

သေချာမှုတစ်ခုကတော့ထမင်းကို နေ့လယ်စာနှင့် ညစာကိုပါ ပေါင်း၍ စားရတော့မည်ပင်၊

သူ၏အတွေးအာရုံထဲသို့ လွန်လေပြီးသောကာလ တပ်ထိန်းအဖွဲ့သို့မရောက်မီအချိန်တွေကမကြာခဏ အိပ်မက်တွေထဲသို့ ရောက်လာလေ့ရှိသော အသွင်သဏ္ဌာန်များနှယ်ပင်ဖြစ်သည်၊

ဧည့်သည်တော်နှင့် နိုင်ငံတော်သမ္မတကြီးတို့ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်အေးတစ်ဖက်တစ်ချက်တွင် တောက်ပသစ်လွင်သော တပ်ထိန်းအမှတ်အသားတံဆိပ်နှင့်မော်တော်ဆိုင်ကယ်ကြီးနှစ်စင်းစီ လိုက်ပါလာသည်၊ ဦးထုပ်အဖြူ၊ စလွယ်သိုင်းကြိုးအဖြူ၊ ခါးပတ်နှင့်သေနတ်အိတ်အဖြူ၊ လက်အိတ်အဖြူတို့ဝတ်ဆင်ထားကြသော ခန့်ညားထည်ဝါသည့် တပ်ထိန်းရဲဘော်လေးယောက်တို့က စီးနင်းလိုက်ပါခဲ့ကြပါသည်၊ သူတို့လေးယောက်ကိုမြင်သူတိုင်းလေးစားကြည်ညိုစိတ်၊ ဂုဏ်ယူအားကျစိတ်တွေ ခံစားမိစေသည်၊

ထို တပ်ထိန်းလေးယောက်ထဲမှ တစ်ယောက်သောတပ်ထိန်းရဲဘော်ကတော့ မင်းနောင်ကိုယ်တိုင် ဖြစ်နေပါတော့သည်၊


**ကောရဂ်**



www.burmeseclassic.com

www.burmeseclassic.com

# ဖျာပုံ ရှမိုးနွယ်
## ရွှေပေါ်ကျော့ကွင်းနှင့်ဖြိုးတို့



ဝက်ထောင်ချောက်တွင် ကကာန်းအပုပ်နံ့ကြောင့် မထင်မှတ်ဘဲ တခြားသတ္တဝါ တစ်ကောင်ကို ထောင်ချောက်ထဲတွင် တွေ့ရှိလိုက်ရရာ ..

**မိုးမလင်းမီ** ... ငယ်စဉ်ထဲက အလေ့အကျင့်အတိုင်း ခင်တုပ် အိပ်ရာက နိုးသည်၊ ထမင်းအိုးတည်သည်၊ ဆတ်သားခြောက်၊ အမဲခြောက်များကုန်အဖြင့် ငါးခြောက်တုံးကလေးတွေ ဆီပူထိုးလိုက်သည်၊ လက်ဖက်ရည်တစ်အိုးတည်ပြီး ပွက်ပွက်ဆူလျှင် လက်ဖက်ခြောက်ခပ်ကာ နှပ်သည်၊

ဖခင် ဦးဘခက်နှင့် မိခင် ဒေါ်သန်းတင်တို့ မျက်နှာသစ်၊ ဘုရားရှိခိုးပြီးချိန်တွင် လက်ဖက်ရည်စားပွဲပေါ်သို့ ထမင်းပူပူနှင့် ငါးခြောက်ကြော်မွှေးမွှေး လက်ဖက်ရည်ကြမ်းကျကျတို့ အငွေ့တလူလူနှင့် ရောက်နေပြီ၊ ခင်တုပ်ကိုယ်တိုင်လည်း ထမင်းပူပူနှင့်ငါးခြောက်ကြော်ကို စားသောက်ပြီးခဲ့ပြီ၊

"ခတုပ် - ခတုပ် - ဂိုကိုဖွင့်လေ"

ကြက်တူရွေး ကျေးသားငယ် ဖိုးတောသည် လှောင်အိမ်ထဲမှ အသံပြုသည်၊ ခြောက်လကျော် သင်ထား၍ စကားပြောတတ်နေပြီ၊ မဲလုံး၊ ဗလ၊ ပျံလွှားမတို့သုံးကောင်ကိုအစာကျွေးနေသောခင်တုပ်က သုတ်သုတ်ပြေးလာပြီး ငါးခြောက်မကြော်မီက အုပ်ထားသော လှောင်အိမ်ပေါ်စောင်အဝတ်ကိုခွာပေးရသည်၊

"ဗလတို့ကိုကျွေးနေတာနဲ့ဖိုးတောလေးကို မေ့သွားတယ်၊ ဟောဒီမှာ ထမင်းလည်းစား၊ ရေလည်းသောက်၊ သေးပေါက်၊ အမြီးမြှောက် ဖိုးတောလေးက နူတ်သီးကောက်"

"ရှက်တယ် - မပြောနဲ့ - ရှက်တယ် မပြောနဲ့"

ခင်တုပ်တို့အိမ်နှင့်ထင်းမျောတို့ပုံရန်ကွက်လပ်တစ်ခုဆီခြား၍အစ်ကိုများဖြစ်ကြသော ဒီလုံးနှင့် ခေါင်းကြီးတို့ မိသားစုများနေထိုင်ကြသော တဲနှစ်လုံးလည်းတစ်တန်းတည်းရှိသဖြင့်နိုးထသောကြသော ခင်တုပ်၏ တူ၊ တူမလေးတို့


www.burmeseclassic.com

www.burmeseclassic.com

သည်ကျေးသားလေးဖိုးတောကိုလှမ်း၍စကြနောက်ပြောင်ကြသည်။ဖိုးတောက တစ်လုံးမကျန် ချေပပြောဆိုသည်။ ဤသို့ဖြင့် ဖိုးတောလေး စကားတတ် မြန်လာသည်။

ဦးဘခက်နှင့် ဒေါ်သန်းတင်တို့လည်း ဖိုးတောနှင့် စကားပြောဖြစ်ကြပါသည်။ ညက အမဲကောင်လမ်းကြောင်းတို့တွင် ထောင်ထားခဲ့သော ခြေနင်းထောင်ချောက်များကို လိုက်ကြည့်ရန် ခွေးသုံးကောင်နှင့်ခင်တုပ်သည်လှေနှင့် ထွက် မည်ဆဲဆဲတွင် ဖိုးတော အသံတစာစာ နှင့် ပြောပါတော့သည်။

"ခတုပ် - ခတုပ် - ဒူးလေးပါပလား လုံ့ပါပလား - အမဲကောင်အိတ်ပါပလား ရေဘူးပါပလား"

"ဒူးလေးမယူတော့ဘူးဟေ့ - သားရေခွံအိတ်နဲ့လုံကိုပဲယူမယ်၊ဓားကတော့လှေထဲမှာ အမြဲရှိတယ်၊ ယူနေကျအကုန်ပါတယ်၊ သတိပေးတာ ကျေးဇူးပါပဲ - ဖိုးတောလေးရယ်၊ ကဲ - သွားပြီဟေ့"

ခင်တုပ်လှေကိုလှော်ခပ်၍ထွက်ခဲ့သည်။ယခင်ကအစ်ကိုကြီးသဲချောင်းနှင့်အစ်ကိုငယ်များက လှေကျင့်သင်ကြားပေးရင်း တစ်ဦးဦးက ခင်တုပ်နောက်မှ လှေတစ်စင်းနှင့် လိုက်ပါခဲ့ကြပါသည်။ အတော်အတန် အလှေအကျင့်ရပြီး အတွေ့အကြုံနှင့်အတူ ကျွမ်းကျင်လာ၍ အစ်ကိုတို့မပါဘဲ ခင်တုပ်တစ်ဦးတည်း တောထဲဝင်သည်။

"ဗလကပြိမ်ပြိမ်ထိုင်၊မဲလုံးကဦးမှာနေ၊ ပျံလွှား ဆော့နဲ့ - ရေထဲ မိကျောင်းဆွဲလိမ့်မယ်၊ ခတုပ် - ခါးစည်းကြိုး တင်းတင်းချီထားဟဲ့"

ဦးဘခက် ရက်လုပ်ပေးသော လှောင်အိမ်ကျယ်ကျယ်တွင်ကျေးသားလေးဖိုးတောသည်အငြိမ်လည်းမနေပါ။ တွေ့သမျှလည်း ရေရွတ်ပြောဆိုသည်။ ခင်တုပ်တို့လှေကလေးအဝေးသို့ရောက်သည်တိုင်အောင်ဖိုးတောလေး၏အသံကိုကြားနေရပါသည်။ဝန်းကျင်တစ်ခုလုံးဆောင်းလေအေး မြူး၍ တဝေါဝေါတသည်းသည်း မြည်ကြွေးနေပါသည်။ နံနက်ခင်းအလင်းသစ်နေရောင်ခြည်ကတောအုပ်ပေါ်သို့ ဖြာကျလာပါသည်။ ကျေးငှက်အပေါင်းက တက်ကြွလန်းဆန်းစွာ အော်မြည်တေးဆိုနေကြပါသည်။ ချောင်းရေမှာ ညိုညစ်ညစ်နှင့် စီးဆင်းနေပါသည်။



ရှတ်တရက်ဗလနှင့်မဲလုံးတို့နှစ်ကောင်ကြားမှခင်တုပ်လက်ကောက်ဝတ်ခန့်ရှိသောမြွေနက်တစ်ကောင်ခုန်ထွက်၍ချုံနွယ်များမှတစ်ဆင့်အရောသောပါးပြေးရင်း မြေပေါ်ပြုတ်ကျသည်။ လျင်မြန်သောကျွဲသွားမသည် ထိုမြွေ၏လည်ကုတ်နောက်ပိုင်းကို ပြေးခဲ၍ ခါပစ်လိုက်သည်။

"ဝေါင်း - ဝေါင်း - ဝေါင်း - ဝေါင်း ဝေါင်း - ဝေါင်း"

ကျယ်လောင်စူးရှ၍ ဝမ်းခေါင်းခြစ်အော်သံတို့ကြောင့် ခင်တုပ်ခြေလှမ်းတုန့်ခန့်ရပ်သည်။ အသံလာရာဆီသို့လှုံ့သွား အသင့်ခင်းပြီးဖြစ်နေသည်၊ ထူးခြားသောသားကောင်ကိုခြေနင်းကိုင်း၏သံနန်းကြိုးကအကျအနမိထားပုံရသည်။ ရှတ်တရက် မမြင်မတွေ့ရသေးသဖြင့် သားကောင်အမျိုးအစားကို ခင်တုပ်မသိပါ။ အတွေ့အကြုံများများနှင့် လှေလာသင်ယူခဲ့ပါသော်လည်း ဤကဲ့သို့ သားကောင်မိပုံကို မကြုံခဲ့ဘူးပါ၊ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းသံနှင့်ဒေါသတကြီးဟိန်းဟောက် အော်သံမျိုးကိုလည်း မကြားဘူးခဲ့ပါ။

ခင်တုပ်၏ခြေနင်းကိုင်းသည်လက်မောင်းခန့်ပင်စည်တုတ်၍ မြင့်မားစွာရှည်လျားသော ကနစိုပင်ပေါက်ဖြစ်သည်။ အဖျားတွင် သံနန်းကြိုးကျော့ကွင်း တုပ်ချီလျက် မြေကြီးတွင်ထိုးစိုက်နိုက်သွင်းထားသော သစ်သားငုတ်ထစ်တွင် လျှာတံခြေနင်းခလုတ်ဆင်၍ ထောင်ထားခဲ့သည်၊ ဝက်ခြံပတ်ကျားခြေရာရှာရင်း အသစ်တွေ့သော ဝက်သွားလမ်းတွင် ထောင်ချောက်ခြေနင်းတိုင်အသစ်ကို လွှန်ခဲ့သောသုံးရက်ကသူမ စီမံခဲ့သည်။ အချိန်ကြာမြင့်စွာ ပြင်ဆင်လုပ်ကိုင်ခဲ့သည်။ ရေစပ်စပ်ရောက်သော ထိုနေရာတစ်ဝိုက်တွင် ကဏန်းကောင်ကြီးများ ချုံနွယ်၊ အမြစ်တို့ကြားတွင် ကျင်းဖွဲ့၍ နေကြသည်။ လက်တစ်ဝါးခန့်ကြီးသော ကဏန်းထီးကြီးနှစ်ကောင်သည် ငှက်ကြီးတောင်ပင်တို့အကြောင်း၊ လက်ညှပ်ကြီးတွေကိုယ်စီဖြင့် တစ်ကောင်နှင့်တစ်ကောင် တိုက်နိုက်ကြသည်၊ ခြေနင်းကိုင်း ထောင်ချောက်နေရာတကျဖြစ်အောင် အကြိမ်ကြိမ်ပြုပြင်တည်ဆောက်နေသော ခြေတစ်ဖက်ကကဏန်းတစ်ကောင်၏ဘေးသို့ နင်းလိုက်မိ၍ ကဏန်းထီးကြီးတဒေါသတကြီးခြေဖနောင့်ကိုညှပ်သည်။ သွေးပေါက်ပေါက်ကျသည်၊ စိတ်တိုသွားသော ခင်တုပ်သည်နာလွန်းသဖြင့် စုပ်သပ်ရင်း ထိုကဏန်းကို ဓားနှင့် ခုတ်သတ်ခဲ့ရသေးသည်။

"ဝေါင်း - ဝေါင်း - ဝေါင်း - ဝေါင်း ဝေါင်း - ဝေါင်း"

ပုဆိုးနှစ်ပတ်ကျော်စန့်ရှိမည်ဖြစ်သော သစ်ပင်ငုတ်တိုကြီးအတွင်းမှအော်နေခြင်းဖြစ်သည်၊ စောစောက တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်သည် သဲသဲရုတ်ရုတ်ဖြစ်သွားသည်၊

အညိုရောင် ဗလကြီးနှင့် အနက်ရောင်ဖြစ်သောမဲလုံးတို့နှစ်ကောင်သည် ကမ်းပေါ်ခုန်တက်သည်၊ အနံ့အသက်ကိုလေထဲတွင် မော့၍ရှူရှိုက် ပြီး ကနစိုခါးပေါင်ကြိုးငုတ်တို့ဆီ ပြေးသွားကြသည်၊ သုံးလံခန့်မြင့်သော ကနစိုငုတ်တိုကြီးကို သမှည့်ပင်၊ မျောက်ကြိမ်ပင်၊ ကြက်ရိုးပင်တို့ဝန်းရံရှုပ်ထွေးစွာပေါက်နေကြသည်၊ ခင်တုပ်ထောင်ထားသော ခြေနင်းကိုင်းနှင့်မနီးမဝေးတွင်ရှိသည်၊ လေးလံငါးလံမျှ ဝေးသည်၊ ထောင်ထားသော ကျော့ကွင်းခလုတ်ပြုတ်လျက် ရှိပါသည်၊ သံနန်းကြိုး ချည်ထားသော ကနစိုပင်[…]တ်မှာ ငိုက်ညွှတ်နေသည်၊ သံနန်း[…]တစ်ဖက်သည် ချုံနွယ်တို့အကြားမှ[…]စိုးအထက်ပိုင်းကြိုး၏ အခေါင်း[…]တွင်းရောက်နေသည်၊

"ဝေါင်း - ဝေါင်း - ဝေါင်း - ဝေါင်း [..]င်း - ဝေါင်း - ဝေါင်း - ဝေါင်း"

"ကိန် - အိုင် - အိုင်"

"တောက် - မဲလုံးအသံပဲ၊ ဘာ[…]ာင်နဲ့များ တွေ့ပါလိမ့်၊ ဒီကောင်က[…]တ်လည်တဲ့သတ္တဝါကောင်ပဲကွာ၊ [..]ကျွင်းမိထားပေမယ့် အမြင့်ပေါ်က[…]စ်ခေါင်းထဲ ဝင်နေတယ်၊ ဗလနဲ့ မဲလုံး[…]လည်း သစ်ပင်ချုံနွယ်တွေကြားထဲက[..]ယ်ကပ်ပြီး ရောက်အောင် တက်သွား[..]ယ်ကွာ"

လုံကိုအသင့်ကိုင်ရင်း ခင်တုပ်မော့[..]ည့်သည်၊ သူ့ပတ်ဝန်းကျင်တွင် ချုံပု[..]များနှင့် ငှက်ကြီးတောင်ပင်တို့သာ[..]သည်၊ ကြီးကြီးမားမားသစ်ပင်တို့ မရှိ[..]ခဲ့မှုကျိုးပြတ်ခဲ့သော သက်တမ်းရှည်[..]နစိုငုတ်တို သုံးလေးခုမျှ ရှိသည်၊

မဲလုံးနှင့် ဗလတို့က ကနစိုငုတ်တို[..]ဒေါ်နှတ်ခမ်းတစ်ဖက်ဆီတွင် ရောက်[..]ကြသည်၊ ခင်တုပ်အချစ်တော်ပုံ့လွှား[..]ည်ရှိ နီညိုရောင်ခွေးမလေးသည်[..]စိုငုတ်တို၏ပတ်ပတ်လည်တွင်မော့ကြည့်လှည့်ပတ်ရင်း အလှည့်ကျလျှင် သူထမ်းဆောင်ရမည့်တာဝန်ကို စောင့်နေပါသည်၊

"ဝေါင်း - ဝေါင်း - ဝေါင်း"

"ဝုတ် - ဝုတ် - ဝုတ်"

ခင်တုပ်မော့ကြည့်၍မြင်နေရသည်၊ တစ်ဖက်မှ ဗလက ကိုက်ဆွဲတော့မလို ထိုးဟောင်လိုက်လျှင် ကနစိုခေါင်းထဲမှ သတ္တဝါကလည်း ဒေါသတကြီး ဟိန်းဟောက်လျက် ကုတ်ဆွဲလိုက်သည်၊ ဗလက တိမ်းရှောင်လိုက်သည်၊ ထိုအချိန်တွင် တစ်ဖက်မှမဲလုံးသည် ကိုယ်တစ်ပိုင်းဝင်အောင် ငုံ၍ ကိုက်ဆွဲသည်၊ ထိုအချိန်ဝရုန်းသုန်းကားရုန်းကန်လျက် တွင်းခေါင်းမှ ဟိန်းဟောက်အော်ဟစ်သံနှင့်မဲလုံးဘက်လှည့်၍ကုတ်ဆွဲကိုက်ခဲဟန်တူသည်၊ မဲလုံးနောက်ဆုတ်ရှောင်ပေးသည်၊ ထိုအချိန်တွင်တစ်ဖက်မှဗလက အမိအရကိုက်ဆွဲ၍ခါသည်၊

"ဝေါင်း - ဝေါင်း - ဝေါင်း"

"ဝုတ် - ဝုတ် - ဝုတ်"

"ကိန် - ဂီး - ဂီး"

ရုန်းကန်အော်ဟစ်သံ၊ ထိခိုက်နာကျင်သံ၊ သတ္တိဖွဲ့နပဲနှင့် အလွတ်မပေးကိုက်ခဲသံတို့ဖြင့် သဲသဲရုတ်ရုတ်ဖြစ်နေသည်၊

www.burmeseclassic.com

ခင်တုပ် မကြုံတတ်အောင် ဖြစ်နေသည်၊ နီးရာသစ်ပင်ပေါ်တက်၍ အခြေအနေကြည့်ပြီး ခွေးတို့ကို ကူညီရမည်လား၊ သုံးလုံးမျှမြင့်သော ကနစိုင်တတ်ကိုပေါ်ကိုယင်းခွေးများနောက်မှလိုက်တတ်ရမည်လား၊ လှံကို အသင့်ကိုင်ပြီး မဝေခွဲနိုင်အောင် ဖြစ်နေသည်၊ ခွေးမလေးပျံလွှားသည်ခင်တုပ်အနီးမှမခွာဘဲဗလတို့အခြေအနေကိုမော့ကြည့်ရင်း လှည့်ပတ်နေသည်၊

ရုတ်တရက် ဗလနှင့် မဲလုံးတို့ နစ်ကောင်ကြားမှ ခင်တုပ်လက်ကောက်ဝတ်ခန့်ရှိသော မြွေနက်တစ်ကောင် ခုန်ထွက်၍ ချုံနွယ်များမှ တစ်ဆင့်ဒရောသောပါးပြေးရင်းမြေပေါ်ပြုတ်ကြသည်၊ လျင်မြန်သောပျံလွှားမသည် ထိုမြွေ၏လည်ကုတ်နောက်ပိုင်းကို ပြေးခဲ၍ခါပစ်လိုက်သည်၊ ဝေလထဲ မြောက်တက်၍ သစ်ပင်နှင့်ရိုက်မိသည်၊အရိုးအဆစ်များပြုတ်၍ မလှုပ်နိုင်သောမြွေကို ထပ်မံ၍ပျံလွှားမကကိုက်ဆွဲခါပစ်လိုက်၍မလှမ်းမကမ်း ကြက်ရိုးပင်ချုံထဲ ကျသွားတော့သည်၊

"ဝေါ-ဝေါ-ဝေါ"

ကနစိုပင်ထက်ပိုင်းကျိုး သစ်ခေါင်းအတွင်းမှ ဗလနှင့် မဲလုံးတို့က ဝိုင်း၍ကိုက်ခဲလုံးထွေးနေစဉ် အညိုရင့်ရောင်အမွေးနှင့်ကြီးမားလွန်းလှသောကြောင်ဖားကြီးတစ်ကောင်သည် သစ်ငုတ်ထိပ်ပေါ်မှ ချုံပုတ်ငယ်တစ်ခုပေါ် ခုန်ချသည်၊ ခင်တုပ် လှုပ်ရှားမှုက မြန်သည်၊ ချုံငယ်ပေါ်ထိုအမြီးတိုနှင့်ကြီးမားသောကြောင်ကြီးကျလျှင် ခင်တုပ်၏လှံသည် အရှိန်ပြင်းစွာပြေး၍လက်ပြင်မှဖောက်ဝင်ကာတစ်ဖက်နံဘေးအပြင်ကို လှံသွားထွက်ပြူသည်၊ ငယ်စဉ်ထဲက ဖခင် ဦးဘခက်သင်ကြားလေ့ကျင့်ပေးခဲ့သော လှံရေးအတတ်မှာ လျှပ်တစ်ပြက်စက်ကွင်းကိုထိမှန်အောင်ပစ်နည်းဖြစ်ပါသည်၊

လှံချက်ထိမှန်ပြီး ကျော့ကွင်းတုံ့ဆွဲရာသို့ ပါတော့မည့် ကြောင်ဖားကြီး၏လည်ကုပ်ကို ပျံလွှားမနောက်ဘက်မှအမိအရ ခဲထားပြီးဖြစ်သည်၊ ကြောင်ဖားကြီးက နာကျင်စွာ အော်ဟစ်ရင်းပျံလွှားမကိုလှည့်ပုတ်သည်၊ပျံလွှားမကိုမထိ၊ ကိုက်သည်၊ ကိုက်၍ မရနိုင်ပါ၊ မဲလုံးနှင့်ဗလတို့ကဝိုင်းဝန်းကိုက်ခဲလိုက်သဖြင့် လှံတန်းလန်းနှင့် ကြောင်ဖားကြီးသလေပြီ၊ လက်ပြင်နောက်မှ ကျော့ကွင်းမိထားသော မြီးတံတိုနှင့် ကြောင်ကြီးသည် နောက်ခြေနစ်ဖက် မြေနှင့် ထိရုံမျှထောက်၍ ထောင်ချောက်ကြိုးတွင် ကျော့ကွင်းတန်းလန်းနှင့်ငြိမ်သက်နေသည်၊ ခင်တုပ် အသံပြု၍ ဗလနှင့်မဲလုံးနောက်ဆုတ်သွားကြသည်၊ လှံစိုက်၍အမြီးတိုနှင့်ကြောင်ဖားကြီးကိုကျော့ကွင်းမှ ခင်တုပ် ဖြုတ်ယူလိုက်သည်၊ အလေးချိန်ဆယ့်ငါးပိဿာခန့်ရှိသောမကြုံဘူး၊မမြင်ဘူးအောင်ကြီးမားသောကျားပေါက်တစ်ကောင်ပမာဖြစ်သောကြောင်ဖားကြီး ဖြစ်ပါသည်၊

ချောင်းဖျားဆီမှ ဘုတ်ငှက်တို့ အီးကြားရသည်၊ ပတ်ဝန်းကျင်လည်းငြိမ်သက်တိတ်ဆိတ်သွားသည်၊ အံ့ဩဖွယ်ကောင်းလောက်အောင် ကြီးမားသောကြောင်ဖားကြီးကိုခင်တုပ်လေ့ပေါ်တင်၍ သယ်ခဲ့သည်၊ လှေမထွက်မီ ဗလနှင့်မဲလုံးတို့ ကိုယ်ပေါ်မှ ကြောင်ကြီးကုတ်ဖဲ့ခဲ့သောဒဏ်ရာတို့ကို ဆေးကြောသုတ်လိမ်း၍ ပတ်တီးစည်းပေးသည်၊

"မင်းတို့ကို အိမ်ကျမှ ဆေးလည်းထည့်ပေးမယ်၊ ဟင်းကောင်းနဲ့လည်းကျွေးမယ်၊ လေးငါးရက်လည်း တဲမှာနားကြပေါ့၊ မင်းတို့သတ္တိနဲ့ အမဲလိုက်ခွေးကောင်းတွေနဲ့စွန့်စားတဲ့အကြောင်းကိုမှဆိုးကိုအောင်သိန်းနဲ့ တခြားအစ်ကိုမှဆိုးအားလုံးအကြားသန်တယ်လို့ပြောကြပါစေ၊ မိန်းမမုဆိုး ခင်တုပ်က အကြိမ်ကြိမ်ဂုဏ်ယူပြီး ပြောလိုက်ဦးမယ်၊ ဒါရတဲ့ ဒီလိုသားကောင်မျိုး ဘယ်သူရဖူးလို့လဲ"

ခင်တုပ်ရင်ထဲမှာ ကြွေးကြော်နေသည်၊ သူ့လှေကလေးကိုရေအစုန်တွင်ကြုံး၍လှော်ခတ်နေပါသည်၊

လေတိုး၍ တဝေါဝေါမြည်ကြွေးသော တောအနံ့တွင် ငြိမ်းချမ်းသာယာစွာ ငှက်ကလေးများ တေးဆိုနေကြပါသည်၊

"ခတုပ် - ခတုပ် - ခတုပ်ရေ - အိုကြောင်ကြီးအမြီးတို - ကြောင်ကြီးအမြီးတို"

တဲဆိပ်သို့ လှေကပ်မိလျှင် လှောင်အိမ်ထဲမှ ကျေးကလေး ဖိုးတောက ဆီးကြိုနှုတ်ဆက်နေပါသည်၊

"ဒီလိုကြောင်ဖားကြီးမျိုးဒီတောထဲမှာ ဘယ်မုဆိုးမှ မရခဲ့ဘူးတာလဲ၊ ပုတ်တယ် - ကျုပ်တို့ညီမ မိန်းမမုဆိုးလက်



www.burmeseclassic.com

www.burmeseclassic.com

သင်ကလေးက လုံနဲ့ ပစ်ထိုးရခဲ့တယ် ဆိုတာလည်း မှန်တယ်၊ တစ်ခုရှိတာက ကျုပ်တို့တစ်သက်လုံး ထောင်ချောက်ဆင်ကြ၊ ရကြတာက သစ်ပင်အကိုင်းအခက်ပေါ် သစ်တုံးပေါ်မှာပဲ ကြောင်ဆိုတာမျိုးကို ရတတ်တာပေါ့ဗျာ"

"ဟုတ်တယ်ဗျ၊ အခု - ခင်တုပ်က ဝက်သွားလမ်းမြေပေါ်မှာ ကျော့ကွင်းကိုင်းထောင်ထားတာဗျ၊ ဒီကြောင်က သူ့ကိုယ်သူ ဝက်တစ်ကောင်လို စိတ်ရှုးပေါက်လို့ ဝက်သွားလမ်းဆင်းပြီး ဝက်ထောင်ချောက်ကျော့ကွင်း အမိခံရတာလား၊ အဲဒါကိုစဉ်းစားမရဘူးဗျ၊ ဒီကြောင်ကြီးဟာတောချောက်လို့လှည့်ဖြားခံရပြီး မြေပြင်ကို သစ်တုံးသစ်ကိုင်းလို့ အထင်မှားလေရော့သလားဗျာ"

မုဆိုး ဒီလုံး၊ ခေါင်းကြီး၊ ကြာပေါ်တို့မှာ ခင်တုပ် ကျွေးမွေးထားသော ထမင်းဝိုင်းတွင် တောကြောင်သားနှင့် စားသောက်ရင်း မုဆိုးကိုအောင်သိန်းကို အလယ်မှာထား၍ ဝြင်းခုံကြသည်၊

ခင်တုပ် ခပ်ထည့်ပေးသော ဟင်းတုံးကို ကိုက်၍ဝါးလိုက်ပြီး ကိုအောင်သိန်းသည် သူတို့ကိုကြည့်ပြီး ပြုံးလိုက်သည်၊

"ဆရာကြီးလုပ်တယ်လို့ မထင်ကြပါနဲ့ကွာ၊ ဖြစ်သမျှခင်တုပ်ပြောပြလို့နားထောင်ရတာနဲ့ မြေကြီးပေါ်က ထောင်ချောက်ကျော့ကွင်း အမိခံရတဲ့ ကြောင်ဖားကြီးမြီးတိုရဲ့အဖြစ်ကိုပါ သဘောပေါက်သလို၊ ခင်တုပ်လည်း သဘောပေါက်မှာပါ"

သူ့အပြောကြောင့် ခင်တုပ် ဆတ်ခနဲ မော့ကြည့်သည်၊ ကလေးငယ်လို တွေတွေလေးကြည့်ရင်း တစ်ပတ်လျှိုဆံထုံး၏ ကျနေသော ဆံမြိတ်ကလေးတွေ လှုပ်သွားအောင် ခေါင်းကလေးကို ခါသည်၊

"ကျွန်တော် မသိဘူးနော် - ဘုရားစူး၊ တကယ်မသိရိုးအမှန်ပါ - အစ်ကိုကြီးအောင်သိန်းရာ၊ ခါးပတ်ကျားခြေရာရှာရင်း လမ်းသစ်မှာ ထောင်မိတာပဲ သိတယ်"

"ငါအခုပြောရင် နင်အခုသိမယ်လေ၊ ပြစမ်းပါဦး - ခြေဖနောင့်ကို ကဏန်းအညှပ်ခံရတယ်ဆို"

"ဟုတ်ပါ့ဗျာ၊ ကန်တော့နော် အစ်ကိုကြီးအောင်သိန်း၊ ဒီခြေဖနောင့်ကိုညှပ်လိုက်တာသွေးပေါက်ပေါက်ကျတယ်၊ ကျွန်တော်လည်းဒေါသထွက်ပြီး အဲဒီဂဏန်းကိုသုံးပိုင်းဖြတ်အောင်စားနဲ့ ခုတ်ထားခဲ့တယ်၊ ကြောင်ကြီးမိတဲ့ အချိန်က အဲဒီကဏန်းပုပ်တဲ့အနံ့က ခေါင်းတောင်ကိုက်တယ်"

သူ့မအပြောကြောင့် ကိုအောင်သိန်း သဘောကျစွာရယ်သည်၊ ဒီလုံး၊ ခေါင်းကြီးနှင့် ကြာပေါ်တို့က တွေဝေစွာ ကြည့်နေကြသည်၊

"အဲဒီကဏန်းပုပ်တဲ့အနံ့ကို ကြောင်ကြိုက်တယ်လေ၊ ဂဏန်းအပုပ်ခံတဲ့အစာနဲ့ သစ်ပင်ကိုင်းအပေါ်မှာ ကျော့ကွင်းထောင်ချောက် ဆင်ပြီး ကြောင်ကိုထောင်ရတာပဲလေ၊ အမှတ်မဲ့ ခုတ်ထားခဲ့တဲ့ ဂဏန်းအသေကောင် အပုပ်အနံ့ကြောင့် သစ်ခေါင်းထဲက ထွက်လာတဲ့ကြောင်က ဆာဆာလောင်လောင်နဲ့ အနံ့ရတဲ့ဆီသွားတော့ ဝက်သွားလမ်းထောင်ချောက်နဲ့ အမိခံရတာပေါ့ဟဲ့၊ ဝက်ထောင်ချောက်အနီးအနားမှာ နောင်ကို ဒီလိုဂဏန်းအသေကောင်မျိုး မထားမိစေနဲ့ပေါ့ - ဟုတ်လား"

ကိုအောင်သိန်းစကားကို အားလုံးကသဘောကျထောက်ခံသည်၊ ခင်တုပ်မှာ ဆိုဖွယ်ရာမရှိ၊ သူ့လေးစားပြီးချစ်သော မုဆိုးကိုအောင်သိန်းကို ပို၍အားကိုးအထင်ကြီးနေပါသည်၊

"နောင်ကို သတိထားဖို့ ခင်တုပ် မမေ့အောင်မှတ်ထားပါ့မယ်ဗျာ"

လူတွေရှပ်၍ တသောသော တဟားဟား ပြောဆိုနေကြသမျှကို လှောင်အိမ်ထဲက ဖိုးတောလေးသည် သူ့ခေါင်းကိုငဲ့ကာစောင်းကာနှင့် တစ်ဦးစီ၏မျက်နှာကိုကြည့်ပြီး လှမ်းပြောလိုက်ပါသည်၊

"ခတုပ် - မှတ်ထား - ခတုပ် - မှတ်ထား - တကတဲ"

ဖျာပုံလှမိုးနွယ်

www.burmeseclassic.com

www.burmeseclassic.com



# နှစ်(၁၀)ခန့်က အောင်ပွဲအတွက်

လွန်ခဲ့သည့်
နှစ်ပေါင်းများစွာက
အတူတကွ အမဲလိုက်
ကြရာမှ သေနတ်ပစ်
ကောင်းသောမုဆိုးကို
ချီးကျူးဂုဏ်ပြုခြင်း
မပြုလိုက်ရသော်လည်း ..

**အချစ်ဆုံးကို** အကောင်းဆုံး ကျွေးချင်တယ်ဆိုရင် ...

လှိုင်းနု - ဒီစကားစုကလေးက အဓိပ္ပာယ်နှင့်မေတ္တာကို ဖော်ပြလျက်ရှိသည်၊ ဒီစိတ်ကူးလေးကို ဘယ်လိုခိုသည်တော့မသိ၊ သို့သော်ထိုစကားစုကလေးက ရှင်းလင်းရိုးသား ကိုယ်အချစ်ဆုံး သူ့အပေါ်မှာထားသည့် စိတ်ခံစားသိက်က ပေါ်လွင်လွန်းလှလေသည်၊ ကျွန်ုပ်က ထိုစကားစုကလေးကို နှစ်သက်တိုင်း သဘောကျခံစားမိပါသည်၊

ဒီစကားစုကလေး၏ပိုင်ရှင်က "လှိုင်းနု" ...၊ လှိုင်းနု၏ပိုင်ရှင်ကဦးမောင်မောင် လှိုင်းနုဆိုသည်က မိန်းကလေးမဟုတ်၊ အချစ်ကိုယ်စားပြုအမည်မဟုတ်၊ လူသားမိန်းမသားအားတင်စားသည့်အမည်မဟုတ်၊ အမှန်စင်စစ် Restaurentစားသောက်ဆိုင်တစ်ဆိုင်၏အမည်သာ ဖြစ်ချေသည်၊

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့မှ ရေဝတီမြစ်ဆိပ်ကျောက်မြောင်းမြို့သွား လမ်းနံဘေးမှ ရွှေဘိုမြို့အထွက် မီးရထားလမ်းအလွန် ကုန်းကြီးလမ်းအနီးတွင်ရှိသော စားသောက်ဆိုင်ကလေး၊ ဆိုင်ကလေးကတစ်ထပ်တိုက်ဖြစ်ပေမယ့် ဝင်းခြံက ကျယ်ကျယ်တွင် သွပ်မိုးတစ်ထပ်၊ တဲဝိုင်းကလေးများကို အဝိုင်းပုံ လေးထောင့်ပုံကလေးများ သီးခြားစီဆောက်လုပ်ထားပြီး အေးချမ်းစွာစားသောက်နိုင်သည့်အပြင် နိုင်ငံခြားယမကာအမျိုးမျိုးကိုလည်း တည်ခင်းရောင်းချသေးသည်၊

ဆိုင်အဝင်ဝတွင် အထက်ပါစကားစုကလေးကို ပင်လယ်ကမ်းခြေ လှိုင်းနုဖွေးဖွေးကလေး နောက်ခံပန်းချီကားပြာပြာပေါ်တွင် ရေးထိုးထားပြီး အစားအသောက်ကောင်းကောင်းကို ချည့်ခံမှုပုံသဏ္ဌာန်ကောင်းကောင်းဖြင့် ရောင်းချပြီး သပ်ရပ်သန့်ရှင်းနေပေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ရှင် ဦးမောင်မောင်မှာ အပြောအဆို အေးဆေးသကဲ့သို့ စိတ်ထားလည်း ကောင်းမွန်လေသည်။ စကားကို လိုအပ်မှသာ ပြောတတ်ပြီး သူတစ်ဖက်သား ပြောသည်ကို ဖြတ်ပြောခြင်း၊ ဝေဖန်ခြင်း၊ စကားထောက်ပေးခြင်းမရှိ၊ ပြောပါစေ Let him talk ပုံစံမျိုးဖြင့်သာ နေနေသည်မှာ သူ၏စတိုင်လ်ဟု ခေါ်ရပေမည်။

ဆိုင်ရှိ စားပွဲထိုးကလေးများကို ဖော်ရွေနှုတ်ချိုရင်းနှင့် စည်းဝတ်ကျေရန် ကိုယ်တိုင်လေ့ကျင့်သင်ကြားပေးထားသည်သာမက အကြော်အလှော်၊ အချက်အပြုတ်ကို လည်း အကြော်ဆရာနှင့် လွှဲမထား၊ ကိုယ်တိုင်ကြီးကြပ်သည့်အပြင် ကိုယ်တိုင်လည်း ကြော်လှော်ချက်ပြုတ်နိုင်၍ ကိုယ်တိုင်လည်း စည့်ခံတတ်လေရာ ဆိုင်၏ Joker ဟုခေါ်လျှင်လည်း မှားမည်မဟုတ်ပေ။

ထိုကဲ့သို့ လူမျိုးနှင့် ကျွန်ုပ် ၂၀၁၅ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် စတင်သိကျွမ်းရင်းနှီးရလေသည်။ ကျွန်ုပ်၏အစ်ကိုကြီးကဲ့သို့ ရင်းနှီးရသောသစ်တောမင်းကြီး (ငြိမ်း) ဦးစိန်ထွန်းက သူ၏မိတ်ဆွေများ၊ တောင်သူများ၊ ကျွန်ုပ်နှင့်ပူးပေါင်း၍ အစုအဖွဲ့ပိုင်သစ်တော (Community Forest) မျိုးထောင်မှုပြုလုပ်ရန်အတွက် ကန့်ဘလူမြို့နယ်၊ ရွှေဘို - မြစ်ကြီးနားကားလမ်းနံဘေးတွင် နေရာရွေးချယ်ဆောင်ရွက်သောအခါ ကျွန်ုပ်မှာ ဥပဒေအကြံပေးနှင့် ရုံးကိစ္စများကို စီမံဆောင်ရွက်ပေးရန် ပါသွားရာမှ ရွှေဘိုရှိ လှိုင်းနှစားသောက်ဆိုင်သို့ ခရီးတစ်ထောက်နားရင်း ရောက်ရှိသိကျွမ်းရခြင်းဖြစ်လေသည်။

ဦးမောင်မောင်နှင့် ဦးစိန်ထွန်းမှာ ယခင်ကပင် ရင်းနှီးပြီးသားဖြစ်၍ ကျွန်ုပ်နှင့် ဦးစိန်ထွန်းရောက်သွားသောအခါ ဦးစိန်ထွန်း၏ မိတ်ဆက်ပေးမှုက သူနှင့်ကျွန်ုပ် ရင်းနှီးသွားစေလေသည်။

လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ကွင်းဆင်းသည့် နှစ်ခေါက်သုံးခေါက်တွင်တော့သာမန်ဝင်ရောက်စားသောက်ရုံသာဖြစ်သော်လည်း စတုတ္ထအခေါက်တွင်လုပ်ငန်းနှင့်ပတ်သက်၍မေးလာရာ ဦးစိန်ထွန်းနှင့် ကျွန်ုပ်က ရှင်းပြရ၏။

Community Forest တည်ထောင်ခြင်းမှာ ပြုန်းတီးလာသောသစ်တောဧရိယာပိုင်မြေများတွင်ဝင်ရောက်နေသော တောင်သူများကို စည်းရုံး၍ သစ်တောစိုက်ခင်း ပြန်လည်ထူထောင်ရန်ဖြစ်၏။ ထူထောင်နေစဉ် တောင်သူများ ...းတောင်ယာစိုက်နိုင်ပြီးစီမံကိန်းဝင် ...တောသစ်ပင်များကို ကျွန်ုပ်တို့က ...ဆောင်အရင်းအနှီးစိုက်ထုတ်စိုက်ပျိုး ...ည်၊ တောင်သူများက ယာလုပ်ရင်း ...တောသစ်ပင်များကိုပြုစုထိန်းသိမ်း ...ရမည်ဖြစ်ကာ သစ်တောဖြစ်ထွန်း၊ ...လှဲမှုရှိပါက တောင်သူများပါ အချိုး ...စားရမည်ဖြစ်သည်။ ခွင့်ပြုချက်ကို ...လစီနှင့်အညီ ခရိုင်သစ်တောဦးစီး ...ရှိထံ မြို့နယ်မှတစ်ဆင့် တင်ပြရပြီး ...င်းဆင်းအတည်ပြုကာ အထက်သို့ ...လက်တင်ပြခွင့်ပြုချက်ရယူ၍လုပ် ...းဖြစ်၏။

စိုက်သည့်သစ်ပင်၏အချိန်ကာလ ...ိုက်၍အရင်းအနှီးကိုဦးဆောင်အဖွဲ့ ...တ်ထုတ်လုပ်ကိုင်ရခြင်းဖြစ်ပြီး အပင် ...ထွန်းခုတ်လှဲမည့် (၈)နှစ်၊ (၁၀)နှစ်၊ ...)နှစ် စသည့်ကြာသောအခါ အကျိုး ...ြတ်ခွဲဝေခံစားရမည်ဖြစ်ရာ သစ်တော ...ထပ်မံပေါ်ပေါက်လာမည်ဖြစ်ပြီး ...ာဝပတ်ဝန်းစိမ်းလန်းစိုပြေရေး၊ ဇန် ...ိမ်အာနိသင်တို့ကို ထိန်းသိမ်းပေး ...ည့်အပြင် ထိုပေါ်လစီအောင်မြင်ပါ ...ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ...ဆောင်ချက် အမြင်မှားများကို ပယ်ဖျောက်ထိရောက်သည်။ လှုပ်ရှားမှုဖြစ်ကြောင်း ထင်သာ မြင်သာလာနိုင်ပေသည်။ ထိုအမြင်ကိုသစ်တောဦးစီးဌာနမှ ချမှတ်ဆောင်ရွက်လေရာ ဌာနကိုသံယောဇဉ်ရှိသောအငြိမ်းစားသစ်တောမင်းကြီးဦးစိန်ထွန်းကတစ်တပ်တစ်အားပါဝင်ဆောင်ရွက်ခြင်းဖြစ်၏။ လိုအပ်သည့် ဥပဒေရေးရာအကြံဉာဏ်များကို ကျွန်ုပ်အားတောင်းလေရာ ကျွန်ုပ်ကိုယ်တိုင်ကလည်း သစ်တောထိန်းသိမ်းရေးသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဝါသနာပါသဖြင့်တစ်တပ်တစ်အားပါဝင်သွားရင်းမှ ဦးမောင်မောင်နှင့် သိကျွမ်းရင်းနှီးရခြင်းဖြစ်လေရာ သူ၏ပေါင်းသင်းဆက်ဆံရေးနှင့် သူ့ဆိုင်မှစကားစုကလေးကို အားကျအမှတ်ရနေမိ၏။

စတုတ္ထအခေါက်တွင် လုပ်ငန်းနှင့်ပတ်သက်၍ သူ့အား ကျွန်ုပ်နှင့် ဦးစိန်ထွန်းက ရှင်းပြသောအခါ သူကိုယ်တိုင်လည်း ရှယ်ယာပါဝင်လုပ်လိုကြောင်း ကမ်းလှမ်းလာ၏။ ကျွန်ုပ်နှင့်ဦးစိန်ထွန်းက သဘောတူသဖြင့် သစ်တောထူထောင်ရေးမှတ်ပုံတင်ရာတွင် သူ့အားထည့်သွင်းလက်ခံမိတော့သည်။ ထို့နောက်ပိုင်းကွင်းဆင်းရာတွင်သူပါဝင်



www.burmeseclassic.com

www.burmeseclassic.com

လာသည့်အပြင် သူကဲ့သို့စိတ်ဝင်စားသူ ရွှေဘိုသားမျိုးလှိုင်ညိမ်းဆိုသည့်လူငယ်တစ်ဦးပါ ပါဝင်လာခဲ့ပေသည်။

တိုက်ဆိုင်စွာပင် သူတို့နှစ်ဦးစလုံးမှာတောပစ်၊အမဲပစ်ဝါသနာပါကြသူများ သိလာရလေသည်။ထို့ကြောင့်တစ်ခေါက်တွင် သူ့ဆိုင်၌စကားစပ်မိကြရင်း –

ဦးမောင်မောင်၊ ။ "အရင် တု န်း က သေနတ်တွေကို လိုင်စင်နဲ့ ကိုင်ရတော့ ကျွန်တော်တို့ တစ်ခါတလေ ကန့်ဘလူဘက်က ယမနေ၊ ငှက်ပျောတိုင်းရွာတွေဘက်ကို တောပစ်သွားကြတယ်၊ အဲဒီတုန်းက သစ်တောတွေကလဲကောင်း၊ သားကောင်တွေကလည်း ပေါတော့ တောပစ်ရတာ ပျော်တယ်ဗျာ၊ ကျွန်တော်တို့အဖွဲ့ထဲမှ ဌာနဆိုင်ရာတွေက ဝါသနာပါတဲ့သူတွေလည်းပါကြတာကိုး"

ကျွန်ုပ် ။ ။ "ရွှေဘိုဌာနဆိုင်ရာက ဘယ်သူတွေပါတာလဲဗျာ"

မောင်မောင် ။ ။ "စက်မှုလယ်ယာ ဦးစီး ဦးသန်းဆွေ၊ ဆည်မြောင်းက AE အင်ဂျင်နီယာ၊ ဦးကျော်ဇံဟိန်းတို့ပေါ့ဗျာ၊ အဲဒီတုန်းက ရှိုင်ရဲမင်းကြီးကိုယ်တိုင်ကလည်း ဝါသနာပါသေးတယ်၊ ဒီတော့ - ကျွန်တော်တို့က အဖွဲ့တောင့်တယ်၊ တောပစ်ရင်းလည်း ဓားပြလည်ဖမ်းတယ်"

ကျွန်ုပ် ။ ။ "တခြားအရပ်ထဲက ဘယ်သူတွေပါသေးသလဲ"

မောင်မောင် ။ ။ "ကို ကျော် ဦး တို့ မောင်းတက်ရွာက တောင်သူ ဦးအေး မောင်တို့တစ်တွေ ပါလာတယ်"

ကျွန်ုပ် ။ ။ "ဟုတ်လား - အဲဒီ သူတွေအားလုံးကို ကျွန်တော်သိတယ်"

မောင်မောင် ။ ။ "ဟုတ်ကဲ့ - သိနိုင်ပါတယ်၊ အဲဒီတုန်းကရန်ကုန်ကဝါသနာရှင်ဌာနဆိုင်ရာမှူးတွေ၊ ရှေ့နေတွေလည်းတစ်ခါတလေလာတတ်ကြသည်။ ကျွန်တော်တို့ ဆုံဖူးတယ်"

ဦးစိန်ထွန်း ။ ။ "ဟုတ်လား - ဘယ်ဌာနတွေကလဲ"

မောင်မောင် ။ ။ "လယ်ယာနဲ့ ဆည်မြောင်းဝန်ကြီးဌာနက အရာရှိကြီးတွေ ပြည်ထဲရေးဌာနက အရာရှိကြီးတွေပါတယ်၊ ဒါပေမဲ့ - လူကြီးတွေရဲ့နာမည်တွေကိုတော့ မမှတ်မိဘူး၊ အဲဒီတုန်းက ကျွန်တော်က ဌာနဆိုင်ရာကခေါ်လို့ လိုက်ရတာဆိုတော့ လူကြီးတွေနဲ့ မရင်းနှီးဘူး၊ သူတို့အတွက် လိုအပ်တာ ဖြည့်ဆည်းပေးရတာလေ"

ကျွန်ုပ် ။ ။ "ဟုတ်ကဲ့ - ကျွန် ...်လည်း ခင်ဗျားတို့ ပြောတဲ့ ယမနေ ...်ပျောတိုင်း၊ ခအုန်းသာ၊ စံပယ်နှံသာ၊ ...ဆိပ်ဆိုတဲ့ရွာတွေကိုရောက်ပြီးတော ...ဖူးတယ်"

...င်မောင် ။ ။ "ဘယ်တုန်းလောက် ...လဲ - ဆရာ"

...နုပ် ။ ။ "လွန်ခဲ့တဲ့နှစ်ပေါင်း ...)လောက်ကပါဗျာ"

...န်ထွန်း ။ ။ "အစ်ကိုကြီး..... ...တိုင်းတိုင်းညွှန်မှူးဖြစ်တုန်းက လာ ...တို့ ပြောတာလား"

...နုပ် ။ ။ "မဟုတ်ဘူးအစ်ကို ...။ အဲဒီထက်စောတယ်၊ ကျွန်တော် ...ခဲ့တာက လယ်ယာနဲ့ ဆည်မြောင်း ...ကြီးဌာနက ငွေစာရင်း GM ဦးမင်း ...အောင်၊ စီမံ GM ဦးတင်မောင်၊ တိုင်းမန် ...ဂျာ၊ ဦးလွန်းတို့တစ်တွေနဲ့ လာခဲ့တာ ...ကြီးဆိုတဲ့ရွာမှတည်းပြီး တောပစ်ကြ ...ာ"

...င်မောင် ။ ။ "ဘယ်သူ့အိမ်မှာ ...ည်းတာလဲဗျာ"

...နုပ် ။ ။ "နှစ်တွေကလည်း ...ကြာတော့ မမှတ်မိတော့ပါဘူးဗျာ၊ ...ည်တွေ ဘာတွေကိုတော့ ..."

မောင် ။ ။ "ကျွန် တော် တို့လည်း လူကြီးတွေနဲ့ အဲဒီကိုသွားဖူးတယ်"

ကျွန်ုပ် ။ ။ "ဟုတ်လား - ဘယ်တုန်းကလောက်လဲ"

မောင် ။ ။ "လွန်ခဲ့တဲ့နှစ်(၃၀) လောက်ကပေါ့ဗျာ၊ ရန်ကုန်က လူကြီးတွေ ကားနှစ်စီးနဲ့ လာကြတာ ကျွန်တော်တို့ ရွှေဘိုကလူတွေက ဘိုကုန်း၊ ဘိုတဲမှ ညှော်ခံပေးရတယ်၊ ပြီးတော့ - တောပစ်လည်း လိုက်ခဲ့ကြရတယ်"

ကျွန်ုပ် ။ ။ "အေးဗျာ - အဲဒီတုန်းက အကြောင်းကလေးကို ခင်ဗျားပြန်ပြောပြနိုင်ရင် ပြောပြပါလား" ကျွန်ုပ်က တောင်းဆိုရာ၏။

မောင် ။ ။ "ပြောပြနိုင်ပါတယ်ဗျာ၊ အဲဒီခရီးမှာ အမှတ်ရစရာလေးတွေ တောင်ရှိခဲ့တာပါ၊ ကျွန်တော်အဲဒီလူကြီးတွေနဲ့ အဲဒီတစ်ခါပဲလိုက်ပြီး လိုအပ်တာတွေဖြည့်ဆည်းရင်း သူတို့ကိုလိုက်စောင့်ရှောက်ပေးခဲ့ရတာ

ဟုဆိုကာ ပြောပြလေ၏။ သူပြောရာတွင် အမှတ်ထင်ထင်ရှိရမည့် အကြောင်းအရာများ ရှိလေရာ ထိုအထဲတွင် အရာရှိကြီး(၃)ဦး အရေးရှိလတ်၊

www.burmeseclassic.com

ယ်များ(၃-၄)ဦးပါရှိကြောင်း၊ ထိုအထဲတွင် ရှေ့ခနေတစ်ဦးလည်းပါကြောင်း၊ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်ခေါင်းတုံးနှင့်ဖြစ်ကြောင်း၊ ထိုရှေ့ခနေနှင့်သူမှာ မသိကျွမ်းသော်လည်း ကံစပ်ကြောင်း၊ ထိုရှေ့ခနေ ရိုးမြှင့်ခဲ့သည့်လက်ဆောင်ကို ပင် ရလိုက်သေးကြောင်း ပြောပြလေ၏။

ကျွန်ုပ်မှာ သူ့စကားများကို နားထောင်ရင်းမှ တဖြည်းဖြည်းပြုံး၍သာ နားထောင်နေ၏။ သူကတော့ ထိုစဉ်က အဖြစ်အပျက်များကို အသေးစိတ်ပြောပြနေလေရာ သူ ပြောသည့် အချက်အလက်များကို သိသလို ရှိ၍လာလေ၏။

ထိုစဉ် အဖြစ်အပျက်များ ခရေစေ့တွင်းကျပြောပြပြီးသောအခါနောက်ဆုံးတွင် "အဲဒီတုန်းကဗျာ သူပစ်လိုက်တဲ့ သားကောင်ကိုဒက်ရာနဲ့အပြေးမှာကျွန်တော် ပစ်လိုက်တာ၊ ကျွမ်းထိုးမှောက်ခုံ ကို လဲကျသွားတော့တာပဲ၊ အဲ-သားကောင်လဲပြီး လူတွေလည်းလာရော အဲဒီရှေ့ခနေကဗျာ"

"ဟာ-ဒီလူတယ်တော်တဲ့သေနတ်သမားပဲ၊ ဒါလောက်-ချုံကြားမှာ ဖြတ်ပြေးတဲ့အကောင်ကိုထိပြီး လဲအောင်ပစ်နိုင်တာ ကျွန်တော့်ထက် အများကြီးတော်တယ်လို့ချီးကျူးပြီး သူဝတ်ထားတဲ့ ဆပ်ဖာရီကုတ်ထဲက သကြားလုံးထုပ်ကို ထုတ်ပြီး ကျွန်တော့်ကို ချီးမြှင့်တော့တာပါပဲ"

"ဟား-ဟား-ဟား-ဟား"

သူ့စကားအဆုံးတွင် ကျွန်တော်က အော်ရယ်လိုက်တာ နံမှ မတ်တတ်ရပ်၍ သူ့လက်အားဖမ်းဆုပ်လက်ဆွဲနှုတ်ဆက်လိုက်သောအခါ ဦးစိန်ထွန်းမှာ အံ့အားသင့်သည့်မျက်နှာဖြင့် ကြည့်၍နေလေ၏။

ကျွန်ုပ်က အားရပါးရနှုတ်ဆက်ရင်း "ဦးမောင်မောင် ခင်ဗျား ကျွန်တော့်ကို သေသေချာချာ ကြည့်စမ်းပါ၊ အဲဒီတုန်းက ရှေ့နေက ကျွန်တော်နဲ့ မတူဘူးလား"

ကျွန်ုပ်စကားကြောင့် သူမှာ ကြောင်တောင်တောင်ဖြစ်သွားကာ-

"မတူဘူးဗျာ-အဲဒီရှေ့ခနေက ခပ်ပိန်ပိန်သေးသေး၊ အသားဖြူဖြူမျက်လုံးမျက်ခုံးကောင်းပြီး ခေါင်းတုံးနဲ့ဗျာ၊ ခင်ဗျားလို ဝဝခန့်ခန့်မဟုတ်ဘူး"

"ဟား-ဟား-ဟား-ဘယ်တူပါ့မလဲဗျာ၊ ကျွန်တော်ဟုတ်ချင်မှဟုတ်မှာကိုး၊ ဒါပေမဲ့-အဲဒီတုန်းက ခင်ဗျားတို့အကြောင်းကိုကျွန်တော်ကောင်းကောင်းသိခဲ့တယ်၊ ခင်ဗျား-အခုပြောပြတာထက် ကျွန်တော်ပိုပြီးပြည့်ပြည့်စုံစုံ ပြောနိုင်တယ်"

"ဘယ်လိုကြောင့်လဲ"

"ကျွန်တော်ကတယ်လီပသီခေါ်တဲ့ အကြားအမြင် ရထားတာကိုး"

"ဟား-ဟား-ဟား-ဟား" ဟု ကျွန်ုပ်က ခပ်ရွှင်ရွှင်ပြောမိရာ-

"ဒါဆိုရင်-ပြောပြပါလားဗျာ"

"ပြောပြပါမယ်-ပြောပါမယ်၊ ခင်ဗျားသေသေချာချာနားထောင်၊ ဘာတစ်ခုမှ ဝင်မထောက်နဲ့-ဟုတ်လား" ဟုဆိုကာ ပြောပြရလေ၏။

ကျွန်ုပ်ပြောပြခဲ့သည့်ဇာတ်လမ်းကို ဤဝတ္ထုအဖြစ် ပြန်လည်ရေးသားလိုက်ရပါသည်။

◦○◦

လွန်ခဲ့သည့်နှစ်ပေါင်း (၃၀)ခန့်က ဖြစ်လေသည်။ နွေရာသီမတ်လ၏တစ်နေ့၌ ကျွန်ုပ်ထံသို့ မိတ်ဆွေဖြစ်သူ အန်တယ်လ် ဦးတင်မောင် GM လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတစ်ဆင့် သတင်းရောက်လာ၏။ အန်တယ်လ်လည်း ဦးတင်မောင်နှင့်အတူ ငွေစာရင်း GMဦးမင်းအောင်၊ မုဒုံမှမြို့ကပ (မြို့နယ်မန်နေဂျာ)၊ ဦးမင်းအောင်၏တူ ဦးသန်းမြင့်၊ ဦးလွန်း(တိုင်းမန်နေဂျာတို့) အထက်မြန်မာပြည် ရွှေဘိုမှတစ်ဆင့် မုံရွာဘက်တို့သို့ပါငွေစာရင်းစစ်ဆေးရန် ခရီးထွက်မည်ဖြစ်ကြောင်း တောပစ်ဝါသနာပါသူများချည်းဖြစ်၍ လိုက်ခဲ့စေလိုကြောင်း၊ ရက်သတ္တတစ်ပတ်မျှ ကြာမည်ဖြစ်ကြောင်းသတင်း ဖြစ်လေ၏။

ထိုအချိန်တွင် ကျွန်ုပ်မှာ ရန်ကင်း ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၌ ဒုလ္လဘ ရဟန်းဝတ်လျက်ရှိလေ၏၊ ထိုအခါသွားမည့်ရက်ကိုမေးရာ ကျွန်ုပ်လိုက်မည်ဆိုပါက ရဟန်းဝတ်မှထွက်လျှင် သွားရန်စီစဉ်မည်ဟု ပြောလာ၏၊ ဤစကားအရ ကျွန်ုပ်ကိုမဖြစ်မနေလိုက်စေချင်ကြောင်း သိရသဖြင့် ကျွန်ုပ်ကလည်း ရဟန်းထွက်မည့်ရက်ကိုပြောလိုက်လေရာ ရဟန်းထွက်ပြီး နောက်နေ့တွင်သွားရန် စီစဉ်မည်ဟု ပြောလေ၏၊ ကျွန်ုပ်မှာ ထိုပုဂ္ဂိုလ်ကြီးများနှင့် သွားရမည့်ခရီးအတွက် ကြိုတင်ပြင်ဆင်ရန်ပင် မရှိပေ၊ သို့သော် ကိစ္စမရှိ၊ လူကြီးများ သူတို့သာသာ အစီအစဉ်ရေးဆွဲမည်ဖြစ်လေရာ ပူပင်စရာမလို၊ အိတ်နှင့်သေနတ်ပွဲတာ သူတို့ခေါ်ရာသို့ လိုက်ရန်သာ ဖြစ်ပေ





www.burmeseclassic.com

www.burmeseclassic.com

သည်၊ သို့နှင့် ထိုခရီးကို လိုက်ဖြစ်ခဲ့လေသည်၊

ခရီးထွက်သည့်နေ့တွင် ဦးလွန်းတစ်ယောက် သာမပါပဲ ကျန်လူများ အတော်စုံလင်လေ၏၊ ဗင်ကားတစ်စီး လင့်ရိုဗာတစ်စီး ပေါင်း(၂)စီးတို့ဖြင့် ရန်ကုန် - မန္တလေးလမ်းအတိုင်း ထွက်ခဲ့ကြ၏၊ ဦးလွန်းမှာ မန္တလေးမှ စတင်၍ လိုက်မည်ဟု သိရလေသည်၊ လမ်းတွင် ညောင်လေးပင်မြို့၌သာ ခေတ္တနားပြီး နောက်မန္တလေးအထိဆက်လက်မောင်း ခဲ့ကြပြီး မန္တလေးတွင် ဦးလွန်း စီစဉ်ထားသည့် ဆည်မြောင်းဗိုလ်တဲတွင် တည်းခိုရ၏၊ နောက်တစ်နေ့နံနက်တွင် မြောက်ပြင်ရှိဦးလွန်းအိမ်သို့ရောက်ကာ ဦးလွန်းအားခေါ်ပြီးနောက် စစ်ကိုင်းသို့ မောင်းတာ စစ်ကိုင်းတိုင်းရုံးတွင် နေ့လယ်စာ ဝင်စားခဲ့၏၊ ရွှေဘိုသို့ ထိုနေ့ညနေ(၃) နာရီခန့်ရောက်သောအခါ ဘိုကုန်းရှိ ဘိုတဲတွင် စောင့်နေကြသူများနှင့်တွေ့ရ၏၊ ရွှေဘိုရဲမင်းကြီးမှာ ခရီးထွက်သွား၍ မတွေ့ရသော်လည်း ဦးသန်းဆွေ၊ ဦးကျော်စံဟိန်းတို့နှင့် အပြင်တောမောင်း အဖွဲ့ခေါင်းဆောင်လုပ်မည့်ဦးအေးမောင် နှင့်ပါ သိကျွမ်းရလေသည်၊

ကျွန်ပ်တို့အား ညနေစာကျွေးပြီး နောက် ရဲမင်းကြီးက စီစဉ်ပေးခဲ့သည်ဟု သိရသော လိုင်စင်သေနတ်များကို အစည်းလိုက်ထမ်းလာသောသူတစ်ဦး အားတွေ့ရ၏၊ ထိုသူမှာအသားညိုသော် လည်း ခပ်ပြုံးပြုံးဖြစ်ကာ အသက်(၂၀) ကျော် (၃၀)တွင်း ရှိပေမည်၊ ရန်ကုန်မှ ထွက်ခါနီးတွင်ကျွန်ပ်၏လိုင်စင်သေနတ် များ ယူလာဖို့မလိုကြောင်း ရွှေဘိုတွင် လိုင်စင်သေနတ်များရှိကြောင်းစီစဉ်ပေး မည်ဖြစ်ကြောင်း ပြောလာသည်ဟု သိရ သဖြင့် ကျွန်ပ်၏သေနတ်ကိုပင် မယူခဲ့ တော့၊

"တဲ - ဆရာတို့ - ကိုယ်ကြိုက်တဲ့ သေနတ်ကို ရွေးကြပါ" ဟု ဦးကျော်ဖံ ဟိန်းနှင့်ဦးသန်းရွှေက ဆိုလေရာ လူကြီး (၂)ဦးပါ အသီးသီးထ၍ ရွေးကြလေ၏၊ ကျွန်ပ်ကမူ ထိုသေနတ်(၁၀)လက်ခန့် အနက် ကျွန်ပ် သေနတ်နှင့် ကမ္ဘာကျော် သော Spring Field အမေရိကန်လုပ် သေနတ်ကို ရွေးယူ၏၊ ထိုအခါ ဦးမင်း အောင်က ကိုကျော်ဖံဟိန်း ခင်ဗျား ပွိုင့် (၃၀ - ၃၀)ရိုင်ဖယ်တော့ ပါမယ်မဟုတ် လား"

"ဟုတ်ကဲ့ပါ - ပါမယ် - ဆရာ"

"အေးဗျာ - အဲဒီသေနတ်ကပေါ့ပေါ့ ပါးနဲ့ဟိုကျရင်ကျွန်တော်ပစ်ကြည့်ချင် တယ်"

"ရပါတယ် - ဆရာ၊ ဆရာ - ဟိုကျ ရင် အဲဒီသေနတ်ကိုင်ပါ၊ ကျွန်တော် နှစ်လုံးပြူးနဲ့ပဲ ပစ်ပါမယ်"

"အေးပါဗျာ"

စားသောက်ပြီးနောက် ကျွန်ပ်တို့ သည်မဟာဗျူဟာလမ်းအတိုင်းမြောက် ဘက်သို့ထွက်ကြရာ ကျွန်ပ်တို့ကား(၂) စီးအပြင် ဟီးနိုး TE.II တစ်စီးဖြင့် လူ ငှားများတင်ကာ နောက်မှလိုက်၍လာ ကြလေသည်၊

ရွှေဘိုမြို့မှထွက်ပြီး မိုင်(၄၀)ချ မောင်းပြီးသောအခါ "ပေကြီး" ဆိုသည့် ရွာကို ရောက်လေရာ ထိုရွာရှိ ပြည်သူ့ ဆောင်စီဥက္ကဋ္ဌအိမ်တွင်တည်းခိုကြရ၏၊ ဥက္ကဋ္ဌအိမ်မှာ အနည်းငယ် ကျယ်ဝန်း သဖြင့်တည်းခိုရန်ကြိုတင်စီစဉ်ထားလေ ရာအစစအရာရာအဆင်ပြေလေသည်၊ ရောက်လျှင်ရောက် ချင်းပင် ဦးအေး မောင်က အစီအစဉ်ကို ပြောပြ၏၊

"ဆရာကြီးတို့၊ ဒီညတောလည်နိုင် ကြမယ်ဆိုရင် ကျွန်တော်တို့ ဒီလိုစီစဉ် ထားပါတယ်၊ မြေမွန်စိုက်ခင်း(ထိုစဉ်က ပြောင်းဖူးစိုက်ခင်း)အတွင်းမှာ လယ်ထွန် စက်တစ်စီးနဲ့ ကားလမ်းပေါ်မှာ လင့်ရိုဗာ တစ်စီး TE တစ်စီးနှင့် ရှေ့နောက်မောင်း ပြီး လမ်းနံ့ဘေးတောတွေကို မီးထိုးပစ် ကြပါမယ်၊ ဆရာကြီးတို့ထဲက ဘယ်သူ တွေ ပစ်ကြမလဲ သိပါရစေ"

ထိုအခါ ဦးမင်းမောင်က -

"ခင်ဗျားတို့ မြေမွန်စိုက်ခင်းထဲမှာ အမဲပေါတယ်လို့ နာမည်ကြီးတယ်၊ ဒီတော့ - အဲဒီမှာ လယ်ထွန်စက်နဲ့ လည် မယ်ဆိုရင် ကျွန်တော်နဲ့ ဦးသန်းမြင့်နဲ့ လိုက်မယ်၊ လင့်ရိုဗာနဲ့ကတော့ ကိုဝိုးနဲ့ ဦးလွန်းနဲ့လည်ပေါ့၊ ကိုကျော်ဖံဟိန်းအာ တော့ ခင်ဗျားတို့ အဖွဲ့နဲ့ TE နဲ့လည်ရင် ကောင်းမယ်၊ ဦးတင်မောင်တတော့ ဘယ်အဖွဲ့နဲ့ လိုက်ချင်သလဲ မသိဘူး"

ဦးတင်မောင်မှာ သူ၏ဆေးတံကို ပါးစပ်တွင် ခဲလျက်က -

"ကျွန်တော်က အသက်ကြီးပြီဗျာ၊ ခရီးလည်းပန်းလာတယ်၊ ဒီအိမ်မှာပဲ နား နေမယ်၊ မနက်မှ ခင်ဗျားတို့ပစ်လာမယ့် သားကောင်တွေကို ချက်ပြုတ်ကြော် လှော်စားတော့မယ်"

၎င်းအစီအစဉ်အတိုင်းပင် ဆက် လက် ဆောင်ရွက်ကြ၏၊ ကျွန်ပ်နှင့် ဦးလွန်းအတွက် စီစဉ်ရာတွင် ကျွန်ပ်တို့ အတွက် ဆလိုက် (Search Light) မီး

www.burmeseclassic.com

လိုနေလေရာ ရွှေဘိုတုန်းက သေနတ်များ သယ်လာသော လူညီညိုက ဆရာတို့ မပူနဲ့၊ ကျွန်တော် ဆလိုက်လုပ်ပေးမည်ဟုဆိုကာ TE.IIမှရှေ့မီးကြီးတစ်လုံးကိုသွား၍ ဖြုတ်ယူကာ လင့်ရှိတကားမှ ဘက်ထရီအိုးဖြင့် ချိတ်ဆက်ပေး၏။ သို့သော်ကိုင်စရာကိုင်းမပါသဖြင့်ပုဆိုးတစ်ထည်တို့ လက်စုလုပ်ကာ ကိုင်ရလေသည်။ မီးမှာ ကြာကြာထွန်းသောအခါ ပူလာသောကြောင့်ဖြစ်၏။ ထိုအခါ ထိုသူကပင် -

"ကျွန်တော်ဆရာတို့ကားနဲ့ပဲလိုက်ပြီးမီးရှာပေးပါမယ်" ဆိုလေရာ ကျွန်ုပ်တို့တလည်း သဘောတူ၍ သူ့အား ခေါ်လာခဲ့လေသည်။

ရွာမှ မြောက်ဘက်သို့ ကားလမ်းအတိုင်း မောင်းခဲ့ရာတွင် နံဘေးတောများကို TE မီးဖြင့် သားကောင်ရှာခဲ့၏။ ထိုမီးမှ Spot Lightမဟုတ်သောကြောင့် ခပ်ပြန့်ပြန့်ကြီးဖြစ်လေ၏။ သို့သော် လမိုက်ည(၁၀)နာရီခန့်အချိန်ကကောင်းကင်တွင် ကြယ်ရောင်အနည်းငယ်ရှိသည်မှအပင်မှောင်မိုက်မည်း၍နေလေရာ မီးက လမ်းနံဘေးတောများသို့ လင်းလင်းချင်းချင်းပင် မြင်ရလေသည်။

ကျွန်ုပ်မှာ ကားမောင်းသူနံဘေးမှာ ထိုင်ရင်း ထိုသူမီးထိုးပုံကို ကြည့်ရှုသဘောကျနေမိ၏။

မကြာပါချေ၊ လမ်း၏လက်ယာဘက်တောချုံများအကြားမှ စိမ်းဝင်းသောမျက်လုံးနှစ်စုံကို တွေ့ကြရ၏။ မျက်လုံးတစ်လုံးနှင့်တစ်လုံး (၃)လက်မ (၄)လက်မသာကွာသည်ကိုကြည့်ရခြင်းအားဖြင့် ချေဖိုမတစ်စုံဖြစ်ကြောင်း သိရ၏။ ချုံအတွင်းမှမို့ ခန္ဓာကိုယ်ကိုတော့ မမြင်ရပေ။ မီးရှာသူကထိုမျက်လုံးများ၏ ရှေ့ဘက်သို့မီးစိုက်ထိုးပေးထားရာ မျက်လုံးများကို ခပ်ရဲရဲ တွေ့နေရ၏။ အကွာအဝေးမှာ ကိုက် (၆၀)ခန့်ထက် မပိုပေ။ ဦးလွန်းမှာ နှစ်လုံးပြူးကို ထိုးချိန်လိုက်သည်ကိုတွေ့ရပြီးနောက် (၃-၄)စက္ကန့်မျှအတွင်းတွင် -

"ဒိုင်း"

"ဒိုင်း"

"ဖြန်း - ဖြန်း - ဖြန်း"

"ဂီး - ဂီး"

"ထိတယ် - ဆရာ - လဲသွားပြီ"

သေနတ်သံနှစ်ချက်အဆုံးတွင် ချုံနှင့်သားကောင်၏ ခန္ဓာကိုယ်ထိခတ်သံ ကြားရပြီးနောက် အသက်ထွက်လုနီးသားကောင်၏လည်ချောင်းသံ "ဂီး - ဂီး" ကိုလည်းကြားရလေရာ သူပြောသည်မှာ မှန်သည်ဟု ဆုံးဖြတ်ပြီး ကျွန်ုပ်က ကားပေါ်မှ အရင် ဆင်းလိုက်၏။

ထို့နောက် လက်ထဲမှ သုံးတောင့်ထိုးဓာတ်ခဲသုံးဓာတ်မီးကို ဝဲလက်ဖြင့် ကိုင်ကာ ပခုံးပေါ်တွင် သေနတ်ကိုထမ်းကာ သားကောင်ရှိရာ ချုံတောသို့ ဝင်ခဲ့လေရာ ချေဖိုတစ်ကောင်မှာ အသက်ငင်နေသည်ကို တွေ့ရသဖြင့် ကားပေါ်သို့ သယ်ရန် လူလှမ်းခေါ်ရလေသည်။ ထို့နောက် ချေဖိုကို ကားပေါ်တင်ပြီးသောအခါ ကျွန်ုပ်က -

"ဦးလွန်းတစ်ကောင်တည်းကို နှစ်ချက်ပစ်လိုက်တာလား"

"မဟုတ်ဘူး - ကိုစိုး၊ နှစ်ကောင်ကို နှစ်ချက်ပစ်တာ"

"ဟုတ်လား"

ကျွန်ုပ်က သားကောင်လဲရာဘက်သို့ အလျင်အမြန်ပင် ပြန်သွားကာ ဒုတိယတစ်ကောင်ခြေရာကိုကြည့်ရပြန်၏။ ထိုခြေရာမှာ စုန်၍ထွက်သွားသောခြေရာကို တွေ့ရလေရာ အကောင်ကို မမှန်ကြောင်း သိရသဖြင့် ကားဆီသို့ပြန်လာကာ ကားကို ဆက်၍မောင်းခဲ့လေသည်။

ထိုညက နောက်ထပ်ယုန်နှစ်ကောင်၊ ကြောင်ဖားကြီးတစ်ကောင်တို့ကို ရရှိခဲ့ပြီး နောက်နံနက် (၂)နာရီခန့်တွင် ပေကြီးသို့ပြန်ကာ အိပ်ကြလေသည်။ ကျွန်ုပ်တို့ ပြန်ရောက်သည့်အချိန်တွင် ကျန်နှစ်ဖွဲ့မှာ ပြန်မရောက်ကြသေးပေ၊ ထိုနေ့က ခရီးပန်းခဲ့ခြင်း၊ အိပ်ရေးပျက်ခြင်းကြောင့် ကျွန်ုပ်မှာ အိပ်ရာခင်းပြီး လှဲလိုက်ရာ မကြာမီပင် အိပ်ပျော်သွားခဲ့လေသည်။

၁၀၀

"ကဲ - ဆရာကြီးတို့ ဒီနေ့နေ့လယ်ထမင်းစားပြီးရင် အုန်းတောရွာဘက်ကို သွားပြီး တောမောင်းဖို့ စီစဉ်ထားတယ်။ ဆရာကြီးတို့ထဲက လိုက်မယ့်သူတွေ ပြင်ပြီး နောက်ကကားနဲ့ လိုက်ခဲ့ပါ၊ ကျွန်တော်ကတော့ တောမောင်းသမားတွေ စုထားဖို့ အုန်းတောရွာကို သွားနှင့်မယ်၊ ထမင်းစားပြီးမှ ဆရာဦးသန်းဆွေတို့ ဆရာဦးကျော်ဖုဟိန်းတို့နှင့် အတူလာခဲ့ကြပါ"

နောက်နေ့နေ့လယ်တွင် ဦးအေးမောင်က စီစဉ်ပြီးနောက် TE ကားဖြင့် အရင်ထွက်သွားလေ၏။ ကျွန်ုပ်တို့အား အိမ်ရှင်ကနေ့လယ်စာကိုပြင်ပေးလေရာ





www.burmeseclassic.com

www.burmeseclassic.com

ဘီယာ အနည်းငယ်စီ သောက်ကြပြီးနောက် ထမင်းစားကြလေ၏။ ညက ဦးမင်းအောင်နှင့် ဦးသန်းမြင့်အဖွဲ့က ဆတ်ဖိုတစ်ကောင်၊ ဦးကျော်ဖံဟိန်းအဖွဲ့က ချေတစ်ကောင် ထပ်ရခဲ့ကြသေးရာ အဖွဲ့ဝင်အတွက် ရိက္ခာစိုများ ပြည့်စုံ၍သွားခဲ့သဖြင့် ညက ပစ်ခဲ့ရပုံများကိုပြောရင်း စားသောက်ကြလေရာ မမေ့နိုင်သော နေ့လယ်စာဖြစ်ခဲ့ပေသည်၊ ထိုအချိန်တွင် ညက ပစ်ခဲ့သည့် နစ်လုံးပြူးတူညီခွဲများကို အသားညီညီလှူကပင် တောင်းခံကာ သူပါလာသည့်ပစ္စည်းများဖြင့်ကုန်းပြန်(ယမ်းတောင့်ပြန်လုပ်ခြင်း) ယမ်းတောင့်ကိုအိမ်ကပြင်တွင်ပြန်လုပ်နေသည်ကို တွေ့ရပေသည်၊ ထိုသူမှာ မည်သူဟူ၍တော့ တိတိကျကျမသိခဲ့ပါ။

ထမင်းစားပြီးနေ့လယ်(၁)နာရီခန့်တွင် ကားနစ်စီးဖြင့် သုံးမိုင်မျှဝေးရာ အနန်းတောရွာသို့ထွက်ခဲ့ကြရာ ဦးအေးမောင်မှာ ထိုရွာမှ ကောင်စီဥက္ကဋ္ဌအိမ်မှ စောင့်နေသည်ကို တွေ့ရ၏၊ ခြေတံရှည်အိမ်အောက်ကွပ်ပျစ်တွင် လူ(၁၀)ယောက်မျှကိုလည်း စား၊ တုတ်ကိုယ်စီဖြင့် ထိုင်စောင့်နေသည်ကိုတွေ့ရ၏၊ သူတို့၏နံဘေးတွင်ကြံသကာစည်ပိုင်းပြတ်များကိုလည်း အလုံးသုံးလေးဆယ်မျှ တွေ့ရ၏။

ဦးအေးမောင်မိတ်ဆက်ပေးသဖြင့် ဥက္ကဋ္ဌနှင့် သိရှိပြီး ဓား၊ တုတ်တို့ဖြင့် ထိုင်နေသူများမှာ ရွာမှ တောလိုက်ဝါသနာပါသော တောခြောက်သမားများဖြစ်ကြကြောင်း သိရပေသည်။

တောမောင်းရန် စီစဉ်သည့်နေရာမှာ ရွာ၏အနောက်ဘက်တွင်ဟု သိရပြီး ရေနွေးကြမ်းစေတ္တသောက်ကာ တောမောင်းရာသို့ ထွက်ခဲ့ကြ၏၊ သေနတ်သမားများမှာ ကျွန်ုပ်၊ ဦးမင်းအောင်၊ ဦးတင်မောင်၊ ဦးလွန်း၊ ဦးသန်းမြင့်၊ ဦးကျော်ဖံဟိန်း၊ ဦးသန်းဆွေနှင့် ရွှေဘိုမှ ပါလာသည့် လူညီညီတို့ဖြစ်လေသည်၊ ဦးအေးမောင်ကမူ တောခြောက်သမားများကို ဦးဆောင်၍ တောမောင်းပေးသည်။

ရွာ၏အနောက် ဘက် တောမှာ သန်း၊ ဒဟတ်၊ ထနောင်း၊ သျှား စသည့် အပင်ငယ်များသာ ပေါက်သော်လည်း ချောက်ကမ်းပါးနှင့် ကျောက်ကုန်းများ ချုံကြားများရှိလေရာ သားကောင်ပျော်မည့်တောဟု ထင်ရသည်။

သေနတ်သမားများနေရာယူသောအခါဦးမင်းအောင်မှာမြောက်ဘက်ထိပ်...းမှဖြစ်ပြီး အတွင်းမှ ကျွန်ုပ်၊ ဦးကျော်ဖံ...ိန်းနှင့် ကျန်လူများက အစဉ်အတိုင်း ...ရာယူလေ၏၊ သေနတ်သမားများက ...ဘက်မှ တောင်မြောက်နေရာယူပြီး ...သောအခါ အနောက်ဘက်မိုင်ဝက်မျှ ...ကွာမှတောမောင်းသမားများ၏အသံ ...ွက်၍ လာလေ၏။

"ဟေး - ဟေး - ဟေး"

"ဟေးဝါး - ဟေးဝါး - ဟေးဝါး"

"ထွက်ဟေ့ - ထွက်ဟ"

"တောက် - တောက်"

"ဒေါင် - ဒေါင်"

"ခွပ် - ခွပ်"

အော်သူက အော်၊ သစ်ပင်ကို ရိုက်...သူက ရိုက်၊ ဝါးကိုတုတ်ဖြင့် ခေါက်သူက ...ခေါက်ဖြင့် တောမောင်းပေပြီ။

"ထွက်ဟ - ထွက်ဟေ့"

"လာပြီဟေ့ - လာပြီ - မြောက် ...ဘက်ယွန်းယွန်းကို သုံးကောင်တောင် ...ဟေ့၊ အော်သံများ ကြားရသောအခါ ...ကျွန်ုပ်က နစ်လုံးပြူး၏လုံခြုံရေးခလုတ် ...ဆုဖ်ကိုရှေ့သို့တွန်းတင်လိုက်ကာ ပခုံး...တွင် ထောက်ထားလိုက်၏၊ သူတို့အော် ...သည့်မြောက်ဘက်သို့ကြည့်လိုက်သော ...အခါ ရှပ်ရာမှ တောကျဲရာသို့ ထွက်လာ ...သော ဆတ်တစ်ကောင်၊ ထို့နောက်မှ ...ချေနှစ်ကောင်သို့သော်ကျွန်ုပ်နှင့်အလှမ်းဝေးပြီး ဦးမင်းအောင်နှင့် သေနတ်စည်းအပြင်သို့ ဦးတည်ပြေးလွှားနေသည်ကို တွေ့လိုက်စဉ်မှာပင် -

"ဒိုင်း ..."

"ချောက် - ချောက်"

"ဒိုင်း"

"ချောက် - ချောက်"

"ဒိုင်း ..."

ပို့ဂ့်(၃၀ - ၃၀) ရိုင်ဖယ်သံက ဆတ်၍ထွက်လာ၏၊ ထိုသေနတ်မှာ အောက်မောင်းကွင်းမှ မောင်းပြန်တင်ရသော (Lever Action) သေနတ်ဖြစ်လေရာ မောင်းပြန်တင်တိုင်း "ချောက် - ချောက်" ဟုမြည်လေ၏။

သေနတ်သံများထွက်ပေါ်လာသော်လည်း သားကောင်များမှာ ဆက်လက်ပြေးလွှား၍ ပျောက်ကွယ်သွားခဲ့လေသည်တကား။

၊ဝ၊

"ကဲ - အမောပြေ ရေသောက်ရင်းနားရအောင်" ဦးကျော်ဖံဟိန်းက တောခြောက်များက သေနတ်စည်းရောက်လာသောအခါ နှီးဆော်သဖြင့် အရိပ်ရှာကာ နားကြ၏၊ မတ်လကုန်ပိုင်း အညာနေ့၏ မဟာနေက သေပေတော့ဟု အညှာအတာမရှိ ပူပြင်းလိုက်သည်ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီး - ဘယ်လိုဖြစ်သွားတာလဲ"

ဦးသန်းဆွေက မေးလာသောအခါ ဦးမင်းအောင်က -

"အေးဗျာ - ပစ်တော့ပစ်တာပဲ၊ ပြေးနေတာရယ်၊ ဝေးနေတာရယ်ကြောင့် လွဲသွားတာ၊ သေနတ်က ကောင်းပါတယ်၊ လူက မကောင်းတာပါ" ဟု ဝန်ခံလေ၏၊ ထိုအခါ ဦးအေးမောင်က -

"သေနတ်သမားဆိုတာ လွဲတတ်တာပါပဲ - ဆရာကြီးရာ၊ ကဲ - နားပြီးရင် နောက်တစ်စီး ခြောက်ရအောင်"

"ဘယ်ဘက်မှာ ခြောက်မှာလဲ"

"အနောက်ဘက်ကိုယာခင်းကျော်ပြီး သွားခြောက်ရမှာ"

"ကဲ - သွားကြစို့"

နေမှာ ပူလှသဖြင့် ကျွန်ုပ်ကတော့ ဆောင်းဦးထုပ်ကိုခပ်စိုက်စိုက်ဆောင်း၍ ထားကာ ခပ်ဖြည်းဖြည်းလိုက်ခဲ့၏၊ တောကြားလမ်းမှို့ရှေ့နောက်တန်းစီ၍သွားကြလေရာ လူတန်းရှည်ရှည်ဖြစ်၍နေ၏၊ ထိုအချိန်တွင် အသံချဲ့စက်တစ်ခုမှ ရုတ်တရက် တောင်ဘက်မှ ဖွင့်လိုက်သည့် အသံ ကြားရ၏၊

"ကျောင်းဖွင့်ချိန် × × × စိန်ပန်းတွေ လဲမြေမှာကြဲပြန့်နေ × × × ကံကော်ပန်း

ကျွန်ုပ်၏ချိုးကျူးစကားကို အားလုံးတလည်းသဘောကျနေကြ၏။ ကျွန်ုပ် ပထမ ပစ်လိုက်သည့်ပစ်ချက်မှာ အလှမ်းအနည်းငယ်ဝေးသဖြင့် ခဲသီးက အောက်ကျသွားကာ ဆတ်၏ယာလက်ကို ကျိုးစေခဲ့ပါသည်။ သူ၏ ဒုတိယပွဲသိမ်းပစ်ချက်မှာ ဆတ်၏လည်တိုင်ရင်းကို မှန်လေရာ ထိုဆတ်မှာ ဇီဝိန်ကြွေခံရရှာလေတော့၏။



နှင့်အတူသူနှဲ့တွေ့ရာမြေ × × × တတ္တ ...လ် (သို့) မြကျွန်းသာအင်းလျားကန် ...မြေ"

ချစ်ရက်ရှည်ရှည် အင်းလျားမြေ ...ချင်းဖြစ်၏၊

ကျွန်ုပ်က နားစိုက်ထောင်ရင်း ...နတ်ကိုယာပခုံးပေါ်တွင် ထပ်လျက် ...က်လာ၊ ဒင်အသေးပိုင်းပေါ်ရှိလုံခြုံ ...လုတ်ကိုမှ လက်မဖြင့် နောက်သို့ ...တာ ပိတ်ထားရင်းဖြစ်သည်၊

အသံချဲ့စက်က ဘယ်ရွာမှ မသိ၊ ...င်ဖွင့်လိုက်လေရာ -

"ဖြန်း - ဝုန်း - ဝုန်း"

တောကြားမှ သားကောင်တစ် ...ောင်ထပ်၍ ပြေးလိုက်သံကို ကြားရ ...-

"ဟာ - ဆတ်ဖော့ - ဆတ်ဖော့၊ ...ပြီ - ပြေးပြီ" ဆိုသည့် ရှေ့မှ ခြောက် ...သော တောမောင်းသမားများက ဓား၊ ...တ်များကို သားကောင်ဆီသို့ ညွှန်ပြ ...ဒေါ်လိုက်၏၊

ကျွန်ုပ် သူတို့ပြရာဘက်သို့ ကြည့် ...ိုက်ရာ ဆတ်ရူးတစ်ကောင်မှာ ကျွန်ုပ် ...တ် ခပ်စောင်းစောင်းတွင် ပြေးနေ ...ည်ကို တွေ့ရပြီး အကွာအဝေးရောက် ...င်သည့်အနေအထားတွင်ရှိလေရာ မည်သည့်သေနတ်သမားများမှ မလှုပ်ရှားနိုင်မီမှာပင် ကျွန်ုပ်က သေနတ်ကို ပခုံးတွင်ထောက်ကာ လျှပ်တစ်ပြက် ပစ်ချက်ဖြင့် ထိုးပစ်လိုက်မိပြီး

"ဒိုင်း ..."

သေနတ်သံမဆုံးမီ ဆတ်မှာရှေ့သို့ ဒူးထောက်လဲသွားသည်ကို တွေ့ရပြီး နောက် တစ်ဖန်ထ၍ ထော့ကျိုး ထော့ကျိုးပြေးကာ အင်တိုင်းတောအတွင်း ပြေးဝင်ခဲ့တော့၏၊

"ဟာ - ထိတယ် - ထိတယ် - ရှေ့ပိုင်းကိုထိတာ၊ လက်ကျိုးတယ်ထင်တယ်၊ ဘယ်သူပစ်လိုက်တာလဲ"

ဦးမင်းအောင်က ပြောရင်း လှည့်ကြည့်လိုက်ရာ ကျွန်ုပ်သေနတ်ပြန်ရုတ်သည်ကို တွေ့ရသဖြင့် -

"ကိုစိုးပစ်တာ ထိတယ်၊ ထိတယ်၊ အဲဒီတောကိုဝင်သွားတာ၊ လာကြ၊ လာကြ အဲဒီတောကိုဝင်ပြီး ခြောက်လိုက်ရအောင် ..."

ဦးမင်းအောင်၏ နှိုးဆော်ချက်ကြောင့် အားလုံးစီစဉ်ကြပြီး ဆက်ဝင်သွားရာ တော၏ တောင်ဘက်တွင် သေနတ်သမားများကိုနေရာချပြီးတော ခြောက်သမားများက မြောက်ဘက်မှ ပတ်ဝိုင်းကာတောခြောက်ရလေသည်၊





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ သားကောင်ထွက်နိုင်သည့် တော၏အလယ်မှ နေရာယူပြီး ကျန်လူများက ကျွန်ုပ်၏ဝဲယာတွင်ကိုက် (၃၀)မျှစီခွာ၍ နေရာယူလေ၏၊ (၁၅) မိနစ်ခန့်သာ ကြာသည်၊

"ဟေး - ဟေး - ဟေး"

"ထွက်ဟေ့ - ထွက်ဟေ့"

"တောက် - တောက်"

"ဒုတ် - ဒုတ် - ဒုတ်"

တောမောင်းသံက ပြိုင်ဆိုင်စွာ ထွက်ပေါ်လာပြီးနောက် မကြာမီမှာပင် -

"ဒိုင်း ..."

သေနတ်သံ တိုတိုပြတ်ပြတ်က ကျွန်ုပ်၏ယာဘက်အစွန်မှထွက်ပေါ်လာပြီးနောက် -

"လာဟေ့ - လာကြ - လဲပြီ - လဲပြီ တွ"

ဝမ်းသာစွာအော်လိုက်သံကိုကြားရလေ၏၊ ထို့ကြောင့် ကျွန်ုပ်ရော အဖွဲ့ဝင်များ တောခြောက်သမားများပါ အသံကြားရာဆီသို့ လူများစုပြုံသွားရောက်လိုက်သောအခါ လူညီညီကို နစ်လုံးပြူးသေနတ်ကိုင်ရင်း လဲနေသည့်ဆတ်၏နံဘေးတွင် စပ်ပြုံးပြုံးလုပ်နေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က -

"ဟ - တယ်တော်တဲ့ လူပါလား၊ ခန်းကမထွက်ခင်ကယမ်းတောင့်လုပ်တာလဲ ခင်ဗျားပဲမဟုတ်လား၊ ခုလည်း ကျုပ်ပစ်ထားတဲ့အကောင်ကို လစ်စသိမ်းပစ်နိုင်တယ်၊ ခင်ဗျားမှဆိုးသေနတ်သမားကောင်းတစ်ယောက်ပါပဲဗျာ"

ကျွန်ုပ်၏ ချီးကျူးစကားကိုအားလုံးကလည်း သဘောကျနေကြ၏၊ ကျွန်ုပ် ပထမပစ်လိုက်သည့်ပစ်ချက်မှာအလှမ်းအနည်းငယ်ဝေးသဖြင့် ခဲသီးကအောက်ကျသွားကာ ဆတ်၏ယာလက်ကို ကျိုးစေခဲ့ပါသည်၊ သူ၏ ဒုတိယ ပွဲသိမ်းပစ်ချက်မှာ ဆတ်၏ လည်တိုင်ရင်းကို မှန်လေရာ ထိုဆတ်မှာ ဇီဝိန်ကြွေခံရရှာလေတော့၏၊

"ကဲ - ဒီလောက်တော်တဲ့ လူ ဗျာ၊ ရော့ - ခင်ဗျားအတွက်ဆု" ဟုဆိုကာ ကျွန်ုပ်၏ ဆာဖရီကုတ်အစိမ်းအတွင်းမှ ယိုးဒယားသကြားလုံးထုပ်နှင့် ခါးမှခါးပတ်တွင် ချိတ်ထားသောရေဘူးကို ဖြုတ်ကာ ကိုလူညီညီအား ပေးလိုက်လေရာ -

"ကျေးဇူးတင်ပါတယ် - ဆရာ" ဟုပြောရင်း လက်ခံလိုက်ပြီးနောက် သကြားလုံးထုပ်ကိုဖောက်၊ သူ့အဖွဲ့သားများအား တစ်လုံးစီ ဝေပေးနေသည်ကို ကြည့်ရင်း ကျွန်ုပ်တို့မှာ များစွာအားရကျေနပ်ဖြစ်ခဲ့ရပါသည်၊

ကျွန်ုပ်နှင့် သူပစ်ခဲ့သော ဆတ်စွဲတစ်ကောင်မှာ အသားချိန် (၃၅)ပိဿာမျှထွက်သည့်ဆတ်ဖိုတစ်ကောင်ဖြစ်နေခဲ့ပါတော့သည်၊

၀ဝ၀

ဖာတ်လမ်းပြီးသွားသောအခါ ဦးမောင်မောင်က "အော် - အဲဒီတုန်းက ကျွန်တော့်ကို ဆုချခဲ့တာ ဆရာစိုးကိုး၊ ဒါပေမဲ့ - အဲဒီ့တုန်းကနဲ့ အခု ဆရာက လုံးဝမတူတော့ဘူး၊ ဒါကြောင့် - ကျွန်တော် မမှတ်မိတာ ခွင့်လွှတ်ပါဗျာ" ဟု ပြောရှာ၏၊

ထိုအခါ ဦးစိန်ထွန်းက "ဘယ်တူပါ့တော့မလဲဗျာ၊ အခု သူက ကုမ္ပဏီများ ဥပဒေ အကြံပေးလုပ်နေပြီး ဟိုတုန်းက လို ဝတ်လုံပေါက်စကလေးမဟုတ်တော့ဘူး၊ တရားလွှတ်တော်ချုပ်ရှေ့နေကြီးလည်းဖြစ်နေပြီ" ဟု ဝင်၍ရှင်းပြ၏၊ ထိုအခါ ကျွန်ုပ်က -

"ဒါတွေထားလိုက်ပါတော့၊ အခု နှစ် (၃၀) လောက်ကြာမှ ပြန်တွေ့ရတဲ့ မိတ်ဟောင်းဆွေဟောင်းဆိုတော့ ကျွန်တော် သူ့ကို လုပ်ပေးဖို့ ကျန်သေးတယ် အစ်ကိုကြီးရ"

"ဘာများလဲ - ညီလေး"

"အဲဒီ့တုန်းက သူ့ကို ကျွန်တော် သကြားလုံးနဲ့ ရေဘူးဆုချခဲ့ပေမယ့် ကျွန်တော် သူ့ကို ဂုဏ်ပြုလက်ဆွဲနှုတ်ဆက်တာ လုပ်ခဲ့သလား၊ မလုပ်ခဲ့သလား မသေချာဘူး၊ ကဲ - ဒီတော့ - ဒီတစ်ခါ အကြွေးမထားတော့ပါဘူးဗျား" ဟုပြောပြီး -

"ဦးမောင်မောင် - ခင်ဗျားကို လေးစားစွာ ဂုဏ်ပြုပါတယ်ဗျာ ဟုဆိုကာ ကျွန်ုပ် ထိုင်နေရာခုံမှထကာ သူထိုင်နေရာသို့သွားပြီး ဖက်လှဲတကင်း လက်တို့ဆွဲကာ အားပါးတရနှုတ်ဆက်မိပါတော့သည်၊

နှုတ်ဆက်ပြီးသောအခါ သူကဝင် Black Label စတော့ဝီစကီသုံးခွက်တို့ အညီအမျှငှဲ့ကာ တစ်ခွက်စီပေးရင်း -

"ကဲ - လွန်ခဲ့တဲ့နှစ် (၃၀) လောက်က အတူတွဲပြီး ပစ်ခတ်အောင်ပွဲခံခဲ့တဲ့ အတွက်ဟုဆိုကာဖန်ခွက်ချင်းတိုက်ကြပြီးနောက် တစ်ငုံစီ သောက်လိုက်ကြပါတော့သည်၊

ဤအဖြစ်အပျက်ကလေးသည် ကျွန်ုပ်အတွက် နှစ် (၃၀) လောက်ကြာမှ ဂုဏ်ပြု လက်ဆွဲနှုတ်ဆွဲခဲ့ရခြင်းမဟုတ်ပါလား၊

ကျော်စိုးမိုး



www.burmeseclassic.com

www.burmeseclassic.com

# မြဝတီ



ကြောက်ခမန်းလိလိ
လူသားစားမိကျောင်းကြီး
များအား သက်စွန့်ဆံဖျား
ပစ်ခတ်ဖမ်းဆီးပုံကို
ဖတ်ရှုရပါမည့် ..

**ကျောက်ဆောင်** များသည် ဘင်လယ်ပြင်အတွင်းဝယ် အစွယ်ဖေါဖေါ ဆန့်ဟုန်မူးမူးဖြင့် ဘီလူးများသဖွယ် ထင်မှတ်ရ၏။

လှေသမ္ဗန်သင်္ဘော်များဖြင့် သွားလာသူတိုင်းက ယင်းကျောက်ဆောင်များအား "ဘီလူးပါးစပ်" များအဖြစ် အမည်ပေးထားကြလေသည်။

မှန်သည်။

လှေ၊ သမ္ဗန်၊ သင်္ဘော်များအတွက် အန္တရာယ်ကောင်း ကျောက်ဆောင်များပင် မဟုတ်ပါလား။

ဖြန်း-ဖြန်း-ဖြန်း။

ပင်လယ်လှိုင်းတံပိုးများက ကျောက်ဆောင်နက်ကြီးများအား အင်အားအပြည့်ဖြင့် ရိုက်ခတ်လိုက်သည်။

သို့သော် လှိုင်းတံပိုးများမှာ အစိပ်စိပ်ပြိုကွဲကာသွားရ၏။ ဖြူဖွေးသောပုလဲစက်ကလေးများသဖွယ်မျက်ရည်ပေါက်ကြီးငယ်အသွယ်သွယ်နှင့် ဖြစ်ကြရ၏။

ကျောက်ဆောင် ကျောက်ဘီလူးများသည်လည်း ကြာသော် ကွဲပျက်လာရ၏၊ မျက်နှာပြင်တို့သည် ကျောက်ပေါက်ခွက်များကဲ့သို့ "ခုပ်ကွင်း" ဖြစ်လာရသည်။

"ခုပ်ကွင်း" ဆိုသည်မှာ ရေတိုက်စားဖန်များသောကြောင့် ကျောက်ထရံကျောက်ဆောင်ကြီးများပင်လိုက်ခေါင်း ဖြစ်သွားခြင်းကို ဆိုလိုပါသည်။

ကျွန်ုပ်သည် မော်တင်စွန်း (နဂရေအငူ) မှတစ်ဆင့် ဆီးချိုင်ရွာကလေးသို့ မှဆိုးကြီး ဦးဖဝေးနှင့် ရောက်ရှိနေပြီး နံနက်စောစော အကျော်ကြီးကျောက်ဆောင်တန်းသို့ ရောက်လာခဲ့ခြင်းဖြစ်၏။

ထိုဆီးချိုင်ရွာမှ မြွေတောင်ဘုရားသည် ထင်ရှားကာ မြတ်မော်တင်ဘုရားဖူးသူတိုင်း မြွေတောင်ဘုရားသို့ ရောက်ရှိကြသည်က များပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ယခုကဲ့သို့ရောက်လာခြင်းမှာဟိုင်းကြီးကျွန်းနှင့် ခမောက်မော် စသည့် ရေလုပ်သားများကိုဒုက္ခပေးနေသည့်ခေါင်းဖြူခေါင်းမည်းဖေါ် မိကျောင်းနှစ်ကောင်အား လိုက်ရန်အတွက် လာခဲ့ခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့နှင့်အတူ ခမောက်မော်ရွာသားမိကျောင်းလိုက် တံငါမုဆိုးစောသာဝ၊ စောပေါလောတို့လည်း ပါရှိလာကြသည်။

သူတို့ကားမိကျောင်းထိုး "သလွတ်" သို့မဟုတ် "သဒွတ်" ခေါ် မိကျောင်းထိုးမှိန်းကြီး ပါရှိလာလေသည်။

မိကျောင်းညီနောင်နှစ်ကောင်သည်ဟိုင်းကြီးကျွန်းမှရေလုပ်သားတစ်ဦးနှင့် ဆီးချိုင်၊ ခမောက်မော်ရွာမှကျောက်ပန်းခုနေသော အမျိုးသမီးနှစ်ဦးအားဆွဲ၍ယူသွားရာ မည်သို့မျှ အစအနပင် မရတော့ပါချေ။

လွန်ခဲ့သောနှစ်ရက်က ဆီးချိုင်ရွာသား စံရွှေ၏ဇနီး မိလုံးအား ခေါင်းဖြူခေါင်းမည်း ဆွဲသွားသဖြင့် လူစု၍လိုက်ကြရာအကျော်ကြီးကျောက်ဆောင်တစ်ဆောင်တွင် မိလုံးအလောင်းအား စားသောက်နေသော မိကျောင်းနှစ်ကောင်အား တွေ့သဖြင့် လူအုပ်စုကာ လေှများဖြင့် ညှပ်ကာ ခြောက်လှန့်လိုက်ရာ ခြေတစ်ဖက် လက်တစ်ဖက်မပါသော မိလုံးအလောင်းကို ပြန်လည်ရလိုက်သော်လည်း မိကျောင်းကမူ ထွက်ပြေးသွားခဲ့ပြီဖြစ်၏။

စံရွှေနှင့် ရေမုဆိုးအချို့သည် မိကျောင်းအားသတ်ဖြတ်နိုင်ရန် လိုက်ခဲ့သည်။

ဘဲကို နံ့သာလိမ်းပန်းပန်၍ ငါးများချိတ်တပ်ကာလွှတ်သော်လည်းမိကျောင်းများက လားလားမျှပင် ပေါ်မလာကြပါ။ (ဤသည်ကို ငန်းလိုက်ခြင်းဟု ခေါ်ပါသည်။)

သို့နှင့် ကျွန်ုပ်နှင့် ဦးဇဝေးတို့အပြင် ရေမုဆိုး စောသာဝနှင့် စောပေါလောတို့ပါ နံနက်စောစော အကျော်ကြီးကျောက်ဆောင်သို့ ခရီးထွက်ခဲ့ကြခြင်းတည်း။

ကျွန်ုပ်တွင် ကိုင်နေကျဖြစ်သော စပရင်းဖီး(လ်)ရိုင်ဖယ် မပါခဲ့ပါ။

ယခုအခါတွင် ဒသမ .၂၂ (Long Rifle)ရိုင်ဖယ်ရှည်ပါလာကာ ယမ်းအား ဂရိမ် (၄၀)နှင့် ပြောင်းထွက်ကန်အား ...၅ ရှိသဖြင့် ကိုက်တစ်ရာအကွာရှိ ...ားကဲ့ သို့ သားကောင်များအား ...တွင်းထိရောက်အောင် ပစ်ခတ်နိုင်ပါ ...တုံးခနဲ လဲကျသေသွားနိုင်ပါသည်။

တစ်ဖန် ဝင်ချက်စတာကုမ္ပဏီမှ ...တ်လုပ်သော (Lever Motive ...on) အမျိုးဖြစ်၍ ကျည်ထိုးကျည် ...တ် မြန်ဆန်သောရိုင်ဖယ် ဖြစ်ပါသည်။

မုဆိုးကြီး ဦးဇဝေးနှင့် စောသာဝ၊ ...ပေါလောတို့က ကျောက်ဆောင်ကြီး ...ာက်သို့ဆင်းကာ လှေလာနေစဉ် ...င် ကျွန်ုပ်သည် ကျောက်ဆောင်ကြီး ...စ်ဆောင်ပေါ် သို့ တက်ပြီးထိုင်ကာ ...သော ရှုခင်းများကို ကြည့်နေမိပါ ...သည်။

သဲပြင်စပ်တွင် သဲကဏန်းကလေး ...ာ သဲတွင်းပေါက်မှ ဝင်ချည်ထွက် ...ည် ရှိနေသကဲ့ သို့ သဲကဏန်းအချို့ ...ည် ကျောက်ဆောင်များအပေါ်သို့ ...တ်လာရာမှ ပင်လယ်ရေလှိုင်း ရိုက် ...တ်သဖြင့် လွင့်စဉ်ထွက် သွားရေ ...သည်။

မိုးဆွေ ငှက် ကလေးအချို့မှာ ...ကျောက်ဆောင်ခုပ်တွင်းများမှ ပျံလိုက် ...နားလိုက်နှင့် ရှိနေကြပါလေသည်။

မုဆိုးကြီး ဦးဇဝေးတွင် ဒသမ ၁၂ ဗို့ နှစ်လုံးပြူးသေနတ်ကြီးတစ်လက်နှင့် SG ကျည် LG ကျည်မှာကျည်ဆန် ငါးဆယ်ပါရှိလာပါသည်။

ဦးဇဝေးနှင့် ရေမုဆိုးကြီးနှစ်ဦးတို့သည် ကျောက်ဆောင်ကြီးတစ်ဆောင်ပေါ်မှ အခြားကျောက်ဆောင်များသို့ ကူးသွားကြ၏။

ခေါင်းဖြူခေါင်းမည်းလူသားစား မိကျောင်းနှစ်ကောင်သည် အခြားချောင်းဝများတွင် တက်ရောက်ကာ အသိုက်ကိုကိုက်၍နေလေပြီလောဟု၍ ကျွန်ုပ်က စဉ်းစားမိပါလေသည်၊ ထိုအချိန်တွင် -

"ဟူး - ဖြန်း - ဖြန်း - ဖြန်း"

ကျောက်ဆောင်ကြီးနှစ်ဆောင်ကြားမှ လင်းနို့ကြီးအချို့ရုတ်တရက် ပျံထွက်လာသည်ကိုကျွန်တော်တွေ့လိုက်ရပါသည်။

ခေါင်းဆောင်လင်းဆွဲကြီး၏ အတောင်ပံတစ်ဖက်သည်ပင်သုံးပေခန့်ရှိပြီး သူ၏ ဦးခေါင်းမှာ သုံးလသား ခွေးတစ်ကောင်၏ဦးခေါင်းလောက်ကြီးမားနေသည်ကို တွေ့လိုက်ရပါ၏၊ ထိုစဉ် -

"ဖြောင်း"





www.burmeseclassic.com

www.burmeseclassic.com

"ဝုန်း"

အသံနှင့်အတူ ကျွန်ုပ်၏ခါးပိုင်းဆီသို့ အရာဝတ္ထုတစ်ခု တအားကုန် ရိုက်ခတ်လိုက်ခြင်း ခံလိုက်ရ၏။

သို့သော်ရုတ်တရက်လေတိုးသော အရှိန်ကြောင့် ကျွန်ုပ်မှာ လေထက်သို့ ခုန်တက်လိုက်တာ အခြားကျောက်ဆောင်ပေါ်သို့ကူးလိုက်နိုင်သောကြောင့် သီသီကလေး လွတ်သွားချေသည်။

"ဝေါ"

ကြည့်လိုက်ရာ ဘောက်တူအရွယ် ဦးခေါင်းဖြူဖြူ၊ မိကျောင်းကြီးတစ်ကောင်သည် ကျောက်ဆောင်အောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားပါတော့၏။

ကျွန်ုပ်အရှောင်ကောင်းသဖြင့်သာ သက်သာရာရသွားခြင်း ဖြစ်ပါသည်။

မည်သို့ဖြစ်စေ၊ ကျွန်ုပ်အသက်ဘေးမှ လွတ်မြောက်သွားခြင်းအတွက် ဝမ်းသာရသလို၊ ခေါင်းဖြူမိကျောင်းအား အချိန်မီ သေနတ်ဖြင့် မပစ်ခတ်လိုက်ရသောကြောင့် မကျေမနပ်ဖြစ်မိတော့သည်။

ကျွန်ုပ်သတိထားမိသည်မှာလင်းနို့ကြီးများ ပျံထွက်လာသောအကြောင်းပင်။

"ဖထီးရေ..."

ကျွန်ုပ်က အသံပြုလိုက်စဉ်မှာ
ဦးဖဝေးနှင့်စောသာဝတို့လည်းကျော
ဆောင်ကြီးတစ်ဆောင်ကြားမှပေါ်ထွ
လာကြပါလေသည်။

ခေါင်းဖြူကြီးက ကျွန်ုပ်အား အမြ
နှင့် လှမ်းရိုက်သွားခဲ့ကြောင်းကို ပြေ
လိုက်သဖြင့် အားလုံးကပင် အံ့အားသ
သွားကြပြီ၊ ဦးဖဝေးက -

"ဝေ့ - ကောင်ရေ - ဒါဆို - ခေါင်းဖြ
နဲ့ခေါင်းမည်းဟာဒီကျောက်ဆောင်တွေ
အနီးမှာပဲ ရှိရမှာပဲကွ"

"ဟုတ်ပါတယ်၊ ဒီတော့ - ကျွန်
တော် ဒီက စောင့်နေမယ်၊ ဘောက်တူ
လှေနှစ်စင်း သွားယူခဲ့ပါ၊ ဒီကျောက်
ဆောင်အောက်ကို ဝင်ကြရအောင်"

ဤတွင် စောသာဝက -

"ဟိုဘက် အနောက်တောင်ဘက်
ကို အနီရောင်တွေသန်းပြီး အတန်းကြီ
ဖြစ်လာတယ်၊ ဒါ - မုန်တိုင်းကျလာမယ့်
သဘောပဲ၊ ကျုပ်တို့ မုန်တိုင်းမကျခင်
ဆီးချိုင် ပြန်ကြရအောင်"

ကျွန်ုပ်တို့လည်း စောသာဝစကား
ကြောင့် သဘောတူလိုက်ကာ ဆီးချိုင်
ရွာသို့အသော့ပြန်နှင်ခဲ့ရပါတော့သည်။



ရုတ်တရက် သတ္တဝါ
တစ်ကောင်၏ဟိန်းသံနှင့်အတူ
ပေါက်ကြီးတစ်ပေါက်မှ ပေါင်လုံး
ခန့်ပါးကြီးမြွေတစ်ကောင်သည်
သတ္တဝါတစ်ကောင်အား အမြီးဖြင့်
ရစ်ငင်ဆွဲယူလိုက်ကာ အခြား
ပေါက်တစ်ပေါက်ထဲသို့ တိုးဝင်
သွားသည်ကို တွေ့ရလေ၏။

လေမုန်တိုင်းမဟုတ်ပါ၊ လေနီကြမ်း၊ လေဆင်နှာမောင်းသည့်ပင်လယ်ပြင်တွင် မင်းမူစပြုပါလေပြီ။

ဆီးချိုင့်ရွာသို့ရောက်သည်နှင့် တဝေါဝေါ လေဖွေသံနှင့် တဝုန်းဝုန်း မာန်ဖီသောင်းကျန်းလာသည့်ပင်လယ်လှိုင်းလုံးများအား တွေ့မြင်ရပါသည်၊ ထိုအခါ မိုးကလည်း ကောင်းကင်ပြင်တွင်လည်း သည်းသည်းမည်းမည်း လျှပ်စီးလက်လက် နှင့် မိုးကြိုးခွင်းသံများ နား မဆန့်အောင် ကြားလာရချေ၏။





www.burmeseclassic.com

www.burmeseclassic.com

လေနီကြမ်းများသည်ပင်လယ်ပြင်တွင် မိုးနှောင်းဆောင်းဝင်ကာလများတွင် မကြာခဏဖြစ်လေ့ဖြစ်ထရှိသဖြင့် ရေလုပ်သားများအတွက် အထူးသတိထားရပါလေသည်၊

လေဆင်နှာမောင်းကြောင့်အုန်းပင်တွေ၊အိမ်ခေါင်မိုးတွေပြုတ်ထွက်လွင့်ပါးသွားကြလေသည်၊

ညနေသုံးနာရီလောက်မှ လေမှာငြိမ်သက်သွားကာ ကောင်းကင်ပြင်မှာကြည်လင်လာလေတော့သည်၊ သို့သော် ပင်လယ်ပြင်တွင် လှိုင်းလုံးများမငြိမ်သက်သေးပါ၊ ဤအချိန်တွင် ခေါင်းဖြူခေါင်းမည်းတို့အား လိုက်ရန်အချိန်ကောင်းဖြစ်ပါသည်၊ လေကြမ်း၊ရေကြမ်းကြောင့် ကျောက်ဆောင်ဂူများအတွင်း ပုန်းအောင်းနေမည်မှာ သေချာလှပါသည်၊

ထို့ကြောင့်ဘောက်တူလေ့နှစ်စင်းဖြင့် ပြန်လည်ကာထွက်လာကြပါသည်၊

ယခုတစ်ကြိမ်တွင် ဦးဇဝေးအား ဒုသမ၄၀၅အမဲကြီးပစ်ရိုင်ဖယ်ကိုယူစေပြီး စောသာဝအား ဒုသမ ၁၂ ဗို SG-LG ကျည်ဆန်မာများဖြင့် ပစ်ခတ်ရသောနှစ်လုံးပြူးသေနတ်ကို ယူစေခဲ့ပါ၏၊ ထို့အပြင် ငါးတောင့်ထိုး အဲတားရယ်ဒီလက်နှိပ်ဓာတ်မီး နှစ်လက်နှင့် ကြိုးခွေများ သလွှတ်မှိန်းများ၊ သံချိတ်နှင့် ကြိုးများဆေးဝါးများပါ ယူခဲ့ကြ၏၊

ကျွန်တော်တို့သည် ဘောက်တူလေ့နှစ်စင်းဖြင့်မြောက်ဘက်ရှိအကျော်ကြီး ကျောက်ဆောင်ဆီသို့ ရှက်တိုက်လာခဲ့ကြသည်၊လေ့ကတဟူးဟူး၊လှိုင်းပေါ်တွင် လေ့နှစ်စင်းက ပြေးနေ၏၊

မည်းနက်ပြီးမိုးပြင်သို့လွင့်မျှောကာထိုးတက်နေသည့်အကျော်ကြီးကျောက်ဆောင်နှင့် သန္တာကျောက်တန်းများ၊

ကျောက်ဆောင်ကြီးအောက်တွင် ကျောက်ဆောင်ငယ်ကလေးများကများပြားလှ၏၊ကျောက်ဆောင်ကျောက်တန်းတို့သည် သွားဖြဲထားသော ငမန်းကျားပါးစပ်ကဲ့သို့ တူလှ၏၊

မကြာမီလမ်းပြမှူးဆိုးကြီး စောသာဝခေါင်းဆောင်ကာ ကျောက်ဆောင်များအတွင်းသို့ ဘေးမသီ ရန်မခပဲ ရောက်လာပါသည်၊ ကျောက်ဆောင်ကြီးအရှေ့မှာ ရေလှိုင်းကြောင့် တိုးလျှိုပေါက်ကြီးဖြစ်လျက်ရှိသည်၊

မကြာမီ ကျောက်ဆောင်ကြီး၏ ဂူပေါက်ကြီးတစ်ပေါက်ကို တွေ့လိုက်ရ၏၊ ရေက ကျောက်ဂူရှေ့ကြမ်းခင်းတွင် တဖြန်းဖြန်း ရိုက်ခတ်နေ၏၊ လေ့များကို ဆိုက်ကပ်လိုက်ပြီး ကျောက်ချလိုက်သည်၊

ကျောက်ဂူကြီးအတွင်းမှ လင်းနို့ငှက်များ တထောင်းထောင်း ရှုရှိုက်နေ၏၊

ထို့နောက် လက်နှိပ်ဓာတ်မီးထိုးကာ ထိုဂူကြီးအတွင်းသို့ဝင်ခဲ့စဉ် လင်းနို့သည် အချို့ဟူးစနဲ ပျံထွက်သွားကြလေသည်၊

တဖြည်းဖြည်း ကျောက်ဆောင်ဂူကြီးသည် ကျယ်လာကာ ကျောက်ပန်းဆိုင်းများ၊ ကျောက်တိုင်များက သဘာဝအလျောက် ဖြစ်ပေါ်နေသည်ကို တွေ့ရပါလေသည်၊

ဂူကြီး၏အမိုးတွင်ကြီးမားလှသော လင်းဆွဲကြီးတစ်ကောင်က မျက်လုံးစိမ်းကြီးဖြင့် ကျွန်တော်တို့အား စောင့်ကြည့်လျက်ရှိ၏၊ သူ၏ဦးခေါင်းသည် ခွေးတစ်ကောင် ၏ဦးခေါင်းနီးပါးမျှ ကြီးလှ၏၊

"ဒါဟာ ခေါင်းဆောင်လင်းဆွဲကြီးတွေပေါ့"

စောသာဝက ပြောလိုက်ပါ၏၊

အတွင်းတွင် ဂူပေါက်တွေ မြင်နေရ၏၊ လင်းနို့ရေးများကလည်း များပြားလှသလို တိုင်းပြည်အတွက် အဖိုးတန်ဓာတ်မြေဩဇာ(?)ပင် မဟုတ်ပါလား၊

"ဝူး-ဝူး"

ရုတ်တရက် သတ္တဝါတစ်ကောင်၏ ဟိန်းသံနှင့်အတူ ဂူပေါက်ကြီးတစ်ပေါက်မှ ပေါင်လုံးခန့်စပါးကြီးမြွေတစ်ကောင်သည် သတ္တဝါတစ်ကောင်အား အမြန်ဖြင့် ရစ်ပတ်ဆွဲယူလိုက်ကာ အခြားဂူပေါက်တစ်ပေါက်ထဲသို့ တိုးဝင်သွားသည်ကို တွေ့ရလေ၏၊

မြင်ရသည်မှာ တောင်ရိုးကျားသစ်ပေါက်ကြီးတစ်ကောင်မှာ အကျော်ကြီးကျောက်ဆောင်သို့ ရောက်လာရာမှ စပါးကြီးမြွေနှင့် တွေ့သွားကာ အဖမ်းခံလိုက်ရပုံ ရပါလေသည်၊ ထိုစဉ်-

"ဝေါ"

ရုတ်တရက်အသံကြီးများမြည်၍ ဂူပေါက်တစ်ပေါက်မှပေါ်ထွက်လာသော မိကျောင်းကြီးနှစ်ကောင်တည်း၊

ဂူပေါက်မှ ကျွန်ုပ်တို့ရောက်နေသော အခန်းကြီး၏ ဝဲဘက်ဂူပေါက်ဖြစ်ကာ လူတစ်ရပ်စာမြင့်လှသည်၊

"ဝေါ"

ရုတ်တရက်ပင် နှစ်ကောင်စလုံးခုန်ဆင်းလာကာ ရှေ့ဆုံးမှ စောပေါလောအား ခုန်၍ဟပ်လိုက်၏၊

အနီးကပ်ဖြစ်နေသောကြောင့် စောပေါလောမှာခုန်၍ရှောင်လိုက်သော်





www.burmeseclassic.com

www.burmeseclassic.com

လည်းအနည်းငယ်နောက်ကျကာလက်တစ်ဖက်မှာ ခေါင်းဖြူ၏ပါးစပ်ထဲ ရောက်သွားခဲ့၏။

"ဒိုင်း"

"ဒိုင်း"

ကျွန်ုပ်နှင့် ဦးဖဝေးတို့သည် အနီးတပ်ခေါင်းဖြူ၏လက်ပြင်နှင့် ခေါင်းပိုင်းတို့ ရိုင်ဖယ်ဖြင့် ပစ်ခတ်လိုက်ရ၏။

တစ်ပြိုင်တည်းမှာပင် ခေါင်းမည်းအား ပစ်ခတ်လိုက်ကြပြန်သည်။ သို့သော် ခေါင်းမည်းသည် ဂူပေါက်တစ်ပေါက်ထဲသို့ ပြေးဝင်သွား၍ လွတ်သွားပါသည်။

စောပေါလောမှာ မိကျောင်းခေါင်းဖြူပါးစပ်ထဲမှ သွေးရဲနေသော သူ့လက်ကို ထုတ်ယူနိုင်ခဲ့ပါသည်။

ခေါင်းဖြူကား ရိုင်ဖယ်ကျည်ဆန်အကာမခံနိုင်ပဲ ကိစ္စတုံးသွားချေပြီ။

ယခု-ကျွန်ုပ်တို့ခေါင်းမည်းနောက်သို့ လိုက်ကြရသည်။ ထိုဂူပေါက်သို့ မီးထိုးဝင်ရောက်ရသော်လည်း လင်းနို့ကြီးများ တဝုန်းဝုန်းပျံထွက်နေသဖြင့် အခက်အခဲကြုံနေရပါသည်။

ကျွန်ုပ်တို့ ထိုဂူပေါက်မှ တိုးဝင်လိုက်ပြီး အခန်းကြီးတစ်ခန်းထဲသို့ ရောက်သည်နှင့် ကျောက်တုံးကြီးတစ်တုံးအကွယ်မှ သတ္တဝါကြီးတစ်ကောင် ပေါ်ခနဲ ထိုးထွက်ကာ ကျွန်ုပ်နှင့် စောသာဝအား ပါးစပ်ကြီးဖြဲ၍ ကိုက်လိုက်ပါသည်။

"ဟာ"

စောသာဝအံ့အားသင့်နေစဉ်မှာပင် ကျွန်ုပ်က ကျည်ဆန်တစ်တောင့်အား ခေါင်းမည်း၏အာခေါင်ထဲသို့ ပစ်သွင်းလိုက်သလို ဦးဖဝေးကလည်း ခေါင်းမည်းကြီး၏ လက်ပြင်ကို ဒသမ ၄၀၄ ရိုင်ဖယ်ကျည်ဆန်ဖြင့် ပစ်ခတ်လိုက်ပါသည်။ ထိုစဉ်-

"ဖြန်း-ဖြန်း-ဖြန်း"

"ဝုိး-ဝုိး-ဝုိး"

ကျွန်ုပ်တို့အဖို့ အပေါ်ရော အောက်ပါ ရန်သူနှင့် တိုးနေရချေ၏။

"ဒိုင်း"

ကျွန်ုပ်သည် ခေါင်းမည်းကြီးအား ကျည်တစ်တောင့် ပစ်သွင်းလိုက်စဉ်မှာပင် ဇရာမလင်းဆွဲကြီးသည် တဖြန်းဖြန်းနှင့်ဝဲကာ ပါးစပ်ကိုဖြဲ၍ တိုက်ခိုက်ရစ်ဝဲနေပါတော့၏။

ခေါင်းမည်းသည် ကျွန်ုပ်တို့ပစ်ခတ်လိုက်သောကျည်ဆန်ဖြင့် မသေသေးပါ။

သူသည် ကျွန်ုပ်တို့အား လှည့်၍ အမြီးဖြင့် ရိုက်ပါသေး၏။

"ဖြောင်း"

"ဝုန်း"

ကျောက်မှုန့်များ ထောင်းခနဲ ပုံ့တက်သွားလေသည်။

ဦးဖဝေး၏အနီးမှ စောပေါလောသည် သလွတ်ကြီးနှင့် ခေါင်းမည်း၏ လက်ပြင်ကို ထိုးထည့်လိုက်သည်။

"ခွပ်"

"ဝုန်း"

ခေါင်းမည်းသည်လိမ့်ထွက်သွားပြီး ကျောက်ရေအိုင်ထဲသို့ ကျသွားလေသည်။

သို့သော်-သလွတ်ကြီးတို့က သူ့အား တုပ်ချည်ထားပြီး ဖြစ်လေသည်။

စောသာဝက-

"ဟား-ဟား-ဟား-ဟား လူသားစားသတ္တဝါတွေ ခုမှပဲ မျိုးပြုတ်တော့တယ်"

စောသာဝက ပြောလိုက်စဉ်မှာပင် လင်းဆွဲကြီးသည် တဖြန်းဖြန်းနှင့် ပျံဝဲနေ၏၊ မျက်လုံးများက တဝင်းဝင်း လင်းနေ၏။

ကျွန်ုပ်တို့သည် ခေါင်းမည်းတို့ ကျောက်ရေအိုင်ထဲမှ ဆွဲထုတ်တာ တစ်ဖက်ကျောက်ဂူအခန်းထဲသို့ယူလာကြပြီးလျှင် ခေါင်းဖြူနှင့်ခေါင်းမည်းအား ဘောက်တူ လှေနှစ်စင်းဖြင့် ပူးတွဲကာ အမြန်ဆုံးအကျော်ကြီးကျောက်ဆောင်မှ ပြန်ထွက်ခဲ့ရပါလေသည်။

ပင်လယ်တွင်လှိုင်းများငြိမ်သက်စပြုနေကာ ချိုင်းဖြူတစ်အုပ် ဝဲပျံလာကြ၏။

နေဝန်းသည်ပင်လယ်တွင်းသို့ ရွေ့သက်ဆင်းနေကာ နေခြည်များက အရှေ့မိုးကုပ်စက်ဝိုင်းတိမ်လိုင်းများတွင် လှပစွာ ဖြာဆင်းလျက်ရှိပါသည်။

ရေလုပ်သားများ၏ လှေများသည် ဝမ်းသာအားရဖြင့် ကျွန်ုပ်တို့ဘောက်တူ လှေ နှစ်စင်းအား ခြံရံကာ လိုက်ပါလာကြပါသတည်း။

မြဝ



ည်နှစ် နွေရာသီက အပူရှိန်ပြင်းသည်၊ အပူရှိန်က မနှစ်ကထက် များစွာပင်
ပြင်းသည်၊ နွေက စစချင်းမှာပင် သူ၏အတိရုပ်ကို ဒေါသတကြီး
စ်တာခြွထလာခြင်းဖြစ်သည်၊ အပူဒဏ်ကို လူတွေ အလူးအလဲခံကြရသည်၊
နှတ တဲ့တဲ့ပူနေရသည့်အထဲ သည်ရက်ပိုင်းတွေအတွင်း လေကပါ
သိသိသာသာ ငြိမ်နေပြန်သဖြင့်
ခြေအနေက ပိုဆိုးသွား
ည်။





www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းလိုလိုပင် ချွေးတွေ သံတွေ တလုံးလုံးဖြင့် အပူရှိန်အကြောင်း ညည်းညူပြောဆိုနေကြလေသည်။

ကိုထွန်းသူ၊ မခင်ညိုတို့လင်မယားကတော့ သူများတွေထက် ပူစရာတစ်ခုက ပိုလျက်ရှိသည်။ တစ်ပူပေါ် နှစ်ပူဆင့်လျက်ရှိသည်။ သူတို့အပူက သူတို့ရင်ထဲ၊ စိတ်ထဲမှာဖြစ်ပေါ်လျက်ရှိသည့်သောကအပူဖြစ်ရာ ပြောရလျှင် ထိုအပူက ရာသီဥတုအပူထက် အဆများစွာ ပိုမိုပြင်းထန်သည်ဟုပင် ဆိုရလောက်သည်။

မှန်သည်။ သူတို့က သူတို့၏တစ်ဦးတည်းသော သမီးလေး မြတ်ကေသီအတွက် သောကပွားနေကြရသည်။ ဖြစ်ပုံမှာ သူတို့က မိဘဝတ္တရားရှိသည်နှင့်အညီ အချိန်တန်အရွယ်ရောက်လာသည့် ဤသမီးလေးကို အိမ်ထောင်ရက်သား ချထားပေးရန် စီစဉ်ကြသည်။ သူတို့၏သမက်လောင်းက သူတို့နှင့်တစ်မြို့တည်းသားချင်းတော့မဟုတ်ပေ။ အခြားအရပ် တစ်ပါးမှ လူငယ်လေးတစ်ယောက်သာဖြစ်သည်။ ပြောရလျှင် ဤအတ်ကွက်ကို စတင်ပြီး ပန္နက်ချသူမှာ မခင်ညိုပင်ဖြစ်ရာ ဖြစ်စဉ်ကို ပြည့်စုံအောင် ဖော်ပြရမည်ဆိုပါက မခင်ညို အကြောင်းကပင် စပြောမှဖြစ်မည်။

> အိမ်ထောင်ရေးသည် ဘဝ၏ ကြီးမားသော အစိတ်အပိုင်းတစ်ခုဖြစ်ရကား အိမ်ထောင်ပြုခါစ လူငယ်မောင်မယ်များ အိမ်ထောင်သည်ဘဝကို မည်သို့ဖြတ်သန်းရမည်ကို ညွှန်ကြားပေးသည့် စာရေးဆရာ၏ စေတနာ ..

ကိုထွန်းသူနှင့် မခင်ညိုတို့က မြို့ဈေးကြီးအတွင်း၌ အထည်ဆိုင်တစ်ဆိုင်ဖွင့်ထားသည်။ ထိုဆိုင်ကို အငှားကောင်မလေးများနှင့်အတူ မခင်ညိုကပင် ဦးစီးပြီးလုပ်ကိုင်သည်။ ကိုထွန်းသူကတော့ ဘောမှ ဝန်းရံပေးရုံ၊ ထိန်းသိမ်းပေးရုံမျှသာ။ မခင်ညိုက လိုအပ်သောအထည်ကုန်များကို မြေလတ်ပိုင်းရှိ မြို့ကြီးများတွင် သွားရောက်ဝယ်ယူလေ့ရှိသည်။ မခင်ညို၏အထည်ဝယ်ခရီးမှာ ရံခါ၌ နှစ်ရက်သုံးရက်ပင် ကြာတတ်သည်။ ဟိုမှာပင် တည်းခိုနေထိုင်ကာ မိမိစိတ်ကြိုက်

ည်များကို ရွေးချယ်ဝယ်ယူရခြင်း င့် ဤမျှကြာမြင့်ရခြင်းဖြစ်သည်။

လိုရင်းကိုပဲ ဆိုကြပါစို့။ ဤသို့ ယ်တော်ခရီးထွက်ရင်းမှာပင် တည်း အိမ်တစ်အိမ်မှ သူ၏သမက်လောင်း လေးကို စတင်တွေ့ရှိခဲ့ရခြင်းဖြစ် ည်။ ကောင်လေးနာမည်က အောင်မိုင် ၊ မခင်ညိုမျက်စိထဲမှာတော့ ဘာမှ ပြောစရာမလိုသည့်လူငယ်လေးဖြစ် ည်၊ ပြောစရာမလိုလို့လည်း သမက် င်းအဖြစ် ရွေးလိုက်တာပေါ့။

ဦးစွာ ကလေးများနေရာချထားပေး အတွက် လူကြီးချင်း စကားပြော ည့်ကြသည်။ အားလုံးအဆင်ပြေ ည်၊ ထို့နောက် သူ့ဘက်ကိုယ့်ဘက် သမီးများကို သည်အစီအစဉ်အား လိုက်ကြသည်၊ ဖွင့်ပြောလိုက်ကြ ည်၊ ဒါကိုလည်း သက်ဆိုင်ရာလူငယ် ာ လက်ခံကြသည်၊ သဘောတူကြ ည်၊ သို့နှင့် ကလေးအချင်းချင်းကို ာ်နှာချင်းဆိုင်ပြီး တွေ့ဆုံပေးလိုက် ည့်အဆင့်သို့ပင် ရောက်သွားသည်။ ခင်ညိုက သမီးဖြစ်သူကို သူ့ခရီးစဉ် ာ်ခေါက်၌ခေါ်ယူသွားပြီး အောင်မိုင်ဦး င့် တွေ့ဆုံပေးလိုက်ခြင်းဖြစ်သည်။

သည်အထိ အားလုံးအဆင်ချောသည်။ ချောလိုက်သမှ မင်္ဂလာရက်ကို အပြီးသတ်မှတ်ဖြစ်သွားကြသည်အထိပင်။

ထိုသို့ အားလုံးအဆင်သင့်ဖြစ်နေကြပြီဆိုတော့မှ ပြဿနာက စလာခဲ့ခြင်းဖြစ်သည်။ အခြားမဟုတ်ပါ။ မင်္ဂလာရက်နီးလာသည်နှင့်အမျှ မြတ်ကေသီက မင်္ဂလာဆောင်ရမှာ၊ လင်ယူရမှာကို ကြောက်လန့်လာခဲ့ခြင်းပင်ဖြစ်သည်။ ထိုရောဂါက နေ့ချင်းညချင်းပင် "ရင့်" လာသည်၊ ကြီးထွားလာသည်။ မြတ်ကေသီက သူဖြစ်နေပုံကို မိခင်ဖြစ်သူအား အလုံးစုံဖွင့်ပြောသည်။ သည်တော့ မခင်ညိုကလည်း သမီးဖြစ်သူကို ပြန်ပြီး နှစ်သိမ့်ရသည်၊ အားပေးရသည်၊ သို့သော်မြတ်ကေသီက မည်သို့မျှကြောက်စိတ်မပြေနိုင်ဘဲဖြစ်နေသည်။ သူဖြစ်နေပုံက တဖြည်းဖြည်းနှင့် စိတ္တဇဆန်ဆန် ချောက်ချားနေပုံမျိုးအထိပင် ဖြစ်လာသည်။

တကယ်သတ္တုချကြည့်လိုက်တော့ မြတ်ကေသီဖြစ်နေတာက သူဖြတ်သန်းရမည့် မင်္ဂလာဦးညကို မျှော်ခေါ်စဉ်းစားရင်း သူ့ဘာသာ သွေးလန့်နေခြင်းဖြစ်သည်။ သူကိုယ်တိုင်က ဘာမှမသိတွေ့



www.burmeseclassic.com

www.burmeseclassic.com

အကြံမရှိဖူးသေးသည့် အပျိုစစ်စစ်ဖြစ်သည်၊ ပြီးတော့ - သူ့သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဦးည ရေချိန်းအတွေ့အကြုံနှင့်ပတ်သက်ပြီး သူမှာ ဗဟုသုတ တချို့ရှိထားသည်၊ ထိုအချက်က သူ့ကို အစိတချောက်လှန့်နေခြင်း ဖြစ်သည်၊ သည်ကြားထဲမိမိတစ်ခါမှမမြင်ဘူးသော သတို့သားလောင်း အောင်ပိုင်ဦးကို လူကိုယ်တိုင်တွေ့လိုက်ရတော့ယခင်သွေးလန့်နေသည့်အရှိန်ကို ပိုမိုမြှင့်တင်ပေးလိုက်သလိုဖြစ်သွားရသည်၊ အောင်ပိုင်ဦးတာ လူငယ်ဖြစ်သော်လည်း တခြားလူငယ်တွေနှင့်မတူ၊ အထူးသဖြင့် မျက်နှာတရိုးသားပုံပေါ်လွင်သော်လည်းအတန်ငင် တည်လွန်းနေသည်၊ လေးလုံးခြောက်ဖက်ကြီး ဖြစ်သည်၊ မြင်မြင်ချင်း ဝင် ကျောထဲက စိမ့်ခနဲ ဖြစ်မိသည်၊

ဘာပဲပြောပြော၊ ကိုထွန်းသူနှင့် မခင်ညိုတို့နှစ်ယောက်အတွက်ကတော့ ခုတလောမှာ ဤအရေးက ထိပ်တန်းပြဿနာ၊ အရေးကြီးပြဿနာဖြစ်လျက်ရှိသည်၊ သည်ကိစ္စအတွက်နှင့်ပင်မကြာခဏဆိုသလိုလင်မယားခေါင်းချင်းဆိုင်မိကြသည်၊

"ကျွန်မတော့ ဘာလုပ်ရမှန်းတောင်မသိဘူး၊ သမီးက ခုတလောမှာ ပိုပြီးတော့တောင် စိတ်အားငယ်နေသလို၊ ညှိုးနွမ်းနေသလိုဖြစ်နေတယ်ရှင့်"

"သူကလုံးဝအိမ်ထောင်မပြုချင်တဲ့သဘော၊ မင်္ဂလာအစီအစဉ်ကို ဖျက်လိုက်ချင်တဲ့သဘောတော့ထုတ်မပြောဘူးမဟုတ်လား"

"မပြောပါဘူး၊ မိဘစီစဉ်ပေးတာကို အဲလိုဖျက်ချင်တဲ့ သဘောတော့ သူမပြောဘူး၊ ဒါပေမဲ့ - သူတအားစိတ်ဆင်းရဲနေတယ်၊ အထူးသဖြင့် တအားကြောက်နေတယ်၊ သူ့သူငယ်ချင်း ခင်နှင်းအေးဖြစ်သလိုမျိုးဖြစ်သွားမှာကိုပဲသူကြောက်နေတယ်ဆိုတဲ့အကြောင်းလည်း ကျွန်မကိုတတွတ်တွတ်ပြောနေတယ်"

"မင်းကရော သူ့ကိုနည်းနည်းပါးပါးနှစ်သိမ့်မပေးဘူးလား၊ လူချင်းမတူဘူး သူများဖြစ်တိုင်းကိုယ်မဖြစ်နိုင်ဘူးဆိုတဲ့အကြောင်းကိုပေါ့"

"အမလေး - ရှင်ပြောစရာတောင်လိုဘူး၊ ကျွန်မလည်းဒီလောက်ခေတ်နောက်ကျတဲ့မိန်းမမှမဟုတ်ဘဲ၊ သားအိမ်ချင်းဆိုတာကိုဖျောက်ထားပြီးမိန်းမချင်း၊ သူငယ်ချင်းသဘောမျိုး ထားပြီးတော့ကိုပွင့်ပွင့်လင်းလင်း ဆွေးနွေးပြခဲ့တာ၊ ရှင်းပြခဲ့တာ၊ ဒီအတွေ့အကြုံမျိုးဟာဘာမှထူးဆန်းတဲ့အရာမျိုးမဟုတ်တဲ့အကြောင်း၊ ဒီတစ်ညတာ အတွက်ဘလေးကြောက်လန့်ရတာကလွဲပြီးတဖြည်းဖြည်းယဉ်ပါးသွားတဲ့ကိစ္စမျိုးသာဖြစ်တဲ့အကြောင်းတွေ ဘာမှမကျန်အောင်ကိုကျွန်မပြောပြတယ်၊ ပြောမယ့်ဟာ ပြောရတာပါရှင်၊ ဟိုအောင်ပိုင်ဦးဆိုတဲ့ကလေးကလည်းသူထင်သလိုမျိုးမဟုတ်ပါဘူး၊ ရှင့်သမီးကိုယ်တိုင်ကကိုတောင်တွေးမြောက်တွေးတွေးပြီး ဥပါဒါန်ကြောင့် ဥပါဒ်ရောက်နေတာပါ"

"ဒါကတော့ ကျိန်းသေပြောလို့မရဘူးကွ၊ လူဆိုတာ အပြင်ပန်းအရ ဘယ်လောက်ပဲကောင်းတယ်လို့ထင်နေထင်နေ၊ လက်တွေ့ကျတော့ စွံချင်မှစွံတာ၊ ဒီကိစ္စက ပိုတောင်အရေးကြီးသေးတယ်၊ လူတွေ လင်ယူ၊ မယားယူကြတယ်ဆိုတာ ဒီအာရုံကိုခံ့မင်လိုလားကြတာလည်း အဓိကအချက်ပဲ၊ ဒီအချက်ပြည့်စုံမှလည်းအိမ်ထောင်ရေးသာယာနိုင်တယ်၊ လက်စုပ်ဆိုတာ နှစ်ဖက်တီးမှမြည်သလိုဒီကိစ္စမှာလည်း၊ နှစ်ဦးနှစ်ဖက်အပေးအယူမျှတဖို့ အရေးကြီးတယ်ဆိုတာ မင်းလည်းသိနေတာပဲ၊ ပြောရရင်ဒီကိစ္စမှာ ယောကျ်ားလေးလုပ်တဲ့သူကပိုပြီးပဓာနကျတယ်လို့တောင် ငါဆိုချင်တယ်၊ ဘာကြောင့် လည်းဆိုတော့ ပယောဂပုဂ္ဂိုလ်က ယောကျ်ားလေးမဟုတ်လား၊ မင်္ဂလာဦးညကစလို့ အိမ်ထောင်တစ်လျှောက်လုံးမှာ ဒီကိစ္စအတွက် စတင်ပြီးလှုံ့လပြုသွားရမယ့်သူက ယောကျ်ားလေးပဲမဟုတ်လား၊

ဒီပညာမျိုးဟာအမေမွေးကတည်းက တတ်လာတဲ့ပညာ၊ ဘာမှသင်စရာမလိုဘူး၊ အိပ်ရာထဲရောက်ရင် အလိုလိုတတ်မြောက်သွားတဲ့ပညာဆိုပြီး တချို့လူတွေပေါ့ပေါ့တန်တန် ပြောနေကြတာဟာ သိပ်မှားတယ်ကွ၊ တကယ်တော့ ဒီကိစ္စဟာ အလွန်သိမ်မွေ့တဲ့အနုပညာတစ်ရပ်ဖြစ်သလို၊ အလွန်ကြီးကျယ်တဲ့ မဟာလုပ်ငန်းကြီးတစ်ခုဖြစ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com

တောင်က ငါက တင်စားလိုက်ချင်သေးတယ်၊ မင်းစဉ်းစားကြည့်၊ လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အရွယ်ရောက်လာတာနဲ့ လိင်စိတ်က အလိုအလျောက်ဖြစ်ပေါ်လာတယ်၊ ဒီနေရာမှာ သူများတွေကိုတော့ မပြောလိုပါဘူး၊ ကိုယ့်ကိုယ်ကိုယ်ပဲ မှန်မှန်ကန်ကန် ဆန်းစစ်ကြည့်မိတယ်၊ ငါတော့ တာလသားဘဝတစ်လျှောက်လုံး အိပ်နေတဲ့အချိန်ကလွဲလို့ ကျန်အချိန်တွေမှာ မိန်းမတွေအကြောင်း တွေးပြီး မိန်းမတွေကိုပဲ စိတ်ကူးထဲကနေ လိင်စိတ်နဲ့ ပြစ်မှားနေမိတာက အချိန်စုစုပေါင်းရဲ့ သုံးပုံ နှစ်ပုံမဟုတ်တောင် တစ်ဝက်သာသာလောက်တော့ ရှိမယ်ထင်တာပဲ၊ အဲသလောက်တောင် လိင်စိတ်က ငါ့ကို စိုးမိုးထားခဲ့တယ်၊

လောကမှာလူတွေအမက်မောဆုံး၊ အထွတ်အမြတ်အထားဆုံးဟာ ဒီအရသာပဲကွ၊ အိမ်ထောင်ပြုပြီးနောက် ဒီအရသာကိုမှန်မှန်မှီဝဲနေရလို့ လူပျိုဘဝတလောက် မဆိုးတော့ဘူးဆိုတာတောင် အများကြီးလျှော့သွားတာတော့ မဟုတ်ဘူးကွ၊ ဒါ ငါ့ကိုယ်တွေ့ကိုပြောတာ၊ ယောကျ်ားဆိုတာ ဒီကိစ္စမှာဖွဲ့တစ်ဆုပ်မနိုင်တော့တဲ့ အရွယ်ရောက်မှ လျှော့တယ်ဆိုတဲ့စကားလည်း မင်းကြားဖူးတယ်မဟုတ်လား၊ အဲဒီစကားဟာ တကယ်မှန်တယ်၊ ဘာပဲပြောပြောကွာ၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ပုထုဇဉ်မှန်ရင် ကိလေသာတွေ အခြောင်းခြောင်း ရှိကြတာချည်းပဲ၊

ဒီတော့ - ဘဝရဲ့ အစိတ်အပိုင်း အတော်များများကို စိုးမိုးထားတဲ့ ဒီကိစ္စကြီးနဲ့ အမြဲတမ်းဆက်ဆံနေရမယ့်အတူတူ သူနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေ၊ ဗဟုသုတတွေကို လူတိုင်းတမင်တကာ ရှာမှီးဖို့တောင် လိုတယ်လို့ ငါထင်တယ်၊ စောစောက ပြောခဲ့တဲ့အတိုင်း ဒီအကြောင်းအရာရဲ့ သိမ်မွေ့ပုံ၊ အနုပညာမြောက်ပုံကို သိထားဖို့လိုသလို အရေးကြီးလုပ်ငန်းဖြစ်တာနဲ့အညီ ဘယ်လိုလေးလေးစားစားနဲ့ တန်ဖိုးထားပြီး ကိုင်တွယ်ဆောင်ရွက်ရမယ်ဆိုတာတွေကိုပါ ကျေညက်ထားဖို့ လိုတာပေါ့၊

ခုတော့ - လူအတော်များများက ဒါကို မွေးရာပါတတ်ပြီးသားပညာဆိုပြီး ဘာမှလေ့လာရမှန်း၊ ဆည်းပူးရမှန်းမသိကြဘူး၊ အဲဒီလိုအသိပညာနည်းရတဲ့အပြင် ထင်ရာကိုပါ စိုင်းနေကြတယ်၊ အချို့ဆို တစ်ဖက်သတ်၊ တစ်လမ်းသွားပုံစံမျိုး၊ တိရစ္ဆာန် ပုံစံမျိုးတောင် ဖြစ်ကုန်တယ်၊ ဒါကြောင့်လည်း အိမ်ထောင်ရေး သာယာမှုတွေ၊ မတည်မြဲမှုတွေ၊ ပြိုကွဲမှုတွေဖြစ်ကုန်တယ်၊ အသစ်ရှာတာတွေ၊ အငယ်အနှောင်းထားတာတွေ၊ ဖောက်ပြန်တာတွေ ဖြစ်လာတယ်"

ကိုထွန်းသူက သူ့စကားကို တိခနဲ ရပ်ပစ်လိုက်သည်၊ သူကိုယ်တိုင် ပြောရင်း ပြောရင်းနှင့် ရင်ထဲက ပူပူလောင်လောင်၊ ချောက်ချောက်ချားချားတွေ ဖြစ်လာနေမိသည်၊ ဦးစွာ သန့်စင်ပြီး နုပျိုသော သမီးလေး၏မျက်နှာကို ဖျတ်ခနဲ မြင်ယောင်မိသည်၊ အောင်ပိုင်ဦးဆိုသည့် လူကောင်ကြီးကြီးနှင့် သမက်လောင်း၏ရုပ်သွင်ကိုပါ မြင်ယောင်သည်၊ ပြီးတော့ - ဆိုးရွားလှသည့်နိမိတ်ပုံတွေကိုပါ တစ်ခုပြီးတစ်ခု ဆက်မြင်သည်၊ သမက်လုပ်သူက သမီးလေးကို ပန်းကလေးတစ်ပွင့်အား ချေမွပစ်လိုက်သလို ပယ်ပယ်နယ်နယ် ချေမွနေပုံ၊ တိရစ္ဆာန်တစ်ကောင်လို ပြုကျင့်သည့်ပုံရိပ်တွေကို စိတ်ကူးနှင့်မြင်ယောင်ရင်း ကိုထွန်းသူ အသက်ရှူရမှာကိုပင် မေ့နေသည်၊

တစ်ဖန် သမီးသူငယ်ချင်း ခင်နှင်းအေး၏ဖြစ်စဉ်ကိုပါ ပြန်ပြီးသတိရမိသည်၊ သည်ကောင်မလေးအကြောင်းကတော့ လူအတော်များများပင် သိကြသည်၊ ခင်နှင်းအေးက မြတ်ကေသီကဲ့သို့ပင် အပျိုစစ်ကလေး၊ အရိုင်းကလေးဖြစ်သည်၊ တစ်နေ့တွင် ခင်နှင်းအေးကို မိဘတွေက အတင်းအိမ်ထောင်ချပေးသည်၊ ခင်နှင်းအေး ယူလိုက်သည့်သူက ပိန်ပိန်ရှည်ရှည်၊ အရပ်မြင့်မြင့်နှင့် အကောင်ကြီးဖြစ်သည်၊ ခင်နှင်းအေးက တကယ့်သေးသေးကျစ်ကျစ်၊ လုံးလုံးသွယ်သွယ်ကလေး၊ သည်လိုနှင့် မင်္ဂလာဆောင်ပြီးထိုမင်္ဂလာဦးညတစ်ညသာ ပေါင်းသင်းလိုက်သည်၊ ခင်နှင်းအေး မိဘတွေဆီ ပြန်ပြေးလာသည်၊ ယောကျ်ားဆီ မပြန်တော့၊ သလို ယောကျ်ားက လာခေါ်တော့လည်း ပြန်မလိုက်တော့ပေ၊ မိဘတွေတ အကျိုးအကြောင်းမေးကြည့်ပါသော်လည်း ခင်နှင်းအေးက လုံးဝပေတ်ရေ ပြန်မဖြေပါ၊ သို့သော် သမီးဖြစ်သူကို ကြည့်ပြီး မိဘတွေက ရိပ်စားရိပ်မိသွား



www.burmeseclassic.com

www.burmeseclassic.com

ကြသည်၊ သမီးဖြစ်သူ ဘယ်အရာကို ကြောက်လာ၊ လန့်လာခဲ့မှန်း ခန့်မှန်းမိသွားကြသည်။ မကြာပါ၊ ခင်နှင်းအေး သတင်းက အရပ်ထဲမှာ ပျံ့နှံ့သွားသည်၊

အပြင်မှာပူသလို သူတို့လင်မယားနှစ်ယောက်၏ ရင်ထဲမှာလည်း အလွန်ပူလောင်နေရသည့် အဖြစ်ကို ရှင်းလောက်ပြီ။ ယခုအခါမခင်ညိုနှင့်စာလျှင် ကိုထွန်းသူက ပို၍ပူလောင်၊ ပို၍သောကရောက်နေရသည်ဟုဆိုလျှင်ပိုမှန်သည်၊ စာစောကအတိုင်းအတွေးတွေကိုဖြန့်ကျက်ကြည့်နေရင်း သူ့စိတ်တွေက ပို၍သာ ဆူပွက်လှုပ်ရှားနေမိတော့သည်။

သမီးလေး မြတ်ကေသီ လက်ရှိခံစားနေရသောစိတ်ဝေဒနာမှခေတ်ပေါ်ဆေးပညာအရ ဘာရောဂါဟုခေါ်သည်ကို သူမသိပါ၊ သမီးလေး ထိတ်လန့်ကြောက်ရွံ့ဖနသည့် အဖြစ်ကတော့ တကယ် ဖြစ် သင့် ဖြစ် ထိုက် သော အကြောင်းအရာဟု သူ သတ်မှတ်လိုက်ပြီ။ သည်တော့ - စိတ်တွေ ပူလောင်နေရင်းမှပင် သူကြိုးစားပြီး လမ်းမှန်ကို ရှာဖွေနေမိသည်၊ သမီးလေးအတွက် လုပ်သင့်လုပ်ထိုက်တာကို လုပ်သွားဖို့ စဉ်းစားနေမိသည်၊

ခင်နှင်းအေးကဲ့သို့ သမီးလေးကို ငရဲတွင်းထဲ တွန်းပို့လိုက်သလို ဖြစ်သွားပါက မခက်ပါသလော။ မခင်ညိုပြောသလို သည်ကိစ္စမှာ သမီးဖြစ်သူက ဥပါဒါန်အစွဲအလမ်းကြီးနေတာလည်း ဖြစ်နိုင်သည်၊ သို့သော် မင်္ဂလာရက်က သတ်မှတ်ပြီးနေပြီ၊ မည်သို့မျှ ရှောင်လွှဲမရနိုင်တော့၊ သည်တော့ - သူက မဖြစ်မနေ ဆင်နွှဲရတော့မည့် သည်အရေးအခင်းမှာအရာအားလုံးအဆင်ပြေသွားခဲ့လျှင်တော်ရဲ့၊ အကယ်၍ ဟိုကောင်မလေးလိုပဲ မင်္ဂလာဦးည တရွေ့အခြောက်ခံလိုက်ရပါက သမီးကလေးအတွက်မိမိမည်သို့မျှ မစဉ်းစားဝံ့တော့ပေ၊

နောက်ဆုံးတော့ ကိုထွန်းသူက မှန်ကန်သောအဖြေကို ရသွားပါသည်၊ ဘယ်သူက ဘာတွေပြောနေပြောနေ၊ သည်ဇာတ်လမ်းမှာ အရေးအကြီးဆုံး၊ အခရာအကျဆုံးပုဂ္ဂိုလ်က ဟိုကောင်ပဲ၊ မိမိတို့သမက်လောင်းပဲ၊ အောင်ပိုင်ဦးပဲ၊ အရေးအခင်းတစ်ခုလုံး၏ ရှောမွှေခြင်း၊ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း ကိစ္စအဝဝမှာ သည်ကောင့်အပေါ်မှာသာ အမိကမူတည်သည်၊ အရေးအခင်းဆို အစအဆုံး ဦးဆောင်သွားရမည့်သူက ည့်ကောင်ပဲဖြစ်သည်၊ သူ့ညာက်ရည် က်သွေး၊ သူ့စိတ်သဘောထားတွေ ာင်းရင် ကောင်းသလောက်၊ ာင်းရင် မကောင်းသလောက်၊ သူ့ ဲအမြင်တွေ၊ သူ့ဗဟုသုတတွေ ယ်ဝရင် ကြွယ်ဝသလောက်၊ ခေါင်း င် ခေါင်းပါးသလောက် အစစ အရာ အဆုံးအဖြတ်ပေးသွားမည်သာဖြစ် ာ့သည်၊

ကိုထွန်းသူ သမက်လောင်း၏မျက် ကို ဇျတ်ခနဲ မြင်ယောင်ကြည့်လိုက် ည်၊ သည်ကောင့်ကိုအပြင်မှာတော့ ခါမျှမမြင်ဘူးသေး၊ မိန်းမ ယူလာ ည့် ဓာတ်ပုံထဲမှာသာ မြင်ဖူးသည်၊ ာတ်ပုံဆိုတာက ဓာတ်ပုံပဲဖြစ်သည်၊ ာတ်ပုံကိုကြည့်ပြီး ဘာမျှဆုံးဖြတ်၍မရ၊ ည့်ကောင် ဘယ်လိုလူလဲ၊ ဘယ်လို င့်အတန်းမှာပါဝင်နေသလဲဆိုတာ ဓာတ်ပုံအားကိုးလောက်နဲ့တော့မည် ပိုင်းဖြတ်၍မရ၊ လူကဲခတ်၍မရ၊ ည့်တော့ ...။

သည်တော့ - သူ့အတွက် နည်း က တစ်ခုတည်းသာရှိသည်၊ ချစ် သမီးလေးအတွက် မိဘနေရာက ွမ်းနိုင်သလောက်ပါဝင်ဆောင်ရွက် ပေးလိုက်ဖို့က ထိုလမ်းတစ်လမ်းသာ ရှိသည်၊ ထို့ကြောင့် ...။

ဆယ့်ငါးနှစ်ခန့်ကြာပြီးနောက်၊

မိသားစုတစ်စုက ဧည့်ခန်းထဲတွင် စုဝေးပြီးထိုင်ကာ တီဗွီမှာထုတ်လွှင့်နေသည့် အစီအစဉ်တစ်ခုအား ကြည့်ရှုနေကြသည်၊ သူတို့ကား မိခင်ဖခင်တို့နှင့်အတူ သားတစ်ယောက်၊ သမီးတစ်ယောက်ပါဝင်သည့် စုစုပေါင်း (၄) ဦးသောမိသားစုဝင်များပင် ဖြစ်ကြလေသည်၊ သူတို့က တီဗွီထဲ၌ကြီးကျယ်ခမ်းနားစွာ ပြုလုပ်လျက်ရှိသည့် အားကစားပြိုင်ပွဲကြီးတစ်ခု၏ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားအစမ်းလေ့ကျင့်ခြင်းအစီအစဉ်ကို ကြည့်ရှုနေကြခြင်းဖြစ်သည်၊

နေ့ခင်းက ပြုလုပ်ခဲ့သည့် အဆိုပါလေ့ကျင့်ပွဲကြီးတွင် သားဖြစ်သူရော၊ သမီးဖြစ်သူပါ ပါဝင်ဆင်နွှဲခဲ့ကြသည်၊ သို့ကြောင့် သားသမီးများက သူတို့ကိုယ်တိုင်ပါဝင်ခဲ့သည့်အစမ်းလေ့ကျင့်ပွဲကြီးပြန်လည်ထုတ်လွှင့်ပြသနေပုံကို စိတ်အားထက်သန်စွာ ကြည့်ရှုနေကြခြင်း





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သလို မိခင်ဖခင်တို့နှစ်ဦးကလည်း သားသမီးများအတွက် ဂုဏ်ယူစွာဖြင့် စိတ်ဝင်တစား ကြည့်ရှုပေးနေကြခြင်း ဖြစ်သည်။

မကြာမီ အစီအစဉ်ပြီးဆုံးသွားသည်။ သားသမီးနှစ်ဦးကတီဗွီအစီအစဉ်သစ်များကို ဆက်လက်ကြည့်ရှုနေကြသည်။ မိဘနှစ်ဦးကမူ စောစောက ကြည့်ရှုလိုက်ရပုံများနှင့်ပတ်သက်ပြီး အပြန်အလှန် ဝေဖန်ပြောဆိုနေမိကြသည်။

"အခမ်းအနားကြီးကလည်း ကြီးကျယ်လိုက်တာနော်၊ အစကအဆုံး ဘယ်လောက်တောင် ပိုက်ဆံတွေ ကုန်လိုက်မလဲမသိဘူး၊ လူတွေလည်းတော်တော်ပင်ပန်းကြမှာပဲ၊ နို့ - အခမ်းလေ့ကျင့်တာလေးကိုဒီလောက်တောင်လုပ်ရသလား ရှင့်"

"ဟာ - လုပ်ရတာပေါ့ကွ၊ ပွဲမဝင်ခင်အပြင်ကကျင်းပတဲ့၊ ဆိုရိုးစကားတောင် ရှိသေးတယ်၊ ကြိုတင်ဖာတ်တိုက်ထားမှ တကယ့်ပွဲကြီးနေ့ကျတော့အဆင်ပြေမှာပေါ့၊ အဲဒီနေ့မှာနိုင်ငံ့အကြီးအကဲတွေ၊ နိုင်ငံတကာဧည့်သည်တွေ၊ ထောင်သောင်းချီနေတဲ့ပရိသတ်တွေ ရောက်လာကြမှာကွ၊ သူတို့ရှေ့မှာ အမှား

မင်္ဂလာဦးညကို မင်းက ဘာများမှတ်နေသလဲ။ အရေးကြီးတယ်ကွ သိပ်အရေးကြီးတယ်။ မင်းလို အစိမ်းသက်သက်၊ လူပျိုစစ်စစ်၊ ဘာအတွေ့အကြုံမှမရှိဖူးသေးဘူး ဆိုတဲ့လူက ဒီပွဲကို ရှောရှောရှူရှူ ချောချောမောမောနဲ့ဦးဆောင် သွားနိုင်ပါ့မလား၊ မလွယ်ဘူးနော်။



ွင်းမရှိအောင်၊ ကြောင်မနေ၊ စိမ်း နေအောင် ကြိုတင်အတွေ့အကြုံရ အောင်ဆိုပြီး ခုလိုအစမ်းလေ့ကျင့်ရ ပေါ့၊ ပြောရရင် လောကမှာ ဘယ် ာမဆို လေ့ကျင့်ရေးလိုတယ်ကွ၊ ာ - အားကစားပြိုင်ပွဲတစ်ခုကို ဝင် မယ့်သူပဲဖြစ်ဖြစ်၊ ဂီတပွဲတစ်ခုမှာ စင် တက်ပြီး အစွမ်းပြဖို့ ကြံရွယ်ထား သူပဲဖြစ်ဖြစ်၊ ကြိုတင်ဖာတ်တိုက်တာ လေ့ကျင့်တာတို့က သိပ်အရေးကြီး ယ်၊ တကယ်ဆိုရင် အိမ်ထောင်ရေး ်တ်စွမ်းမှာတောင် လေ့ကျင့်ရေးတို့၊ တွေ့အကြုံရှိရေးတို့ဆိုတဲ့ကိစ္စတွေက ်လိုအပ်တယ်ကွ"

"ဘယ်လို - ဘယ်လို - ရှင့်စကားက ယ်ရောက်သွားတာလဲ၊ အဲဒီလေ့ကျင့် တို့၊ အတွေ့အကြုံရှိရေးတို့က အိမ် ာင်ရေးနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တယ်ကွ - ဆိုင်တယ် - ဟဲ "

ယောကျ်ားလုပ်သူက ရယ်သွမ်း သွားသည်၊ အမှန်တော့ - သူက သူ့ အတွေးနှင့်သူ စကားကွင်းဆက်တွေကို ်သွားလိုက်မိခြင်းဖြစ်သည်၊ ယခုလို း မလုပ်သူက ချက်ကျလက်ကျ ဝင် ဆက်လိုက်သောအခါ သူ့မှာပြန်ပြော ချင်စိတ်ဖြင့် ပါးစပ်ပင် ယားနေမိသော်လည်း တကယ့်အကြောင်းအရာကပြန် ပြီးပြောပြအပ်၊ ရှင်းပြအပ်သောအရာ မဟုတ်လေသည်မို့ ရယ်သွမ်းသွေးခြင်း ဖြင့်သာ စကားကိုတမင်အဖျားရှူးလိုက်ရခြင်းဖြစ်သည်။

ယောကျ်ားလုပ်သူ၏အဓိပ္ပာယ်မတည့်သောစကားကိုဖြေရှင်းချက်ရလိုရငြား နားစွင့်နေမိသေးသော်လည်း ထိုအချိန်မှာပင်မီးက ရုတ်တရက်ပြတ်သွားသောကြောင့် အိမ်ရှင်မလုပ်သူက အာရုံပြောင်းသွားသည်။ သူကကလေးတွေကို စာကြည့်စားပွဲမှာထိုင်ကြဖို့ လှမ်းပြောပြီးနောက် သူကိုယ်တိုင်လည်း အိမ်မှုကိစ္စ လုပ်ကိုင်ရန် ထိုင်ရာမှ ထသွားတော့သည်။

သည်တော့မှ - အိမ်ထောင့်ဦးစီးလုပ်သူက တစ်ကိုယ်တည်းကျန်ခဲ့ပြီး သူ့ စိတ်ထဲက လွတ်လွတ်လပ်လပ်ပင် "ဪ - အိမ်ထောင်ရေး၊ အိမ်ထောင်ရေး၊ အင်း - လေ့ကျင့်ရေး၊ လေ့ကျင့်ရေး" ဟု မြည်တမ်းရေရွတ်လိုက်မိကာ အတွေးနှင့်အတူ မျက်နှာကပါ ခပ်ပြုံးပြုံးဖြစ်သွားရလေ၏။





www.burmeseclassic.com

www.burmeseclassic.com

"ကဲကွာ - မင်းက ကိုယ့်ကိုယ်ကိုယ် လူပျိုဆိုတော့ ငါက မေးလိုက်ပါဦးမယ်၊ မင်းကိုယ်မင်း လူပျိုအစစ်လို့ အာမခံနိုင်သလား"

မဗျှော်လင့်သည့်မေးခွန်းဖြစ်သည်၊ သည်လူကြီးနှယ် သည့်လိုကလေးကလား မေးခွန်းမျိုးကိုမှ မေးရလေသလောဟုလည်း စိတ်ထဲက အောင့်သွားမိသည်၊ သို့သော် ကိုယ့်စိတ်ကိုယ် ပြန်ထိန်းထားလိုက်သည်၊ အကြောင်းမှာ ကိုယ်က အိမ်ရှင်ဖြစ်သည်၊ သူက ဧည့်သည်ဖြစ်သည်၊ ပြီးတော့ - မိမိတို့စီးပွားရေးလုပ်ငန်းအတွက်လည်း သူက ယခုမှတိုးလာသည့် ဖောက်သည်တစ်ဦးဖြစ်သည်၊ သို့အတွက် မိမိက သည်းခံရမည်၊

ကားက တရိပ်ရိပ်ပြေးနေသည်၊ ရှေ့မှာ ကျွဲအုပ်တစ်အုပ် လမ်းဖြတ်ကူးနေတာတွေ့ရသည်၊ ထိုကျွဲအုပ်ကိုသတိထားပြီး သူကကားကိုမောင်းနေရသည်၊ ကျွဲအုပ်ကိုလွန်လာခဲ့ပြီးနောက်စောစောတုန်းမေးခွန်းပင် တစ်ခါပြန်ပေါ်လာခဲ့ပြန်သည်၊

"ငါမေးတာ ဖြေဦးလေကွာ၊ ဘယ့်နှယ်လဲ - မင်းကိုယ်မင်း မိန်းမတွေနဲ့ တစ်ခါမှကို မတစ်ခါဖူးသေးတဲ့လူပျိုစစ်ပါလို့ အာမခံနိုင်သလား"

မေးခွန်းထုတ်ရှံမက လူကိုပါ ရယ်ကျဲကျဲဖြင့် စိုက်ကြည့်လာသည်၊ သည်လူ့ပုံက ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းမွေးရှည်ရှည်နှင့်ဖြစ်သည်၊ ပါးပေါ်မှာလည်း ကျပ်ပြားဝိုင်းခန့် အမည်းကွက်တစ်ကွက်ရှိသည်၊ ထိုအမည်းကွက်ပေါ်မှာပါ မွေးညင်းတွေက ပေါက်လျက်ရှိသည်၊ ဒါ့အပြင် ထူထဲပြီးကြီးမားသော နှာခေါင်းနှင့် မျက်မှန်အနက်ကြီးကိုပါ တပ်ထားပြန်သည်၊ တည်ကြည်ပုံမရသောမျက်နှာနှင့် သိက္ခာမရှိ သောပြောစကားတွေတအလွန်ပင် လိုက်ဖက်လှပါပေသည်ဟု ကောက်ချက်ချလိုက်မိသည်၊ သို့ပြောဆိုခဲ့သည့်အတိုင်းသူကသတိမလွတ်ပါ၊ ဤသူမှာ ဖောက်သည်အသစ်တစ်ဦးဖြစ်သည်၊ လောလောဆယ်ပင် မိမိတို့ထံမှ အထည်ကုန်တွေကို အနည်းဆုံး သိန်း(၂၀)ဖိုးလောက် ဝယ်ယူသွားဦးမည့် သူဖြစ်သည်၊ သည်လိုလူမျိုးနှင့် ဆက်ဆံရေးမပျက်ဖို့ လိုသည်၊ ထိုအချက်ကို သူ လုံးဝမမေ့ပါ၊

စတီယာရင်ကို လက်နစ်ဖက်ဖြင့် ကိုင်ထားရင်း တာဝန်ကျေမျှ သူ ပြန်ဖြေလိုက်သည်၊

"ဟုတ်တယ်၊ ကျွန်တော် လူပျိုစစ် တစ်ယောက်ပဲ၊ စစ်တာမှ ရေတောင် ...ာဘူး၊ အဲဒီတော့ ဦးလေး ဘာလုပ် ...ဲ"

"ဘာလုပ်ရမလဲကွ၊ အခု - မင်းက ...ကြာခင် မင်္ဂလာဆောင်တော့မှာ ...ုတ်လား၊ မင်္ဂလာဦးညဆိုတဲ့ပွဲကြီးပွဲ ...ာင်းကြီးက မင်းကို စောင့်ကြိုနေ ...လေ၊ အဲဒီ့မင်္ဂလာဦးညကိုမင်းက ဘာ ...မှတ်နေသလဲ၊ အရေးကြီးတယ်ကွ၊ ...ိပ်အရေးကြီးတယ်၊ မင်းလို အစိမ်း ...တ်သက်၊ လူပျိုစစ်စစ်၊ ဘာအတွေ့ ...တွေ့မှမရှိဖူးသေးဘူးဆိုတဲ့လူကဒီပွဲကို ...ာရှောရှုရှု၊ ချောချောမောမောနဲ့ ...ဆောင်သွားနိုင်ပါ့မလား၊ မလွယ်ဘူး ...၊ တော်ကြာ - ဟိုကကိုယ့်ကိုမင်္ဂလာ ...ညမှာတင် ကြောက်သွားလန့်သွား ...မျိုး၊ အထင်သေးပြီး မေတ္တာတရား ...င်းပါးသွားတာမျိုးဖြစ်သွားရင် ဘယ် ...လုပ်မလဲ၊

မင်းတို့အချင်းချင်းက ရည်းစားဖြစ် ...မှ ယူကြတာလည်းမဟုတ်ဘူးလေ၊ ...တ်နာစိမ်းအချင်းချင်း မင်္ဂလာဦးညမှာ ...ိပ်တိုက်တိုးရတာမျိုးဆိုတော့ ပိုဆိုးတာပေါ့ မောင်၊ ပြီးတော့ - ကိုထွန်းသူ့သမီး မြတ်ကေသီအကြောင်းကို ငါက ကောင်းကောင်းသိတယ်ဗျ၊ ဒီကောင်မလေးကလည်း အဖိုဆိုလို့ ယင်ဖိုတောင် သန်းဖူးသေးတာ မဟုတ်ဘူး၊ ပြီးတော့ ဘွဲ့ရ၊ ပညာတတ်ကွ၊ ဉာဏ်ရည်လည်း မြင့်တယ်၊ သူလို မိန်းကလေးတစ်ယောက်ကို မင်းက မင်းရဲ့ယောကျ်ားပီသမှု၊ ညာတာထောက်ထားမှု၊ သဘောထားကြီးမှုတွေ ပီပြင်အောင် ပြသနိုင်ပါ့မလား၊ ငါတော့ မလွယ်ဘူးထင်တာပဲ"

"ကျွန်တော်လည်း လူညံ့တစ်ယောက်မဟုတ်ပါဘူးဗျ၊ ဘွဲ့ရပဲ၊ ပညာတတ်ပဲ"

"ဟား - ဟား - မင်းဘွဲ့က ဒီနေရာမျိုးမှာ ဘာအသုံးဝင်မှာမို့လို့လဲ၊ ဒီမှာ သူငယ်ချင်း - ဒီလိုအချစ်ပွဲမျိုးဟာ စစ်ပွဲကြီးတစ်ပွဲတိုက်ရတာထက်တောင် ခက်သေးတယ်ကွ - နားလည်လား၊ စဉ်းစားကြည့်၊ စစချင်း ကိုယ်က မှန်ထူပြီး လုပ်လိုက်မိရင် ဘယ်လောက်တောင် အမှားကြီးများသွားမလဲ၊ ဟိုကကြောက်လည်း ကြောက်၊ ရင်လည်း နန်ပြီး ဟိုဘက်ကို တစောင်းလှည့်အိပ်နေမှာ၊ ဒီ... သူငယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်း - ကြက်ကိုဖမ်းချင်ရင် ဘယ်လိုလုပ်ရသလဲ၊ ဆန်ကွဲကလေး ပက်ကျွေးပြီး အသာချော့ခေါ်ရတယ်မဟုတ်လား၊ ကြက်က ယဉ်ပါးပြီး ကိုယ့်ကို ယုံကြည်လာပြီးပက်ကျွေးထားတဲ့အစာကိုလည်း ကောက်စားလာပြီဆိုတော့မှ အသာလေး ကွဲခနဲ ဖမ်းလိုက်ရတယ်မဟုတ်လား၊ ဒီတော့ - ကိုယ်ကလည်းကြက်ကို မိသလို၊ ကြက်ကလည်းကိုယ့်ကိုမလန့်တော့ဘူး၊ အားလုံးအိုကေသွားတာပေါ့၊

မြဲမြဲမှတ်ထား - ကိုယ့်လူ၊ ပယောဂပုဂ္ဂိုလ်က ယောက်ျားကွ၊ ယောက်ျားကစရမှာ၊ စတဲ့နေရာမှာ ပျော့ပျော့ပျောင်းပျောင်းနဲ့ အပျော့ဆွဲဆွဲပြီးစရမှာ၊ အနုးအနပ်ကောင်းတဲ့သူကိုမိန်းမကချစ်တာပဲ၊ ဘိန်းစားမယားချစ် ဆိုတဲ့စကားတောင် ရှိသေးသမို့လားကွ - ဟား ဟား”

သည်လူကသူ့ဘာသာသဘောကျပြီး ရယ်နေပြန်သည်၊ သူက သတိရပြီး ကားနောက်ပိုင်းကို အသာလှည့်ကြည့်လိုက်မိသည်၊ ကားနောက်ခန်းထဲမှာ အမျိုးသမီးတစ်ယောက် ပါလာသေးသည်၊ သည်လူ - တစ်တစ်ခွခွ ပြောနေတာကိုထိုအမျိုးသမီးများကြားသွားလေမလားဟု စိုးရိမ်စိတ်ဖြင့် လှည့်ကြည့်လိုက်မိခြင်း ဖြစ်သည်၊ တော်ပါသေးသည်၊ ထိုအမျိုးသမီးကလည်းကူရှင်ကိုမှီပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသည်၊ ထိုအမျိုးသမီးမှာ လုံးကြီးပေါက်လှ တစ်ဦးဖြစ်သည်၊ အပြင်အဆင်အခြယ်အသတွေကိုလည်း အတော်လေး ပြုလုပ်ထားသည်၊ ထိုအမျိုးသမီးထံမှ ပျံ့လွင့်လာသည့် ရေမွှေးနံ့က ကားအတွင်းမှ လှိုင်၍ပင်နေသည်၊

ဘာပဲပြောပြော၊ သည်လူ့ပြောစကားတွေက အများတော့ မပါပါ၊ ပြီးတော့ ယုတ္တိယုတ္တာအားဖြင့်လည်း သူ့စကားတွေက ခိုင်မာမှုရှိနေပြန်သည်၊ တချို့အချက်တွေဆိုသူပြောပြမှပင်ဗဟုသုတရှိသွားရသည်၊ အသိတိုးသွားရသည်၊ ထိုမှတစ်ဖန် မိမိကိုယ်ကိုယ် သံသယပွားမိပြီး စိုးရွံ့စိတ်နှင့်အတူမဖြစ်စဘူးသော စိတ်လှုပ်ရှားမှုတွေပါ ဖြစ်ရှိသွားရသည်၊

ဦးလေးပြောသလို ဒီလောက်ကြီးလည်းရေးကြီးခွင်ကျယ်မဟုတ်လောက်ပါဘူးဗျာ၊ လူတွေဒီလိုပဲအိမ်ထောင်တွေကျ၊ အဆင်တွေပြေပြီး ကလေးတွေမွေးလာကြတာပဲမဟုတ်လား”

“မင်း ဘာသိလဲ၊ အပေါ်ယံလောက်တော့ ဟုတ်တာပေါ့ကွ၊ အတွင်းမှာ ပြဿနာဖြစ်နေတဲ့ လင်မယားတွေ အများကြီး၊ ဒီလူမှုရေးပညာ၊ လူမှုရေးဗေဒကို နားမလည်တဲ့အတွက် အတွင်းကျိတ်ကျိတ်ပြီး မသာမယာဖြစ်နေတဲ့အိမ်ထောင်တွေ ခုနဲ့ဒေးပဲ၊ တချို့ဆိုမင်းပြောသလိုကလေးရလာတဲ့အထိတောင်မနေဘူး၊ မင်္ဂလာဦးညနဲ့တင်ပဲ ကန့်ကွဲကွဲပြီး တစ်ခါတည်း အပြီးပြတ်စဲသွားတာမျိုးတောင်ရှိတယ်၊ အမိကတော့ ယောကျ်ားလေးပဲ ငါ့လူ၊ ယောကျ်ားလေးပဲ”

“ဦးလေးပြောမှပဲကျွန်တော်တောင် အဖြည်းဖြည်းလန့်လာပြီ၊ ကဲ - ပြောပါဦး၊ ကျွန်တော့်အနေအထားကို ဦးလေး ဘယ်လိုထင်သလဲ”

“ဘယ်လိုထင်ရမလဲ၊ မင်းက မင်းကိုယ်မင်း လူပျိုအစစ်ပါလို့ ပြောခဲ့ပြီ၊ ဒီတော့ တခြားလူတွေနဲ့စာရင် မင်းက ပိုပြီးသိထား၊ တတ်ထား၊ အတွေ့အကြုံရှိထားရင် ပိုကောင်းတာပေါ့”

“ဒါဖြင့် - မိန်းမမရှုပ်ခဲ့ဘူးတာကပဲ ကျွန်တော့်အတွက်အားနည်းချက်တစ်ရပ်ဖြစ်နေပြီပေါ့”

“နီး - နီး - မဟုတ်ဘူး၊ သန့်စင်ခြင်းရဲ့မွန်မြတ်ပုံကို ငါ မရှုတ်ချဘူး၊ အရေးကြီးတာက မင်းရဲ့ဉာဏ်ရည်ဉာဏ်သွေးပဲ၊ ခုအချိန်ထဲကစပြီး လေ့လာရေးလုပ်ပေါ့ကွာ၊ စာတွေဖတ်ပေါ့ကွာ၊ ကိုယ့်မှာ ဗဟုသုတတွေ ပြည့်ဝလာတာနဲ့ အဲဒီအတိုင်း ကြံဆောင်သွားနိုင်အောင်ကြိုးစားပေါ့ကွာ”

“စာတွေ့သမားကလက်တွေ့သမားကို ယှဉ်နိုင်ပါ့မလား၊ အရေးအကြောင်းကျမှ အဲဒီဗဟုသုတတွေက မေ့နေရင် ဘယ်လိုလုပ်မလဲ”

“ဒါတော့ - မင်းအပိုင်းပဲ၊ မင်းဘာသာဆုံးဖြတ်ပေါ့၊ စာတွေ့လောက်နဲ့ဖြစ်နိုင်ရင်စာတွေ့၊ အဲသလောက်နဲ့မဖြစ်နိုင်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် သံသယရှိရင်လဲ ...”

သည်လူ့စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်၊ မျက်နှာကိုပါလွှဲလိုက်ပြီး ဟိုဘက်ကရှခင်းတွေကို လှမ်းမျှော်ကြည့် နေသည်၊ ထို အနိုက် စီးကရက်မီးခိုးတချို့က ပျံ့လွင့်လာသည်၊ သူ တစ်ချက်လှည့်ကြည့်လိုက်တော့ ထိုအမျိုးသမီးက အိပ်ရာမှနိုးကာ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာရှိပြီး မီးညှိ





www.burmeseclassic.com

www.burmeseclassic.com

နေတာ တွေ့လိုက်ရသည်၊ သည်စဉ် ယင်းအမျိုးသမီးနှင့် အကြည့်ချင်းပါ ဆုံတွေ့သွားရာက သူ့ကျောထဲမှာ စိမ့်ခနဲဖြစ်သွားမိရသည်၊ အကြောင်းမှာ မျက်လုံးချင်းဆုံမိကာ မိမိကိုစိုက်ကြည့်ပြီး လှစ်ခနဲပြုံးပြလိုက်သည့် ထိုအမျိုးသမီး၏ မျက်နှာကတကယ့်ကိုအမိပ္ပာယ်တစ်မျိုးကြီးမှန်း သိရှိလိုက်ရသောကြောင့်ပင်၊

စကားစပြတ်သွားသည်၊ ကားက ခပ်မှန်မှန်သာ မောင်းသွားနေသည်၊ မကြာမီ မြို့အဝင်ဆိုင်းဘုတ်ကို လှမ်းမြင်ကြရသည်၊ ဆိုင်းဘုတ်၏အပြင်ဘက်တွင် ဓာတ်ဆီဆိုင်တချို့ စားသောက်ဆိုင်တချို့နှင့်ကားရပ်နားစခန်းတစ်ခုကိုတွေ့ရသည်၊

"အဲဒီမှာ ခဏနားဦးစို့ကွာ၊ တို့တစ်ခုခုစားဦးမယ်"

"ဟုတ်ကဲ့ - ဦးလေး"

ဖြစ်ချင်တော့ - ထိုစခန်းရှေ့ရောက်မှပင် ကားက စက်သံနည်းနည်းဖောက်လာသည်ကို သတိပြုမိလိုက်သည်၊ ထို့ကြောင့် ဝပ်ရှော့တစ်ခုရှေ့မှာပင်ကားကို ထိုးရပ်ပေးလိုက်သည်၊ ကားရပ်ရပ်ချင်း ဟိုနှစ်ယောက်က ကားပေါ်မှ ဆင်းသည်၊

"ဦးလေးတို့သာ သွားကြတော့၊ ကျွန်တော် ကားစစ်ကြည့်နိုင်းလိုက်ဦးမယ်"

"အေး - ဆက်လုပ်"

ထိုနှစ်ယောက်က စားသောက်ဆိုင်တစ်ခုဘက်သို့ လျှောက်သွားကြသည်၊ သူက ဝပ်ရှော့ဆရာထံ ကားကို အပ်သည်၊ ဝပ်ရှော့ဆရာကလိုအပ်သလိုစစ်ဆေးလုပ်ကိုင်ပေးသည်၊ ခေတ္တမျှအကြာတွင် လုပ်ငန်းပြီးသွားသည်၊ သူက ဟိုလူနှစ်ဦးနောက်မလိုက်တော့ဘဲ ကားခေါင်းထဲကသာ ထိုင်စောင့်နေလိုက်သည်၊

တစ်ကိုယ်တည်း အတွေးနက်နေမိသည်၊ လမ်းမှာ ဟိုလူကြီးပြောခဲ့သော စကားများကို ပြန်သတိရနေမိသည်၊ သည်လူကြီးပြောစကားတွေက မဆန်းသော်လည်း ထူးသလိုတော့ရှိသည်၊ ပြောရလျှင် သည်စုံတွဲရောက်လာပုံကကို ထူးခြားနေသည်၊ သည်စုံတွဲက ကနေ့ နေ့လယ်ပိုင်းလောက်မှာ အိမ်သို့ရောက်လာကြသည်၊ ရောက်ရောက်ချင်း ယောကျ်ားလုပ်သူက သူတို့သည် မြေလတ်မှ အထည်ဆိုင်ရှင်များဖြစ်ကြကြောင်း၊ အထည်ဝယ်ရန် ဆင်းလာကြကြောင်း၊ သည်ဆိုင်တွင် ဈေးမှန်ပစ္စည်းကြောင်း မိတ်ဆွေများဖြစ်ကြသော ကိုထွန်းသူနှင့်မခင်ညိုတို့က ညွှန်းလိုက်သဖြင့် သည်ဆိုင်ကို ဦးတိုက်ဝင်လာခဲ့ခြင်းဖြစ်ကြောင်း၊ အထည်များကို ငွေကျပ်သိန်း(၂၀)ဖိုးခန့် ဝယ်ယူမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောသည်၊

ထို့နောက် အထည်များကို ခုချက်ချင်း ကြည့်ရှုလိုသည်ဟု ဆိုသဖြင့် မိမိကပင် ထိုလူကို အထည်များ လိုက်ပြရသည်၊ ထိုအမျိုးသမီးကတော့ ဧည့်ခန်းထဲမှာပင်တခြားအိမ်သားတွေနှင့်စကားပြောရင်း ကျန်နေခဲ့သည်၊

ထိုလူကြည့်ရှုလိုသောအထည်များကိုတစ်မျိုးပြီးတစ်မျိုးထုတ်ပြနေမိသည်၊ ထိုအချိန်မှာပင် ထိုလူကြီးက အထည်တွေကို ကိုင်တွယ်ကြည့်ရှုရင်း တခြားလူမှုရေးစကားတွေကို ထည့်ပြောလာခြင်းဖြစ်သည်၊

"ဟော - အောင်ပိုင်ဦး - မင်းက ကိုထွန်းသူသမီးမြတ်ကေသီနဲ့မကြာခင် မင်္ဂလာဆောင်တော့မယ်ဆို - ဟုတ်လား"

"ဟုတ်တယ် ခင်ဗျ၊ ဟုတ်ပါတယ်"

"ကိုထွန်းသူနဲ့ ငါနဲ့က သူငယ်ချင်းတွေကွ၊ ဒါကြောင့် - မင်းတို့ကိစ္စကိုလည်း သူကငါ့ကိုပြောပြတယ်လေ၊ ဒါနဲ့ မင်းတို့က မိဘတွေပေးစားလို့ ယူကြရမယ့် သဘောမျိုးဆို - ဟုတ်လား"

"အဲဒါလည်း ဟုတ်ပါတယ်၊ မိဘတွေက နေရာချထားပေးကြတာပါ"

"အေးကွ - ဒါလည်း ကောင်းပါတယ်၊ ဒါပေမဲ့ - မင်းတို့အချင်းချင်းက မျက်နှာစိမ်းတွေဖြစ်နေတာကတော့ ပြောစရာရှိတာပေါ့၊ ဒါထက် - မင်းတို့ဆိုင်မှာ ဒီနိုင်ငံခြားအထည်တွေပဲ ရှိသလားကွ၊ ဒေသထွက်အထည်တွေလည်း မင်းတို့ဆိုင်မှာ ရောင်းတယ်ဆို"

"ဟုတ်ပါတယ် ခင်ဗျ၊ ရောင်းပါတယ်၊ တစ်ဖက်ကမ်းကမြို့မှာကျွန်တော်တို့ ရက်ကန်းစင်တွေ ရှိပါတယ်၊ အဲဒီရက်ကန်းစင်တွေကထွက်တဲ့ ဒေသအထည်တွေကို ဆိုင်ပေါ်တင်ရောင်းပါတယ်၊ လောလောဆယ် ကုန်နေလို့ ခင်ဗျ၊ ကုန်နေလို့ဆိုတာ က ဟိုမှာတော့ ထုတ်လုပ်ပြီးသားတွေရှိပါတယ်၊ ဒီကို မပို့ဖြစ်သေးလို့ပါ"

"အေး - ငါက အဓိကအဲဒီရက်ကန်းထည်တွေလိုချင်လို့ လာခဲ့တာပဲ၊ ဒီနိုင်ငံခြားထည်တွေက ငါ့ဆိုင်မှာလည်း ရှိတာပဲ၊ ဒီတော့ - ဒီလိုလုပ်ရအောင်ကွာ၊ တို့





www.burmeseclassic.com

www.burmeseclassic.com

ရက်ကန်းစင်တွေဆီသွားရအောင်၊ အဲဒီကို ငါကိုယ်တိုင် လိုက်ကြည့်မယ်၊ ကြည့်ပြီး ကြိုက်တာကို ရွေးဝယ်မယ်ကွာ"

"ဟာ - အားနာစရာကြီး - ဦးရာ၊ ဒီလိုမလုပ်ပါနဲ့၊ ကျွန်တော် ဟိုကို လှမ်းအကြောင်းကြားလိုက်ပါ့မယ်၊ မနက်ဖြန်ဆို အထည်တွေ ဒီကိုရောက်ပါတယ်၊ ဦးလေးတို့ ဒီမှာပဲ နားနေပြီး စောင့်ယူသွားပါ။ ပြီးတော့ - ဒီနေ့က အချိန်လည်း မရှိတော့ဘူးလေ"

"ရပါတယ်ကွ၊ ကိစ္စမရှိပါဘူး၊ အဲဒီကို သွားရအောင်ပါ၊ ငါလည်း ရက်ကန်းစက်တွေ မြင်ဖူးသွားတာပေါ့၊ မိုးချုပ်ရင်လည်း ဟိုမှာပဲ ညအိပ်တာပေါ့ကွာ"

သို့ကြောင့်ပင် သည်ခရီးကို ထွက်လာခဲ့ရခြင်းဖြစ်သည်၊ နတော့ - အလုပ်ကိစ္စက အဓိကမဟုတ်တော့ဘဲ လမ်းမှာ ဟိုလူကြီးပြောခဲ့သည့် အကြောင်းအရာတွေကပင် မိမိအတွက် လတ်တလော စိတ်ဝိအားဝင်စရာတွေ ဖြစ်နေရသည်၊ ဟုတ်သားပဲ၊ စစ်စစ်ပေါက်ပေါက်တွေးကြည့်မှ သည်ကိစ္စက အတော်ခေါင်းနားပန်းကြီးစရာ၊ စိတ်ချောက်ချားစရာ ကောင်းလှသည်ပဲ၊ မင်္ဂလာဦးညဆိုတာ ပေါ့သေးသေးမဟုတ်မှန်း၊ သူတကာတွေရမ်းကျှတ်လိုက်ကြသလိုရောက်ချွတ်လိုက်၍မရမှန်း ခုမှသတိပြုမိတော့သည်၊ ဟိုလူကြီးပြောသွားတာ ဘာတဲ့၊ ယောက်ျားပီသမှုတဲ့၊ သဘောထားကြီးမှုတဲ့၊ ညှာတာထောက်ထားမှုတဲ့၊ ဒါတွေကို မှမိမိကတာဝန်ကျေကျေမထမ်းဆောင်နိုင်ရင် တစ်ဖက်လူရဲ့ အထင်သေးမှု၊ မေတ္တာခေါင်းပါးမှုတွေနဲ့ ရင်ဆိုင်သွားရမတဲ့၊

တွေးရင်းတွေးရင်း မြတ်ကေသီ၏ ရုပ်သွင်ကိုပြေးမြင်လိုက်မိသည်၊ မိမိဇနီးလောင်းမြတ်ကေသီကိုသူ့အမေခေါ်လာသည့်အခေါက်က တစ်ကြိမ်ပဲ မြင်ဖူးလိုက်ရသည်၊ မျက်နှာကတော့ ရှက်ကြမ်းရေချိုပါပဲ၊ ကိုယ်လုံးကတော့ အတော်လှသည်၊ ဒါတွေထက် ပိုပြီးပေါ်လွင်နေသည့်အရာကသူမ၏လှုပ်ရှားမှုလူ့စရိုဟန်၊ ညက်ရည်ညက်သွေးထက်မြက်ဟန်များပင်ဖြစ်သည်၊ သည်လိုအထက်တန်းစားမိန်းကလေးတစ်ယောက်ကို ဟိုလူကြီးပြောသွားသလို မိမိက တည်တည်ငြိမ်ငြိမ်၊ လှလှပပ ဦးဆောင်သွားနိုင်ပါ့မလား၊ မင်္ဂလာဦးညက မကြာမီ

ရောက်တော့မည်၊ မိမိက ဘာမျှအတွေ့အကြုံမကြွယ်ဝသေးသည့် အစိမ်းသက်သက်ကြီး၊ ခက်ပြီ၊

တွေးရင်းတွေးရင်းစိတ်ကပိုပြီးတွေဝေသလိုဖြစ်လာသည်၊ ဘာကိုမှလည်း သိတိကျကျ ရေရေရာရာ ဆုပ်ကိုင်ပြီး တွေးတောနိုင်ခြင်းမရှိဘဲဖြစ်နေသည်၊ သည်လိုနှင့်ပင် အချိန်တွေက တရွေ့ရွေ့ ကုန်လွန်သွားသည်၊ နာရီကို ငုံ့ကြည့်လိုက်ရာ အချိန်တော်တော်လင့်နေမှန်း သိလိုက်ရသည်၊ ဟိုစုံတွဲထွက်သွားတာ တော်တော်ကြာပြီ၊ ပြန်လာဖို့ကောင်းပြီ၊ သည်အတိုင်း ထိုင်စောင့်နေလို့မဖြစ်တော့၊ လိုက်ကြည့်ဦးမှဖြစ်မည်၊

သူ ကားပေါ်ကဆင်းပြီး ဟိုစုံတွဲဝင်သွားသော စားသောက်ဆိုင်ဘက် လျှောက်သွားလိုက်သည်၊ ဟော - စားသောက်ဆိုင်အပေါက်ဝနား ရောက်ရောက်ချင်းပင် ဟိုစုံတွဲကို တွေ့လိုက်ရသည်၊ ချောင်ကျကျစားပွဲတစ်လုံးမှာ သူတို့နှစ်ယောက်က ရှိနေကြသည်၊ ပြီး သူတို့ကို တွေ့ရပုံက တော်တော်ထူးသည်၊ ယောက်ျားလုပ်သူကကုလားထိုင်နောက်မှီပေါ်မှာ ခေါင်းတင်ပြီး အိပ်မောကျနေသည်၊ မိန်းမလုပ်သူကတော့ စားပွဲပေါ်မှာ မေးထောက်ပြီး အိပ်ငိုက်နေသည်၊ ဘယ့်နယ်ဟာတွေပါလိမ့်၊ စိတ်ထဲက အောင့်သက်သက်ဖြစ်သွားရသည်၊

"အဟင်း - အဟင်း"

ချောင်းသံကို တမင်လုပ်ပြီးပေးလိုက်သည်၊ သည်တော့မှ သူတို့နှစ်ယောက်က မျက်လုံးတွေပွင့်ပြီး နိုးလာကြသည်၊ ယောက်ျားလုပ်သူက ပြုံးဖြီးဖြီးနှင့် သူ့ကို လှမ်းကြည့်သည်၊

"သွားကြရအောင် - ဦးလေး၊ အချိန်ကမရှိတော့ဘူးဗျ"

"အေးပါ - အေးပါ၊ တို့လည်း စားကောင်းကောင်းနဲ့စားပြီး အိပ်ငိုက်သွားမိကြတာကွ"

တတ်လည်းတတ်နိုင်တဲ့လူတွေဟု စိတ်ထဲက ရေရွတ်လိုက်မိသည်၊ သူ နောက်ပြန်လှည့်လာခဲ့တော့အနီးစုံတွဲက နောက်ကလိုက်လာကြသည်၊ ကားပေါ်ကိုအားလုံးတက်ပြီးကြလျှင် စက်နှိုးကာ မောင်းထွက်လာခဲ့သည်၊

သိပ်မကြာမီပင်မြို့တွင်းသို့ဝင်လာခဲ့ကြသည်၊ သူက ကားကို ရက်ကန်းရုံ

www.burmeseclassic.com

ရှိရာသို့တန်းပြီးမောင်းသွားလိုက်သည်။ ရက်ကန်းရုံသို့ ရောက်သွားချိန်တွင် နေ့တ ဝင်ခါနီးနေပေပြီ။ သူက ဧည့်သည်တွေကို ရက်ကန်းရုံထဲသို့ ခေါ်သည်။ ယောက်ျားလုပ်သူက အတွင်းသို့ လိုက်ဝင်လာသည်။ အမျိုးသမီးကတော့ ကားပေါ်မှာပင် နေရစ်ခဲ့သည်။ သူက ရက်ကန်းစင်များကို လိုက်ပြသည်။ ထုတ်လုပ်ပြီးသား အထည်တွေကိုလည်းပြသသည်။ ထိုလူက အထည်များကိုကြည့်ပြီး စိတ်ကြိုက်ရွေးချယ်သည်။ ထိုရွေးပြီးသားအထည်များကိုလည်း ချက်ချင်းပင် ထုပ်ပိုးခိုင်းသည်။ အားလုံးပြီးစီးသော် -

"တဲ - အောင်ပိုင်ဦး - အခု ငါဝယ်ထားတာ သိန်း(၂၀)ဖိုးတိတိပဲ။ ဒါနဲ့ ငါပြန်ရမယ်ဆိုရင် ခုအချိန် ကားရှိသေးရဲ့လားကွ"

"မှန်လုံကားတွေက ည(၁၀)နာရီအထိ ရှိတယ် - ဦးလေး။ ဦးလေးက ချက်ချင်းပြန်တော့မလို့လား။ ဒီည - ဒီမှာပဲ နားပါဦးဗျ။ မနက်ကျမှ အေးအေးဆေးဆေးပြန်လည်း ရပါတယ်"

"အေးပါ - ငါက မနက်မှ ပြန်မှာပါ။ ငွေကိုလည်း မနက်မှပဲချေမယ်။ ဒီတော့ တို့ တည်းခိုခန်းကို သွားကြစို့"

"ဟာ - ဘာလို့ တည်းခိုခန်းသွားရမှာလဲ - ဦးလေးရ။ ရက်ကန်းရုံက မန်နေဂျာအိမ်မှာတည်းဖို့ ကျွန်တော် စီစဉ်ပေးပါ့မယ်။ ဒါက ကျွန်တော်တို့တာဝန်ပါ"

"နေပါစေကွာ၊ ကျေးဇူးပဲ။ ငါတို့က လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်။ တည်းခိုခန်းသွားတာ အကောင်းဆုံးပဲ။ မင်းပါ တို့နဲ့ တည်းခိုခန်းလိုက်အိပ်ကွာ။ မင်းအတွက် အခန်းခကို ငါ ရှင်းလိုက်ပါ့မယ်။ တို့ချည်းပဲပျင်းတယ်ကွ။ ညရောက်တော့ မင်းနဲ့ စကားလေး ဘာလေးပြောရတာပေါ့။ ရက်ကန်းစင်တွေအကြောင်း ငါ မင်းကို မေးစရာ ရှိတယ်ကွ"

ဒီလူကြီး ခက်ပြန်ပြီဟုတွေးရင်း သူ ခေါင်းကို ကုတ်လိုက်မိသည်။ လိုက်လျောရုံသာ ရှိတော့သည်မို့လည်း သက်ပြင်းကိုပါ ချလိုက်မိသည်။ ထို့နောက် သူတို့ ကားပေါ် ပြန်တက်ကြသည်။ မြို့ပေါ်ရှိ အကောင်းဆုံးတည်းခိုခန်းတစ်ခုဆီသို့လည်း ကားကိုမောင်းလာခဲ့သည်။ တည်းခိုခန်းသို့ရောက်ချိန်တွင် မိုးစုပ်စုပ်ချုပ်လျက်ရှိလေပြီ။

ထိုလူကပင် ကောင်တာမှာ ငွေရှင်းပြီး အခန်းများကိုယူသည်။ ပြီးနောက် ရရှိသောအခန်းများဆီသို့ ထွက်လာခဲ့ကြသည်။ မကြာမီဟိုစုံတွဲကနှစ်ယောက်ခန်း တစ်ခန်းထဲ ဝင်သွားကြပြီး သူက ရရှိသည့်တစ်ယောက်ခန်းထဲသို့ဝင်လာခဲ့သည်။ သူ့ရသောအခန်းမှာ တစ်ယောက်ခန်းဆိုသော်လည်း အဆင့်မြင့်တည်းခိုခန်းပီပီ အခန်းက ကျယ်သည်၊ နတင်ကကြီးသည်။ မွေ့ရာခေါင်းအုံးတွေကလည်း ကောင်းမွန်သပ်ရပ်သည်၊ ထို့ပြင် လေအေးစက်၊ တီဗွီနှင့်တကွ ရေချိုးခန်း၊ အိမ်သာကိုပါ အခန်းထဲမှာ တစ်ခါတည်း ဖွဲ့စည်းပေးထားလေသေးသည်။



ထိုအမျိုးသမီးထံမှ ထောင်းထောင်းထနေသည့် ရေမွှေးနံ့များပင်။ ပြီးတော့—ထိုမိန်းမဝတ်ထားသည်က စွဝ်ကျယ်ကဲ့သို့ ချွင်းပြတ်၊ ရင်ဟိုက်အဝတ်အစားဖြစ်သည်။ ထို့ကြောင့် ရင်ညွန့်နေရာက လုံးဝန်းပြီး ထွားကျိုင်းသည့်ရင်သားတွေ တစ်ဝက်နီးပါးလောက် အပြင်ဘက်ကို တိုးထွက်လျက်ရှိသည်။

မွေ့ရာပေါ်မှာ ပစ်လှဲပြီး အနားယူလိုက်သည်။ အတန်ကြာသော်ဗိုက်ထဲက တကြုတ်ကြုတ်မြည်ပြီး ဆာလောင်လာမိသည်။ တစ်ခုခုစားရန်အတွက် အခန်းတံခါးသော့ပိတ်ပြီး ထွက်လာခဲ့သည်။ ဟိုနှစ်ယောက်၏အခန်းရှေ့ရောက်တော့ တံခါးပိတ်ပြီး ငြိမ်ချက်သား ကောင်းနေသည်ကို တွေ့ရသည်။ မိမိဘာသာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ တည်းခိုခန်းနှင့် တွဲဖက်ပြီး ဖွင့်လှစ်ထားသည့်စားသောက်ဆိုင်ထဲသို့ဝင်လာခဲ့မိသည်။

ခေါက်ဆွဲကြော်တစ်ပွဲမှာစားသည်။ စားပြီးပြီးချင်း အပေါ်သို့ ပြန်တက်လာခဲ့





www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဟိုနှစ်ယောက်အခန်းရှေ့ရောက်တော့ ယခင်အတိုင်း တံခါးပိတ်ပြီး ငြိမ်သက်နေသည်ကိုသာ တွေ့ရသည်၊ သူ့ကိုယ့်အခန်းထဲ ပြန်ဝင်လာခဲ့သည်၊ ထို့နောက် တံခါးပိတ်၊ မီးပိတ်၊ မွေ့ရာပေါ် လှဲကာ အိပ်ဖို့ပြင်လိုက်သည်၊

သို့နှင့် ည(၉)နာရီကျော်ကျော်ခန့်၊ ဆည်းဆိုခန်းသာမက အပြင်လောကတစ်ခုလုံးပါ တိတ်ဆိတ်ငြိမ်သက်စ အချိန်တွင် -

"ခေါက် - ခေါက် - ခေါက်"

တံခါးခေါက်သံက ပေါ်လာခဲ့သည်၊ သူ ဖျတ်ခနဲ လန့်နိုးသွားသည်၊ လူးလဲထကာ တံခါးဆီ လျှောက်သွားပြီး ချက်ဖြုတ်၍ ဖွင့်ပေးလိုက်သည်၊ ဤတွင် တံခါးပွင့်ပွင့်ချင်းဆိုသလို မိန်းမတစ်ယောက်က အတွင်းသို့ တိုးဝင်လာခဲ့သည်၊ သူ အံ့အားသင့်နေစဉ်မှာပင် ထိုအမျိုးသမီးက မီးခလုတ်ကို ဖွင့်လိုက်သည်၊ ဝင်းခနဲ လင်းသွားသည့်မီးရောင်က သူ့ကို ပို၍ကြက်သေသေသွားစေသည်၊ အကြောင်းမှာ ထိုအမျိုးသမီးက တခြားသူမှမဟုတ်ဘဲ၊ ကားပေါ်မှာအတူပါလာခဲ့သည့် ဟိုအမျိုးသမီးပဲလေ၊

သူပထမဆုံးသတိပြုမိသည်ကထို အမျိုးသမီးထံမှ ထောင်းထောင်းထနေသည့် ရေမွှေးနံ့များပင်၊ ပြီးတော့ - ထိုမိန်းမဝတ်ထားသည်က စွပ်ကျယ်ကဲ့သို့ ချိုင်းပြတ်၊ ရင်ဟိုက်အဝတ်အစားဖြစ်သည်၊ ထို့ကြောင့် ရင်ညွန့်နေရာက လုံးဝန်းပြီး ထွားကျိုင်းသည့်ရင်သားတွေ တစ်ဝက်နီးပါးလောက် အပြင်ဘက်ကို တိုးထွက်လျက်ရှိသည်၊ ထို့ပြင်ဖြူဝင်းပြီး တင်းရင်းသောလက်မောင်းသားတွေ၊ ဖွံ့ထွားပြီး ဖြောင့်စင်းသည့် ပေါင်တံတွေကပါ မီးရောင်အောက်မှာ အထင်းသား ပေါ်လွင်လျက်ရှိသည်၊

"တံခါးကို ပြန်ပိတ်လိုက်လေ၊ သူများတွေမြင်ကုန်လိမ့်မယ်"

ပြိတီတီအပြုံးဖြင့်ကြည့်ပြီး အမျိုးသမီးက ပြောသည်၊ သူက ကယောင်ချောက်ချားနှင့်ပင် တံခါးကို ပြန်ပိတ်လိုက်သည်၊ သည်အချိန်မှာသူ့ခြေလက်တွေ သာမက သူ့တစ်ကိုယ်လုံးပါ တဆတ်ဆတ်တုန်ရင်နေလေပြီ၊ အသက်ရှုနန်းကပါ စည်းကိုက်ဝါးကိုက်မဟုတ်တော့ပေ၊

တံခါးပိတ်ပြီး အမျိုးသမီးဘက် လှည့်မေးလိုက်မိသည်၊ ထွက်လာသည့် အသံတွေကပါ ထုံးစံအတိုင်း တုန်ရင်လို့ပဲ၊

"ခင် - ခင်ဗျားလူရော"

"ဘယ်က ငါ့လူလဲ"

"ခင်ဗျားယောက်ျားလေ"

"ဟင် - အဲဒါငါ့ယောက်ျားမှမဟုတ်ဘဲ"

"ယောက်ျားမဟုတ်ဘူး"

အာမေဋိတ်အသံက လွှတ်ခနဲ ထွက်သွားသည်၊ ထိုမိန်းမက ရယ်နေသည်၊

"ယောက်ျားမဟုတ်ရင် သူက ဘာလဲ၊ အခုရော သူက ဘယ်မှာလဲ"

"သူခေါ်လို့ငါကဒီကိုလိုက်လာတာ၊ အခု သူက ပြန်သွားပြီပဲ"

"ဗျာ - ပြန်သွားပြီ"

"ဟုတ်တယ်၊ ပြန်သွားပြီ၊ ခုညတွင်းချင်းပဲ ပြန်တော့မယ်ဆိုပြီး ထွက်သွားတာ၊ သူဝယ်ထားတဲ့အထည်တွေကိုပါ တ်ကန်းရုံကနင့်မန်နေဂျာဆီမှာငွေချေပြီးယူသွားမယ်တဲ့၊ ခုလောက်ဆို - သူစီးသွားတဲ့ မှန်လုံကားက ခရီးတောင် အတော်ပေါက်နေရောမယ်"

"ဒါဖြင့် - ခင်ဗျားက ဘာဖြစ်လို့ နေရစ်ခဲ့တာလဲ၊ ခင်ဗျားက ဘယ်သူလဲ"

"ပြောပြီးပြီပဲ၊ သူခေါ်လို့ငါက လိုက်လာတာပါလို့ဆို၊ သူနဲ့ငါနဲ့ ဘာမှမတော်ဘူး၊ ငါဘယ်သူလဲဆိုတာ နင်သိဖို့မလိုပါဘူး၊ အရေးကြီးတာက ဟိုဟာပဲ"

"ဘာဟိုဟာလဲ"

"ခစ် - ခစ် - ဒါတောင် ခုထိမရိပ်မိသေးဘူး၊ ဒါကြောင့် - နင့်ကိုဟိုလူကြီးက အရိုင်းသက်သက်လို့ ပြောသွားတာ၊ ဒီမယ် - ငါပြောပြမယ်၊ ငါဘယ်သူလဲ သိချင်လား၊ ငါက တခြားသူမဟုတ်ဘူး၊ နင့်ရဲ့သင်တန်းဆရာပဲ"

"သင်တန်းဆရာ ..."

သူကသံယောင်လိုက်သည်၊ အမျိုးသမီးကခေါင်းတခါခါနှင့်ပင်ရယ်မောနေသည်၊ အသံကတော့ ခပ်တိုးတိုးပင်၊ သူကတော့ ခုချိန်ထိ ဘူးလုံးနားမထွင်း ဖြစ်နေသေးသည်၊ ထိုအချိန်မှာပင် အမျိုးသမီးကလှုပ်ရှားလိုက်သည်၊ ဦးစွာ မီးခလုတ်ကို ပိတ်လိုက်သည်၊ ပြီးတော့ အမှောင်ကျသွားချင်းချင်းပင် ဖျတ်ခနဲ ရှေ့ကိုလှမ်းတိုးလိုက်သည်၊ အမျိုးသမီး၏ကိုယ်ငွေ့က ရိုက်ခတ်သွားသည်၊ အမျိုးသမီး၏ ပျောင်းအိသောရင်သား





www.burmeseclassic.com

www.burmeseclassic.com

နှစ်မြှားကပါ သူ့ရင်ဘတ်ကို ဖိထိုးလာသည်၊

"ကဲ - ကိုယ်တော်ချော - ငါက တစ်ယောက်တည်း မအိပ်ရဲဘူး၊ ဒါကြောင့် နင့်ဆီကူးလာတာ၊ ဒီမှာပဲမိုးလင်းအောင် အိပ်မှာ သိပြီလား"

ရဲလိုက်သည့်မိန်းမ၊ သူ့နားရွက်ကို လှမ်းဆွဲပြီး နားဝမှာ ကပ်ပြောလာသည်၊ ပြီးတော့ - ပါးကိုပါ တစ်ခါတည်း ရွှတ်ခနဲ နမ်းသွားခဲ့သည်၊ ထိုမျှမက နှုတ်ခမ်းတွေနှင့်ပါ တစ်ဆက်တည်း ပွတ်ဆွဲလာခဲ့ပြီး သူ့နှုတ်ခမ်းတွေနှင့် အတင်းဂဟေဆက်ပစ်လိုက်သည်၊ ထိုအချိန်တွင် အမျိုးသမီး၏လက်နှစ်ဖက်ကပါ သူ့ကျောပြင်ထက်မှာ နွယ်ရှင်တွေပမာ ရစ်ပတ်ပြီးသားဖြစ်နေလေပြီ၊

၊၊

အဲဒါပါပဲ၊ သူဘာမှကိုမရှောင်လိုက်နိုင်ပါဘူး၊ ဒါကိုမှ ရှောင်လိုက်နိုင်တယ်၊ တားဆီးလိုက်နိုင်တယ်လို့ပြောချင်သေးသလား၊ ပြောရင်အဲသည်လူဟာလူလိမ်ပဲ၊ လူညာပဲ၊ မဖြစ်နိုင်တာကို ပြောတဲ့သူပဲ၊ ကြည့်လေ၊ လူပျိုလေးတစ်ယောက်နဲ့ ညို့အားပြင်းမိန်းမတစ်ယောက်တအခန်းထဲမှာ နှစ်ယောက်တည်း၊ ပြီးတော့ - အမျိုးသမီးလုပ်တဲ့သူ စပြီး ရိုက်သွားလိုက်ပုံက တကယ့်အပြင်းစား ရိုက်ချက်တွေချည်းပဲ၊ အနေအထားတစတ္တန့်ပိုင်း၊ မိနစ်ပိုင်းလောက်တောင် ငြင်းပယ်ဖို့မတတ်နိုင်တဲ့အနေအထားပဲလေ၊

ဩော် - လူပျိုရည်ပျက်ခဲ့ရသည့်ထိုညကတော့သူကအတွက်တစ်သက်လုံး မမေ့နိုင်စရာပင်၊ ထိုမိန်းမကလည်း သူ့ကို ပညာတွေပေးသွားလိုက်ပုံကား အတွေ့အကြုံတွေ ပေးသွားလိုက်ပုံက နည်းနည်းနောနော မဟုတ်ပေ၊ ဘာဖဲပြောပြော၊ ထိုညကစပြီး နောက်ထပ် တစ်လခန့်အကြာမှာသူမြတ်ကေသီနှင့် လက်ထပ်ခဲ့ရသည်၊ မင်္ဂလာဦးညက အားလုံး ချောချောမောမောပါပဲ၊ အစအဆုံးအဆင်ပြေသည်၊ မြတ်ကေသီဆိုသည့်အရိုင်းကလေးကို ညင်ညင်သာသာနှင့်ပင် ဦးဆောင်ပြီး တွဲခေါ်သွားနိုင်ခဲ့သည်၊ တစ်နည်းအားဖြင့် ဟိုလူကြီးပြောပြသွားခဲ့ဖူးသော ယောကျ်ားပီသမှုဟာတာထောက်ထားမှု၊ ကြင်နာယုယတာတွေကိုသတိရှိရှိနှင့်စံချိန်မီမီပင် နိုင်ခဲ့သည်၊ သည်လိုအောင်မြင်နိုင်သည်မှာ ဟိုမိန်းမကျေးဇူးကြောင့်ဟု ပြောလိုက ပြောနိုင်သည်၊

ဒါထားတော့ - ခက်သည်က ထူးသည်၊ ထူးခြားပြီး စဉ်းစားစရာကောင်းသော အချက်တချို့နှင့်ပတ်သက်ပြီး နောက်ပိုင်းရောက်မှ ထပ်မံသိရှိလာခြင်းဖြစ်သည်၊ အဲဒါတွေကိုတော့ အနေနှင့်တွေးခေါ်နားလည်နိုင်သော အပိုင်းတွေရှိသလို လုံးဝအဖြေမထုတ်နိုင်သောအပိုင်းတွေလည်း ရှိခဲ့သည်၊

ပထမဆုံး သူကြုံခဲ့ရသည်က သူ့အိမ်ထောင်သက် (၆) လလောက်ရောက်မှာဖြစ်သည်၊ သူ့ဟိုအမျိုးသမီး တစ်နေရာတွင် မထင်မှတ်ဘဲ ပြန်ဆုံတွေ့လိုက်ရသည်၊ တွေ့တော့ တွေ့ချင်း အပြန်အလှန် မှတ်မိသွားသည်မို့ သူက မျက်နှာတွေပူပြီးရှောင်ထွက်သွားဖို့လုပ်သည်၊ သို့သော် အမျိုးသမီးက သူ့ကို ထွက်သွားခွင့်မပြုဘဲ ရှေ့ပိတ်ရပ်ကာ စကားတွေ ပြောလာသည်၊

"ဘယ့်နှယ်လဲ - ကိုယ်တော်လေး၊ ခုတော့ - အိမ်ထောင်ရေးတွေက သာယာနေပြီပေါ့၊ အဆင်ပြေရဲ့မဟုတ်လား၊ အခြေအနေကောင်းရဲ့မဟုတ်လား"

"ကောင်းပါတယ်၊ ပြေပါတယ်"

"ဝမ်းသာပါတယ်၊ ဒါနဲ့ - နင် ငါ့ကို တော့ မမေ့လောက်ပါဘူးနော် - ဟင်း၊ ဟင်း"

အမျိုးသမီးက ရိသည်၊ သူက မျက်နှာပူပူနှင့်ပင် နှုတ်ဆိတ်နေလိုက်သည်၊

"နင် - ဟိုလူကြီးနဲ့ ထပ်တွေ့ဖြစ်သေးလား"

"ဘယ်လူကြီးလဲ"

"အမယ် - မေ့ချင်ဟန်ဆောင်နေပြန်ပြီ၊ နင်တို့ဆီ ငါ့ကိုခေါ်လာတဲ့ လူကြီးပေါ့"

"ဟင့်အင်း - မတွေ့ပါဘူး"

ခပ်သွက်သွက် ငြင်းလိုက်သည်၊ တကယ်လည်း ထိုလူကြီးနှင့် သူ ထပ်မတွေ့ရတော့ပါ၊ ထိုလူကြီးအကြောင်းတွေးမိလျှင် ထိုညကိုပါ သတိရမိသောကြောင့် သူ မလုံမလဲနှင့် ရှက်နိုးခဲ့ရခြင်း ဖြစ်သည်၊ ထို့ကြောင့် ထိုလူကြီးနှင့် သူ ငယ်ချင်းဖြစ်သည်ဟု ...သော

www.burmeseclassic.com

ယောကျ်ားမလုပ်သူကိုပင် ထိုလူကြီး အကြောင်း တစ်စွန်းတစ်စဆိုသလို မေးမြန်းကြည့်တာမျိုးပင် မလုပ်ခဲ့မိပေ၊

"အဲဒီလူကြီးက တော်တော်ထူးတယ်ဟ၊ ငါ့ကိုပိုက်ဆံတော့များများပေးတယ်၊ ဒါပေမဲ့ - ရှေးလည်းတော်တော်များတယ်"

သူက ငြိမ်နေသည်၊ အမျိုးသမီးက ဆက်ပြောသည်၊

"ရယ်တော့ ရယ်စရာပဲ၊ ဒီလိုလူမျိုး တစ်ခါမှမတွေ့ဖူးဘူး၊ ပထမ သူက ငါ့ကို လာခေါ်တယ်၊ ခေါ်တာ ရိုးရိုးမခေါ်ဘူး၊ ဆရာဝန်နဲ့ ဆေးစစ်ရဦးမယ်လို့ ငါ့ကို ပြောတယ်၊ ငါက "အမလေး - ဘာမှလုပ်မနေပါနဲ့၊ ကျွန်မမှာ ဘာရောဂါမှမရှိပါဘူး၊ ကျွန်မက လူတကာနှောက်လိုက်တာ မဟုတ်ပါဘူး" လို့ပြောတာလည်း မရဘူး၊ ငါ့ကို ဆရာဝန်ဆီခေါ်သွားပြီး ဆေးစစ်ခိုင်းတယ်၊ ပြီးတော့မှ ခေါ်သွားတယ်၊ ခေါ်သွားတာလည်း သူ့အတွက်ပဲလို့ ငါက ထင်နေတာ၊ လက်စသတ်တော့ - သူ့အတွက်မဟုတ်ဘဲ နင့်အတွက်ဖြစ်နေတယ်"



သူလှုပ်လှုပ်ရှားရှားဖြစ်သွားသည်၊ စိတ်လည်း ဝင်စားသွားမိသည်၊

"သူက ခင်ဗျားကို ကျွန်တော့်အတွက်ခေါ်လာတာ - ဟုတ် - ဟုတ်လား"

"ဟုတ်တယ်၊ နင်တို့ဆီမရောက်ခင် လမ်းမှာ သူက ငါ့ကိုရှင်းပြလာတယ်၊ သူကသူ့အနေထက်လာတဲ့ခရီးဟာအထည် ဝယ်ဖို့လည်းပါသလို ကောင်လေးတစ်ယောက်ကို စာမေးပွဲသွားစစ်ဖို့လည်း ပါတယ်တဲ့၊ သူ စာမေးပွဲစစ်ကြည့်လို့ အဲဒီကောင်လေးက စာမေးပွဲအောင်ခဲ့ရင် ငါ့ကို ဘာမှအသုံးမလိုတော့ဘူးတဲ့၊ အဲ - အဲဒီကောင်လေးက စာမေးပွဲ မအောင်ရင်တော့ ငါ့ကို အသုံးချရလိမ့်မယ်တဲ့၊ အဲဒီလိုပြောတယ်၊ ရက်ကန်းရုံတွေမရောက်ခင် လမ်းမှာ နင့်ကို လူပျို အစစ်လား၊ ဘာလားနဲ့ အကြောင်းစုံမေးလာတာ နင်မှတ်မိလား၊ အဲဒါ - နင့်ကိုသူ စာမေးပွဲစစ်လာတာပဲ၊ ငါက နောက်က နေ အိပ်ချင်ဟန်ဆောင်ပြီး နားထောင်လာခဲ့တာ"

သူ ဆတ်ခနဲ ဖြစ်သွားသည်၊ ကွင်းဆက်ဖြစ်ရပ်တချို့ကိုလည်း ခုမှပင် သူ အခုန်အတိုင်း သိမြင်လိုက်သလို ဖြစ်သွားသည်၊ သို့နှင့်မေးသင့်သောမေးခွန်း တစ်ခုကို လွှတ်ခနဲ မေးလိုက်မိသည်၊

"သူက ဘာကြောင့် အဲလိုလုပ်ရတာတဲ့လဲ၊ သူ့ရည်ရွယ်ချက်ကို ရောပြောမပြဘူးလား"

"ပြောတယ်၊ပြောပြတယ်၊ ခုစာမေး သွားစစ်မယ်ဆိုတဲ့ကောင်လေးက သူ့သူငယ်ချင်းတစ်ယောက်ရဲ့သမီးလေးနဲ့ ကြာခင် မင်္ဂလာဆောင်တော့မှာတဲ့၊ အဲဒါ ကောင်မလေးက လင်ယူရမှာကို ကြောက်နေတယ်တဲ့၊ အထူးသဖြင့် လာဦးညကို တွေးပြီးလန့်နေတယ် တဲ့၊ အဲဒီလို သမီးလုပ်တဲ့သူ စိတ္တဇဖြစ် နေတဲ့အကြောင်းကို သူငယ်ချင်းဖြစ်သူ အချင်းချင်း လာပြီးဖွင့်ပြောတယ်တဲ့၊ သမီးလေးအတွက်လည်း စိတ်ပူပြီး ညည်းနေတယ်တဲ့၊ အဲဒါနဲ့ - သူက သူငယ်ချင်းလုပ်တဲ့သူကို ဒီကိစ္စ ဘာမှ မပူနဲ့၊ သူကူညီမယ်ဆိုပြီး ကြားကတတိ ပြီးတော့ခုလိုအစီအစဉ်ဆွဲလိုက်တာ

ပဲတဲ့၊ သူ့အစီအစဉ်ကလည်း ဝတ္ထုဇာတ်လမ်း၊ ရုပ်ရှင်ဇာတ်လမ်းကြီးလိုပဲ၊ ခစ် - ခစ်၊ အဲဒါ - ကြည့်ရတာ - သူက နင့်ကို စာမေးပွဲမအောင်ဘူးလို့ သတ်မှတ်လိုက်ဟန်တူပါတယ်၊ နင့်ကိုဘာအတွေ့အကြုံမှမရှိတဲ့ အစိမ်းသက်သက်၊ အရိုင်းသက်သက်ကြီးပဲဆိုပြီး စာမေးပွဲချလိုက်ဟန်တူတယ်၊ ဒါကြောင့် - နင့်ကို သင်တန်းပေးဖို့ လေ့ကျင့်ရေးဆင်းဖို့လိုတယ်လို့သတ်မှတ်လိုက်ဟန်လည်းတူတယ်၊ ခစ် - ခစ် - ခစ် ပြောရင်းနဲ့ ငါရယ်ချင်လာတယ်၊ အဲဒီ့ညက အဖြစ်အပျက်တွေဟာ နင့်ကို သေသေချာချာ သင်တန်းပေးလိုက်ပါဆိုပြီး အဲဒီ့လူကြီးပြောထားခဲ့လို့၊ သဘောပေါက်ပြီလား၊ ဟော - ဟိုမှာ ငါစောင့်နေတဲ့လူလာပြီ၊ ငါသွားတော့မယ်"

အမျိုးသမီးက စကားကို တိခနဲရပ်ပြီး လှည့်ထွက်သွားသည်၊ ပြီးလျှင် - ခပ်လှမ်းလှမ်းမှ လျှောက်လာနေသော ယောကျ်ားတစ်ယောက်နှင့်ပူးပေါင်းကာ အခြားတစ်ဖက်သို့ထွက်သွားသွားသည်၊



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပြီ၊ ဟုတ်ပြီ။ ခုမှ အားလုံးကို ရေလည်သလိုဖြစ်သွားသည်။ လက်စသတ်တော့ - သည်အကွက်တွေက သည်လူကြီးဆင်ထားခဲ့သည့်အကွက်တွေချည်းပဲကိုး။ အိမ်မှာရှိသည့်အထည်တွေကိုမဝယ်ဘဲရက်ကန်းရုံသို့သာအားချင်းလိုက်ပို့နိုင်းခဲ့သည်မှာ ဒါကြောင့်ကိုး။ လမ်းတွင် မိုးမချုပ်ချုပ်အောင် တမင်အချိန်ဖြုန်းခဲ့သည်မှာ ဒါကြောင့်ကိုး။ ပြီးတော့ - တည်းခိုခန်းမှာ လွှတ်လွှတ်လပ်လပ်သွားတည်းချင်သည်ဟု ဆိုခဲ့သည်မှာလည်း ဒါကြောင့် ကိုး၊ ထို "ဒါကြောင့်ကိုး" များကိုခုမှတစ်ခုပြီးတစ်ခု ပေါ်ပေါ်လွင်လွင် မြင်လာခဲ့ခြင်းဖြစ်သည်။

နောက်တစ်ခု ကျန်သေးသည်၊ နောက်ထပ် "ဒါကြောင့်ကိုး" တစ်ခုကျန်သေးသည်၊ ရင်းကိုတော့ သူတို့၌ သမီးဦးကလေးရရှိလာသောအချိန်မှာ အဖြေပေါ်လာခဲ့ခြင်းဖြစ်သည်၊ သမီးလေးမျက်နှာမြင်ပြီး မကြာမီပင် မြတ်ကေသီက ယခုလိုညည်းခဲ့သည်၊

"ဖြစ်နိုင်ရင်ကေသီတော့သားလေးပဲ လိုချင်တယ်၊ သမီးကို လုံးဝမလိုချင်ဘူး။ ခုတော့ - ကေသီ့ဆန္ဒမပြည့်ဘဲဖြစ်သွားတယ်"

"ဘာဖြစ်လို့လဲ - ကေသီရဲ့၊ သမီးလည်း သမီးလေးအလျောက် ချစ်စရာကောင်းတာပဲမဟုတ်လား"

"ကိုအောင် မသိဘူးနော်၊ မိန်းမသားတွေရဲ့ဘဝကို ကိုအောင် မသိဘူး။ ဆူးနဲ့ ဖက်၊ ဖက်ကချည်းပဲ အမြဲတမ်း နစ်နာရတယ်ဆိုတဲ့စကားဟာ တကယ်မှန်တယ်၊ အားနွဲ့တဲ့မိန်းမသားတွေရဲ့ ခံစားချက်ကိုမိန်းမသားတွေပဲ နားလည်တယ်"

အဲသည်ကစပြီး မြတ်ကေသီက ရင်ဖွင့်လာသည်၊ သူ့တွင် သူငယ်ချင်းတစ်ယောက်ရှိကြောင်း၊ ထိုသူငယ်ချင်းသည်လည်း မိဘပေးစားသူနှင့် လက်ထပ်ခဲ့ရကြောင်း၊ သို့သော် အိမ်ထောင်ဦးမင်္ဂလာဦးညမှာပင် ယောကျ်ားလုပ်သူ၏ လူမဆန်စွာ အကြမ်းဖက်မှုကို ခံလိုက်ရသဖြင့် ကြောက်လန့်ပြီး မိဘအိမ်သို့ ပြန်ပြေးလာခဲ့ကြောင်း၊ နောက်ပိုင်း ယောကျ်ားအိမ်သို့ လုံးဝမပြန်ရဲတော့ဘဲ အိမ်ထောင်ပါ တစ်ခါတည်း ပြိုကွဲသွားကြောင်း၊ ထိုတစ်ညတည်းနှင့် ဘဝတစ်ခုလပ်ဘဝကို ခံယူလိုက်ရသည့်အတွက် မိန်းကလေးလုပ်သူမှာ တစ်သက်လုံးနစ်နာသွားရကြောင်း၊ လောကကြီးထိုကဲ့သို့ မေတ္တာခေါင်းပါးပြီး တစ်ဖက်သတ်အနိုင်ကျင့်တတ်သည့် ယောကျ်ားများနှင့်ဆုံစည်းရပါက မိန်းကလေးအဖို့မှာ ငရဲခန်းထဲ သက်ဆင်းရသည်နှင့် အတူတူသာဖြစ်ကြောင်း စသည်ဖြင့် မိန်းမဖြစ်ရခြင်းကြောင့်နာကြည်းစရာကောင်းပုံတို့ကိုမြတ်ကေသီကညွှန်းဆိုသွားခဲ့သည်၊

သည်မှာပင်မိမိအတွက် "ဒါကြောင့်ကိုး" တစ်ခုကို ထပ်မံရရှိလိုက်ခြင်းဖြစ်သည်၊ ဇနီးဖြစ်သူ၏စကားကိုနားထောင်ရင်းတစ်ခါကဟိုအမျိုးသမီး ဖော်ကောင်လုပ်ကာပြောပြသွားခဲ့သောစကားတို့ကို ပြန်လည်ကြားယောင်မိရာကစိတ်ထဲမှာ ပြီးရှင်းရှင်းလင်းလင်း သိမြင်သွားခဲ့ရခြင်းဖြစ်သည်၊ တစ်ခုပဲ သတိထားမိသည်၊ အဲဒါက မြတ်ကေသီအနေနှင့် သူငယ်ချင်းဖြစ်၏ဇာတ်ကြောင်းကိုသာ ပြန်လှန်ပြခဲ့ခြင်းဖြစ်ပြီး သူကိုယ်တိုင် မင်္ဂလာဦးညတစ္ဆေ အခြောက်ခံခဲ့ရပုံကိုတော့ ထုတ်ဖော်မသွားဘဲ ထိန်ချန်ထားခဲ့ခြင်းဖြစ်သည်၊

မည်သို့ဆိုစေ၊ ရှင်းသည့်အပိုင်းကတော့ရှင်းသည်ပဲထား။ ပဟေဠိဆန်ဆန်အဖြေညှိရခက်သည့်အပိုင်းတွေလည်း ရှိနေသေးသည်ကတော့ အမှန်ပင်ဖြစ်သည်၊ ဥပမာ - ဟိုလူကြီးကိစ္စပင် ဖြစ်သည်၊ အဲသည်လူကြီးက မည်သူနည်း။ စဉ်းစားစရာ ကောင်းသည်မှာ ယောကျ်ားထီးဦးထွန်းသူက သမီးဖြစ်သူ၏အတွင်းကျကျအရေးအရာတွေကို အဲသည်လူကြီးနှင့် ဖွင့်ပြောတိုင်ပင်ခဲ့သည်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ဖြစ်နိုင်သည်ပဲထား။ အဲသည်လူကြီးက အားလုံးအဆင်ချောအောင် ကိုယ်တိုင်ကိုယ် ကြံစည်ကြံဖန်ပြီး ကူညီဖြည့်ဆည်းပေးသွားသည်ဆိုတာက တကယ်ဟုတ်မှ ဟုတ်ပါ့မလား၊ သည်ကိစ္စက လွယ်လွယ်ကူကူအလုပ်မျိုးမှမဟုတ်တာ၊ ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com

သတို့သားလောင်းတစ်ယောက်ကို စာမေးပွဲသွားစစ်ပေးတာတို့၊ စာမေးပွဲကျရှုံးသော ထိုသတို့သားကိုပင် အမျိုးသမီးတစ်ယောက်နှင့် လွှတ်ပေးပြီး လက်ထပ်ကွင်းဆင်းနိုင်းခဲ့တာ တို့၊ တစ်ဖန်လွှတ်ပေးမည့်အမျိုးသမီးကိုလည်း ကြိုတင်ဆေးစစ်နိုင်းသေးတာတို့ အစရှိသည့် လုပ်ငန်းတွေက အတော်ကရိကထများပြီး အလွန်မှလည်း ဝီရိယစိုက်ထုတ်ရမည့်လုပ်ငန်းတွေပဲ ဖြစ်သည်။

ဘာပဲပြောပြော၊ ပြီးတာကတော့ ပြီးသွားခဲ့ပြီ။ အဲသည်လူကြီးကလည်း တကယ်ပင် လုပ်သွားပြီးပြီ။ သည်တော့ - ထူးဆန်းသော အဲသည့်လူကြီးက မည်သူဖြစ်သည်ဆိုသော ပုစ္ဆာသည်သာ မိမိ၌ ပဟေဠိဖြစ်ကျန်နေခဲ့ရသည်။ တွေ့ရတာကလည်း အဲသည်တစ်ခါပဲ တွေ့ခဲ့ရခြင်းဖြစ်သည်။ နောက်ပိုင်းမှာ လုံးဝမတွေ့ရတော့။ မိမိက အဲသည်လူကြီးအကြောင်း ယောကျ်ားမထံ မေးမြန်းစုံစမ်းကြည့်ဖို့ဝေးစွ၊ အစကိုပင် မဖော်ရဲ၊ မဖော်ဝံ့ပေ။ သည်အကြောင်း အထက်တွင် တစ်ခါဆိုခဲ့ပြီးပြီ။

သေချာပေါက်ဟူ၍တော့ မဆိုနိုင်။ မိမိ မဝံ့မရဲတွေးမိတာ တစ်ခုရှိသည်။ အဲဒါက ယောကျ်ားထီး ဦးထွန်းသူကိုယ်တိုင်ပင် အဲသည်လူကြီးဖြစ်နေလေရော့သလားဆိုသည့်တွေးလုံးပင်ဖြစ်သည်။ သည်လိုတွေးမိတော့ မိမိကြက်သီးထမိသည်မှာ အမှန်ပင်။ သို့သော် ဒါကလည်း လုံးဝမဖြစ်နိုင်ဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ။

အိမ်ထောင်ကျကျပြီးချင်း နှစ်ဖက်မိဘတွေကမိမိတို့ကိုသီးခြားအိမ်ထောင်ထူထောင်ပေးသည်။ ထို့ကြောင့် အခါအားလျော်စွာ နှစ်ဖက်မိဘများနှင့်အပြန်အလှန် သွားလာလည်ပတ်တွေ့ဆုံမှုများလည်း ရှိသင့်သလောက် ရှိသည်။ ထူးခြားသည်မှာ မိမိနှင့် ယောကျ်ားထီးဦးထွန်းသူကြားတွင် စေးစေးပိုင်ပိုင်နှင့် နွေးနွေးထွေးထွေးရယ်လို့ရှိသင့်သလောက် မရှိခဲ့သည့်အဖြစ်ပင်။ မိမိတို့ထံ ယောကျ်ားမဒေါ်ခင်ညိုကသာ မကြာမကြာ ရောက်လာလေ့ရှိသည်။ ဦးထွန်းသူကမူ လုံးဝပေါ်မလာ။ တစ်ဖန် မိမိတို့က သူတို့ဆီသွားပြန်တော့လည်း ဦးထွန်းသူက မိမိနှင့်တွေ့တွေ့ဆိုင်ဆိုင်၊ ကြာရှည်ကြာမျှောတွေ့ဆုံစကားပြောတာဆိုလို့ တစ်ခါမျှမရှိခဲ့။ မိမိ သတိထားမိသလောက် ဦးထွန်းသူမှာ သူ့သမီးကိုသာ လိုက်လိုက်လဲလဲ လက်ခံဆက်ဆံလေ့ရှိသော်လည်း မိမိကိုကျတော့ မျက်နှာချင်းဆိုင်ရမှာ ရှက်နေလေသလိုလို၊ ဘာလိုလိုဖြစ်နေလေ့ရှိသည်။

ထိုသို့ ဦးထွန်းသူ ရှောင်ဖည်ဖည်လုပ်နေပုံကို ဘာရယ်ဟုမသိနိုင်သော်လည်း တစ်ခုခုတော့ တစ်ခုခုပဲဟု မိမိက အလိုလိုခံစားနေမိရသည်။ ပြီးတော့ မိမိသံသယကိုပိုမိုအားကောင်းစေသည့် နောက်ထပ်အချက်တစ်ချက် ရှိသေးသည်။ ၎င်းမှာ ဦးထွန်းသူအသံနှင့် ဟိုလူကြီးအသံက ဆင်တူသလိုလိုဖြစ်နေပြီး ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်းကပါ မနီးယှဉ်းစွဲ တူညီနေသလို ရှိနေခြင်းပင်။ ဟိုလူကြီးကိုသာ ကုပ်ထောက်နေသည့်ဆံပင်တွေ၊ နှုတ်ခမ်းမွေးရှည်ရှည်တွေနှင့် ပါးပေါ်က အမည်းတွက်ကြီးကိုပါ ဖယ်ထုတ်ကြည့်လိုက်ပါက ဦးထွန်းသူနှင့် အတော်ဆင်တူနေမည့်အဖြစ်ကို မိမိဘာသာ ခန့်မှန်းနေမိသည်။

သည်တော့ - ဟိုလူကြီးသည် ဦးထွန်းသူလော၊ ဦးထွန်းသူသည် ဟိုလူကြီးပင်လော။ ဦးထွန်းသူကဝင် ဟိုလူကြီးအဖြစ် ဟန်ဆောင်ပြီး မိမိထံ လာခဲ့လေသလော။ သမီးဖြစ်သူအတွက် အစိုးရိမ်ပိုမိရာမှ သူကိုယ်တိုင်ပါဝင်တာဤဇာတ်ကွက်တွေကို ဖန်တီးပေးသွားလေသလော။ ဤနည်းအတိုင်းသာ တကယ်ဖြစ်ခဲ့ပါက ဖခင်တစ်ဦးအနေနှင့် သမီးတစ်ယောက်အတွက် ဤတဲ့သို့ စိုက်ထုတ်လုပ်ကိုင်သွားခဲ့ပုံမှာ အလွန်တရာမှ ဆန်းလည်းဆန်းကြယ်လှသလို အလွန်တရာမှလည်း အံ့သြဘနန်း ဖြစ်စရာကောင်းလှသည်။ လောကီထုံးတမ်း လူတို့ဇာတ်အတွင်းမှ ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ ဇာတ်လမ်းတစ်ပုဒ်အဖြစ်နှင့်ပင် မှတ်တမ်းဝင်လောက်စရာလည်း ဖြစ်သည်။

ဒါတွေက ဆိုခဲ့သည့်အတိုင်း မိမိ စိတ်ကူးစိတ်သန်းများသာဖြစ်သည်။ ရေရာသေချာခြင်းတော့ ဘာမှမရှိပါ။





www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲမှာအတွေးကလေးပေါ်လာလျှင် တွေးကြည့်လိုက်၊ ဟိုထင်သည်ထင် ထင်ကြည့်လိုက်၊ ဘာမှုအဖြေမပေါ်လျှင် တိုလိုလို၊ သည်လိုလိုဖြီးသွားလိုက်နှင့် အမြဲတမ်းဝေလည်လည်ဖြစ်ခဲ့ရသည့် အကြောင်းအရာများပင်၊ ယခုလည်း အကြောင်းအပေါင်းသင့်သွားရာကနေ သည်အကြောင်းတွေကိုပါ အတွေးကွန့် သွားမိခြင်းဖြစ်သည်၊ တွေးသာ တွေးရ သည်၊ ထုံးစံအတိုင်း ဝေလည်လည်ဟာ ဝေလည်လည်ပါပဲ၊ ထိုအဆင့်ကနေ မတက်နိုင်ပါ၊ ဘယ်တော့မှုလည်းတက် နိုင်တော့မည်မထင်ပါ၊

ႏွံ

"ဟော - မီးပြန်လာပြီဟေ့"

မိမိအတွေးစများအဆုံးသတ်သွား ချိန်မှာပင် သမီးကြီးအသံက ထွက်ပေါ် လာခဲ့ခြင်းဖြစ်သည်၊ သူတို့ကလည်း စာ ကြည့်၍ ပြီးသွားကြဟန်တူသည်၊ စာအုပ်များကိုသိမ်းဆည်းနေကြသည်၊ ပြီးလျှင် - မောင်နှမနှစ်ယောက်စလုံး တီဗွီရှေ့မှာ ပြန်ထိုင်ကြသည်၊

တီဗွီကို အကြည့်တစ်ချက် ရောက် သွားမိသည်၊ ဖြစ်ချင်တော့ တီဗွီမှာပြသ နေသည်က မယ်ရွေးပွဲတစ်ခုအတွက် ပြိုင်ပွဲဝင်မည့်မိန်းကလေးတချို့ အစမ်း လေ့ကျင့်နေကြသည့်အစီအစဉ်ဖြစ်နေ သည်၊ မိန်းကလေးတွေက သေသေချာ ချာလေ့ကျင့်နေကြသလို နည်းပြဆရာ တွေကလည်း ဂရုတစိုက်ပင် သင်ကြား ပြသပေးနေကြသည်၊

သည်တိုက်ဆိုင်မှုကပင် သူ့ အတွက်ပြုံးစရာတစ်ခုဖြစ်သွားရပြန်ပြီ၊ ပြုံးလျက်ကပင် နာရီကို ငုံ့ကြည့်လိုက် သည်၊ အပြင်မှာ ကိစ္စတစ်ခုအတွက် မိတ်ဆွေတချို့နှင့် ချိန်းဆိုထားတာရှိ သည်၊ ယခုချိန်းဆိုချိန်သို့ရောက်ပြီ၊ သူ ထိုင်ရာမှထကာ ထွက်လာခဲ့သည်၊

အပေါက်ဝရောက်တော့ မီးဖိုခန်း ဘက်ကို တစ်ချက်လှမ်းကြည့်မိသည်၊ အိမ်ရှင်မက သည်ဘက်ကို ကျောပေး ထားပြီး သူ့အလုပ်သူ လုပ်နေသည်၊ အိမ်ရှင်မ၏ ကျောပြင်ကိုကြည့်ပြီး သူ နှစ်ကာကာ ပြုံးမိပြန်သည်၊ ပြုံးရင်း အတွေးက ဟိုကိစ္စတွေဆီ ရောက်သွား ပြန်သည်၊ သို့ဖြား ဝေလည်လည်က ဝေလည်လည်သာ ဖြစ်နေဦးမည်ကို သတိရလိုက်မိသည်၊ ထို့ကြောင့် ထို အာရုံကို ဖျောက်ဖျက်ရန် သူ ဆုံးဖြတ် သည်၊ တကယ်လည်း အတွေးမှန်သမျှ ဖြတ်၊ အိမ်ရှင်မကိုပါ မျက်နှာလွှဲကာ အပြင်သို့ သူ လှမ်းထွက်လိုက်တော့ သည်၊ ။

ရဲမြတ်တင်

## တွဲဖက်မစားသင့်သောအစားအစာများ

| | | |
|---|---|---|
| နို့ | ⟺ | ငွေးရွက်၊ သားငါး |
| | ⟺ | အုန်းသီး၊ |
| | ⟺ | ကြောင်ပန်းရွက်၊ |
| | ⟺ | ဒန့်သလွန်သီး။ |
| ပဲလင်းမြွေသီး | ⟺ | လင်းမြွေသား |
| ပတဲယော | ⟺ | သံပုရာသီး |
| ပျားရည် | ⟺ | အုန်းရည် |
| အုန်းရည် | ⟺ | ဗျိုင်းနှမ်း၊ |
| | ⟺ | ဗျိုင်းအောက် |
| ပိတ်ချင်းရွက် | ⟺ | ပျားရည် |
| မြွင်းသား | ⟺ | ထုံး |
| ယုန်သား | ⟺ | မှို |



www.burmeseclassic.com

www.burmeseclassic.com



မြမဝတုံး

# အချစ်အတွက် လက်ဆောင်မွန်

လက်ဆောင်
လက်ကိုင်ဖုန်းတစ်ခုကို
ရရှိခဲ့ရာ ထိုလက်ဆောင်
သည် ကြောက်မက်ဖွယ်ရာ
လူတစ်ယောက်ထံမှ
လက်ဆောင်ဖြစ်နေရာ ..

**"ဟယ်–လှလိုက်တာ"**

နိုင်သူဇာက ကိုကိုလင်းသော် ပေးလိုက်သော တယ်လီဖုန်းလေးကိုကြည့်ပြီး တအံ့တဩပြောမိသည်၊ တယ်လီဖုန်းက အဖြူရောင်ဖြစ်သည်၊ ရုပ်လက်မန်နှိပ်ပြီး အိတ်အရောင်က အနက်ဖြစ်သည်၊ နိုင်သူဇာ၏မျက်လုံးများက ဝင်းလက်လျက်ရှိပြီး မြတ်နိုးယုယစွာ ပွတ်သပ်နေသည်၊ ကိုကိုလင်းသော်က နိုင်သူဇာ အမှန်တကယ် လိုလားမြတ်နိုးသည့်ပစ္စည်းမှန်း ရိပ်မိသဖြင့် ပျော်သွားသည်၊

"နိုင့်ကို ပျော်ရွှင်ကြည်နူးစေချင်လို့ ကိုသော် အမြတ်တနိုးပေးတာပါ"

"ဈေးများမယ် ထင်တယ်နော်"

"မမေးပါနဲ့ – မမေးကောင်းဘူးလေ၊ မေတ္တာနဲ့ပေးတာ ငွေကြေးတန်ဖိုးနဲ့ မနှိုင်းယှဉ်ကောင်းဘူးလေ – နိုင်ရယ်"

နိုင်သူဇာက ကိုကိုလင်းသော်၏ မျက်နှာ ညှိုးငယ်သွားသဖြင့် စိတ်ထဲမကောင်းဖြစ်သွားသည်၊ နိုင်သူဇာက ထပ်မံပြီး တစ်စုံတစ်ရာမပြောချေ၊ ရင်တွင်းမှဆန္ဒကိုထိန်းချုပ်ခြင်းငှာမစွမ်းသာသဖြင့် လက်ကိုင်တယ်လီဖုန်းလေးကိုသာ တယုတယ ပွတ်သပ်နေမိသည်၊ သည်အဖြစ်ကို တွေ့မြင်နေရသော ကိုကိုလင်းသော်ကကြိတ်ပြီးကျေနပ်နေသည်၊

"တယ်လီဖုန်းလေးကို နိုင့်ဆီမှာ တွေ့မြင်ရတာ နိုင့်အနားမှာ ကိုသော် အမြဲရှိနေသလို ပီတိဖြစ်မိတယ်"

ကိုကိုလင်းသော်က သူ၏ခံစားမှုကို ဖွင့်ဟသည်၊ နိုင်သူဇာ၏နှလုံးသားတွင် လိုက်ဆုသွားသလို ခံစားလိုက်ရသည်၊ ကိုကိုလင်းသော်က ဤအဖြစ်ကို ကျေနပ်သည်၊

www.burmeseclassic.com

"တစ်ခုခုလိုက်စားပါလား - နိုင်"

"အို - ရှစ်နာရီထိုးတော့မယ်၊ စက်ရုံဝင်ရတော့မှာလေ"

"ဟုတ်သားပဲ - တနင်္ဂနွေနေ့ပေါ့၊ တစ်ခုခုစားသောက်ပြီး ကြုံရာသွားကြတာပေါ့ - နိုင်ရယ်"

"ဟုတ်ကဲ့ - သွားတော့မယ်နော်"

စက်ရုံတွင်းသို့ အခြားအလုပ်သမများဝင်ကြပြီဖြစ်သဖြင့် ကတိုက်ကရိုက်ပြောရသည်၊

"တနင်္ဂနွေ နံနက်ပိုင်း ဆယ်နာရီနော် - နိုင်၊ စက်ရုံပိတ်တော့ ဒီရှေ့မှာ စောင့်ပါ၊ ကိုသော် လာခေါ်မယ်"

"ဟုတ်ကဲ့ - သွားပြီ"

နိုင်သူဇာက စက်ရုံဂိတ်အတွင်းသို့ တသောတမျော ပြေးဝင်သွားသည်၊ နောက်တချက်လှမ်းအကြေးငွေငါးရာကျပ်တစားချမသောက်ရပေးရမည်ကိုစိုးရွံ့၍ဖြစ်ဟန်တူသည်၊ ကိုကိုလင်းသော်က နိုင်သူဇာ၏ လှပ်ရှားဟန်ကိုကြည့်ပြီး တွေနပ်နေသည်၊ ပြီးနောက် - ကိုကိုလင်းသော်က သူ၏တိုင်စီကားပေါ်တက်ပြီး မောင်းထွက်လာခဲ့သည်၊

❦

နိုင်သူဇာသည် တယ်လီဖုန်းလုလုလေးကို ကိုင်လျက် စက်ရုံတွင်းမှာ မြောက်ကြွမြောက်ကြွရှိနေသဖြင့် ကျန်သူများက အံ့သြကြသည်၊ အလုပ်မစခင် တယ်လီဖုန်းဖွင့်ပြီး ဟိုနှိပ်သည်နှိပ်၊ ဟိုကြည့်သည်ကြည့်လုပ်နေသဖြင့်သူငယ်ချင်းများက စလာကြသည်၊ ကိုကိုလင်းသော်က အသေးစိတ်မပြသဖြင့် ဖုန်းအကြောင်းမသိရ၊ ဖုန်းအကြောင်းသိရှိသူ မိတ်ဆွေတစ်ဦးက အသေးစိတ်သင်ပြရသည်၊ ယခုမှ ဟန်ကျသော်လည်း ဖုန်းဆက်ရန် ဆက်သွယ်မည့်သူမရှိသဖြင့် သူမကို တယ်လီဖုန်းနံပါတ်ပေးထားသည်များအားအမှတ်တရပြန်ရှာနေမိသည်၊

စင်စစ် နိုင်သူဇာမှာ "လှိုင်ထိပ်ထားအထည်ချုပ်စက်ရုံ" ၏ စက်ချုပ်အလုပ်သမားတစ်ဦးဖြစ်သည်၊ အသက်နှစ်ဆယ်ခန့်သာရှိသေးသည်၊ အရိုးအဆစ်ပြေပြစ်ပြီး သွယ်ပျောင်းသောအရပ်အမောင်းရှိသည်၊ ဖြူဝင်းသောအသားအရည်နှင့် သင့်တင်သောရုပ်ရည်ရူပကာရှိသည်၊ ဖြူကြည့်သော်အဆင့်ရှိသော တော်ဝင်အလှဖြစ်သည်မို့ တန်ရုံလူက မမှန်းနိုင်ချေ၊ နိုင်သူဇာသည်

ညီးမနေ မကြွယ်ဝသော်လည်း လတ်လာတော့ စက်ရုံအလုပ်သမများထဲ င် အလှပိုင်ရှင်တစ်ပါး ဖြစ်လေည်၊

နိုင်သူဇာသည် ဖေဖေ၏ ရုံးလစာခုတည်းဖြင့်မိသားစုစားဝတ်နေရေးလုံသောကြောင့် ဆယ်တန်းနှင့်ကျောင်းထွက်ပြီး စက်ရုံဝင်လုပ်ရခြင်းသည်၊ ဖေဖေနှင့် နိုင်သူဇာတို့၏ဝင်နှင့် မေမေ၊ မောင်လေးအပါအဝင်သားစုလေးဦးစားဝတ်နေမှုမှာ ဖူလုံရုံရှိသည်၊ ငွေပို ငွေလျှံမရှိသောကြောင့်ကြွကြွရွရွလှလှပပလည်းမဆင်ချေ၊ ရိုးရိုးလေးနှင့် လှသူအဖြစ်သာရှာသည်၊ ဤပုံစံကို ရှု၍ အပိုင်ကြံတ အတော်များသည်၊ ကိုကိုလင်းသော် အပါအဝင် ယောကျ်ားသားတော်များသော်လည်း ရင်မခုန်မိပေ၊

နေ့လယ်စာ ထမင်းစားချိန်တွင် မင်းချိုင့်ဆွဲပြီး အုပ်စုလိုက် စက်ရုံစားသောက်ဆိုင်သို့ သွားကြသည်၊ စားသောက်ဆိုင်တွင်လူကစုံသည်၊ အရာရှိရေးမအပါအဝင် စက်ရုံလုပ်သားများစုမှာထမင်းစုစားပြီးလိုရာဝယ်စားကြသည်၊ ဤအချိန်မှာ ဒေါ်စပ်စုတို့အကြိုက်ဖြစ်သည်၊ နိုင်သူဇာ၏တယ်လီဖုန်းကိုလေ့လာလိုသူကများလေသည်၊ ကြွက်စီကြွက်စီရှိနေစဉ်ရုံးအုပ်ဒေါ်ပုစီက အနီးကပ်ဖြတ်သွားသည်၊ နိုင်သူဇာတို့အုပ်စု ငြင်းခုံစကားများနေသည်ကို ဒေါ်ပုစီက တအံ့တသြ ကြည့်သွားလေသည်၊ နိုင်သူဇာကတော့ တယ်လီဖုန်းကြောင့် မျက်နှာပွင့်ပြီး ဇာတာတက်နေလေသည်၊

❦

နေ့လယ်အလုပ်ဝင်ချိန်တွင် စကားသိပ်များ၍မရတော့ချေ၊ အထည်ကျသဖြင့်အချိန်ပိုဆင်းရမည့်အလားအလာရှိသောကြောင့် တွန်းလုပ်နေရသည်၊ ရုံးမှအထွေထွေလုပ်သားဦးတင်အေးက နိုင်သူဇာအနားသို့ရောက်လာသည်၊

"ဒေါ်ပုစီက သမီးနဲ့ တွေ့ချင်လို့တဲ့"

"ဘာကိစ္စလဲ - ဦးတင်အေး"

"လစာကိစ္စဖြစ်မှာပေါ့ - ဦးလည်း မသိဘူးလေ"

နိုင်သူဇာက သူ၏အထည်ချုပ်စရင်းဇယားများကိုစနစ်တကျပြုစုပြီးသားရှိသဖြင့် တစ်ပါတည်းလိုက်သွားသည်၊





www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပွစီက နိုင်သူဇာကို မော်မကြည့်နိုင်သေးချေ၊ သူမ၏စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသည်၊ ဒေါ်ပွစီက လက်ပြလိုက်သဖြင့် ဦးတင်အေးပြန်ထွက်သွားသည်၊ နိုင်သူဇာက ဒေါ်ပွစီညွှန်ပြသည့်အတိုင်း သူမရှေ့ထိုင်ခုံတွင် ထိုင်နေရသည်၊ အတော်ကြာမှ ဒေါ်ပွစီက ပြုံးရွှင်သောမျက်နှာပေးဖြင့် နိုင်သူဇာကို မေးသည်၊

"သမီးလက်ကိုင်ဖုန်းလေးသဘောကျလို့ - ကြည့်ချင်လို့ပါ - ပါလား"

"ပါတယ် - အန်တီ - ဒီမှာပါ"

နိုင်သူဇာကကိုယ်နှင့်မကွာဆောင်ထားသော လက်ကိုင်တယ်လီဖုန်းကို ထုတ်ယူပြလိုက်သည်၊ ဒေါ်ပွစီကအသေအချာကြည့်သည်၊ ကျွမ်းကျင်သူတစ်ဦး၏ဟန်ပန်ဖြင့် ဟိုနှိပ်သည်နှိပ် နှိပ်ပြီး ငွေလက်ကျန်ကိုပါ စစ်ကြည့်သည်၊ ပြီးမှ ဪမြွေရရပြောသည်၊

"သမီး - ဘယ်ကဝယ်တာလဲ"

ဒေါ်ပွစီမှာ နိုင်သူဇာတို့နှင့် အနည်းဆုံး တစ်လတစ်ကြိမ်တော့ တွေ့နေကျဖြစ်သည်၊ လိုအပ်သောအကူအညီများကိုပေးသူဖြစ်ပြီး လူကြီးဆန်သူမို့ချစ်ခင်သူများသည်၊ နိုင်သူဇာက ပထမတော သိက္ခာဆယ်ပြီး "ဝယ်တာပါ" ဟုပြောရ ကြံစည်မိသော်လည်း ငယ်စဉ်ကတည် ကလိမ်ညာလှည့်ဖြားတတ်သူမဟုတ် "လက်ဆောင်ရတာပါ" ဟုပြောဖြစ်သွာ သည်၊ ဒေါ်ပွစီက အံ့ဩသွားသည်၊

"ဒီလောက်တန်ဖိုးကြီးတာ သမီးကို လက်ဆောင်ပေးတယ်ဆိုတော့ တော် တော်မြတ်နိုးပုံရတယ်၊ သိခွင့်ရှိရင် အန်တီသိချင်တယ်၊ ဝန်မလေးရင် ပြော ပြပါလား၊ တို့က သားအမိလိုဆိုတော့ ရှက်စရာမလိုပါဘူးကွယ်"

နိုင်သူဇာက သူ့ချစ်သူမှာ တိုင်စီ ကားမောင်းသူဖြစ်ကြောင်း ပြောပြ သည်၊ သူမနှင့် ဆက်သွယ်မိသည်မှာ သုံးလခန့်ရှိပြီဖြစ်သည်၊ သူ့ရည်းစားက သူ့ကို ပြောစကားများစွာရှိသော်လည်း သူက မိသားစုအခြေအနေကြောင့်စိတ် မဝင်စားမိကြောင်းရှင်းပြသည်၊ ဘာတွေ ပြောသည်ကိုလည်း မမှတ်မိချေ၊ ဘယ် တုံးကမှလည်း ချိန်းတွေ့ခြင်းမရှိခဲ့ပေ၊ အလုပ်ရုံကြို ပို့ကားနှင့်သွားလာရသော ကြောင့် အချိန်မပေးနိုင်ခြင်းလည်း ပါမည်ဟုရှင်းပြသည်၊ ယနေ့နံနက်တွင် ...ဖုန်းလေးကို လက်ဆောင်ပေးရင်း ...ကို ချိန်းဆိုကြောင်း ပြောပြသည်၊ သူ ...ချစ်ရေးဆိုခဲ့သည်လား၊ မဆိုခဲ့သည် ...း မသိဟု ဆိုလေသည်၊ ထူမှုပြီး ...ကြာက်နေသောကြောင့်ဟု ရှင်းပြ ...သည်၊

ဒေါ်ပွစီကရယ်သည်၊ "ချစ်နေလား" ...မေးရာ မသိကြောင်း နိုင်သူဇာက ...ပြောသည်၊ ဒေါ်ပွစီကနိုင်သူဇာ၏ရိုးသား ...ကို ပို၍သဘောကျလေသည်၊ ချိန်းဆို ...ည့်နေရာ၊ နေ့ရက်အချိန်တို့ကို မေးပြီး ...ာက်မပျက်မကွက်တွေ့သင့်ကြောင်း ...ပြောသည်၊

"အန်တီ့ဘေးနားကိုလာခဲ့၊ ဒီလက် ...ိုင်ဖုန်းကို ဘယ်လိုသုံးရတယ်ဆိုတာ ...န်တီ ရှင်းပြမယ်၊ မင်းတို့ဆိုင်မှာ ပြော ...တာက သိပ်ပြီးမပြည့်စုံဘူးလေ"

နိုင်သူဇာက ဝမ်းသာအားရ ဒေါ်ပွစီ ...နားသို့ ထသွားပြီး ရပ်နေသည်၊ ...ဒေါ်ပွစီက တယ်လီဖုန်းကိုတစ်ခုချင်းနှိပ် ...ြီး ခပ်ဖြည်းဖြည်း သင်ပြနေသည်၊ ...ိုင်သူဇာကဘေးမှကြည့်ရှုမှတ်သားရင်း ...ဒေါ်ပွစီပြောပြသောဇာတ်လမ်းတစ်ပုဒ် ...ကို နားစိုက်ထောင်မိသည်၊

နိုင်သူဇာသည်ဒေါ်ပွစီပြောပြသော ဇာတ်လမ်းကို နားထောင်ရင်း အံ့ဩမိသည်၊ ဒေါ်ပွစီက တယ်လီဖုန်းနောက်ဘက်ရှိ ဘက်ထရီထည့်ပုံ၊ စက်အစိတ်အပိုင်းများကို ရှင်းလင်းပြသသောအခါ တုန်လှုပ်မိသည်၊ ထို့နောက်အပြည့်အစုံမှာကြားရှင်းလင်းပြီး နိုင်သူဇာသို့ တယ်လီဖုန်းကို ပြန်ပေးသည်၊ နိုင်သူဇာက စိတ်လှုပ်ရှားစွာဖြင့် ယူလိုက်သည်၊

"ကဲ - သမီးကိုခေါ်ပြီး ရှင်းပြရတာနဲ့ သမီးရော အန်တီပါ ပြန်မရနိုင်တဲ့အချိန်တွေ ကုန်ပြီး အလုပ်ပျက်ပြီ - ပြန်တော့နော်"

နိုင်သူဇာက စိတ်ရှုပ်ထွေးစွာဖြင့် စက်ရုံတွင်းသို့ပြန်လာခဲ့လေသည်၊

※ ※

နိုင်သူဇာက ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် လိုမ့်သောက်နေသည်၊ ကြာသော် - ဗိုက်တင်းပြီး လေပွလာသည်၊ ထိုအချိန်တွင်ကိုကိုလင်းသော်၏ တက်စီကားက ဆိုင်ရှေ့တွင် လာရပ်သည်၊ ရင်တုန်ပန်းတုန်နှင့်ကြည့်နေစဉ်

www.burmeseclassic.com

ကိုကိုလင်းသော်က ကားပေါ်မှ ဆင်းလာသည်၊ စက်ရုံပိတ်ရက်ဖြစ်သဖြင့် လက်ဖက်ရည်ဆိုင်က လူရှင်းသည်၊ အသက်ကြီးကြီးလူတစ်ယောက်၊ မိန်းကလေးနှစ်ယောက်၊ စုံတွဲတစ်တွဲသာ ရှိသည်၊ လမ်းမကို မျှော်နေသူ နိုင်သူဇာက တစ်ဦးတည်းထိုင်သည်၊

ကိုကိုလင်းသော်က နိုင်သူဇာ၏မုံ့တို ခတ္တနပ်ဟန်ဖြင့် ဆိုင်အတွင်းသို့ ဝင်လာသည်၊ ကိုကိုလင်းသော်က နိုင်သူဇာကို ပြုံးပြီး နှုတ်ဆက်သည်၊ နိုင်သူဇာက ဣန္ဒြေရရနေသည်၊

"နိုင် - ရောက်နေတာကြာပြီလား"

"နာရီဝက်လောက်ရှိပြီ"

"စိတ်မဆိုးပါနဲ့ - နိုင်ရယ်၊ အရေးကြီးခရီးသည်တစ်ယောက် ပို့နေရလို့ပါ၊ တောင်းပန်ပါတယ်"

လက်ကိုင်သားရေအိတ်ကို လုယူသွားသောလူငယ်အားကြည့်ပြီး အော်သည်။ လူငယ်က လျင်မြန်စွာ ပြေးပြီးလမ်းကြေ့တွင် ပျောက်သွားသည်။ ဒေါ်ပူစီက လမ်းကြေ့နှင့် မဝေးသဖြင့် ပြန်လှည့်လိုက်သည်၊ ဝေါခနဲ ထွက်လာသော တိုင်စီကားသံနှင့်အတူ ရေအိုင်မှရေများက ဒေါ်ပူစီတစ်ကိုယ်လုံးစိုရွဲကုန်သည်၊



ကိုကိုလင်းသော်က နိုင်သူဇာ၏ ...နီးသို့ ဝင်ထိုင်ရင်း ဆိုင်အတွင်းသို့ ...ည့်ပတ်ကြည့်လိုက်သည်၊ အတော် ...မ်းလှမ်းရှိ ဆိုင်ခန်းထောင့်တွင် မိန်းမ ...ဦး၊ ယောကျ်ားနှစ်ဦးတို့က ဘာတွေ ...တ်ထိုးနေကြသည် မသိချေ၊ ခေါင်း ...တ်စတမ်းစကားပြောရင်း ရယ်နေကြ ...ည်၊ အမျိုးသမီးတစ်ဦးက လူကွယ်နေ ...ဖြင့် သေချာစွာ မမြင်ရချေ၊ သို့သော် ...ခြားမှုတစ်စုံတစ်ရာ မတွေ့ရသဖြင့် ...င်သူဇာကို ပြောသည်၊

"ဘာမှမစားဘူးလား"

"မစားဘူး"

"တစ်ခုခုမှာစားလေ၊ ဒါမှမဟုတ် ...ိုရောက်မှ စားကြတာပေါ့ - သွားကြ ...ည်"

ကိုကိုလင်းသော်က ထရပ်လိုက် ...ည်၊ နိုင်သူဇာက ထရပ်ရန် ပြင်လိုက် ...ဲ့ အသံတစ်ခုက ဖြတ်ဝင်လာသည်၊

"သမီး သွားတော့မလို့လား"

နိုင်သူဇာ လှမ်းကြည့်ရာသို့ ကိုကို ...င်းသော်ကလည်း လှမ်းကြည့်လိုက် ...ည်၊ စောစောက မြင်ရသော (၄) ...ယာက်ဝိုင်းမှမိန်းမကြီးကိုအသေအချာ မကြည့်မိသည်မှာ မှားလေစွဟု ကိုကိုလင်းသော် ထင်မိသည်၊ ဒေါ်ပူစီကို မြ... လိုက်သည်နှင့် ကိုကိုလင်းသော် မျက်... နာပျက်သွားသည်၊

"အန်တီ့ကို မှတ်မိတယ်နော် ကောင်လေး"

ကိုကိုလင်းသော်က ဘာမျှပြန်မပြောနိုင်၊ ခေါင်းညိတ်ပြလိုက်သည်၊ နောက်လှည့်ကြည့်တော့ သူ၏တိုင်စီကားနားတွင် လူနှစ်ဦးက ရပ်စောင့်နေသည်၊ စောစောက ဒေါ်ပူစီတို့နှင့် အတူထိုင်နေသော ယောကျ်ားနှစ်ဦးပင်ဖြစ်သည်၊ ကိုကိုလင်းသော်က အစီပွာယ်ကို နားလည်လိုက်သည်၊ တစ်ချိန်က အဖြစ်အပျက်ကိုလည်း အပြေးအလွှား မြင်ယောင်မိသည်၊

၊၊

အရာရှိ ကြို့ ပို့ယာဉ်ကားသမားသည် ဒေါ်ပူစီတို့အိမ်ရှိရာ လမ်းထိပ်က ရေအိုင်ကြီးကိုကြည့်ပြီး လန့်သည်၊ တစ်ခါက ရိုးရိုးရေအိုင်ထင်ပြီး ဖြတ်မိရာ ကားနစ်နေသဖြင့် ကားပေါ်ပါသူအားလုံး၊





www.burmeseclassic.com

www.burmeseclassic.com

သောကရောက်ရသည်၊ ယခုလည်း မိုးဦးစလျှင်စချင်း ကြုံရပြန်ပြီ၊ ဒေါ်ပူစီတို့လမ်းထိပ်က ရေအိုင်ကြီးက နည်းနည်းနောနော မဟုတ်ချေ၊ လမ်းပျက်မြေနိမ့်သဖြင့် ပိုဆိုးသည်၊ အဓရေးထဲ လမ်းထိပ်တွင် တက်စီတစ်စီးက ရပ်ထားသည်၊

အရာရှိ ကြို၊ ပို့ယာဉ်ကားသမားသည် တက်စီကားနောက်တွင် ကပ်ပြီး ရပ်လိုက်သည်၊ ဒေါ်ပူစီက တောင်းအော့(စ်) ကားတံခါးကိုဖွင့်ပြီး ပလက်ဖောင်းပေါ်သို့ လှမ်းကျော်ဆင်းလိုက်သည်၊ ပတ်ဝန်းကျင်မှာ လူရှင်းနေသော်လည်း မိုးက ခပ်ဖွဲဖွဲ ရွာသွန်းလျက်ရှိသည်၊ ရေကွက်များကိုရှောင်ပြီး ဒေါ်ပူစီတမိမိအိမ်လမ်းသို့ ချိုးကွေ့လိုက်သည်၊ အဝေးလှမ်းလှမ်းတွင် ဒေါ်သိန်းတင်နှင့် လူငယ်တစ်ဦးက အထုပ်အပိုးများ ဆွဲပြီး အိမ်ထဲချိုးဝင်သွားသည်ကိုတွေ့ရသည်၊ ထိုလူငယ် ပြန်ထွက်လာသဖြင့် တက်စီကားဆရာဖြစ်မည်ဟု ထင်မိသည်၊ ကားဝင်နိုင်သဖြင့် ပစ္စည်းများ လိုက်ပို့ခြင်းဖြစ်ပေမည်၊

ဒေါ်ပူစီက လမ်းအတိုင်း ဆက်လျှောက်လာစဉ် လမ်းထိပ်တစ်အိမ်ကျော်နေရာတွင် လူငယ်နှင့် ဆုံဖြစ်သည်၊ ဒေါ်ပူစီက ထိုလူငယ်ကို အမှတ်တမဲ့ကြည့်လိုသော်လည်း ရေအိုင်ရှိနေသဖြင့်ဂရုတစိုက်ရှောင်တိမ်းနေရသည်၊ ထိုစဉ်သူ၏လက်တွင်းမှလက်ကိုင်သားရေအိတ်ကရုတ်တရက်လွတ်ထွက်သွားသည်၊

“ဟော့ - သူခိုး - သူခိုး၊ လာကြပါဦး”

ဒေါ်ပူစီမှာ သတိမလွတ်ချေ၊ လက်ကိုင်သားရေအိတ်ကို လုယူသွားသောလူငယ်အားကြည့်ပြီး အော်သည်၊ လူငယ်က လျင်မြန်စွာပြေးပြီးလမ်းကွေ့တွင်ပျောက်သွားသည်၊ ဒေါ်ပူစီကလမ်းကွေ့နှင့်မဝေးသဖြင့် ပြန်လှည့်လိုက်သည်၊ ဝေါခနဲ ထွက်လာသော တက်စီကားသံနှင့်အတူ ရေအိုင်မှရေများကဒေါ်ပူစီတစ်ကိုယ်လုံး စိုရွှဲကုန်သည်၊ ကားကဝေါခနဲပြေးထွက်သွားပြီးရှေ့နားရှိကားလမ်းမကြီးသို့ကွေ့ဝင်သွားသည်၊ ဤသို့ဆိုလျှင် ကားလမ်းမကြီးအတိုင်း ဆက်ကြိုက်မောင်းပြေးပေရော့မည်၊ လူရှိုက အိမ်မှ ထွက်လာသော်လည်း ဆက်ကျချေပြီ၊ ဘာကိုမျှမတွေ့ရတော့ချေ။

# ၁၁

ကိုကိုလင်းသော်က မျက်စိမျက်နှာ ပျက်ဖြစ်နေသော်လည်း ဣန္ဒြေရရနေသည်၊ တည်တည်ငြိမ်ငြိမ်နှင့်ပင် ဒေါ်ပူစီကို ရင်ဆိုင်သည်၊ ဒေါ်ပူစီက မျက်ရိပ်ပြပြီး နိုင်သူဇာထံမှ လက်ကိုင်ဖုန်းကို ပြန်တောင်းသည်၊ နိုင်သူဇာက ကမ်းပေးလိုက်သည်၊ ဒေါ်ပူစီက ကိုကိုလင်းသော်ကို ကြည့်ပြီး ပြောသည်၊

“မင်း ကံဆိုးတာက သမီးနဲ့ ငါက တစ်ရုံတစ်ရုံတည်းလုပ်သူတွေ ဖြစ်နေတာပဲကွဲ၊ သမီးလက်ထဲမှာ လက်ကိုင်ဖုန်းတွေ့လို့ တောင်းကြည့်မိတယ်၊ အတွင်းက အမှတ်အသားကို ပြလိုက်တော့ သမီးက လက်ခံတယ်၊ တယ်လီဖုန်းတော့ရပြီ၊ အန်တီ့လက်ကိုင်အိတ်နဲ့ ငွေနှစ်သိန်းကျော်က ဘယ်မှာလဲ”

ကိုကိုလင်းသော် နိုင်သူဇာကို တစ်ချက်ကြည့်ပြီး မျက်လွှာချထားသည်၊ ကားဆီသို့ စောင်းကြည့်သည့်အခါ တစ်ဦးက ကားတွင် ရပ်စောင့်နေပြီး ကျန်တစ်ဦးက သူတို့ရှိရာသို့ လျှောက်လာလျက်ရှိသည်၊ ဒေါ်ပူစီက ပြောသည်၊

“ဟိုလူနှစ်ယောက်က ရဲတွေပဲ၊ ငါ့သမီးသိက္ခာ၊ မင်းသိက္ခာကိုငဲ့ပြီး အန်တီမေးတာဖြေပါ၊ နို့မို့ - သူတို့ဆီမှာ ဖြေချင်လား”

ကိုကိုလင်းသော်က မထူးတော့ပြီမို့ ပြောရသည်၊

“ကျွန်တော့်မိန်းမကို ပေးလိုက်တယ်”

“ဟင်”

နိုင်သူဇာက အံ့ဩဟန်ဖြင့် အာမေဋိတ်သံ ထွက်သွားသည်၊

“ကလေး ဘယ်နှယောက်လဲ”

“နှစ်ယောက်”

ဒေါ်ပူစီမှာ ကိုကိုလင်းသော်ကို ကြည့်ပြီး တိုးတိတ်ညင်သာစွာ ပြောသည်၊



www.burmeseclassic.com

www.burmeseclassic.com

"သိက္ခာရှိရှိ၊ ဣန္ဒြေရရ သွားကြမယ်၊ စခန်းကျမှ ရှင်းကြတာပေါ့"

ကိုကိုလင်းသော်က နိုင်သူဇာကို တစ်ချက်ကြည့်သည်၊ ဝန်ခံသည်လည်း မဟုတ်၊ တောင်းပန်သည်လည်းမဟုတ် သောစကားကို ပြောသည်၊

"သွားကြမယ် - နိုင်"

"မသွားဘူး - ဘာဆိုင်လို့လဲ၊ ချွေတာစုဆောင်းပြီး ဝယ်ပေးတယ်မှတ်လို့ လတ်ခံမိတာ၊ စိတ်မကောင်းဖြစ်မိတာ၊ အန်တီပြောတာ မယုံဘူး၊ ရှင်ပြောမှယုံတာ၊ ရှင်းစရာရှိရင် ရှင့်ဇနီး ခေါ်သွားပေါ့"

ကိုကိုလင်းသော်က ရယ်ကြဲကြဲ လုပ်ပြီး ပြန်ပြောသည်၊

"ချစ်လို့ပါ - နိုင်ရယ်"

နိုင်ကထိခိုက်နစ်နာစေသောစကား လုံးများနှင့်ကိုကိုလင်းသော်ကိုပြန်လည် ထိုးနက်လိုသော်လည်းငယ်စဉ်ကမလေ့ လာမဆည်းပူးခဲ့ရသဖြင့်အခက်တွေ့နေ သည်၊ အသားတွေ တဆတ်ဆတ်တုန် နေသဖြင့် ဒေါ်ပူစီက နိုင်သူဇာ၏လက် လေးကို ဆွဲညှစ်ထိန်းသိမ်းရင်းအားပေး သည်၊

"သူတို့က ဒီလိုပဲကွယ့်၊ သမီး ကံ ကောင်းတယ်၊ နေခဲ့ပါ - အန်တီကြည့်ပြီး အဆင်ပြေအောင် စီမံပါ့မယ်"

⋙ နေမထူး

# တောကြောင်သား



www.burmeseclassic.com

**တိတ်ဆိတ်**ငြိမ်သက်နေသော မဟာရာညချမ်းကလေးကို ဖြိုခွင်းလိုက်တာက ခွေးတစ်ကောင်ထိုးဟောင်လိုက်သံ၊ ထိုခွေးဟောင်သံကြောင့် မီးရောင်တန်း လက်ခနဲ လင်းလာသည်နှင့် ကိန်ခနဲ နာကျင်စွာ အော်ပြေးသွားသော ခွေးအသံနှင့်အတူ တဖြောက်ဖြောက် ပစ်ခတ်သံ၊ သုံးလေးကြိမ်အဆုံး ဆဲဆိုကြိမ်းမောင်းသောအသံများသည်အိပ်စက်နေသူများအတွက် အထိတ်တလန့်ဖြစ်စေ၏။

ကြက်အိပ်ကြက်နိုးအိပ်စက်ကျင့်ဖြစ်ခဲ့သော ဘမောင်တစ်ယောက် ပျာလောင်ခတ်စွာ ထလိုက်ရပြီး ပိတ်ခြင်ထောင်ချုံးအတွက်ဖနီးကညာမိညို့ခြေထောက် တက်နင်းမိ၏၊ အမလေးတော်တ သံနှင့်အတူ သေခြင်းဆိုး၊ ကာလနာမိုးမွှန်အောင် ဆဲရုံမက ဟင်း - သူ့ယောက်ဖများလာရင်သေးထွက်အောင်ကြောက်တဲ့လူကြီးတဲ့၊

သူ့ဆူသံဆဲသံ ဘမောင် မမှုပါဘူး၊ သူမှုရမည့်သူက လာနေပြီလေ၊ အင်မတန်သွေးဆိုးတတ်တဲ့တင်မြင့်နဲ့မောင်မြင့်၊ မြင့်နှစ်မြင့်ပေါင်းလာရင် အရိုန်ဖင့်လေးလို့ မဖြစ်၊ ဖယောင်းတိုင်မီး အမြန်

> သုသာန်အနီး
> တောအုပ်တွင် တောကြောင်
> ပစ်ခတ်ရာမှ ကြောင်မကြီး
> သေဆုံးသွားသောအခါ
> နောက်ဆက်တွဲဖြစ်ပေါ်
> လာသည့်ဇာတ်လမ်း ..

ထွန်း၊ ကဲ - လာ - တံခါးပေါက်ဖွင့်၊ အသင့်ရှိနေဖို့က ထွေးညို့မီးတောက်နှ ပုလင်း၊

"ဘမောင် - မင်း တော်တယ်ကွာ ဒီလိုလိမ္မာမှပေါ့၊ မြင့် အရက်ငှဲ့ကွာ၊ တို များ အမောပြေ အမြည်းလည်း ထုတ်ဦး ကွ"

ဦးတင်မြင့်သည် ကွမ်းဖတ်များတို ထွီခနဲ ထွေးထုတ်ကာ အရက်ခွက်ကို ခပ်ကြမ်းကြမ်းမော့ချလိုက်ပြီး ဘမောင် ထံ သံပုရာသီးတစ်စိတ် တောင်း၏ ကိုမြင့်က ခါးပုံစထဲက အမြည်းထုပ်ကို

ပွဲပေါ်မှာ တင်အပြီး သံပုရာစိတ်တစ်ချ်းကန် လည်း ရောက်လာသည်၊ ဘမောင်ကိုစားရန်အပြော -

"တော်ပါပြီဗျာ - ခင်ဗျား တောကြောင်သားညှီစို့စို့ကြီး၊ ခင်ဗျားတို့မို့ မုန်းတယ်၊ တခြားအမြည်းလေးပြောင်းဦးယူလာကြစမ်းပါ"

"ဟကောင် ဘမောင် - ငါ့ - လစ္စီး ဒါတို့နှစ်ယောက်က တောကြောင်မှဆိုး တွေကွ၊ တံငါသည်မဟုတ်ဘူး၊ တံငါ သည်ကငါးစားကြရသလို၊ တောကြောင် မုဆိုးက တောကြောင်သားစားတာ ဆန်းပါဘူး၊ ငါတို့ကို ငါးမဖမ်းနိုင်းနဲ့ ဖမ်းတတ်ဘူး၊ ဒါပေမဲ့ - ဝယ်စားလို့ လွယ်တယ်ကွ၊ တောကြောင်ကို ဘယ်သူရအောင် ဖမ်းနိုင်သလဲ၊ ဘယ်သူရအောင်ပစ်နိုင်သလဲ၊ ဝယ်စားလို့ကော လွယ်လွယ်ရသလား၊ လူတိုင်းကော စားနိုင်ရဲ့လားကွ၊ မင်းကပဲ ညှီစို့စို့တဲ့ - ငါလုပ်လိုက်ရ"

ဘမောင် ကျောချမ်းသွား၏၊ သူ ထောင်ပြသောလက်ဝါးသည်ကြီးပါဘိ၊ ထိုလက်ဝါးကြီးဖြင့် စိတ်အခန့်မသင့်သူတွေ စံဖူးကြပြီ၊ ဦးတင်မြင့်မှာ မူးပြီးသွေးဆူတာကလွဲလို့ ပင်ရင်းစိတ်ခံကောင်းသူပါ၊ အရက်သောက်လျှင် ကြွေးတင်မထား၊ ဒီနေ့ ငွေမပါလျှင် နောက်တစ်နေ့မှာ အတိအကျပေးသူမို့ သည်အတွက် ဘမောင် စိတ်သောကမဖြစ်ခဲ့၊

တစ်ခါကတော့ ဘမောင်တို့ဇနီးမောင်နှံ ခံပြင်းစိတ်ယူကျုံးမရစိတ်တော့ တစ်ကြိမ်ဖြစ်ဖူးတယ်၊ ဖြစ်ပုံက ဘမောင်ကကြက်ဝါသနာအိုး၊ တိုက်ကြက်ဖတစ်ကောင် တယုတယ ဝယ်ပြီး မွေးထားတယ်၊ ဘမောင်မရှိခိုက်ယောက်ဖဖြစ်သူရန်ကြီးအောင် ကြက်ကို ပွေ့သွားပြီး ဦးတင်မြင့်အိမ်က ကြက်ဖနှင့် ခွပ်လာတ်သွားချလေသတဲ့၊ ဦးတင်မြင့် မူးပြီးအိပ်ပျော်နေချိန် ဘမောင်ကြက်ဖက အတောင်အလက်၊ အတက်စုံကြက်မျိုးကောင်း၊ တစ်ဖက်ကြက် အလူးအလဲ အထိနာပြီး ပြေးရရှာတယ်၊ အိပ်ရာကနိုးလာတဲ့ဦးတင်မြင့် ဒေါ်ရာတွေဗရပွနဲ့နာနေတဲ့ကြက်ကြီးလည်းမြင်ရောဒေါသမီးကလည်း ဟုန်းခနဲ ထတောက်ပါလေရော၊

www.burmeseclassic.com

ဒဏ်ရာတွေနဲ့ကြက်ဖကြီးကို ပွေ့ပြီး တရှုံးရှုံး တရှဲရှဲဖြစ်နေတဲ့ ဦးတင်မြင့် ဘမောင် ယောက်ဖ ရန်ကြီးအောင်အိမ် ရောက်တော့ ကြက်ကိုချ၊ စားဦးချွန်ကို မြေမှာ စိုက်ပြီး ဖြစ်ခဲ့တဲ့ပြစ်မှုကို ရန်ကြီးအောင်မိန်းမ ချိုမာကို ပြောပြတယ်။ ငွေ တစ်သောင်း (၁၀)မိနစ်အတွင်း ပေးရင် ပေး မပေးရင် ရန်ကြီးအောင်လည်ပင်း ဓားနဲ့လှီးမယ်ဆိုတော့ ချိုမာ ကြောက်လန့်ပြီး ပေးလိုက်ရတယ်၊

"ချိုမာ - မှတ်ထား - ငါက နိုင်ငံ့ထက် စီးနင်းအပြုအမူနဲ့ မတရားငွေလာညှစ် တယ်လို့ နင့်စိတ်မှာ မထင်လေနဲ့၊ ကိုယ်ချင့်တရားမရှိ၊ စည်းကမ်းကို ပမာမခန့် မလေးစားတဲ့ နင့်ယောက်ျားကို စည်းကမ်းလိုက်နာတတ်အောင် လျော်ကြေး သူ့လိုက်တာပါ"

ကိုတင်မြင့်သည် ပြောဆိုပြီးကြက်ကို ထားခဲ့လေ၏၊ ကြောက်ကြောက်နှင့် အိမ်ထဲမှာပုန်းနေရသော ရန်ကြီးအောင် သံရုံပေါက်မှ ချောင်းကြည့်ရင်း မျိုးမစစ်ကြက် ချက်စားရုံပေါ့ဗျာ၊ ဒီတစ်ခါကြက် ခွဲခင်ဗျားကတော့ အနိုင်နဲ့ပိုင်းသလိုပါပဲ ဟု တီးတိုးလေးသာ ပြောနေရ၏၊

ဦးတင်မြင့်ကား ဘမောင်တို့အိမ် ဘက်သို့လွယ်အိတ်ကြီးကိုစလွယ်သိုင်း ပြီး လျှောက်သွားရှာသည်၊


ဘမောင်အိမ်ကိုရောက်တော့ မျက်ထောင့်နီကြီးနဲ့စကားစတင်မပြောသေး၊ ဒေါသစိတ်ကို ချုပ်တည်းထားဟန်၊ အရက်ပုလင်းကို မော့လိုက်၊ ဟိုသည် ကြည့်လိုက် ပင့်သက်အခါခါချရင်း စိတ် မတည်ငြိမ်၊ အရက်တစ်ပုလင်းအကုန်၊ တစ်ခဏနေမှ -

"ဟေ့ ကောင် - ဘမောင်၊ မင့်ကြက်ဖ ဘယ်လောက်တန်သလဲ၊ ဟောဒီ ငါ့လက်ထဲက လောက်စာလုံး လောက် တန်ရဲ့လားကွ - ဟေ"

မစ်ချင်စရာစကား ဘမောင် အူကြောင်ကြောင်ဖြစ်မိ၏၊ ဘယ့်နှယ် သက်ရှိကြက်ဖနှင့် သက်မဲ့လောက်စာလုံး တန်ကြေးနှိုင်းရက်ပလေဟု ထင်မိ ပြီး နှုတ်ဆွံ့နေမိသည်၊

"မင်းနဲ့ငါ လောင်းကြေးထပ်မယ်၊ ဟောဒီလောက်စာလုံးက ငါလိုချင်တဲ့





မိခင်ကြောင်မကို ပွတ်သပ်အော် မြည်နေ၏။ ကြောင်မပါးစပ်ရှေ့ တွင် ငှက်သေလေးတစ်ကောင်။ ကိုမြင့် သဘောပေါက်ပြီ။ အစာရှာ ပြီး ပြန်လာခဲ့သောမိခင်။ မြင်ကွင်း ကိုမြင်ရတော့ ကြောင်မုဆိုးတို့၏ နှလုံးအိမ်ကို ဆွဲကိုင်လှုပ်ခြင်းခံရ သလို ကိုမြင့် စိတ်မကောင်းတော့။

ပစ်မှတ်ရောက်ရင် ငါဖြစ်ချင်တာ ဟင်း တစ်ခွက်၊ မီးတောက်တစ်လုံး၊ ဟဲ - ဟဲ အကယ်၍ပစ်မှတ်လွဲရင်တော့ ငါ့အိမ်က ခြံပေါက်နို့ခွဲဝက်သားပေါက်တစ်စုံ လာ ဆွဲကွာ - ဘယ့်နှယ်လဲ"

ဘမောင်မိန်းမ မိညိုသည် ထမင်းအိုး မီးကုန်းမှုတ်နေရာမှ ခေါင်းထောင် ကြည့်၏၊ ဝက်သားပေါက်တစ်စုံသည် သူ့စိတ်မှာ မရိုးမရွ၊

ကိုကြီးတင်မြင့် ဘာဆိုလိုတာလဲ တော်၊ ပွင့်ပွင့်လင်းလင်းပြောစမ်းပါဆို တော့ ဥနဲ့ပင်အောက်မှာ အစာကောက် နေသောကြက်ဖကို လက်ညှိုးထိုး၍မင့် ကြက်ဖ ဟုတ်ပါတယ်နော် ဟု အမေး၊ ဘမောင်ခေါင်းညိတ်ပြသည်၊ မိညို - နင်



www.burmeseclassic.com

www.burmeseclassic.com

ဟင်းရျက်မလား။ ဝက်သားပေါက်တစ်စုံ ယူမလား ထပ်အမေး၊ မိညိုအမိပွာယ်ကို နားလည်လိုက်ပြီ၊ ကြက်ဖကြီးက ဟိုး ဝေးဝေး ဝါးနစ်ပြန်စာ၊ ဦးတင်မြင့်ကို အရှော်သလို ပြန်ကြည့်၏၊ ဘမောင်က တော့ ပဲစပ်ဟောင်းလောင်း။

"ဝက်သားပေါက်တစ်စုံတော်" ဟု မိညိုအပြော၊ လျှပ်စီးလက် သလို လောတ်လေးခွကို ထုတ်၊ လောက်စာ အိမ်မှာ လောက်စာလုံးတပ်လိုက်ပြီ၊ ဦးတင်မြင့်မှ မိညိုခေါင်းနော် ခေါင်းဟု ပြောသေး၏၊ မျှော့သားရေကြိုးဆွဲ အဆန့်ပြီး သုံးစက္ကန့်အတွင်းမှာ တောတ်ခနဲအသံနှင့်အတူ တိုက်ကြက်ဖ ကြီးသည်တောင်ပံတဖျတ်ဖျတ်ခတ်ရင်း မှတ်စိတစ်မိုတ်အတွင်း။

သည်တော့-မိညိုချီးပွဲရှုင့်လေ၏၊ ဘမောင်ခမျာလည်း တုံကိုဘာဝေ ကြက်သေသေရာမှအသားများတဆတ် ဆတ်တုန်လာရင်း မိညိုကို သောက် တောင်မ၊သောက်ကောင်မဟုမြည်တွန် ဆဲရေးလက်ညှိုးထိုးလျက်၊ သူ့ကြက်ဖ သေဆီသို့ အပြေးသွားကာ တရှုံ့ရှုံ့ဖြင့် ငိုလေပြီ၊

ဦးတင်မြင့်၏တုံ့ပြန်မှုသည်မိသားစု တစ်စုလုံး စိတ်သောကဖြစ်စေရုံမက အိမ်ထောင်ရေးပင်ကတောက်ကဆဖြစ် စေတတ်၏၊ သူတို့၏ပူဆွေးမှုသည် ဦးတင်မြင့်ထံ ကူးစက်လာခဲ့ပြီ၊ တုံ့ဆိုင်း မနေတော့အိမ်ကိုအမြန်ပြန်သည်၊ နာရီ ဝက်ခန့်အကြာ တောင်းတစ်လုံး ထမ်း လာချေ၏၊ ဘမောင်နှင့် မိညိုရှေ့ချပြီး တောင်းထဲမှ ကောက်ရိုးခင်းပြီး ယူလာ သော ဝဝကစ်ကစ်ဝက်ကလေးတစ်စုံကို ချလိုက်၏၊ မင်းတို့ စီးပွားဖြစ် မွေးပေ ရော့-တဲ့၊

ဝါသနာဆိုတာ အတားရခက်ရဲ့ သလို ညစဉ်ရက်ဆက် တောကြောင် လိုက်ထွက်နေတဲ့ဦးတင်မြင့်နဲ့ကိုမြင့်တို့ ဇနီးသည်တွေက မသွားပါနဲ့တော့လို့ တားမြစ်ကြပါတယ်၊ တားမရပါဘူး၊ သူ တို့ကျင်လည်ရာ တောလိုက်ကွင်းတ လည်းစဉ်းစားသာကြည့်တော့၊ ရွာတွေ နဲ့ မနီးမဝေးမှာ ရှိတတ်တဲ့ သချိုင်းကုန်း (သုသာန်)တွေမှာဖြစ်သည်၊ နစ်ရှည်

သစ်ပင်ကြီးများနှင့် အလေ့ကျ ဆီးပင် ပေါက်များ၊ မိုးနံ့ချုံများ ဖုံးလွှမ်းပေါက် ရောက်၏၊ တကယ်ဆိုတော့ - ယဉ်ပါး အတ်သောအိမ်ကြောင်များသည် ယဉ် ပါးနေရာမှ တောစိတ်ဝင်ပြီး စားကျက် ပြောင်းသွားလေ့ရှိကြောင်း၊ တော ပြောင်းကြောင်များသည် အိမ်ကြောင် များကို မြှူဆွယ်ခေါ်ငင်တတ်ကြောင်း၊ အိမ်တွင်လှုနာရှိလျှင်လည်းကြောင်များ သည် မနေဝံ့စွာ တောပြောင်းပြေးတတ် သည်ကို ကြောင်သဘာဝသိသူ ဦးတင်မြင့်မှ ပြောလေ့ရှိသည်၊ ရွာထဲမှာ ဆိုးတော့လေခြင်းကြောင့်တောကြောင် ညည်ခဲ့သည်ကို မဆိုးနစ်ယောက်သည် စီးပွားဖြစ်မဟုတ်သော်လည်း သောက် စားဖို့ရနေသည်၊

သူတို့နှစ်ယောက်တွင် ကိုမြင့်က ကြိုတင်လေ့လာထားတတ်၏၊ ကြောင် ခြေရာကို ကြောင်ချေးကစပြီး သဲလွန်စ ရှာဖွေတတ်သူ၊ သစ်ပင်တက်ကျွမ်းကျင် သူလည်း ဖြစ်သည်၊ ဦးတင်မြင့်က ကြောင်သဘာဝမေလ့ကို သိသလို၊ လက်ဖြောင့်ပစ်ခတ်သူ၊ လက်နက်ကား အခြားမဟုတ်၊ ဆွဲအားကောင်းသော

မျှော့ရေကြိုးတပ်လောက်လေးခွ၊ လောက်စာကားပုစွန်ကျစ်စာနှင့်ကျတ် တီးမြေကို သမအောင်နပ်ပြီးမှ လုံးထား သောလောက်စာလုံး၊ သူတို့နှစ်ယောက် အပြင် အနံ့ခံကောင်းသော အပြေးလျှင် သော၊ အဟပ်မြန်သော ခွေးတစ်ကောင် ပါလေ့ရှိ၏၊ အစွမ်းကိုယ်စီလက်တွဲညီလို့ ဆိုရပေမည်၊

ဒီကနေ့ည တောလိုက်ကွင်းမှာ ညောင်ပင်သာသုသာန်ဆီသို့ ဦးတည် ၏၊ ဘိုးကြာညိုရွာမှ ည(၉)နာရီ ထွက် လာသည်၊ မယ်ဒက်ဘုရားလမ်းဘေး ဘရင်းကုန်းရွာနှင့် ညောင်ပင်သာရွာ ကြားမှာဇရပ်တစ်ခုရှိ၏၊ ခရီးသွားလည်း နား၊ သရဏဂုံတင်ရေစက်ချ၊ အမှုဝေရာ လည်းဖြစ်သောဇရပ်၊ သူတို့နှစ်ဦး ထိုဇရပ်မှာ နားခိုပြီး ရဲဆေးတင်ကြ၏၊ ပြီးသည်နှင့် သုသာန်လမ်းခွဲလေး အတိုင်းဝံ့ဝံ့စားစားချီတက်ကြလေပြီ၊

မှောင်လွန်းလှ၏၊ သို့သော် ထို အမှောင်ကိုသူတို့မကြောက်၊ လူတွေက သရဲတစ္ဆေကြောက်တယ်ဆိုတာ အမှန် က အမှောင်ကို ကြောက်ကြတာပါ၊ မှောင်တော့ မမြင်ရတဲ့အသံတို့ ယုံမှား





www.burmeseclassic.com

www.burmeseclassic.com

သံသယရှိလာတယ်၊ ယုံမှားသံသယရှိခြင်းကြောင့် မသိစိတ်က ဖုံးလွှမ်းလာတယ်၊ လျှပ်စစ်အလက်ကြောင့်ဖျတ်ခနဲမြင်ရတဲ့သစ်ပင်လေးတွေကိုနာနာဘာဝထင်ပြီး ထွက်ပြေးတဲ့သူတွေအများကြီး၊ ကိုမြင့်ကို ဦးတင်မြင့်မှပြောနေကျစကားသူ့အာနှင်ဝန်းကျင်အခြေသို့ ရောက်လာ သစ်တိုင်း သစ်ခက်လှုပ်ရှားသံကိုကြည့်၏၊ နားစွင့်၏၊ ကြောင်မြူးသံတင်ကြားပြီ၊ ကြောင်ဖို၏ ဖိုသံနှောသော သံရှည်၊ ကြောင်မ၏ ပတ်ချွဲနပ်ချွဲအသံသည် ကလေးငယ်ငိုသံလိုလို၊

ကြောင်ထီးက ရစ်သီ၏၊ ကြောင်မက ပြေး၏၊ သူတို့၏ ချစ်တင်းနီးနှောမှုသည် ကြာတတ်သည်၊ အော်သည့်အသံ၊ ပြေးသည့်အသံ၊ လိုက်သည့်အသံတွေဆုံမိလေသည်၊

ကိုမြင့်ပခုံးကို ဦးတင်မြင့် တို့ထိ၏၊ ကိုမြင့် အထာသိစွာ လွယ်အိတ်ထဲမှလင်းကို ပေးတော့ တစ်ခွက်အာဆွတ်မှလင်းကိုပြန်ပေးသည်၊ ကိုမြင့်လည်းတစ်ခွက်ပါပဲ၊ ထိုတစ်ခွက်ဖြင့် အုတ်ဂူတစ်လုံးစီပေါ် အချိန်ငုံ့လင့် ရဦးမည်၊ ဦးတင်မြင့်အဆိုအရ သူတို့ချစ်ခြင်းကိုမခွင်းသင့်ကြောင်း၊ သူ့အမြဲစည်းထားခဲ့ကြောင်းဆို၏၊ ကိုမြင့် တစ်ယောက်အုတ်ဂူပေးမှာခြေလက်ဆန့်ရင်းအိမ်ကကရင်မကြီးကိုသတိရစိတ်လေးဝင်လာတော့ ပြုံးမိ၏၊ သူ့အာစရိ ဦးတင်မြင့်ကတော့ သားမယားအပေါ် တွယ်တာမှုမထားတတ်၊ ခုလိုစွန့်စားမှုအချိန်ကာလတွင် သားကောင်မှလွဲလို့ သူ့မှာ ဘာအာရုံမှ မထားတတ်သူဆိုတာ အထူးပြောစရာမလို၊

ကြောင်စုံတွဲ အသံပျောက်ချေပြီ၊ သူတို့နှစ်ယောက်သည် အသင့်အနေအထားအာရုံစူးစိုက်နေချေ၏၊ ထိုအချိန်အမှတ်(၆)သင်္ချိုင်းစက်မှုကင်းလုံခြုံရေးသံချောင်း (၁၂)ချက်ကြားရပြီ၊ ညဥ့်လယ်တောင်ရှိမှင့်၊

ရှုတ်ခနဲ အသံကြားတော့ နှစ်ယောက်သား ဆတ်ခနဲ ခါးမတ်ကာအသံကို အာရုံစူးစိုက်နေကြ၏၊ လက်ပံပင်ပေါ်က ဆင်းလာသံ၊ တဖြောဖြောတဖြောက်ဖြောက် ကြွေကျသံများ၊ ထိုအသံသည် ပင်စည်၏အရှိုဖြသောနေရာတို့တွင်စွဲတတ်သောချုံအုံတို့ကိုကြောင်ကုတ်ခြစ်မိခြင်းကြောင့်သစ်ရွက်ခြောက်များပေါ် ကျလာသောအသံ ဖြစ်၏၊ သစ္စာဝါသည်ပင်စည်ပေါ်မှဆင်းလာနေပြီ၊ သူတို့နှစ်ယောက်လည်း အနီးဆုံးနေရာရွှေ့လေသည်၊

လက်နှိပ်မီးရောင်စူးစူး အလင်းရောင်တန်းနှင့်အတူ အစိမ်းရောင်တောက်သော မျက်လုံးတစ်စုံကို မြင်လိုက်သည်၌ "ဖောက် - ဖောက်ဖောက်" ဟူသော စက္ကန့်မခြား အသံသုံးချက်ပစ်ခတ်သံ၊ ကြောင်သည် သစ်ပင်ပေါ်မှအကျ၊ ခွေးရန်လုံ့ဝှတ်ခနဲအော်ရင်းအပြေးဟပ်လေ၏၊ သို့သော် အနားရောက်ခင် ကြောင်ထပြေးလေသည်၊ ကိုမြင့် ဟာခနဲဖြစ်ရင် ချက်ကောင်းမထိဘူး - အာစရိ၊ ချက်ကောင်းမထိဘူးဟုအော်ရင်း ကြောင်ပြေးရာဆီ ခွေးနှင့်အတူလိုက်၏၊ ကြောင်မှ ထွက်ကျလာသော သွေးစကလေးများကား သစ်ရွက်ခြောက်များပေါ်၌ အစက်ကလေးများဘန်းစီနေလျက် သွေးစက်အဆုံးနေရာကားမိုးနံ့ပင်တို့အုံ့ပေါက်နေသောအုတ်ဂူဟောင်းကလေး၊ ခွေးရန်လုံ့သည် အုတ်ဂူအပေါက်ဝ၌တဝှတ်ဝှတ်ဟောင်နေ၏၊ ကိုမြင့် တုံ့ဆိုင်းမနေ၊ အုတ်ခွေးအုတ်ပဲ့များကို ဆွဲခွာချသည်၊ ဂူပေါက်အဝသည် ကျယ်လာသော် မြင်ရသည့်မြင်ကွင်းမှာ၊

အနက်ရောင်ရှိသောကြောင်မကြီးသည်အသက်ငင်လျက်ကြောင်ကလေးသုံးကောင်မှာမိခင်ကြောင်မကိုပွတ်သပ်အော်မြည်နေ၏၊ ကြောင်မပါးစပ်ရှေ့တွင် ငှက်သေလေးတစ်ကောင်၊ ကိုမြင့်သဘောပေါက်ပြီ၊ အစာရှာပြီး ပြန်လာခဲ့သောမိခင်၊ မြင်ကွင်းကို မြင်ရတော့ကြောင်မှုဆိုးတို့၏ နှလုံးအိမ်ကို ဆွဲကိုင်လှုပ်ခြင်းခံရသလို ကိုမြင့်စိတ်မကောင်းတော့၊ ကြောင်ကလေးတွေကို တယုတယ ပွေ့ယူလိုက်၏၊ ကြောင်မကြီးကိုလည်းညင်သာစွာ သယ်မပြီး ဦးတင်မြင့်ရှေ့ချလိုက်သည်၊ သေဆုံးသွားပြီဖြစ်သောပက်လက်အနေအထားကြောင်မကြီးကို ဘေးတစောင်းဖြစ်အောင် တွန်းလိုက်ပြီး ကိုမြင့်ကို မီးထိုးပြစေ၏၊

"မိဖြူနက် - မိဖြူနက်"



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်မြင့် ဆိုဆိုနှင့်ခေါ်လိုက်သော
မိဖြူနက်၊ လည်ကုပ်ပေါ်တွင်အဖြူရောင်
အမွေးကျပ်စေ့ဝိုင်း၊ဝိုင်းကလေးသည်
အမှတ်ရလွယ်စေသောအမှတ်အသား၊
နီးသည်မခင်မြ၏အချစ်တော်၊ ပျောက်
ဆုံးသွားခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီ၊
မခင်မြ အိပ်ရာထဲ ဘုန်းဘုန်းလဲစဉ်မှာ
အိမ်မှထွက်ခွာသွားသော မိဖြူနက်၊

နတောရှည်လှမှာ မခင်မြကျန်းမာ
ရေးဆိုးနေသည့်ကြားမှ သားသမီးပမာ
တွယ်တာခဲ့သော မိဖြူနက်ကို တသသ
ခေါ်တတ်သည်ကို ဦးတင်မြင့် ပြန်လည်
မြင်ယောင် မိ၏၊

"မခင်မြရေ - ခင်ဗျားအချစ်တော်
တချပ် ရှာတွေ့ပြီ၊ ဒါပေမဲ့ - ကျပ်လက်နဲ့
သတ်မိသွားပြီ - မခင်မြရဲ့ ခင်ဗျားရှိရာ
နောက် သူ လိုက်လာပါပြီဗျာ"

ဦးတင်မြင့် ဝမ်းနည်းစွာ မြည်တမ်း
ရင်း မိဖြူနက်ကို တယုတယ ပွတ်သပ်
နေပြီး ကိုမြင့်အား ကြောင်မကြီးမြှုပ်နှံဖို့
ခုတ်ဝှပေါင်းထဲပြန်ထည့်ရန် ပြောဆို
သည်၊ ကြောင်ကလေးများကိုမွေးမြူရန်
တင်မြင့်ယူလာရချေ၏၊ တောကြောင်
ယ်လေးသုံးကောင်ကား ဥပေက္ခာရှု
သောစုံတောမြိုင်မှ ကရုဏာ၊ မေတ္တာ
လွှမ်းခြုံပေးမည့် ရုပ်ဌာနီ အိမ်မြေဆီသို့
ဘဝနေဖြည် ဖြန့်ကျက်ရပေဦးတော့
မည်၊

ရေတာရှည်မြို့၏ အရှေ့ဘက်တွင်
အထင်ကရစစ်တောင်းကြီးရှိလေ၏၊
မြစ်၏ အရှေ့ဘက်(၁)မိုင်ခန့်မှာတော့
ပိန္နဲပင်ရွာကလေး၊ ထိုရွာကလေး၏
အရှေ့ဘက်မှာ ကရင်တောင်တန်းရှည်
ကြီး ရှိလေ၏၊ ထိုတောင်တန်းပေါ်တွင်
ကျောက်တစ်လုံး ဘုရားနှင့် ရိပ်သာ
ကျောင်းလည်း ရှိနေသည်၊

အေးမြခြင်း၊ ငြိမ်းချမ်းခြင်းနှင့်
တရားမမွတို့အား ချမ်းမြေ့စွာ ပေးစွမ်းနိုင်
သော ဝိပဿနာရှုပွားရာ၊ တစ်ပါးစံရိပ်
သာကျောင်းငယ်၌ ခိုလှုံခွင့်ရခဲ့သော
ဘုရားရှင်၏ သားတော်ရဟန်းကြီးတစ်
ပါးသည် လောကီ၏အညစ်အကြေးများ
ကို ဆေးကြောသုတ်သင် ဆင်ခြင်သတိ
ရှိခဲ့သည်မှာ သုံးနှစ်တာသီသီစွန်းခဲ့လေ
ပြီတည့်၊

မိုးသောက်ယံ ထိုန်နက်ရဟန်းကြီး
တွက်ကြွနေစဉ်အာဂန္တုကျွန်ပ်သည်
သည်း ပုတီး(၉)ပတ်စိပ်ပြီး ထအလာ
မျှော်လင့်ဘဲ တွေ့ဆုံဖူးမြင်ခွင့်ရ၏၊
ဒိုသေစွာ ရှိမိုးဦးခိုက်ပြီးလေသောအခါ
တရေးနေသူမှန်း သိလေခြင်းကြောင့်
လူမိုက်တို့၏ သံသရာဆိုးအတွက်
အညစ်အကြေးများကို ဆေးကြောနေရ
ကြောင်း တစ်ဘဝနှင့် မကြေလျှင် ဘဝ
အဆက်ဆက် ဆေးကြောနေမှာဖြစ်
ကြောင်း အစရှိရင်း ဘဝပေါင်းက
ဦးတင်မြင့်ရာဇဝင် ရင်ဖွင့်ခဲ့လေသည်၊

**နေဆန်းဦး (မန္တလေး)**

**တွဲဖက်မစားသင့်သောအစားအစာများ**

| | | |
|---|---|---|
| ရေဖန်းသီး | ⟺ | လက်ဖက် |
| ရှားခေါင်းချဉ် | ⟺ | အမဲသား |
| ရှောက်ရွက် | ⟺ | အမဲသား |
| ရှောက်ရွက် | ⟺ | နို့ရည် |
| ရှောက်သီး | ⟺ | နို့ရည်၊ ပဲစိမ်းစားဥ |
| သစ်ကြားသီး | ⟺ | ဝက်မြေစာဥ |
| သထွေးဥ | ⟺ | ဥဒေါင်းသား |
| ပျားရည် | ⟺ | ကြက်သီး |
| ဇရဲသီး | ⟺ | ဥမျိုးစုံ |
| တောင်စီးကာကန်း | ⟺ | မှို |
| ဖုံလုံသီး | ⟺ | ပီလောပီနံဥ |
| ဗျိုင်း | ⟺ | ဝက်ဆီ |



www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေ၏ ဆက်သွယ်မှု





**""ကတ်လမ်းအဖွင့်""**

"လာကြပါဦး - တော်။

ဟောဒီမှာ လူတစ်ယောက် အရိုက်ခံရလို့

လဲနေပြီ။ မြန်မြန်လာကူကြပါဦး။

သွေးတွေလည်း ဒလဟော ထွက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

အနီးရှိကွမ်းယာသည်အမျိုးသမီး၏ ထိတ်လန့်တကြား ရူးရူးဝါးဝါး အော်သံကြောင့်မကြာမီလူများစုရုံးလာကြတော့၏။

"ဟာ - ဘယ်သူများလဲလို့ - ဓာတ်ပုံဆရာ ကိုညိုမြင့်ကြီးပါလား။ ကဲ - ကဲ ခရီးစဉ်းကို မြန်မြန်အကြောင်းကြားပြီး လူ့ဓာတ်ကို ဆေးရုံအမြန်ပို့ဖို့ လုပ်ကြဦး"

ရှုတ်ရှုတ်သဲသဲနှင့် သည်အသံများကို ကောင်းမွန်သာ ကြားလိုက်ရပြီး သွေးထွက်လွန်နေသည့် ဓာတ်ပုံဆရာဆိုသူသည် ကမ္ဘာလောကကြီးနှင့် အဆက်အသွယ် ပြတ်သွားချေတော့သည်။

"ဇာတ်လမ်းအစ"

ဓာတ်ပုံပညာကို စတင်လိုက်စားစအချိန်မှာကျွန်ုပ်သည်လေကြောင်းထိန်းသိမ်းရေးဌာန၏A.T.C (Air Traffic Controller)မှ တပ်ကြပ်ကြီးတစ်ဦးဖြစ်နေပေပြီ။

လုပ်ငန်းခွင့်မဝင်ရသည့်နေ့တွင် ကျွန်ုပ်သည် ဝါသနာအရ ဓာတ်ပုံရိုက်ထွက်ရင်း တပည့်တပန်းများမွေးကာ စီးပွားရေးတစ်ရပ်အနေနှင့်လုပ်ရှားခဲ့ပေသည်၊ ကျွန်ုပ်၏တပည့်များတွင်မျိုးလွင်၊

ဝန်ထမ်းတစ်ပိုင်း၊ ဓာတ်ပုံဆရာသမား တစ်ပိုင်း၏ အသည်းထိတ် ရင်ခုန်ဖွယ် သေမင်း နှုတ်ခမ်းသို့ နင်းလျှောက် ခဲ့ရရင်း မှန်ကန်သော စေတနာများကြောင့်သာ ..

ခင်မောင်မြင့်၊ မောင်အေး စသည်တို့မှာ ကျွန်ုပ်၏ဓာတ်ပုံသက်တမ်းတစ်လျှောက် လုပ်သက်အရင့် ဆုံးတပည့်များဟု ဆိုနိုင်သည်။ သို့သော် ထိုသုံးဦးအနက် နှစ်ဦးမှာ လောကအလယ်တွင် မျက်နှာပြစရာ ရုပ်ဒြပ်မျှပင်၊ မကျန်ရစ်လေပဲ ဝိညာဉ်အဖြစ်နှင့်သာ ဘယ်ကမ္ဘာ ဘယ်ဌာနသို့ ရောက်ရှိလေပြီ မသိနိုင်တော့၊ တပည့်တစ်ဦးဖြစ်သည့် မျိုးလွင်သာ အသက်ရှင်လျက်ရှိသည့် စိတ်မနှံ့သူအဖြစ်ကံဇာတ်ဆရာ၏တစ်ဝက်မေတ္တာဖြင့် အသက်ရှင်ကျန်နေသေးချေ၏။

သည်ဇာတ်လမ်းမစခင် ကျွန်ုပ်နှင့် ကျွန်ုပ်၏ ကံကြမ္မာဆန်းကြယ်ပုံ အကြောင်းကို စာဖတ်သူတို့အား ဦးစားပေးပြထားမှ ဇာတ်ရည်လည်နိုင်မည် ဖြစ်သည်။

ကျွန်ုပ်အထက် အစ်ကိုရင်းဖြစ်သူ ...တင်ဆွေ (ရဲအုပ် အငြိမ်းစား၊ မှူးယစ်) ...သည်ကျွန်ုပ်အားတစ်ခါကပြောဖူးသည်။ ...ညီလေး - မင်းကံကြမ္မာကို တွက်ချက် ...ကြည့်လိုက်တော့ အဆန်းသားကွ၊ မင်း ...ကိုယ်စောင့်နတ်ကောင်းကောင်း မစ ...တယ်၊ မင်းလက္ခဏာ၊ ဗေဒင်ကိုစစ် ...ကြည့်တော့ မင်းအပေါ် မကောင်း ...တဲ့သူတွေဆိုရင် သေရင်သေ၊ ဒါမှ ...တ် ဘဝပျက်သူတွေ ပျက်ပေါ့၊ ...သလိုဖြစ်ကြတာချည်းပဲ၊ အဲ - နောက် ...ခုရှိသေးတယ်၊ တစ်ခါတလေ သေ ...င်းထဲ မလွဲမသွေ ကျရောက်သွားတာ ...ောင် ဘယ်လိုမှ ထင်မှတ်မထားတဲ့ ...ခြေအနေမျိုးမှာပဲ ထူးထူးဆန်းဆန်း ...သတွင်းက လက်မတင်လေး လွတ် ...ြောက်သွားတာတွေရှိတယ်၊ အသက် ...ရာယ်ပေးတဲ့ရန်သူတွေတောင်မင်း ...လိုက်ရာရင်းရှာရင်း မျက်စိလည် ...မ်းမှားပြီး နောက်ဆုံးတော့ လုံးဝအစရှာမရသလို လက်လျှော့လိုက်ရတယ်၊ ရတနာသုံးပါးနဲ့ မိဘဆရာသမားကိုတော့ ဘယ်တော့မှ မပြစ်မှားမိစေနဲ့၊ မမေ့နဲ့၊ အမြဲတမ်း ကျေးဇူးတရားကို လက်ကိုင်ထားပြီးနေတော့ နောက်ဘဝတွေလည်း ဒီလိုအကျိုးထူး ခံစားရမယ်၊ မင်းရဲ့အရှေ့ဘဝကတော့ ရှေးဘဝကပြုဖူးခဲ့တဲ့ ကောင်းမှုကုသိုလ်ကြောင့်သာ လုံလုံခြုံခြုံရှိနေတာ"

အစ်ကိုဖြစ်သူမှာ ဗေဒင်လက္ခဏာလည်း ဝါသနာပါသူမို့ သူ ညာက်မီသလောက် တွက်ချက်ရသမျှနှင့် ဗေဒင်လက္ခဏာဆရာများ၏အကြားအမြင်တို့အပေါ် ပေါင်းစပ်သုံးသပ်ပြီး ကျွန်ုပ်အား ပြောခဲ့ဖူးသည်များကိုအမှတ်ရပြီး ကျွန်ုပ်စဉ်းစားခန်း ဝင်မိတော့သည်၊ ထူးခြားဆန်းကြယ်စွာပင် ကျွန်ုပ်ကြုံတွေ့နေရသည့်အဖြစ်ဆိုးသည် တိုက်ဆိုင်မှုလားအမှန်တကယ်လား ဝေခွဲမရနိုင်အောင်ပင် မှန်ကန်နေကြောင်း တွေ့ရှိရပေတော့သည်၊ (နောင်အလျဉ်းသင့်လျှင် ၎င်းနှင့်သက်ဆိုင်သည့်ဇာတ်လမ်းများကို တင်ပြပါဦးမည်၊)

ကဲ - တခြားမကြည့်နှင့်၊ တပည့်ကျော် မျိုးလွင်ကိုသာကြည့်တော့အခင်း

www.burmeseclassic.com

စကားဖြတ်ပြီးပြောရလျှင် မျိုးလွင်မှာ မသေမပျောက်တစ်ယောက်တည်းကျန် တပည့်ဖြစ်သော်လည်း ယခုအခါတွင် စိတ်မနှံ့သူအဖြစ်သို့ရောက်ရှာပြီ၊ တစ်ခါတစ်ရံ လမ်းပေါ်တွင် ထင်ရာလျှောက်သွားရင်း ကျွန်ုပ်ကိုတွေ့လျှင် ကျွန်ုပ်ပင် အဓိပ္ပာယ်မဖော်နိုင်သည့်စကားများကို ပြောပြီး စိတ်ကူးတည့်ရာ တတွတ်တွတ်ရွတ်သွားတတ်ပါသည်၊ Analock (ဖလင်တင်မရာ) ခေတ်က ကျွန်ုပ်သည် ၎င်းအား တပည့်ရင်းဖြစ်သည်နှင့်အညီ ကျွန်ုပ်တတ်သမျှမှတ်သမျှဓာတ်ပုံပညာတို့ကို ဆရာစားမချန် သင်ပေးဖြစ်သည်၊

ဥပမာ၊ နစ်ကိုယ်ခွဲရိုက်မည်ဆိုပါစို့၊ ဖလင်ကွက်တစ်ကွက်ထဲလူပုံနှစ်ပုံ(တစ်ယောက်တည်း)ကို ဆက်မည်ဆိုပါစို့၊ ဖလင်ကွက်ကို အရင်ရစ်လိုက်ပါ၊ ရစ်ပြီး ဖလင်၏ ပထမတစ်ခြမ်းကို အရင်ရိုက်လိုက်ပါ၊ တစ်ခြမ်းကတော့ စကေးကိုက်ဖောက်ထားသည့်ပလတ်စတစ်စက်ဝိုင်းခြမ်းနှင့် အုပ်ထားပြီး ဖြစ်နေရမယ်ပေါ့၊ ဖလင်ကွက်ရဲ့ဘယ်ဘက်မှာ ပထမပုံကို တစ်ခြမ်းခြမ်းပြီးရိုက်ထားတယ်ဆိုတော့ နောက်တစ်ခါ ဖလင်မရွှေ့စေဘဲ ရစ်ဘီးကို တင်ရတော့မယ်မဟုတ်လား၊ အဲဒီ အခါဖလင်မရွှေ့ပဲတစ်ကွက်တည်းနှစ်ခါ ရိုက်လို့ရအောင် ကင်မရာရဲ့အောက်ဘ ဘုကိုအပေါ်သို့နှိပ်တင်လိုက်ရမယ်လေ၊ ဒါမှ - ဖလင်က မရွှေ့ဘဲ Free(လွတ်သွား) ဖြစ်သွားတော့သည်၊ ဒီအခါမှာရိုက်ပြီးတဲ့ ပထမဘယ်ဘက်ခြမ်းကို စောစောပိုင်းက စက်ဝိုင်းခြမ်းအမည်းနဲ့ အုပ်လိုက်ရ တယ်၊ ဒါမှ - ရိုက်ပြီးတဲ့ပုံ အလင်းမထိ မပျက်စီးဘဲဖြစ်နေမယ်၊ အလင်းရောင် တို့မည်သည် ဖြောင့်ဖြောင့်တန်းတန်း သွားတဲ့သဘောပေါ့၊ စကေးကိုက်ချိန် တတ်ရင်တတ်သလိုနစ်ကိုယ်ခွဲပုံကောင်း ထွက်လာတော့မယ်လေ၊

ကျွန်ုပ်က သည်ပညာတွေကို တပည့်ရင်းဖြစ်သူ မျိုးလွင်အားစိတ်ရှည် လက်ရှည် သင်ပေးဖြစ်ခဲ့သည်၊ ခုလို "ဒစ်ဂျစ်တယ်"ခေတ်မှာတော့ ဒုက္ခခံပြီး မရိုက်ရတော့ဘူးပေါ့၊

ကျွမ်းကျင်သည့်ကွန်ပျူတာသမား များကသာဓာတ်ပုံဆရာဘယ်လိုရိုက်ခဲ့ ရိုက်ခဲ့ ကွန်ပျူတာနှင့် ဖန်တီးလိုက်ရုံဆို တော့ ဓာတ်ပုံဆရာတွေ တော်တော် သက်သာသွားသလို ဓာတ်ပုံပညာရဲ့ ခက်ခဲသည့်ဖန်တီးချက်များကိုလည်း မသိနိုင်ကြတော့၊ ဓာတ်ပုံပညာတ...

...မြုပ်ပျောက်ကွယ်ကုန်တော့သည်၊ ...တ်ကြီးက တိုးတက်ပြောင်းလဲလာ ...သို နက်နဲသည့်ပညာရပ်တွေလည်း ...မှိန်ကုန်ကြပါပြီ၊ ကျွန်ုပ်တို့ ဖလင် ...တ်တုန်းကဆိုလျှင်အလင်းအမှောင် ...ထားအသို "ကွန်ပိုဇေးရှင်း" ကိုမနိုင်ပဲ ...ယ်လိုဓာတ်ပုံ ရိုက်စားလို့ရမှာလဲ၊

မျိုးလွင်အားပေးသည့်ပညာထဲတွင် ...တ်ကူးယဉ်ပုံများလည်းပါရှိခဲ့ပေသည်၊ ...သ့်မျက်နှာပေါ်တွင် မိမိ၏တစ်ကိုယ် ...တစ်ပိုင်းလုံး စသည်ဖြင့် ထည့်ရိုက် ...ည့်နည်းစပ်ရေးရေးလေးပေါ်နေသည့် ...ပွင့်ထဲမှာ၊ ပန်းသီးထဲမှာ ကိုယ့်ပုံကို ...ထင်းကြီးထည့်မလား၊ ရတယ်၊

သည်သို့ဖြင့်ကျွန်ုပ်တို့မြို့၏ "မှုးယစ် ...ဆေးဝါးတိုက်ဖျက်ရေးဓာတ်ပုံပြိုင်ပွဲတစ် ...တွင် ဘိန်းသီး၊ ဘိန်းပွင့်ထဲ ဆေးရှူနေ ...ည့်သေအံ့မူးမူးလူတစ်ဦးပုံအားထည့် ...ပြီးပြိုင်ပွဲဝင်သဖြင့် ကျွန်ုပ်မှာ ပထမ ...င် ရလိုက်ချေသေး၊ နေသိပ်ပူလျှင် ...ည်သည့် စပိဒ်(speed)၊ အပါချာ ...arture)၊ သိပ်မှောင်သည့်အခန်း ...လျှင် စပိဒ်အနေး၊ အပါချာကိုလူ (သို့ ...တ်) အရာဝတ္ထု (Subject) အနီး ...အလိုက် 4 ဖြစ်စေ၊ 5.6 ဖြစ်စေ ထားပေါ့၊ သိပ်မှောင်နေတဲ့အချိန်မှာ အပါချာကိုနေပူမှာရိုက်သည့် 16 တို့ 11 တို့မှာ ထားလျှင်တော့ အဘယ်မှာ ပုံပေါ်တော့မှာလဲ၊ အဲသလို - စပိဒ်တို့၊ အပါချာတို့ မနိုင်ပဲ ဓာတ်ပုံဆရာလုပ်လို့ကတော့ ကွဲပြီသာမှတ်ပေတော့၊

ဤသို့ဖြင့် ကျွန်ုပ်သည် တပည့် မျိုးလွင်အား ဆရာစားမချန် လက်ထပ် သင်ပေးခဲ့သည်၊ ဓာတ်ပုံအကြောင်းများ ပြောရမည်ဆိုပါက ထမင်းမေ့ဟင်းမေ့မို့ ဇာတ်လမ်းနှင့်ကိုက်ညီသမျှလောက် သာကျွန်ုပ်ပြောပါတော့အံ့၊ ဆိုခဲ့ပြီးသည် နှင့်အညီ တပည့်မျိုးလွင်သည် ကျွန်ုပ်ထံမှ ဓာတ်ပုံပညာများစွာတို့အား ကုပ်ကပ် သင်ယူပြီး သူ့ကိုယ်သူ ဒီသာပါမောက္ခ၏ ပွဲကျောင်းထွက်ပမာ ဘဝင်မြင့်ကာ လက်ဦးဆရာ မိမိကိုပင် လူမထင်သလို ပခုံးချင်း ယှဉ်တော့၏၊

ခြေရာချင်းတိုင်းတော့၏၊ ထိုစဉ်က မျိုးလွင်သည်၎င်းအစ်ကိုဖြစ်သူဝယ်ပေး သည့်ကင်မရာနှင့် ကိုယ်ပိုင်တစ်စင် ထောင်တော့မည်ဟုဆုံးဖြတ်ကာကျွန်ုပ် အား ခွင့်တောင်းလျက် "မျိုးမြတ်ဖော်" ဆိုသည့်ဓာတ်ပုံနာမည် (Logo)ဖြင့်မြ အား ပခုံးချင်းယှဉ်၊ တစ်စင်ထောင်လေ





www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ကျွန်ပ်သည် ထူးချွန်ထက်မြက်လာသည့်တပည့်အား မြေတောင်မြှောက်ပေးရသည်ပင် ဝမ်းမြောက်ဝမ်းသာရှိလျက် ကွန်ချက်ပြသည့်တံငါနယ် ကျွန်ပ်လုပ်ကွက်များကိုပင် ခွဲဝေပေးကာ အားပေးခဲ့ပေသည်၊ ရှင်လောင်းပွဲတစ်ခုအတွက် ဓာတ်ပုံရိုက်ကွင်းရှိလျှင် မိမိတစ်တွက်၊ ၎င်းတစ်ကွက် အလှည့်ကျရိုက်စေပြီး မိမိနှင့်အတူ လက်တွဲခေါ်ခဲ့လေသည်၊

ကံကောင်းချင်တော့ မိမိရိုက်သည့်အကွက်မှာ တစ်ပုံထဲသာ ကူးကြသော်လည်း ၎င်းရိုက်သည့်အကွက်တွင် တစ်ကွက်ထဲမှာပင်ပုံပွားအနေနှင့် ၄-၅-၁၀ ပုံ ရတတ်၍ မျိုးလွင်မှာ ဆင်ဖြူတော်မှီပြီး ကြံစုပ်လိုက်ရသူလို "မျိုးမြတ်ဖော်" ဆိုသည့်နာမည်တစ်လုံး "ဟုန်းခနဲ" တောက်ပလာချေတော့သည်၊

တစ်စစဖြင့် မျိုးလွင်သည် နာမည်တစ်လုံးရလာသည်နှင့်အမျှ လက်ဦးဆရာ မိမိအား ရှိလေသည်မထင်၊ ဖုတ်လေသည့်ငါးပိပမာ မိမိအား ဥပေက္ခာပြု ကျေးဇူးတရားအား "ရှားပါးကုန်" ပမာ သဘောထားလေတော့သည်၊ ကျွန်ပ်ရိုက်ကွင်းအတွင်းကျွန်ပ်၏ "မိတ်" များ ခေါ်ထုတ်စည်းရုံး၍လုရိုက်ခြင်း၊ ကျွန် မျက်ကွယ်တွင် "ကိုညိုမြင့်ကင်မရာ အစုတ်ကြီး၊ ပုံကောင်းမထွက်တော့ဘူး" စသဖြင့် မိမိအား "ဆရာ" ဟုပင် ကမ္ဘည် မတင်နိုင်လောက်အောင် အပုပ်ချစကား များဖြင့် လောဘတကြီး လုရိုက်လေ တော့သည်၊ ဖြစ်ချင်တော့ - ထိုအချိန် ကျွန်ပ်ကိုင်သည့် ကိုနီကာ (KONICA ကင်မရာမှာ ဘာကြောင့်ရယ်မသိ၊ စပီး (speed)မမှန်၊ ရှပ်တာ (shutter အလင်းတံခါး)မမှန်ဖြစ်နေချေ၍ပုံထွက် လာသည့်အခါ ဖြူသည့်ပုံကဖြူ၊ မည်း သည့်ပုံကမည်းနှင့်အဆင့်မမီတန်းမဝင် ဖြစ်လာသည့်အတွက် ကျွန်ပ်၏ "သဋ္ဌ နန်း" နာမည် ကျကာ ၎င်းအတွက် အကွက်ဝင်သွားပေတော့သည်၊

လူမောမျက်ဖြူဆိုက်လေ၊ ဆေး ဆရာကြိုက်လေဆိုသလို ကျွန်ပ်ကင် မရာ ချို့ယွင်းသွားစဉ်အတွင်း "မျိုးလွင်" သည် ကျွန်ပ်ပခုံးပေါ်ကျော်ခွကာ ကျွန် ၏ "ဖောက်သည်" များကိုပင် စည်းရုံး လိုက်ချေပြီ၊

ထိုစဉ်က နမ့်စန်လေယာဉ်ကွင်း အသစ်တိုးချဲ့ဆောက်လုပ်နေစဉ်ဖြစ်၍ လမ်းတံတားအင်ဂျင်နီယာများနှင့်စည် ယူပြီး "မျိုးမြတ်ဖော်" တစ်ခေတ်ဖြစ် တက်သေး၏၊

အင်ဂျင်နီယာတို့အား ဓာတ်ပုံဆရာ စတိုင်လ်ကို ဘောချိတ်ပြီး လက်တို တော်တောင်း အနိုင်းကောင်းစံအဖြစ် ရင်း၎င်းတို့နိုင်းလေသမျှ "ယယ်ကျွန်" စ်ယောက်ပမာ လုပ်ဆောင်ပေးမှု ကြောင့် ထိုတစ်ခေတ်တွင် မျိုးလွင်သည် သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သွပ်၊ သံ တို့ အထိုက်အလျောက် စုဆောင်းမိ သည်၊ အခါအားလျော်စွာ အင်ဂျင် ယာနှင့် လုပ်သားအဖွဲ့တို့၏ မိသားစု ဓာတ်ပုံများ ရိုက်ပေးခြင်း၊ လမ်းခင်း၊ တံတားဆောက်၊ အဆောက်အအုံပုံများ ပေးခြင်းဖြင့်လည်း ရနိုင်သမျှအခွင့် အရေးမှန်သမျှတို့အား ယက်သွဲ့သွဲ့သလို ဆောင်းယူဝင်နေမှုကြောင့် ၎င်းအိမ်ရှေ့ လင်းပြင်သည် အိမ်ကိုပင် မမြင်နိုင် လောက်အောင် အနီအဆောက်အအုံ ပည်းပုံများဖြင့် ပြည့်မောက်လျှံထွက် လေတော့သည်၊ "ရေများရာ မိုးရွာ"၊ ဆနာရှိရာ ရတနာလာ" ဆိုသည့် စကားနှင့်အညီ ၎င်းကုသိုလ်စန်းထချိန် င် ဆက်တိုက်ဆိုသလို ထိုးကြေးများ သည့် "ချဲ" များ ပေါက်လေတော့သည်၊

"တို့လူများ ကံကြမ္မာတက်လာရင် သကြားမင်းနားကင်းနဲ့ ဆင်းတားလို့ တောင် မရနိုင်ဘူး" ဟုပြောကြသလိုပင် ၎င်း၏ကံဇာတာမှာ တစ်ဟုန်ထိုး ထိုး တက်လာချေပြီလေ၊

မိမိတို့သောက်နေကျမြို့လယ်ခေါင်မှာ ရှိသော ရှိ Rose(နှင်းဆီ)လက်ဖက်ရည် ဆိုင်တွင် အခါအားလျော်စွာ ဆုံမိကြတိုင်း မျိုးလွင်သည် ၎င်း၏ ချဲအပေါင်းပါ များနှင့် လက်ဖက်ရည်သောက်ရင်း ချဲ တွက်နေသည်က များပါသည်၊ "ဓာတ်ပုံ ဆရာ၊ ချဲဝိဇ္ဇာဘွဲ့ထူးခံ၊ မျိုးလွင်၏အပါး တွင်တော့ "သာပေါင်းညာစား ချဲသမား" များက ဝိုင်းဝိုင်းလည်လျက်၊ လက်ဖက် ရည်ကပ်သောက်နေကြချေတော့သည်၊

"ဆရာ - မျိုးလွင်က ဆရာ့ကိုတောင် မမြင်ချင်ဟန်ဆောင်ပြီး လက်ဖက်ရည် လေးတောင် ခေါ်တိုက်ဖော်မရဘူးနော်"

"နေပါစေကွာ - သူ့အချိန်နဲ့သူ လွှတ် ထားပေးလိုက်၊ စေတနာဟာ လူတိုင်းနဲ့ မထိုက်တန်ဘူးလို့ ဆိုထားတယ်မဟုတ် လား၊ တစ်နေ့တော့ သူ့စေတနာ သူ့ကို အကျိုးပေးပါလိမ့်မယ်ကွာ"





www.burmeseclassic.com

www.burmeseclassic.com

လက်ရှိတပည့် "မောင်အေး" စကားကို တရားနှင့်ယှဉ်ပြီး ကျွန်ုပ်ပြန်ပြောဖြစ်လိုက်၏။

"ဆရာရယ် - ဆရာ့ကိုယ်စားရင်နာလွန်းလို့ပါ။ ဒီကောင်နဲ့ကျွန်တော်ဟာ ငယ်ပေါင်းတွေပါ။ ဒီကောင်မထွက်ခင်ကတည်းက ကျွန်တော်ဆရာ့ဆီဝင်လုပ်တော့ အစအဆုံး သိတာပေါ့။ ဟိုးကိုရင် "ဒီနေ့" ဘဝကတည်းက ဆွမ်းအတူတူစံထွက်တာ ဒီကောင်က ဆွမ်းထမင်းတွေ အလီလီ အခါခါ လောဘတကြီးဆွမ်းခံတတ်တဲ့အကောင်၊ နောက်ဆုံးတော့ ဆွမ်းဟင်း၊ ဆွမ်းထမင်းတွေ သူလည်း မစားနိုင်၊ ပုပ်သိုးကုန်တဲ့အထိ လောဘဖောတက်တဲ့အကောင်။ ဒီကောင် - တစ်နေ့ ခွေးကျကျမှာပါ။ ဆရာစောင့်ကြည့်နေ။

ခုလည်းကြည့်လေ၊ လက်ဖက်ရည်တစ်ခွက် ဘယ်လောက်ကျတာမှတ်လို့၊ ဒီကောင် မျက်နှာပြောင်တိုက်ပြီး ကိုယ့်ဆရာသမားကိုတောင်လောကွတ်မလုပ်နိုင်ဖြစ်နေရတာ ဒီကောင့်အစား ကျွန်တော်တောင် ကြားကနေပြီး ဆရာ့အတွက် မျက်နှာပူတယ်"

"ရှိစေတော့ - လက်ဖက်ရည်တစ်ခွက်နှစ်ခွက်လောက်တော့ တို့လည်း သောက်နိုင်ပါတယ်ဟ"

"ဟော့ - စားပွဲထိုးလေး - ဖန်ချိုနှစ်ခွက် ဖျော်ခဲ့ဟေ့"

ကျွန်ုပ်တို့သည် စားပွဲထိုးချပေးသည့်လက်ဖက်ရည်နှင့် အီကြာကွေးတို့ကို စားသောက်ရင်း သည်နေ့ရိုက်ဖြစ်ခဲ့သည့် ရှင်လောင်းအတွေ့အကြုံများကို စားမြုံ့ပြန်ဖြစ်သည်။

"ဒါနဲ့ ဆရာ - ဒီနေ့ ရှင်လောင်းပွဲမှာ ဒီကောင့် လုပ်ပုံကို ကျွန်တော် လုံးဝ မကျေနပ်ဘူး၊ ဘယ့်နယ်ဗျာ - ဆရာနဲ့ ဒီပွဲမှာ ဓာတ်ပုံဆရာနှစ်ယောက် ထိပ်တိုက်တိုးတော့ ဒီကောင် ဘယ်အပေါ်ကျိုးသွားလည်း ဆရာမြင်တယ်မှတ်လား (မဟုတ်လား)၊ ဒီကောင် - ဆရာ့ကိုလုံးဝ မမြင်ဘူး၊ မသိဘူးသလို မခေါ်နိုင် မပြောနိုင်ဖြစ်နေတယ်လေ၊ ကျွန်တော်တောင် မျက်နှာမထားတတ်ဖြစ်ပြီး ဒီကောင့်ကို ပြောလိုက်တယ်၊

"ဟေ့ကောင် မျိုးလွင် - မင်းဆရာကို ဘာလို့နှုတ်မဆက်လဲ" ပေါ့၊ အဲဒီလို မေးတော့ ဒီကောင် ဘာပြန်ပြောလဲ သိလား - ဆရာ၊ "ငါ့ကိုညီမြင့်ကို ခေါ်ပြောနေရင်ရိုက်ကွက်တွေလျှော့သွားမှာပေါ့ တဲ့၊ ကဲ - ကောင်းကြသေးရဲ့လား ဆရာရယ်"

အနီချစ်တပည့်မျိုးလွင်မှာသည်သို့သည် နယ်စရိုက်ရှိသည့် အကောင်၊ ကျွန်ုပ်တပည့်လုပ်စဉ် ဗိုသီဇတ်သီဖြင့် အကျီကြယ်သီးပေါက်ကို အပေါက်များ ဘပ်လိုတပ်၊ ဓာတ်ပုံရိုက်ဖို့ကျွန်ုပ်အခေါ် ရှိတော့မှ အိပ်မှုန်စုံမွှားဖြင့် မျက်စိနှစ်လုံး ကိုပွတ်ပြီးမှ ထလိုထ၊ ပုဆိုးစကိုအထက် အောက်များဝတ်လိုဝတ်၊ တွန့်ကြေနေသည့်အထက်စက အောက်သို့ ရောက် လေသဖြင့် သူ့ပုဆိုးမှာ အောက်ပိုင်းတွန့် ထိပ်ပြီး ဗီဘိ ဂါဝန်ကြီးပမာ၊ ကားကား ယျားလျားကြီးဖြစ်နေပါတော့သည်၊ အဲသလို မျိုးလွင်သည် ယခုကိုယ်ပိုင် ဓာတ်ပုံလိုက်ရိုက်နိုင်သည့်အခါမှာတော့ ဒီရိုယ်တွေကောင်းပြီး ဆရာမရောက်ခင် ဓာတ်ပုံလုရိုက်တတ်နေလေပြီ၊

ပုဆိုးကိုပင် အထက်အောက် မခွဲ တတ်သည့် အနီတပည့်ဟောင်းမျိုးလွင် သည် ချမ်းသာသည့်ဒဏ်ကိုမခံနိုင်ရကား ချဲ့အခြေကြီးပေါက်ပြီးသည့် နောက် တြောခင်မှာပင် ခွေးကျကျလေတော့၏၊

ချဲ့ထီပေါက်စဉ် မမြင်ဘူး၊ မသုံးဘူးသည့် ဖိမ်ခံပစ္စည်းများကို ထင်တိုင်းသုံး၊ ထင်တိုင်းကြဲသလို ထော်လာဂျီ၊ ဆိုင်ကယ်များဝယ်ပြီး တစ်မြို့လုံးအနှံ့ ထင်သလို ပတ်ပတ်မွှေနေတော့သည်၊

နောက်ပိုင်းတွင် အငယ်အနှောင်း ပင်ထားလျက် လက်ရှိမယားမှာလည်း အိုးရွဲ့လျှင် စလောင်းရွဲ့သည့်နှယ် လင်ငယ်နောက်သို့ ကောက်ကောက်ပါ အောင် လိုက်သွားရျေတော့သည်၊

"ချဲ့" နှင့်ထောင်ပြီး "ချဲ့" နှင့်ပင်ပြောင်သည့်စကားက မျိုးလွင်အတွက် ထားခဲ့ လေသလားမသိ၊ နောက်ဆုံးရှိတာတွေ ပြတ်ပြီးမိန်းမကလည်း လင်ငယ်နောက် ပါလေတော့ သွက်သွက်ခါအောင် စိတ် နောက်ပြီး ယခုဆိုလျှင် လမ်းတကာပေါ် တွင် စိတ်နှင့်ကိုယ်မကပ်ပဲ အသိမဲ့စွာ လျှောက်သွားရင်း အရူးကြီးလုံးလုံး ဖြစ် နေတော့သည်၊ မှန်ရာကို ဆိုရလျှင် ကျွန်ုပ်သည်ကျေးဇူးကန်းလေသူတပည့် တစ်ယောက်အား ဘဝပျက်စေရော့ဟု ဆုမတောင်းမိခဲ့တာ အမှန်ပင်၊ ကံတရား က သူ့အလိုလို စီမံသွားခြင်းအတွက် ကျွန်ုပ်အစ်ကို "ကိုတင်ဆွေ" နိမိတ်ဖတ် ဖူးသည့်စကားကိုသာ ပြန်လည်ကြား ယောင်ရင်း ကျွန်ုပ်၏ ဆန်းကြယ်သော ကံကြမ္မာကိုသာ အံ့ဩနေမိတော့သည်၊

www.burmeseclassic.com

ကျွန်ုပ်သည်တပည့်ဖြစ်သူမျိုးလွင်နှင့်လမ်းခွဲခဲ့ပြီးနောက်မျိုးလွင်၏ငယ်သူငယ်ချင်း မောင်အေးဆိုသူအား တပည့်အဖြစ် ခန့်ထားဖြစ်ခဲ့သည်၊ မျိုးလွင် ပေတီးပေစုတ်နိုင်သလောက်မောင်အေးသည် အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်ချေ၏၊ မောင်အေး၏ထူးခြားချက်တစ်ခုမှာအလှူမင်္ဂလာဆောင်တွင် ထမင်းအတူ စားကြတိုင်း ပလုတ်ပလောင်းမစားတတ်ပဲ ထမင်းဟင်းဝါးသည့်အခါများတွင် သွားမပေါ်အောင် ပါးစပ်ပိတ်ဝါးလျက် တခွေထမင်းပွဲလိုတိတ်ဆိတ်ငြိမ်သက်စွာ ကြာမြင့်ရရလှလှ ပေစားတတ်ခြင်းပင်၊

သည်သို့ အစာနေးသလိုထင်ရတတ်သော်လည်း မစားနိုင်ဘူးမထင်လေနှင့်၊ ကျွန်ုပ်ထမင်းတစ်ပန်းကန်ကုန်လျှင် သူက တစ်ပန်းကန်ခွဲစန့် ကုန်နေလေပြီ၊

နောက်တစ်ခုက မောင်အေးသည် ဆရာ့အပေါ်မည်မျှပင်မကျေနပ်စေဦး၊

"ပြန်မပြော နားမထောင်"အဖြစ် ဆရာသမား(မိမိ)ရှေ့တွင် "နင်ပဲငဆ" ဘယ်တော့မှပြန်မပြော၊ ခေါင်းငုံ့ပြီးသာ ကျွန်ုပ်ဆူဆဲသမျှငြိမ်နေတတ်သည်၊ အဲနောက်ပိုင်းမှာတော့ လုပ်ချင်ရာလုပ်တော့သည်၊ ကျွန်ုပ်၏လုပ်ဆောင်ချက်များအပေါ်မနာလိုဝန်တိုစိတ်လည်း၊ထားတတ်ပေသည်၊

ဥပမာဆိုပါစို့ ...၊ နေ့စားအဖြစ် ထိုစဉ်က တစ်နေ့နစ်ရာကျပ်နှင့်ငှားပြီး အလုပ်ထားရ၏၊ သည်တုန်းက ကျွန်ုပ်မှာတောလမ်းတောင်လမ်းကိုဖြတ်သန်းပြီး ရွာစဉ်အနှံ့ ဓာတ်ပုံထွက်ရိုက်သည်၊ အောက်ဒိုးသမားဖြစ်၍ အဖော်ရလျှင်ပြီးရော သွားလေရာ ခေါ်သွားရလေသည်၊

အောက်ဒိုးဓာတ်ပုံအရိုက်ထွက်တိုင်း ရိုက်ရသည့်ရက်၊ တွက်ခြေကိုက်သည့်ရက်ရှိသလိုလုံးဝတစ်ရက်တလေမျှ မရိုက်ရပဲ လက်ချည်းဗလာ ပြန်ခဲ့ရသည့်ရက်လည်း ရှိချေသည်၊

ထိုစဉ်က ဆိုင်ကယ်ပင် ယခုလိုခေတ်မစားသေး၊စက်ဘီးကိုယ်စီဖြင့်သာ ဓာတ်ပုံအရိုက်ထွက်ကြသည်၊ ကျွန်ုပ်လည်းတပည့်များအတွက်စက်ဘီးတစ်စီးကို အပိုဆောင်ထားသည်နှင့် မောင်အေးအား စက်ဘီးတစ်စီး ပေးထားဖြစ်ခဲ့သည်၊ ဆရာ့အပေါ် တရင်းတနှီးနေတတ်၍လည်း -

"ဆရာရေ - ဒီညနေ အလုပ်ပင်ပန်းလို့တစ်ခွက်တစ်ဖလားလောက်သောက်ကောင်းလား"

ညနေအလုပ်သိမ်းတိုင်းမောင်အေးသည်လူမမာအမဲဖြောက်တောင်းသလိုတောင်းဆိုတတ်လေသည်၊ ထိုစဉ်ကကျွန်ုပ်မှာ တပည့်ကို အလိုလိုက်မိသည်နှင့် "ယစ်မျှေရည် လေချဉ်သမား"ဖြစ်လုနီးပင်၊ ကျွန်ုပ်တို့ဆရာတပည့်နှစ်ဦးမှာ "သည်အချိန်ရောက်လာရင် ကျွန်တော့်စိတ်တွေ ဖောက်ဖောက်လာတယ်" ဆိုသည့် "ဝင်းဦး" သီချင်းလိုနေဝင်ရီတရောရောက်တိုင်း အကျင့်တစ်ခုလို ဖြစ်ခဲ့ပေသည်၊

ကျွန်ုပ်ဆိုခဲ့သလို ဓာတ်ပုံမရိုက်ရပဲလက်ချည်းပြန်လာရသည့်နေ့ဆိုလျှင်တို့မိသားစုစားဝတ်နေရေးကိုငဲ့ပြီးအတ္တာထဲမှပင် ငင်းနေ့တွက်အားပေးတတ်ရှင်းပေးနေရတတ်ချေသည်၊

အင်း - အလုပ်ဖြစ်သည့်နေ့တစ်နေ့ (ထိုစဉ်က ပို့စကဒ်ဆိုဒ်၊ ယခု 4 × 6" ဆိုဒ်)၊ပို့စကဒ်ပုံပေါင်းများစွာနှင့်(5 × 7", × 8", 8 × 10" နှင့် 10 × 12" စသည်)၊ ရိုက်ရသည့်နေ့ဆိုလျှင် မောင်အေး မျက်နှာမကောင်းချင်တော့၊ "ဆရာဒီလောက်ရိုက်ရတာ၊ကျွန်တော့်အတွက်နေ့စားခပိုပေးပါ" လို့ပြောနေသယောင်၊ "အစခေါ်ကတည်းက တစ်ပုံမှမရိုက်ရလည်း ငါ့ကသိုလ်ပဲလို့မှတ်၊ မင်းအတွက်တော့ နေ့စားခ ပုံမှန်ပေးမယ်၊ ပုံများများရိုက်ရလည်း ငါ့ကသိုလ်ပဲပေါ့၊ ကျန်တာမင်းနဲ့မဆိုင်"

သည်လိုနားလည်မှုဖြင့် ခေါ်ထား၍လည်း မောင်အေးမှာ တစ်ခွန်းမျှ မဟာရဲတော့၊ သို့သော် ၎င်းမျက်နှာမှာ မနာလိုးမရှုဆိတ်ခြင်းနှင့်အတူ ဟန်ပင်မဆောင်နိုင်ကြောင့် ဆဋ္ဌမအာရုံ၏စေ့ဆော်ချက်ဖြင့် ကျွန်ုပ် အကဲခတ်မိပေသည်၊ "ပြန်မပြော၊နားမထောင်မောင်အေး"၊ "ဆရာ့နောက်ကျောကို ဓားနှင့်ထိုးတတ်သည့် မောင်အေး"ကြောင့်ကျွန်ုပ်အသက်ဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့ရသည့်အဖြစ်များကိုလည်းအခါခါကြုံခဲ့ရပေသည်၊

ဤနေရာတွင် အလျဉ်းသင့်၍ ကျွန်ုပ်ရပ်ရည်နှင့် ပတ်သက်ဆက်နွယ်ပြီး ဓာတ်ပုံဘဝ အချစ်ဇာတ်လမ်းများအကြောင်းကို ကျွန်ုပ် ပြောပြပါမည်၊

တချို့က ပြောကြသည်၊ "ပုံမှာ Cast, Car, Camera (ငွေရယ်၊ ကား





www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ကာင်မရာရယ်)"c"သုံး"c"(စီသုံးစီ) ရှိရင် "စော်"ကြည်တယ်ကွ"ဟုဆိုတတ်ကြပေသည်၊ "ကိုယ့်ကိုယ်ကိုယ်ဖော်၊ မသူတော်(၁၀)ပါးစာရင်း ဝင်မည်စိုး၍ သည်ဇာတ်လမ်းအား သရုပ်ဖော်သည့်နေရာတွင် မဖော်မဖြစ်၊ မပြောမဖြစ်၍ ပြောရချေတော့မည်၊

ကျွန်ုပ်ကိုယ်ကျွန်ုပ် "ရုပ်ဖြောင့်သည်၊ ရုပ်ချောသည်"ဟု မပြောချင်ပါ၊

ဝင်စစ်ဖြောရမှာပင် ကျွန်ုပ်သည် စိတ်ဆုပ်လှပေ၏၊ အင်း - တခြားစကားနဲ့ပဲ ဆိုပါရစေတော့၊ အများက ကျွန်ုပ်ကို ရုပ်ဖြောင့်သည်ဟု အမွှန်းတင်ကြသည်ဆိုလျှင် လုံလောက်မည်လားမသိ၊

ဓာတ်ပုံဆရာ–'နန်းခမ်းလှူ'
လိုင်းရှေ့သွားမလို့လား။ မသွားနဲ့
သူ့ယောကျ်ားက ဓာတ်ပုံဆရာကို
ဒေါ်ဖောင်းနေတယ်။ ဆရာ့တပည့်
မောင်အေးမိန်းမက ဆရာနဲ့
နန်းခမ်းလှူတို့ဖြစ်နေကြတယ်။
ဘာသာနဲ့ စကားတွေဖွထားတယ်။



အထက်မှာဆိုခဲ့သလို "စီသုံးစီ"ထဲ ၏နောက်ဆုံး "စီ"ကိုပိုင်ဆိုင်ထားရသည့် ကျွန်ုပ်သည် အောက်ဒိုးဓာတ်ပုံထွက်ရိုက်တိုင်းမိန်းကလေးများနှင့်ဇာတ်လမ်းရှိသည့်အခါဖွဲ့မိတတ်လေသည်၊

အင်း - မေ့နေလို့ပြောရဦးမယ်၊ ထိုအချိန်က ကျွန်ုပ်သည် လွတ်လပ်သည့်လူပျိုလူလွတ်မဟုတ်၊ ရုပ်ရည်ကလေးရှိနေ၍လည်း အောက်ဒိုးဓာတ်ပုံထွက်ရိုက်သည့်အခါ မိန်းကလေးများအုပ်စုတွင် "ပျိုတိုင်းကြိုက်တဲ့နင်းဆီခိုင်" ဖြစ်နေပေသည်၊ သည်ရုပ်သည်ရည်ကြောင့်ပင် ကျွန်ုပ်သည် အသက်အန္တရာယ်နှင့်ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရလေတော့သည်၊ ကျွန်ုပ်ရင်ဖွင့်ရေးသားမည့်နောက်ပိုင်းဇာတ်ကွက်ကိုစာရှုသူများဖတ်သည့်အခါ ဇာတ်ရည်လည်ပါမည်၊

နမ့်စန်မြို့သည် အရှေ့အနောက်၊ တောင်မြောက်ပတ်ပတ်လည်ရွာပေါင်းတို့ဖြင့်ခြံရံထားရ၍လည်း ကျွန်ုပ်တို့ဆရာတပည့်နှစ်ဦးသည် တစ်နေ့တစ်ရွာမျှဓာတ်ပုံအရိုက်ထွက်တိုင်း မရိုက်ရသည့်ရက်မှာ မရှိသလောက်ပင်၊ မြို့ပတ်လည်လည်ရှိရှမ်းရွာ၊ ယင်းရွာ၊ ပအိုဝ်ရွာ၊ လီဆူး၊ လားဟူရွာစသဖြင့်ရှိသလိုရွာဝင်ရဲဘော်များအတွက် အမှတ်(၁)မှသည် အမှတ်(၁၀)ရွာအထိရှိနေချေ၏၊ ကျွန်ုပ်ရောက်ရှိသည့်၁၉၇၇ - ခုနှစ်နှောင်းပိုင်းမှာတော့ အမှတ်(၇)နှင့် (၈)မှာ နယ်မြေမအေးချမ်း၍ဖျက်သိမ်းပြီးဖြစ်ရကား ကျွန်ုပ်ပင်မမြင်၊ မတွေ့ဖူးတော့ပြီ၊

ရှင်လောင်းပွဲရှိသည့်အချိန်၊ မင်္ဂလာဆောင်ရှိချိန်များတွင်အနီးရှမ်းရွာပအိုဝ်ရွာများသို့ ကျွန်ုပ်တို့ အောက်ဒိုးထွက်ရသည်မှာ အပျော်ဆုံးနေ့ရက်များပင်ဖြစ်ချေတော့၏၊ ထိုရောအခါ ရိုးသားပွင့်လင်းပြီး ဟန်ဆောင်မှုကင်းသည့် ရှမ်းမလေး၊ ပအိုဝ်မလေးတို့နှင့် ဆရာတပည့်နှစ်ယောက်တို့ ဓာတ်ပုံတွဲရိုက်ဖြစ်ကြတော့သည်၊ ရှမ်း၊ ပအို့ဝ်ခလေ့အရယောကျ်ားလေးနှင့်မိန်းကလေးဓာတ်ပုံတွဲရိုက်ကြသည်မှာ သူတို့အဖို့ မဆန်း။ ခင်မင်မှုဖြစ်ကြလျှင် သမီးရည်းစားမှမဟုတ်၊ သူစိမ်းလည်း တွဲရိုက်တတ်ချေသည်၊ တပည့်ရိုက်ပေးလျှင် ဆရာ့စုံတွဲ၊ ဆရာရိုက်ပေးလျှင်တော့ တပည့်စုံတွဲပေါ့၊ သို့ဖြင့် ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးဆိုသလိုအပျော်ရှာရင်းအသက်မွေး



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းကျောင်းရသည့်အလုပ်အပေါ်ကျွန်ုပ်နှံမင်တွယ်ငြိခဲ့ပေသည်၊ ရှေ့ပိုင်းတွင် ကျွန်ုပ်ပြောခဲ့သလို "မောင်အေး"သည် ကျွန်ုပ်နောက်ကျောအားမားဖြင့်ထိုးရန် ဆင်ကြံကြသည့်တစ်နေ့သို့ရောက်လာခဲ့တော့သည်၊

ထိုနေ့က ကျွန်ုပ်သည် တပည့်ဖြစ်သူမောင်အေး ခွင့်ယူထား၍ဓာတ်ပုံများ ကိုယ်တိုင်လိုက်ဝေးရသည့်နေ့တစ်နေ့ ဖြစ်၏၊ ခလရ (...)တပ်မှာ ရိုက်သည့် ဓာတ်ပုံများပေမို့လူပျိုဆောင်ကဓာတ်ပုံများ ဝင်ပေးပြီးသည်နှင့် ကျွန်ုပ်သည် အိမ်ထောင်သည်လိုင်းဘက်သို့ ခရီးဆက်ခဲ့တော့၏၊

တစ်လိုင်းဝင်၊တစ်လိုင်းထွက်ဓာတ်ပုံလိုက်ပေးရင်းတစ်ခုသောအိမ်ထောင်သည်လိုင်းသို့ ရောက်ရှိလာတော့သည်၊

"ဓာတ်ပုံဆရာ - "နန်းခမ်းလှူ"လိုင်းရှေ့သွားမလို့လား၊ မသွားနဲ့ - သူ့ယောက်ျားက ဓာတ်ပုံဆရာကို ဒေါဖောင်းနေတယ်၊ ဆရာ့တပည့်မောင်အေးမိန်းမကဆရာနဲ့ နန်းခမ်းလှူတို့ ဖြစ်နေကြတယ်၊ ဘာညာနဲ့ စကားတွေ ဖွထားတယ်၊ ဓာတ်ပုံပေးဖို့ရှိရင် သူ့ယောက်ျားလမ်းတင်းသွားတဲ့အချိန် ကျွန်မသွားပေးပေးမယ်"

ကျွန်ုပ် ဓာတ်ပုံရိုက်ရင်း အသိအကျွမ်းဖြစ်ခဲ့ဖူးသူ "အေးအေးထွေး"က သတိပေးစကား ပြောလာသည်၊ အေးအေးထွေးစကားကြောင့် ကျွန်ုပ် လွန်စွာအံ့ဩသွားပါသည်၊

ထိုစဉ်က အိမ်ထောင်သည် လင်ရှိမယားဖြစ်သူများအား အမှန်တကယ် ကျွန်ုပ်မပြစ်မှားမိပါ၊ မောင်အေးတို့လင်မယားစကားကိုတော့ကျွန်ုပ် သတိထားရပေတော့မည်၊

နောက်တစ်နေ့ အလုပ်ဆင်းလာသည့် မောင်အေးနှင့်တွေ့၍ ကျွန်ုပ် မေးကြည့်မိတော့သည်၊

"ဟာ - မဟုတ်ပါဘူး - ဆရာရယ်၊ ကျွန်တော် မပြောရပါဘူး၊ ဆရာနဲ့ နန်းခမ်းလှူတို့ နမ့်စန်ဈေးထဲမှာ ဓာတ်ပုံအကြောင်းပြောနေတာ တွေ့တဲ့သူတွေက ပုံကြီးချဲ့လိုက်တာဖြစ်မယ်"

ကျွန်ုပ်အမေးကို ဤသို့ပင် ဆင်ခြေပေးတော့သည်၊ ထိုအချိန်က ကျွန်ုပ်လည်း ထပ်မမေးဖြစ်တော့၊ ဓာတ်ပုံရိုက်တတ်သည့် တပည့်များ ရှားပါးမှုကြောင့်လည်း ဖြစ်ပေမည်၊

ဤနည်းနှင်နှင် မောင်အေးသည် ဝေ့လည်ကြောင်ပတ်ဖြင့် ကျွန်ုပ်အပေါ် ကာလိမ်စေ့ငြမ်းဆင်ခဲ့သည်မှာ အခါများမှာ ရှိချေတော့သည်၊ မောင်အေးက ဖင်ပေါ့သည်၊ ကျွန်ုပ်နှင့်အတူ ဓာတ်ပုံထွက်ရိုက်သည့်အခါ စရန်တောင်းပေးခြင်း၊ ရိုက်ကွက်အတွက် စည်းရုံးပေးခြင်း၊ ရောက်ရှိလာသည့် ဓာတ်ပုံများအား လိုက်ပို့ပေးခြင်း၊ မိတ်ခေါ်ပေးခြင်းတို့အတွက် များစွာအားကိုးခဲ့ရပေသည်၊ ကျွန်ုပ်နောက်ကွယ်မှာတော့မိန်းကလေးများနှင့်ပတ်သက်လာလျှင် ကျွန်ုပ်ဇနီးအား တို့မီးရှို့မီးလုပ်ခြင်း၊ အဆင်းတွန်းခြင်းများစွာကြောင့် ကျွန်ုပ် နာမည်ပျက်ခဲ့ရသလို ရှိခဲ့ပေသည်၊ ကျွန်ုပ် လက်တွဲဖြုတ်သည့်အချိန် နောက်ပိုင်းတွင်မောင်အေး ရောဂါအပြင်းထန်များနာကြောင်း သိရလေတော့သည်၊ ကျွန်ုပ်မှာလည်း လေကြောင်းထိန်းတာဝန်ကတစ်ဇက်၊ အားလပ်ရက်များတွင်ဓာတ်ပုံရိုက်ထွက်နေရ၍ တစ်ခါတလေမှလွဲပြီး ၎င်းထံသို့ အရောက်အပေါက်မရှိခဲ့၊ တစ်နေ့ မောင်အေးနေသည့် (၄)ရပ်ကွက် (ဘွက်သစ်)မှ အသိတစ်ဦးနှင့်ဈေးတွင် တွေ့၍ ၎င်းအကြောင်း သိလိုက်ရလေသည်။

"ဆရာ့တပည့် မောင်အေးတော့ မနေ့ကပဲ ဆုံးရှာပြီ၊ သူ့မသေခင် သူ့မိန်းမကို ပြောသွားတယ်၊ "ဆရာ့အပေါ် အကြိမ်ကြိမ်ပြစ်မှားမိလို့လား မသိဘူး၊ ငါ့ရောဂါက မသက်သာဘူး၊ ငါ မနေရတော့ - မိန်းမရေ၊ ငါ့ကို သရိုင်းကုန်းက နာနာဘာဝတွေခေါ်နေကြပြီ" လို့ပြောပြီး မကြာခင်မှာပဲ ဆုံးသွားရှာတယ် - ဆရာရေ"

တပည့်ဖြစ်သူ မောင်အေး၏ ရက်လည်ဆွမ်းသွပ်တော့ ကျွန်ုပ် ရောက်ရှိဖြစ်ခဲ့သည်၊

ဘယ်သူမပြု၊ မိမိမှုပေမို့ ကျွန်ုပ်လည်းအာယာတမယူမိပဲမေ့မေ့ပျောက်ပျောက်ပင်နေလိုက်မိတော့သည်၊

နောက် တပည့် တစ်ဦးဖြစ်သူ "ခင်မောင်မြင့်"သည်လည်း ကျွန်ုပ်ဘဝ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ခဲ့ပေတော့သည်၊ခင်မောင်မြင့်ဆိုသူကတော့ တစ်မျိုး၊ တစ်ဘာသာ၊ အလျှင်တပည့် နှစ်ယောက်လိုမဟုတ်၊ တကယ့်အရက်သမား၊

အရက်သောက်ဖို့လိုလာလျှင် သူ့သမီးကျောင်းသုံးပုံနှိပ်စာအုပ်ကိုတော င် အရက်ဖိုးအတွက်ရောင်းစားဖို့ဝန်မလေးသည့်လူ၊ တစ်ခုတော့ ဆိုရောရှိသည်၊





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်နှင့်ဓာတ်ပုံထွက်ရိုက်လျှင်ပိုင်ရှင်လိုလို၊ ကျွန်ပ်ကင်မရာကိုလွယ်ပြီး တကယ့်ဓာတ်ပုံဆရာဆိုက်၊ဂိုက်အပြည့်ကြွားလုံးက ထုတ်ချင်သည်။ မိန်းမကအဝတ်လျှော်ကျွေးနေ၍အရက်ဖိုးရလျှင်တော်ပြီ၊ ကျွန်ပ်နှင့်ဓာတ်ပုံလိုက်ရိုက်ပြီးညနေ အရက်လေချဉ်တက်နေရလျှင်ငုင်အဝိုပြည့်စုံပြီ။ နမ့်စန်မြို့၏အနောက်တောင်ဘက် ဝမ်ပန်ရွာ၊ ရှမ်းစုပေါင်းရှင်လောင်းပွဲ ရိုက်စဉ်က ဖြစ်သည်။

ကျွန်ပ်နှင့်ခင်မောင်မြင့်သည်သက်တူရွယ်တူလည်းဖြစ်ပြန်ဆိုတော့တခြားတပည့်တွေလို ကျွန်ပ်အား "ဆရာ"ဟု မခေါ်ပဲ "ကိုညို"ဟုသာ ခေါ်ပါသည်။ ကျွန်ပ်အပေါ်လည်း ဆရာသမားထက်သူငယ်ချင်းပေါင်း ပေါင်းလေသည်။ ကျွန်ပ်မှာလည်း လက်ရှိတပည့်တစ်ယောက်ပင်ဖြစ်ငြားငြားအပေါ်တပည့်လို မဆက်ဆံမိ။ ဝမ်ပန်ရှင်လောင်းပွဲညတွင် ခင်မောင်မြင့်သည်ကျွန်ပ်နှင့်"ရှင်လောင်းတဲ"တွင် နှစ်ယောက်အတူထိုင်နေရာမှ-

"ကိုညို-ကင်မရာ ခဏပေး၊ ရှင်လောင်းတစ်တဲဆီကရှမ်းမလေးတွေကို ဖလက်ရှ်ဂန်း (Flash Gun / လျှပ်တစ်ပြက်မီး)နဲ့ ဓာတ်ပုံရိုက်သလိုမျိုး မီးနှိပ်ပြီးရိုက်စမယ်"

"ကြည့်ကျက်လည်းလုပ်ဦး-တော်ကြာ-ရှမ်းမလေးတွေရှင်လောင်းတဲပေါ်က ဝရန်းသုန်းကား ပြေးဆင်းနေမှ ရှင်လောင်းပွဲ ပျက်နေဦးမယ်"

ကျွန်ုပ် သတိပေးပြီးသည်နှင့် "အိုကေ-ဘာမှမဖြစ်စေရဘူး၊ အဖျော်သက်သက်ပါ"ဟု ကျွန်ုပ်က လက်မထောင်ပြပြီး ကင်မရာလွယ်လျက် ရှင်လောင်းတဲများဘက်ဆီသို့ အရက်ကလေး ခပ်ထွေထွေဖြင့် လျှောက်သွားတော့သည်၊ စုပေါင်းရှမ်းရှင်လောင်းပွဲတို့၏ထုံးစံအတိုင်းရှင်လောင်းတဲများမှာ အလျားလိုက်၊အတန်းလိုက် ဝါးပိုးကြမ်းခင်း၊ သက်ကယ်မိုး၊ သက်ကယ်အကာများဖြင့် ဆောက်ထားရကား မိမိနှင့်ဆိုင်ရာ ရှင်လောင်းများမှာ ရှင်လောင်းထိန်းရှမ်းကလေးများ၊ အလှပြင်ပေးသူ ရှမ်းမလေးများဖြင့် အကန့်လိုက် သူ့အုပ်စုနှင့်သူ နေရာယူထားကြပေသည်၊ ပြိုးပြိုးပြက်ပြက် ရှင်လောင်းဝတ်စုံ၊ ရှမ်းခေါင်းပေါင်း၊ မကိုဋ်များဖြင့် ငယ်ငယ်ရွယ်ရွယ် မ်းရှင်လောင်းကလေးများမှာ ရှမ်းာလသား၊ ကာလသမီးများအလယ် ှင်လှချင်တိုင်းလှနေကြချေ၏၊ အစဦးာတော့ ခင်မောင်မြင့်သည် ရှင်လောင်းာစ်ဖွဲ့စီ၊ တစ်ဖွဲ့စီအား "ဖလက်ဂန်း" မီးာချပ်ဖျပ်ဖြင့် ဓာတ်ပုံရိုက်သည့်နယ် မီးည်းကိုသာ ဖွင့်ထုတ်ရင်း တစ်တဲတက်၊ ာစ်တဲဆင်း လုပ်နေချေသည်၊ မီးအပွင့်ကြောင့် ရှမ်းမလေးတွေ ထွက်ပြေးလျှင်ည်းမှာ တဟားဟားနှင့်သဘောကျမဆုံးနေပါသည်၊

ထိုစဉ်က ကျွန်ုပ်လည်း ခင်မင်ရာ ရှင်လောင်းမိဘများနှင့်အတူ တွေ့ရာလေးပါးစကားပြောနေစဉ်ဖြစ်၏၊ မကြာခါချေ၊ ရှင်လောင်းတဲရှေ့မှ ဆူဆူညံညံအသံများနှင့် ရှန်းရင်းဆန်ခတ် ရုတ်ရုတ်သဲသဲဖြစ်သည်အား တွေ့လိုက်ရတော့သည်၊

"ဟော့ဗမာကောင်-ဘာဖြစ်လို့ငါ့ပုံကိုဓာတ်ပုံရိုက်တာလည်း၊ငါမရိုက်ခိုင်းပဲ ရိုက်လို့က မင်းကို သေနတ်နဲ့ ပစ်သတ်မယ်၊ ငါ့ကို ဘာမှတ်လို့လဲ"

သို့နယ် စကားသံများနှင့်အတူ ဆွဲသားရမ်းလား အဓိကရုဏ်းမြင်ကွင်းကြောင့် ကျွန်ုပ် သိလိုက်ရပါပြီ၊ တစ်ဖက်ရှမ်းစစ်သားအဖွဲ့ကလည်း ဒေါသတကြီး သေနတ်မောင်းတင်နေကြပြီ၊

ခင်မောင်မြင့်တော့ ရှမ်းအဖွဲ့အစည်း (လက်နက်နှင့်ငြိမ်းချမ်းရေးအဖွဲ့) တစ်ခုနှင့်ငြိနေပြီလေ၊ ကျွန်ုပ်လည်းမဆိုင်းမတွပင်အသံကြားရာဘက်သို့အလျင်အမြန်ပြေးသွားပြီး "ပီအိုင့်(အစ်ကို)တို့ရယ် သူက ကျွန်တော့်တပည့်ပါ၊ အလကားအရက်မူးမူးနဲ့ ကင်မရာမီးကိုပဲ လျှောက်နှိပ်နေတာ၊ ဓာတ်ပုံရိုက်တာ မဟုတ်ပါဘူး၊ သူ့အစား ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

ကျွန်ုပ် မနည်းရှင်းပြပြီး လျှပ်တစ်ပြက်မီးအား နှိပ်ပြမှ ပြဿနာမီး ငြိမ်းရလေတော့သည်၊ အဲသလို ခင်မောင်မြင့်ပါပေ၊

တစ်နေ့-အသိမင်္ဂလာဆောင်တစ်ခု၏ အကြိုညနေခင်းတွင် ကျွန်ုပ်သည် ခင်မောင်မြင့်နှင့်အတူ ရောက်ရှိဖြစ်ခဲ့သည်၊ ထိုစဉ်က ခင်မောင်မြင့်သည် သတို့သားလောင်းတိုက်ကျွေးသည့် အရက်များကို သောက်ပြီး အနေသွန်နေတော့သည်၊ လူပုံအလယ်တွင် ကျွန်ုပ်

www.burmeseclassic.com

အား အသားလွတ်စိန်ခေါ်နေပါသည်၊ ဘေးလူများက - "အဲဒါ ခင်ပျားဆရာလေ၊ ခင်ဗျားတော့ကွာ - ကံကြီးထိုက်တော့မှာပဲ၊ ခင်ဗျားဆရာကိုပြန်တောင်းပန်လိုက်"

"ဘာ - ဆရာလဲ၊ နွားဝေ့းသင်းတဲ့ ဆရာလား၊ မသိဘူး - ဘာအတွက်ကြောင့် တောင်းပန်ရမှာလဲ"

ပြောပြောဆိုဆိုနှင့် ခင်မောင်မြင့်သည်ကျွန်ုပ်အား ဆွဲထိုးဖို့အလာ ဘေးမှ လူများဝိုင်းပြီးဆွဲလွဲလိုက်မှုကြောင့်အမူးလွန်ပြီးဖင်ထိုင်လျက်လဲသွားလေတော့သည်၊ ထိုစဉ်က သတို့သားလောင်းနှင့် ဘေးလူများ၏ တောင်းပန်မှုကြောင့် ကျွန်ုပ်သည် "ထောင်း" ခနဲ ထလာသည့် ဒေါသကိုထိန်းကာ ခင်မောင်မြင့်ထံပါးမှ ရှောင်ထွက်ခဲ့ရလေတော့သည်၊ နောက်တစ်နေ့ကျင်းပသည့်ရှင်းမင်္ဂလာဆောင်အား ကျွန်ုပ်တစ်ဦးတည်းရိုက်ပြီး နှစ်ရက်ခန့်အကြာတွင် တစ်ခုသော "ဟိုက်ဖတ်ရှာ" ရှင်လောင်းပွဲသို့ ပွဲဆက်ဆက်ခဲ့ပါတော့သည်၊ တိုတိုပြောရလျှင် ရှင်လောင်းပွဲမှအပြန်မှာတော့ ခင်မောင်မြင့် သတင်းအား စိတ်မကောင်းစွာ ကြားရလေတော့၏၊

"မနေ့ကပဲ ဆရာ့ တပည့် ခင်မောင်မြင့် အစာအိမ်သွေးကြောပေါက်လို့ သေရှာပြီ" တဲ့၊

ကျွန်ုပ်အံ့ဩရပြန်ပြီ၊ ကျွန်ုပ်၏ပတ်သက်ဆက်နွယ်သူမှန်သမျှ ကျွန်ုပ်ဆုမတောင်းပါပဲလျက် ရူးသူရူး၊ သေသူသေကြရချေပြီတကား၊ သည်တော့မှပင် ကျွန်ုပ်အစ်ကို "ကိုတင်ဆွေ" ၏ နိမိတ်ပြစကားများအပေါ်ပို၍ပို၍ယုံချင်သလိုလို သတိထားမိချေတော့၏၊

ထိုစဉ်က ကျွန်ုပ်သည် "အောက်ဖိုး" လိုက်ရိုက်နေရသော်လည်း ကျွန်ုပ်တွင် "ပြုံးသူရန်ဖက်" မရှိဟုသာ ခံယူထားခဲ့သည်၊ တာဝန်ချိန်မှအပ အားလပ်သည့် အချိန်တွင် ကျွန်ုပ်ဝါသနာပါရာ ဓာတ်ပုံရိုက်ခြင်းကို အပိုဝင်ငွေ အဖြစ်နှင့်သာ သဘောပိုက်ခဲ့သည်၊ "ဝါသနာ" နှင့် "စီးပွားရေး" ကို ဦးစိုက်မတ်မတ် ဖန်တီးနေသည့်ကျွန်ုပ်မှာလိုင်းခန်းရှိအိမ်ထောင်သည်မိန်းမများအပေါ်လုပ်ငန်းသဘောမှလွဲ၍ ထွေလီပွေလီစိတ်မထားခဲ့ရိုး အမှန်၊ အင်း - တစ်ခုတော့ရှိသည်၊ ကျွန်ုပ်အပေါ်မရိုးသားသည်လား၊ ခင်မင်ပိုသည်လားတော့မသိ၊ "နန်းယမုံဦး" ဆိုသည့် စစ်သားမိန်းမတစ်ဦးနှင့် ဓာတ်ပုံရိုက်ရင်း အခင်မင်ပိုခဲ့တာကိုတော့ ဝန်ခံလိုပေသည်၊ ထိုစဉ်က ကျွန်ုပ်ဘက်မှ မြင်သန့်ရှင်းသည့်ခင်မင်မှုဖြစ်ပေမယ့် သူမဘက်ကစိတ်သဘောထားကိုတော့ ကျွန်ုပ် မမှန်းဆနိုင်ခဲ့၊

"ဓာတ်ပုံဆရာရေ - ဓာတ်ပုံ ဘယ်တော့ရမှာလဲ ဟင်"

"ကြုံတုန်း ထမင်းစားသွားဦးနော်"

"ဆရာရိုက်တဲ့ပုံတွေက သိပ်လှတာ"

"ဓာတ်ပုံဆရာမှာ မိန်းမရှိတယ်ဆို၊ ဆရာ့တပည့်ပြောတော့ ဆရာ့မိန်းမက သိပ်ချောတယ်ဆိုပဲ၊ ဟုတ်လား - ဆရာ၊ အဲ့ကြောင့် - "နန်းလေး" တို့ကို သိပ်မခင်ချင်တာနေမှာ"

"နန်းယမုံဦး" သည် သို့နယ်အနှောင့် အသွားမလွတ်သည့် စကားမျိုးဖြင့် ကျွန်ုပ်အပေါ် စကားဦး သမ်းတတ်ပေသည်၊ ဓာတ်ပုံဆရာအလုပ်ဆိုတာက လည်း မိန်းမများနှင့် အများဆုံးတွေ့ထိဆက်ဆံရသည့်အလုပ်မို့ စစ်တပ်အိမ်ထောင်သည်လိုင်းများသို့ မလွဲမသွေ ဓာတ်ပုံရိုက်သွားရတိုင်း ကျွန်ုပ်သည် အိမ်ထောင်သည်အမျိုးသမီးများနှင့် ဇာတ်မရှုပ်မိစေရန် လွန်စွာသတိထားနေရသည်၊

ကျွန်ုပ်၏ရေလာမြောင်းပေးစကား မကြားရ၍ထင့်၊ "နန်းယမုံဦး" သည် ရှေ့ခြေတစ်လှမ်းမတိုးသာတော့ပဲ အလုပ်အပ်သူနှင့် အလုပ်လက်ခံသူ အဆင့်လောက်သာ တင်းတိမ်နေရပေတော့သည်၊

သို့ပင်ဖြစ်ငြား....၊ ဓာတ်ပုံမရိုက်ဖြစ်သည့်နေ့များတွင် ပုံဟောင်း၊ ပုံငယ်များအား ပုံကြီးချဲ့ခြင်းများဖြင့် ကျွန်ုပ်တို့နှစ်ဦးသည် အမြဲလိုလို အဆက်အသွယ် မပြတ်ရှိခဲ့ပေသည်၊

ထိုအချိန်က မမြင်နိုင်သည့် အရိပ်မဲ့ရန်သူ လူသတ်သမားသည် ကျွန်ုပ်ထံပါးတွင် တာရစ်ဝဲဝဲဖြင့် အကွက်ချောင်းနေမှန်း ရိပ်ဖမ်းသံဖမ်းပင် ကျွန်ုပ်မသိခဲ့ပါချေ၊ သို့ - ဆိုခဲ့ဖူးသလို၊ ကျွန်ုပ် ဓာတ်ပုံဆရာလုပ်သည့် သက်တမ်းတစ်လျှောက် ကျွန်ုပ်၏ရုပ်ရည်အပေါ်လိင်တူပုရိသတို့၏ မနာလို၊ မရှုဆိတ်မှုများ အထိုက်အလျောက်တော့ရှိခဲ့ပါသည်၊ သမီးရည်းစား (သို့မဟုတ်) တစ်ဖက်သတ်ကြိတ်၍ သမားများက ၎င်းတို့စိတ်ဝင်စားသည့်





www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတို့ကို ကျွန်ုပ် ဓာတ်ပုံရိုက်ပေးတိုင်း ခနဲ့သလို၊ ရွဲ့သလိုစကားမျိုးဖြင့် ကျွန်ုပ်အပေါ် ပုတ်ခတ်တတ်ကြရေ၏။

သို့သော် အပြုံးဖြင့် တုံ့ပြန်စကားဆိုတတ်သည့် ကျွန်ုပ်အဖို့ ရန်သတ္တုပြုခြင်းမှအခါအားလျော်စွာ ကွင်းရှောင်နိုင်ခဲ့ပေသည်။

"မှုပ်ရှည်အဆင်း၊ တင့်တယ်ခြင်းတား ရန်များလှချေ၏"

ကျွန်ုပ် အဘိဓာန်တွင် အထက်ပါစာကြောင်းအား ဖြည့်စွက်ရမလိုပင်။

ကြိမ်ဖန်များစွာပင် မိမိမသိပါပဲလျက် မိမိအပေါ် တစ်ဖက်သတ်အမြင်ဖြင့် ကြည့်မရသူများနှင့် ကြုံရလေ၏။

အမှန်ကို ဝန်ခံရလျှင် ကျွန်ုပ် သတိမမူမိပဲ "ခင်မင်ချင်လို့" ဆိုသည့်အကြောင်းပြချက်ဖြင့် ကျွန်ုပ်သည် မိန်းမပေါင်းများစွာဖြင့် ဓာတ်ပုံတွဲရိုက်ဖူးပေသည်။ အလှော်ကောင်း၊ အပင့်ကောင်းတပည့်တပန်းများကလည်း ဤလိုက်စွမျိုးဆိုလျှင် လက်မနေးတတ်ကြ။ ငယ်နုစဉ်က မဆင်မခြင် စိတ်အလိုလိုက်မိပြီး မိန်းကလေးများနှင့် ဓာတ်ပုံတွဲရိုက်မိသည့် ကျွန်ုပ်သည် အကြောင်းကံဖန်လာတိုင်း ပြဿနာပေါင်းစုံတို့ကို ဖြေရှင်းရလေတော့သည်။ လူတကာအပေါ် အားနာသနားတတ်သည့် ကျွန်ုပ်၏အားနည်းချက်ကြောင့် မိန်းမများနှင့်ဓာတ်ပုံတွဲရိုက်ခြင်းအပေါ် နားလည်ပေးနိုင်သူရှိသလို ရန်ငြိုးဖွဲ့နောင်သူလည်း ရှိနေမည်မဟုတ်ပါလား။

"မောင် - ရှင့်မျက်လုံးက သိပ်ညှို့တာပဲ၊ တကယ့်ကို "စပါးကြီး" မြွေဝင်စားထားတဲ့အတိုင်းပဲ၊ "မွန်" တောင်ရှင်နဲ့မရခင်က ရှင့်မျက်လုံးနဲ့ အညှို့ခံထားရရင် "မွန်" စိတ်ကရှင့်ဆီမှာပဲ တဝဲလည်လည်ဖြစ်ခဲ့သေးတာပဲလေ၊ ဒါကြောင့်လည်း ရှင့်မှာ မိန်းမရှိရက်သားနဲ့ ဓာတ်ပုံကိစ္စအကြောင်းပြပြီး တစ်နေ့တစ်နေ့ ရှင့်ဆီလာလိုက်ကြတဲ့မိန်းမတွေ ပေါခြင်းသောခြင်းပဲနော်"

ကျွန်ုပ်ဇနီးဖြစ်သူ "မွန်" ၏မှတ်ချက်ပေးယူရသည်အထိပါ။

"ဓာတ်ပုံဆရာရှိလား - ဓာတ်ပုံရွေးချင်လို့ရှင့်"

"ဓာတ်ပုံဆရာလာရင် လွှတ်လိုက်နော်၊ ခလရ (...)က "ဝတ်ရည်နိုင်" ဆိုရင် သူသိတယ်"

"အိမ်မှာရှမ်းမုန့်ဟင်းခါးချက်စားလို့ ဓာတ်ပုံဆရာလာရင် လွှတ်လိုက်နော်၊ "ကေဇင်မျိုး" က ဖိတ်တယ်လို့"

ဤသို့ဤနှယ်...၊ အကြောင်းပြချက်များဖြင့် နိစ္စဓူဝ၊ မိန်းမများ ကျွန်ုပ်အိမ်သို့ရောက်လာတိုင်း ချစ်ဇနီး "မွန်" က ကျွန်ုပ်ပြန်လာချိန်တွင် ခနဲ့လေတော့သည်။

"တကတဲမှပဲ - လာလိုက်တဲ့မိန်းမတွေ၊ ပြောကိုမပြောချင်တော့ဘူး၊ ဒါထက်မောင် ဘာတွေများ ဒီမိန်းမတွေနဲ့ ဖာတ်ရှုပ်ခဲ့လဲ - မှန်မှန်ပြော"

"ကဲပါ - မွန်ရယ် - မောင်က ဓာတ်ပုံဆရာဆိုတော့ ရှဥ့်လည်းလျှောက်သား၊ ငါးလည်းစွဲသာဆိုသလိုပေါ့၊ မောင်တို့ဓာတ်ပုံဆရာဆိုတာ မိန်းမတွေပဲ အလှရိုက်ကြတာများတော့ ကိုယ်က ခပ်တည်တည်နဲ့ အဖက်မတန်သလို ဆက်ဆံရင် ဘယ်ကိုယ့်ဆီရိုက်ကြတော့မှာလည်း၊ စိတ်ချ - မွန်ရေ၊ အချိန်တန်ရင် ကိုယ့်ယောကျ်ားက မိန်းမချည်တိုင်ပဲ ပြန်လာရတာပဲမဟုတ်လား၊ ငါ့မိန်းမက လိမ္မာပါတယ်ကွာ၊ တွေလာကေလာတွေ တွေးနေနဲ့၊ ဓာတ်ပုံဆရာမိန်းမလုပ်မှတော့ သဒ္ဓါတရားထားကြီးရတယ်ကွဲ့"

"ဟင်းနော် - မောင် တော်တော်တားတတ်၊ နောက်မှ မောင့်အရှုပ်ထုပ်တွေပေါ်လာရင်တော့လား - မွန့်ကိုအဆိုးဆိုနဲ့"

ကျွန်ုပ်ချစ်ဇနီးက မျက်စောင်းဂလှထိုးပြီး ဘဝင်မကျသည့်စကားနှင့် ပင်ကျွန်ုပ်၏ဓာတ်ပုံခရီးတစ်လျှောက် ဤနှယ်ဖြတ်သန်းနေရတော့သည်။

မှတ်မိပါသေးသည်၊ ကျွန်ုပ်သည် ဓာတ်ပုံဆရာတစ်ဦးဖြစ်၍ လူ့အမျိုးစိတ်အထွေထွေဆိုသလို တစ်ခါတစ်ခါတော့လည်း ပြောင်ချော်ချော်သတ္တဝါများနှင့် မလွဲမသွေ ကြုံရတတ်ပြန်သည်။

"ဓာတ်ပုံဆရာ - ဓာတ်ပုံရိုက်ချင်လို့၊ ဟောသလိုဖင်ကုန်းနေတဲ့ပုံ ရိုက်မှာနော်"

သင်တန်းဆင်းစ ရဲဘော်သစ် ဘားတိုက်(ဘားရိုက်)သို့ ဓာတ်ပုံထွက်ရိုက်စဉ်က ဖြစ်သည်၊ ကျွန်ုပ်မှာ ပင်ကိုစရိုက်က သည်းခံစိတ်ရှည်တတ်သော်လည်း အလုပ်နှင့်မာနကိုထိပါးလာသည်မို့ ခက်ထန်စွာ ပြန်ပြောလိုက်တော့သည်၊

"ဟေ့ကောင်တွေ - ငါမွေးထားရင် ငါ့သားလောက်တောင်မရှိတဲ့ကောင်တ ဒီလောက်မိုက်မိုက်ရိုင်းရိုင်း ပြောရသလား၊ မင်းတို့ငါ့ကို ဘာမှတ်လို့လည်း ငါတပ်ကြပ်ကြီးကွ၊ မရှိလို့ဓာတ်ပုံရိုက်စားတယ်မထင်လိုက်နဲ့၊ ငါ့သနာအလျောက်လိုက်ရိုက်နေတာကွ"





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေကျပြန်တော့လည်းနဂါးမှန်းသိအောင် အမောက်ထောင်ပြရသည်မဟုတ်ပါလား၊ ကျွန်ုပ်စကားလည်းဆုံးရော အနီ ရဲဘော်သစ်များမှာကျွန်ုပ်ထံပါးမှအလျှိုလျှိုပြေးကြတော့ပြီ၊ အပြီးပင်စမ်း၍မတွေ့ချင်တော့၊ကျွန်ုပ်၏ဓာတ်ပုံလောကအတွေ့အကြုံများကိုနှိုက်ချွတ်ရလျှင်ပြောမဆုံးပေါင်တော့သုံးတောင်မို့ ကျွန်ုပ်၏ "သည်းထိတ်ရင်ဖို" ဖွယ်အဖြစ်များကိုသာ စီကာစဉ်ကာပြောပြပါတော့အံ့၊ ရာသီဥတု သာသာယာယာရှိလှသည့် တစ်ခုသောနေ့ရက်တွင် ကျွန်ုပ်သည် တစ်ခုလတ် ပအိုဝ်မလေး "အီမီး" ဆိုသူနှင့်သူမဇာတိမြေဖြစ်သည့် "နမ့်အွန်" ရွာသို့ "အင်း - ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး" ဆိုသလိုရောက်ဖြစ်တော့သည်၊

ရိုးသားစွာဝန်ခံရလျှင်ကျွန်ုပ်သည် "သော်တာဆွေ" ၏ဝတ္ထုများကို ဖတ်ပြီးသူ့လိုအားကျမိ၊ သူ့လိုအရုစ်ဇာတ်လမ်းလေးတွေရှိချင်မိခဲ့၏၊ "ဟယ် - သူကြည်ပြုမှတော့ကာမပိုင်လင်မရှိပဲလွတ်လပ်တဲ့မိန်းမဆိုရင်ပြီးတာပဲ"၊ သို့အတွေးဖြင့်ကျွန်ုပ်သည်ကင်မရာတစ်ခုအရင်းပြုပြီးပအိုဝ်မလေး "အီမီး" နှင့် သူပုန်နယ်ဖြစ်သည့် "နမ့်အွန်" ရွာသို့ မျက်ကန်းတစ္ဆေမကြောက်၊ ညအိပ်ညနေခရီးအဖြစ် ချစ်ခရီးဖွင့်ဖြစ်တော့သည်၊ ထိုစဉ်က နမ့်စန်မြို့၏ အနောက်မြောက်ဘက်ရှိ နမ့်အွန်တွင် ပအိုဝ်မင်္ဂလာဆောင်ရှိ၍ "အီမီး" ၏စပ်ဟပ်ပေးမှုကြောင့်ပင် ဓာတ်ပုံရိုက်ဖြစ်တော့သည်၊ မင်္ဂလာဆောင်ပြီးသည့်နောက် ပအိုဝ်ရိုးရာဝတ်စုံ (အထက်အောက်နက်ပြာ)ခေါင်းမှာ ပအိုဝ်ခေါင်းပေါင်း (ရောင်စုံမျက်နှာသုတ်ပုဝါဖြင့်ပေါင်းထား) တစုံ(ဆံစု) အစွန်(ခရုပတ်ပုံ)ထိုးပြီး ပလိုင်းလွယ်လျက် ဟန်ပန်အမျိုးမျိုးဖြင့် မှောင်စပျိုးချိန်အထိ မနားမနေရိုက်လိုက်ရပေသည်၊ အချိန်မည်မျှကြာသွားသည်မသိ၊

အမှောင်ထုသည်ပြာလဲ့လဲ့မိုးသားပြင်အား ဆေးမင်ရည်အနက်ဖြင့် နေရာအနှံ့ကျဲပက်လိုက်သည့်နှယ်၊ ရုတ်ခြည်းပိတ်ဖုံးမည်းမှောင်လာချေတော့၏၊ ထိုစဉ်မထင်မှတ်သည့်အန္တရာယ်အရိပ်မည်းတစ်ခုက ကျွန်ုပ်အပေါ်သို့အုပ်မိုးလာချေတော့သည်၊

ငှက်ပျောဖူးသေနတ်၊ အမ် - ၂၂ (M-22)၊ အမ် - ၁၆(M-16) နှင့် လောင်ချိုင် (ဗုန်းသီးသေနတ်)များ အသီးသီးကိုင်ဆောင်လွယ်ပိုးထားသည့်သောင်းကျန်းသူ ပအိုဝ်စစ်သားတို့သည်သေနတ်ကိုယ်စီချိန်ပြီး ကျွန်ုပ်အနီးသို့ တိုးကပ်လာကြတော့၏၊ ကျွန်ုပ်ကင်မရာအိတ်နှင့် ကျွန်ုပ်ကိုယ်ခန္ဓာအနှံ့အားလည်းအရစ်ရှာဖွေပြီးနောက်ဆုံးတွင် ကျွန်ုပ်အားကြိုးနှင့် တုပ်နှောင်လေတော့၏၊

သူတို့အချင်းချင်းလည်း ပအိုဝ်လိုပြောပြီး ဗမာစကားမတောက်တခေါက်တတ်သည့်ပအိုဝ်စစ်သားတစ်ယောက်က ကျွန်ုပ်အားစေ့စေ့ကြည့်ပြီးအနီးရှိသူ့အရာရှိဖြစ်သူအား တင်ပြလိုက်ပါတော့သည်၊

"ဗိုလ်လုံ(ဗိုလ်ကြီး) ဒီဗမာကောင်ကစစ်တပ်ကလွှတ်ထားတဲ့အကောင်ပဲဖြစ်ရမယ်၊ ဓာတ်ပုံလာရိုက်သလိုနဲ့ကျွန်ဒေါ်(ကျွန်တော်)တို့ စခန်းကို လာထောက်လှမ်းတာနေမှာ ..."

"အေး - ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ဒီကောင့်ကို ဘူးသီးကျင်းထဲသာ ထည့်ထားလိုက်တော့၊ ဒီညသတို့သားအိမ်မှာအရက်ဝိုင်းနဲ့ ဖြည့်စံဖို့ရှိလို့ မနက်မှပဲဒီကောင့်ကိုစစ်ပြီး တို့ကျေနပ်တဲ့အဖြေရလို့ကတော့ ထုံးစံအတိုင်း နှုတ်ပိတ်လိုက်ကြတာပေါ့ကွာ"

သူတို့အချင်းချင်းပအိုဝ်လိုပြောနေလျက်က ဗမာစကားနှင့်ကျွန်ုပ်ရှေ့ပြောင်းပြောလာသည်ကြောင့် ကျွန်ုပ် ရိပ်စားမိလိုက်ရပါပြီ၊ မသေခင် ကြောက်ဒူးတုန်စိတ်သောကရောက်အောင် စကားဖြင့်ဦးစွာနှိပ်စက်လိုက်ခြင်းပင် မဟုတ်လော၊

အမှန်ကိုဝန်ခံရလျှင် ထိုအချိန်ကကျွန်ုပ်မှာ "ငါတော့ သေလူလုံးလုံးဖြစ်နေပြီတကား" ဟုစိတ်အားငယ်တုန်လှုပ်ချောက်ချားမိပေသည်၊ ကျွန်ုပ်အဖြစ်ကကျားရှေ့မှောက်လျက်လဲပြီးအသားစားကျားစေဦးလဲကို ငိုယိုလျှောက်လဲချုတ်ပေးရတော့မည့် ယုန်သူငယ်ပမာ ဖြစ်ရချေတော့မည်၊

ထိုညက ကျွန်ုပ်အား ဖမ်းဆီးခေါ်ဆောင်၍ ကြိုးဖြည်ပေးပြီးလျှင် ၎င်းတို့လက်စွဲအဝကျင်း အတွင်းကျယ်သည့်ဘူးသီးကျင်းထဲသို့ ကန်ချလိုက်တော့သည်၊ ဘူးသီးကျင်းဆိုသည်မှာ ဘူးသီးလုံးနယ် မြေအောက်တွင် ဆယ့်နှစ်ပေခန့်ပြောင်ချောနေအောင်တူးထားသည့်ရန်သူ့သုံ့ပန်းများအတွက်စီမံထားသည့်ယာယီမြေအောက်အကျဉ်းထောင်ပင်ဖြစ်ချေသည်၊ ကျွန်ုပ်သည်ကြောင်မှုတ်ရင်ဆေးထိုးထားသူမဟုတ်၊ ဉ|ဖွဟဲ့





www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိတန်ခိုးနဲ့ မြေလျှိုးလို့ မိုးပျံစေ"ဟု လည်း ပေါင်ပုတ်ပြီး ဂါထာမရွတ်တတ်လေတော့ကယ်သူမရှိပါကသည်ဘူးသီးကျင်းထဲမှာပင် တစ်သက်လုံးမြေခအရှိးကျရပေတော့မည်၊ "သွားပါပြီ - သည်တစ်ခါတော့ ငါ့အစ်ကို နိမိတ်ဖတ်တာတွေ ပါဝင်အောင် လွဲရချေပေါ့"

စိတ်ပျက်ညှိုးငယ်လှစွာ မျှော်လင့်ချက်ရောင်နီ မသမ်းနိုင်ပြီဖြစ်သည့် ကျွန်ုပ်မှာ ကယ်သူဝေးသည့်အဖြစ်ကိုတွေးပြီး ဒူးနှစ်လုံးပေါ် ခေါင်းတင်လျက် လွတ်မြောက်ရာလမ်းစအတွက် အကြံထုတ်လေတော့သည်၊ ထိုအချိန်က ရှမ်းပြည်မြို့ရွာများတွင် ငြိမ်းချမ်းရေးမယူသေးသည့်၊ မရသေးသည့်အချိန် ဖြစ်ရကား နမ့်စန်နှင့် အနီးဝန်းကျင်ရွာတစ်ကြောသည် "အနက်ရောင်နယ်မြေ" အဖြစ်နှင့်သာ ကမ္ဘာ့အမှောင်ထုပိတ်ဖုံးလျက်ရှိနေပေသည်၊

ကယ်သူဝေးသည့် ကျွန်ုပ်သည် "တကယ်လို့များ - ဓမ္မလာနတ်သမီးလေးသာ မျက်စိလည်ပြီး လာကယ်ရင် သိပ်ကောင်းမှာ"ဟု ရူးပေါပေါအတွေးဖြင့် စိတ်ကူးယဉ်မိခဲ့ပါသေးသည်၊

ညရေးရေးမှာ "လ"အကွေးကလည်း စိတ်နှလုံး မသာယာသူ ကျွန်ုပ်အတွက် မလှပနိုင်တော့ပြီ၊ စောင်မရှိ၊ အခင်းမရှိ၊ ဘုမိကမ္ဘာမြေမွှေ့ရာပေါ် ကွေးကွေးကလေးအိပ်ရရှာသည့်ကျွန်ုပ်မှာ ရှမ်းပြည်ဆောင်း၏နှိပ်စက်မှုဒဏ်ကို အလူးအလဲခံနေရပေသည်၊

ကူကယ်သူများပေါ်လာလေမလားဟူသည့်စိတ်အတွေးဖြင့် ဘူးသီးကျင်းဝသို့ မော်ရင်း မျှော်ရင်း ကျွန်ုပ်မှာ ကယ်တင်ရှင်ကိုရှာဖွေနေမိတော့သည်၊ ကြိမ်ဖန်များစွာ လည်ပင်းညောင်းမတတ်မော့ကြည့်နေသည့်ကျွန်ုပ်သည် တစ်ကြိမ်မှာတော့ စီးမိုးထားသည့်မျက်နှာတစ်ခုအား "ဘွားခနဲ"မြင်လိုက်ရတော့သည်၊ မြင်ခါစတွင် ကျွန်ုပ်သည် လိပ်ပြာလွင့်စဉ်မတတ် တုန်လှုပ်မိသည်၊

"အားကို - နောင့်ယိမ်း(ညီမ)ပါ၊ ဘာမှမကြောက်လေပႏ နောင့်ယိမ်းကြိုးရှည်ရှည် ချပေးမှာပ၊ အားကိုခြေကန်ပြီးတက်လာပနော့"

အသံတစ်သံကတီးတိုးစွာပေါ်ထွက်လာသည်နှင့် မရှေးမနှောင်းမှာပင် ငါးမူးလုံးခန့် ပလတ်စတစ်နိုင်လွန်ကြိုးရှည်တစ်ချောင်း ဘူးသီးကျင်းဝသို့ ကျလာပါတော့သည်၊

ကျွန်ုပ်လည်း ရှည်ရှည်ဝေးဝေးတွေးမနေတော့ပဲ အသင့်ကျလာသည့်ကြိုးအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီးပင် ဝန်းခက်ခဲစွာ ဘူးသီးကျင်းဝမှ တက်ခဲ့ရတော့၏၊

ကျွန်ုပ် တွယ်တက်ခဲ့သည့်ကြိုးမှာ အနီးရှိသစ်ပင်တစ်ပင်တွင် ခိုင်မြဲစွာ ချည်နှောင်ထားရကားကျွန်ုပ်လည်းလျှောကျမနေတော့ပဲ ဘူးသီးကျင်းမှ အောင်မြင်စွာ တက်လာနိုင်ခဲ့ပါသည်၊

ဘူးသီးကျင်းထောင်ဘူးဝတွင်တော့ ကြောက်ရွံ့တုန်ယင်နေသည့် အိုဝ်မဝယ်လေးတစ်ဦး၊

"ဟင် - ညီမက ဘယ်သူလဲ၊ အိမ်းသည်းမဟုတ်ပါလား"

"နောင့်ယိမ်း(ညီမ)က ဗိုလ်လုံရဲ့ ညီမပါ၊ အားကိုကို မြင်မြင်ချင်းသနားမိလို့ ဟိုလေ - ခင်လည်း ခင်ချင်သလိုဖြစ်တာလို့၊ အသက်စွန့်ကယ်လိုက်တာပ၊ ဟဲ - အားကို - အချိန်သိပ်မရှိလေ၊ တော်နေကြာ - ဗိုလ်လုံ ပီအိုင့် (အစ်ကို)တို့ အရက်သောက်လို့ပြီးတော့မယ်၊ ခဏဦး (ခဏနေဦး) နောင့်ယိမ်းကြိုးတွေကို ဝှက်လိုက်ဦးမယ်ပ"

ပအိုဝ်မလေးက ပြောပြောဆိုဆို ကျွန်ုပ် တွယ်တက်ခဲ့သည့်ကြိုးထုံးအား အနီးရှိချောက်နက်ထဲသို့ပစ်ချပြီး ကျွန်ုပ်အနီးသို့ လျှောက်လာပါသည်၊

"အားကိုရယ် - ရှေ့လမ်းတန်းတန်းသာ ပြေးပေတော့ပ၊ နောင့်ယိမ်းလည်း ကိုယ့်အိပ်ရာထဲ ဟန်မပျက်ပြန်အိပ်မယ်ပနော၊ ကံဆုံရင်တော့ အားကိုနဲ့ နောက်တစ်ခါကြုံချင်ကြုံဦးမယ်နော၊ သွားတော့ အားကိုရေ၊ သွားတော့ - သွားတော့"

"ကျေးဇူးတင်လိုက်တာ - နောင့်ယိမ်းရယ်၊ အစ်ကို့အသက်ကညီမကယ်တဲ့အသက်ပဲ ရှိတော့တယ်၊ ကံကောင်းရင်တော့ နောက်တစ်ခါတွေ့ဖြစ်ဦးမှာပါ၊ သွားပြီ - နောင့်ယိမ်းရေ"

ကျွန်ုပ်လည်း ပအိုဝ်မလေးအား ခပ်တိုးတိုးလေး နှုတ်ဆက်ပြီး ဇနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် အသက်လုပြေးခဲ့ရသည်၊ ကျွန်ုပ်နှင့် မခွဲမခွာထားသည့်ကင်မရာကိုပင် မယူနိုင်တော့ပဲ စမ်းတဝါးဝါးဖြင့်သာ မြို့ဘက်သို့ မှန်းဆရင်း မနားတမ်း ထွက်ပြေးခဲ့ရလေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်၊ ယခုစာရေးနေချိန်ထိ ကျွန်ုပ်သည်ကျေးဇူးရှင် "ပဒိုဝ်မလေး" အားမတွေ့ရတော့ပါ၊ ကျွန်ုပ်ကြောင့်ပင် အသတ်ခံသွားရလေသလား၊ တွေးမိတိုင်း ကျွန်ုပ်ရင်တွေ ဆို့နင့်ကြေကွဲခဲ့ရပေသည်၊

"ဥပစ္စေဒက" ကံမပါသည့် ကျွန်ုပ်၏ ကံကြမ္မာလမ်းကြောင်းကြောင့်လေလား၊ ကျွန်ုပ်သည်အစ်ကို၏စကားအားအကြွင်းမဲ့ယုံရမလိုဖြစ်ခဲ့ရပြန်ပြီ၊

နောက်တစ်ကြိမ် အသက်ဘေးမှ သီသီကလေး လွတ်မြောက်လာပုံကလည်း စိတ်ကူးယဉ်ဝတ္ထုတစ်ပုဒ်နယ် ဆန်းကြယ်လှပေ၏၊ ထိုစဉ်က တပည့် မောင်အေးခွင့်ယူထားသည့်ရက်မှာဖြစ်သည်၊ ထိုနေ့က ကျွန်ုပ်သည် ခလရ (...) သို့ စာတ်ပုံများ အပို့ထွက်နေလေသည်၊

ကျွန်ုပ်တို့မြို့တွင် ဆိုင်ကယ်များ တွင်ကျယ်စွာ ခေတ်မစားသေးရကား ကျွန်ုပ်သည် "တစ်စီးရှင်" စက်ဘီးစုတ် ကလေးကိုသာ အဖော်ပြုနေရသည့် ကာလတွင် ဖြစ်ချေသည်၊

ဓာတ်ပုံများ ပို့အပြီး အပြန်ခရီး အတွက်ကျွန်ုပ်သည်စက်ဘီးပေါ်ခွထိုင်ပြီး ခြေလှမ်းစဖို့ ဟန်ပြင်လိုက်သည်၊ အချိန်မှာ မှောင်ရီပျိုးစ ညီအစ်ကို မသိ တသိအချိန်ဖြစ်၍ ကျွန်ုပ်ရှေ့တူရူရှိ လူသွားလမ်းကလေးအား ဝိုးတဝါးမျှသာ မြင်နေရပေသည်၊ လမ်းမှာ ကုန်းဆင်း ဖြစ်နေ၍ကျွန်ုပ်လည်းအရှိန်လျှော့သည့် အနေနှင့် စက်ဘီးနောက်ဘရိတ်အား ပုံမှန်အနေအထားဖြင့်ညှစ်လိုက်ပါသည်၊

"ဟင် - ဘရိတ်လည်း မမိတော့ပါလား၊ ဘာဖြစ်တာပါလိမ့်"

နောက်ဘရိတ်မမိ၍ ရှေ့ဘရိတ် အားထိတ်လန့်တကြားအင်နှင့်အားနှင့် ဆွဲညှစ်လိုက်တော့၏၊

"ဟိုက် - ရှေ့ဘရိတ်လည်းမရတော့ဘူး - ဒုက္ခပါပဲ"

ကျွန်ုပ်စိတ်တွင် ဝေခွဲမရခြင်းနှင့် အတူ ခြေထောက်ဘရိတ်အဖြစ် ရှေ့ဘီး အပေါ်ကျွန်ုပ်ခြေနစ်ချောင်းအား သွေးမျှ သွေးတန်း ဖိထားလိုက်တော့သည်၊ လူသွားလမ်းအဖြစ်ဖောက်ထားသည့်ကုန်း ဆင်းမှာ မတ်စောက်လွန်းရကား ကျွန်ုပ် သည် အရှိန်လုံးဝမထိန်းနိုင်တော့၊

ကျွန်ုပ်သည် လူသွားလမ်းကျော်ကိုပင် မမြင်နိုင်၊ မကွေ့နိုင်တော့ပဲ ရှေ့ရှိ ချောက်ထဲသို့ထိုးကျသွားပါတော့သည်၊ ကြယ်တွေလတွေ အစုံလိုက် အစုံလိုက်



ဒိုင်းခနဲဆိုသည့် သေနတ်သံနှင့် အတူ ကျွန်ုပ်ဆောင်းထားတဲ့ ဆိုင်ကယ်ဦးထုပ်မှာ ကျွန်ုပ်ရှေ့တွင် ဝင်တစ်စစီ လွင့်စဉ်ထွက်သွားပါ သော့သည်။ ထိုအချိန်က ကျွန်ုပ်မှာ ဆိုင်ကယ်ဦးထုပ်ကြောင့်ပင် အသက်ဘေးမှ ပွတ်ကာသီကာ လွတ်မြောက်လာရပြန်ပြီလေ။

ကျွန်ုပ်မျက်လုံးအစုံတို့သို့ ဝိုက်ဆင်းတွေ လာသည့်ပမာ မှုန်နောက်ရီဝေခြင်းသာ နောက်ဆုံးအသိစိတ်က မှတ်မိပြီးလျှင် ကမ္ဘာလောကကြီးနှင့် အဆက်အသွယ် ပြတ်တောက်သွားလေတော့၏၊

သည်သို့ဖြင့် ကျွန်ုပ်သည် မိုးစင်စင် လင်းမှ သတိလည်လာတော့သည်၊ လူ မသိ သူမသိသည့် ချောက်ကမ်းပါး အောက်မှ ဖုတ်ဖက်ခါထပြီး စက်ဘီးနှင့် အပေါ်သို့ ကုပ်ကပ်တက်လာခဲ့ရတော့ သည်၊ ဆင်ခြေလျှောမှအောက်ဘက်သို့ သမင်လည်ပြန် ငုံ့ကြည့်လိုက်လျှင် အသည်းထိတ်စရာမြင်ကွင်းကို တွေ့ လိုက်ရတော့၏၊

www.burmeseclassic.com

"အမလေး - လေး - ကဲ့သီလို့သာ ပေါ့၊ ငါကျတဲ့နေရာက ကျောက်ဆောင်နှစ်ခုကြားက ကွက်လပ်ကလေးမှာပါလား၊ နည်းနည်းလေးသာ လွဲချော်သွားချင်ရင်တော့ ကျောက်ဆောင်နဲ့ ငါ့ခေါင်း ဆောင့်မိပြီး - အို - မတွေးဝံ့စရာပါလား"

ကျွန်ုပ်၏စက်ဘီးမှာလည်း ကျောက်ဆောင်နှင့်မလွတ်၍ တစ်စစီ လွင့်ထွက်ကြေမွ‌တော့သည်၊ ချောက်ထဲမှ ပြန်မတက်မီ ကျွန်ုပ်စက်ဘီးဘရိတ်အားစစ်ကြည့်တော့မှ ရည်ရွယ်ချက်ရှိရှိပင် ရှေ့နောက် ဘရိတ်ကြိုးနှစ်ခုအား ဖြတ်တောက်ထားသည်ကို တွေ့ရလေတော့သည်၊

ကျွန်ုပ်အပေါ် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံခြင်းပါတကား၊

"ဒုတိယမ္ဘိလုပ်ကြံခြင်း"

ဤဒုတိယအကြိမ်လုပ်ကြံမှုသည် ကျွန်ုပ်ဘဝအတွက် အဆိုးရွားဆုံး၊ တုန်လှုပ်ချောက်ချားစရာအကောင်းဆုံး၊ သည်းထိတ်ရင်ဖိုအဖြစ်ရဆုံးလုပ်ကြံမှုဟုပင်ဆိုရချိမ့်မည်၊ တိုက်တိုက်ဆိုင်ဆိုင်သည်တစ်ကြိမ်လည်း ကျွန်ုပ်တပည့် မောင်အေးခွင့်ယူထားသည့်နေ့ဖြစ်လေ၏၊

ကျွန်ုပ်သည် နမ့်စန်မြို့အနောက်ရှစ်မိုင်ကွာရှိ "ဟိုအူး" ရွာ၊ ပအို့ဝ် - ရှမ်း မင်္ဂလာဆောင်အတွက် ရက်ချိန်းရ၍ တစ်ကိုယ်တော်သွားဖို့အစီအစဉ်ရှိခဲ့၏၊ တောင်တွေတောတွေကြားမှဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေး၏ စိမ့်အေးအေး အတွေ့အထိကို ခံယူရင်း ကျွန်ုပ်သည်မင်္ဂလာဆောင်ရှိရာသို့ဆိုင်ကယ်စီးပြီးထွက်လာခဲ့သည်၊ တိုတိုပြောရလျှင် ပအို့ဝ်ရှမ်းမင်္ဂလာဆောင်ရိုက်အပြီးဟိုအူးရွာမှအထွက်ဝမ်ပုံ(အနောက်ဝမ်ပုံ)မရောက်မီ "ဂ" ငယ်ကွေ့လည်း ရောက်ရော၊

ဒိုင်းခနဲဆိုသည့် သေနတ်သံနှင့်အတူ ကျွန်ုပ်ဆောင်းထားတဲ့ဆိုင်ကယ်ဦးထုပ်မှာ ကျွန်ုပ်ရှေ့တွင်ပင် တစ်စစီလွင့်စဉ်ထွက်သွားပါတော့သည်၊ ထိုအချိန်က ကျွန်ုပ်မှာ ဆိုင်ကယ်ဦးထုပ်ကြောင့်ပင် အသက်ဘေးမှ ပွတ်ကာသီကာ လွတ်မြောက်လာရပြန်ပြီလေ၊

…ခင်းဖြစ်ဖြစ်ချင်းကျွန်ုပ်မှာလည်း "ဘာ…ညာသာရကော" အဖြေရှာမနေအားတော့…ဲ ဆိုင်ကယ်လီဗာကို စက်ကုန်ဖွင့်ပြီး…မ့်စန်အရောက် မောင်းပြေးခဲ့ရတော့…သည်၊ ထိုစဉ်က "ဝမ်ပုံ" နှင့် "ဟိုအူး" ရွာ…ကြားတွင် ခလရ(…)မှစခန်းကုန်းရှိနေ၍…ခန်းပေါ်က စစ်သားပဲ လူမှားပစ်လေ…သလား၊ အမဲလိုက်မုဆိုးများကပဲ အမဲ…ဆောင်ပစ်ရင်းကျည်လမ်းကြောင်းချော်…ာသလား၊ မည်သို့ဖြစ်စေ၊ ကျွန်ုပ်မှာ…တော့ ဆွမ်းခံရင်း ငှက်သင့်ရပြီလေ၊

"ဆိုင်ကယ်ဦးထုပ်ကယ်ပေလို့သာ…ပေါ့၊ ဦးထုပ်သာ ဆောင်းမထားဘူးဆို…ရင်…" တွေးဝံ့စရာပင် မရှိခဲ့ပါ၊

ကဲ - သည်သို့ဆိုလျှင် ဆန်းကြယ်…သည့်ရှေးကုသိုလ်ကံအကြောင်းတရား…ာ ကျွန်ုပ်အား ကယ်မထားပြန်ပြီလား၊

ဤဖြစ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်…သည် ရဲစခန်းသို့ အမှုမဖွင့်သလို မည်သူ…တစ်စုံတစ်ဦးကိုမျှ အသိမခံပဲ နောင်နှစ်…ပေါင်းများစွာကြာသည့်တိုင် ကျွန်ုပ်ရင်…တွင်း၌သာ တရားခံမပေါ်သည့် ဥပဒေ…ကြောင်းပရောက်မှုခင်းအဖြစ် ထိန်းသိမ်းသို…ဝှက်ကွယ်ထားလိုက်ပေတော့သည်၊

ဇာတ်လမ်းအဖွင့်တွင် ရေးခဲ့သလို ကျွန်ုပ်အား နောက်ဆုံးလုပ်ကြံသည့် "ရိုက်မှု" ကိုတော့ ကျွန်ုပ်အမှုမဖွင့်သည့်တိုင် ရဲပိုင်မှုခင်းဖြစ်၍ တရားလို မိမိအမည်မှာရဲစခန်းရှိအမှုအခင်းဘုတ်အုပ်တစ်နေရာတွင် ကမ္ပည်းထင်ရစ်ခဲ့ပြီ၊

တစ်ပါတ်ခန့် ဆေးရုံတက်နေစဉ်အတွင်း ရဲစခန်းမှ ဒု - ရဲအုပ်စခန်းမှူးနှင့် တာဝန်ရှိသူများက ကျွန်ုပ်ထံသို့ လာရောက်စစ်ချက်ယူကြပါသည်၊

"ဓာတ်ပုံဆရာရေ - ခင်ဗျားကိုရိုက်သွားတဲ့သူကို မှတ်မိလား"

"ပို့မယ့်ဓာတ်ပုံတွေပုံရွေးနေတုန်းမို့ မမှတ်မိပါ"

"ရန်သူကောရှိလား၊ ဥပမာ - ရန်ငြိုးဖွဲ့သူတချို့ပေါ့"

"ရန်သူအနေနဲ့တော့ မရှိပါဘူး၊ အင်း - ဒါပေမဲ့ - မနာလိုမရှုဆိတ်သူတွေတော့ ရှိချင်ရှိမှာပေါ့၊ ကျွန်တော်တော့ အမှတ်မထားမိဘူး"

"မြို့ပေါ်ချောင်စပ်ကျကျမှာ အရိုက်ခံရတယ်၊ ဘာပစ္စည်းမှလည်း လုမယူသွားဘူးဆိုတော့ ရန်ငြိုးရှိတယ်လို့ပဲ ရဲမှတ်ချက်ချရမယ်၊ အနီးကပ်ဆုံးတစ်





www.burmeseclassic.com

www.burmeseclassic.com

ယောက်နစ်ယောက်လောက်တော့မှတ်မိသမျှ ပြောပြပါလား"

"ကျွန်တော် မခန့်မှန်းတတ်ဘူး။ ကျွန်တော့်တစ်သက်မှာနင်ပဲဆေရန်ဖြစ်ရတဲ့သူဆိုလို့ တစ်ယောက်မှမရှိဘူး"

သည်သို့ဖြင့် မြို့လယ်ကောင်မှောင်ခိုပ်မတ္တာကျ သက်သေခံပစ္စည်း ဘာတစ်ခုမျှ ချန်မထားသည့် "အရိပ်မဲ့လူသတ်သမား"သည် လက်သည်တရားခံမပေါ်သည့်အမှုအဖြစ် နှစ်ပေါင်း(၃၀) ကျော်မျှ တိမ်မြုပ်ငုပ်လျှိုးနေလေတော့သတည်း။

"နှစ်ပေါင်း(၃၀) ကျော်လွန်ပြီးမှ ရသည့်သဲလွန်စ"

တစ်ခုသောညနေခင်းတွင်ဖြစ်သည်၊ ကျွန်ုပ်သည် ဓာတ်ပုံကိစ္စတစ်ခုဖြင့် နမ့်စန်မြို့အတွက်တောင်ဘက်ယွန်းယွန်းရှိ သီလရှင်လေး သီတင်းသုံးသည့် အမှတ်(၆) "နဂါးလိုက်ဂူ" ဂူကျောင်းဘက်သို့ ရောက်ရှိဖြစ်ခဲ့တော့၏။ ထိုစဉ်က သီလရှင်ဆရာလေးနှင့်အတူ ဆရာလေး၏ညီမဆိုသူ "မဝင်းရီ" ဆိုသူလည်းရှိနေပေသည်၊ ထိုနှစ်ဦးမှာ ကျွန်ုပ်ကျင်လည်ကျက်စားခဲ့သည့် ခလရ(...)မှ ကျွန်ုပ်၏ ဓာတ်ပုံမိတ်ရင်းများပင်ဖြစ်၍ ကျွန်ုပ်နှင့်အတူ ဓာတ်ပုံရိုက်ဖြစ်ခဲ့သည်၊ ရှေးဟောင်းနှောင်းဖြစ်များအား စမြုံ့ပြန် ငယ်မူပြန်ဖြစ်ကြတော့သည်။

"ဓာတ်ပုံဆရာက ငယ်ဂုဏ်လည်း ရှိ၊ ရုပ်ကလည်းဖြောင့်တော့အိမ်ထောင်သည်မိန်းမတွေ တော်တော်များများ သည်းသည်းလှုပ် စိတ်ကစားကြတယ်၊ သိတယ်မှတ်လား၊ ယောကျ်ားတွေက ရှေ့တန်းထွက်ရတော့ ကျန်ခဲ့တဲ့မိန်းမတွေလေ - ပြောပဲမပြောချင်ဘူး။

ကျွန်မကိုတောင် အခန်းချင်းကပ်လျက် "နန်းယမုံဦး"နဲ့ ဆရာ့ကို အာလ်အက်စ်အိုင်(R.S.I / စခန်းအရာခံဗိုလ်) က စောင့်ကြည့်ခိုင်း၊ စုံစမ်းခိုင်းလို့ "လိုင်းခန်းစုံထောက်မ" လုပ်လိုက်ရသေးတယ် လေ - ဟဲ - ဟဲ - ဒါကို ဆရာမသိခဲ့ဘူး မှတ်လား။ ဟိုရှမ်းမကလည်း ခပ်ထထဆိုတော့ ဆရာပေးထားတဲ့ဓာတ်ပုံကို လိုက်ကြွားပြနေရာက တစ်တပ်လုံး "ထရန်ရှယ်လာ"နဲ့ အော်သလို သတင်းတွေ ဖွလိုက်သလို ဖြစ်သွားတာပေါ့ ဓာတ်ပုံဆရာရယ်"

မဝင်းရီ စကားတွင် "ဓာတ်ပုံဆရာပေးထားတဲ့ဓာတ်ပုံ" ဆိုသည့်စကား ပါလာသည့်အတွက် ကျွန်ုပ် အလွန်တရာ အံ့ဩသွားရတော့သည်။

"ဗျာ - ကျွန်တော့်ဓာတ်ပုံပေးတယ်၊ ဘုရားပေး - ပေး၊ ကျမ်းပေး - ပေးပါဗျာ။ ကျွန်တော် - သူ့ကိုကြိုက်ဦးတော့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မယ့် ဒီလိုဓာတ်ပုံပေးတဲ့ကိစ္စကို ကျွန်တော်လုပ်ပါ့မလားဗျာ။ မဝင်းရီပဲ စဉ်းစားကြည့်၊ သူက မလွှတ်လပ်တဲ့ အိမ်ထောင်သည် အမျိုးသမီး။ ပြီးတော့ - တပ်မတော်သားတစ်ယောက်ရဲ့မိန်းမ။ စိတ်ဆတ်တတ်တဲ့ယောကျ်ားနဲ့တွေ့ရင် ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်မနေဘူးလား"

တကယ်ပါဗျာ - ဟောသည် ဆရာလေးရဲ့ဘုရားခန်းရှေ့က ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ တိုင်တည်ပြီး သစ္စာဆိုရဲတယ်၊ တကယ်သာနန်းယမုံဦးနဲ့ရည်းစားဖြစ်ခဲ့၊ ဓာတ်ပုံပေးခဲ့ရိုးမှန်ရင် ဟောဒီဆင်းတုတော်ရှေ့မှာ သွေးပွက်ပွက် အန်သေရစေရဲ့ဗျာ"

ကျွန်ုပ်၏ကျိန်စာနှင့်ကျွန်ုပ်မျက်နှာအားကိုကြည့်ပြီး မဝင်းရီသည် လွန်စွာ ကျေနပ်နှစ်သိမ့်ဟန်ဖြင့် ကျွန်ုပ်အား သံသယကင်းရှင်းသွားသည့်အကြည့်ဖြင့် ကြည့်လေတော့သည်။

"အင်း - ယုံပါပြီ - ဓာတ်ပုံဆရာ။ အစုမှပဲ နှစ်ပေါင်းများစွာကတည်းက "လိပ်ခဲတည်းလည်း" ဖြစ်ခဲ့ရတဲ့ အရှုပ်တော်ပုံကို စိတ်သန့်သန့်နဲ့ သိလိုက်ရတော့တယ်"

"ဓာတ်ပုံပေးတယ်ဆိုတဲ့ကိစ္စကိုတော့ ကျွန်တော် မစဉ်းစားတတ်သေးဘူး - မဝင်းရီ၊ အဲ - တစ်ခုတော့ရှိတယ်၊ "တောင်ကြီး" ဓာတ်ပုံကူးဆိုင်က တူးဖို့လာတဲ့အထဲမှာ တစ်ခါတလေဖလင်တစ်လိပ်မှာနောက်ဆုံး(၃ - ၄)ကွက်ကျန်ရင် ဆရာတပည့်တွေ တစ်လုည့်စီရိုက်ပြီး ဖလင်ဖြုန်းလိုက်တာပဲ၊ ဓာတ်ပုံရောက်လာတဲ့အခါ တပည့်လက်ရာကိုပြဖို့ သူ့ကိုရိုက်ပေးထားတဲ့ သူ့ဓာတ်ပုံနဲ့အတူ ကင်မရာအိတ်ထဲထည့်၊ ထည့်ယူလာတတ်တယ်"

"ဟုတ်ပြီ - ဟုတ်ပြီ - ဓာတ်ပုံဆရာ။ ကျွန်မ ခုမှ ပြန်စဉ်းစားမိတယ်၊ အဲသည်တုန်းက ဆရာ့တပည့် - ဟိုအသားမည်းမည်းကောင်လေးလေ အင်း - ဘယ်သူပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com

"အသားမည်းမည်းနဲ့ဆိုတော့ မောင်အေးပဲဖြစ်ရမယ်"

ကျွန်ပ်က မဝင်းရီစကားအား ထောက်ပေးလိုက်သည်။

"ဟုတ်တယ် - အဲဒီမောင်အေးပဲ။ ဓာတ်ပုံဆရာ - ကျွန်မတို့အိမ်ဧည့်ခန်းမှာ ရေနွေးကြမ်းသောက်နေတုန်းတစ်ဖက်ခန်းက "နန်းယမုံဦး"ကို ခိုးကြောင်ခိုးဝှက်နဲ့ဓာတ်ပုံတစ်ပုံပေးလိုက်တာကျွန်မမြင်လိုက်တယ်၊ ရှမ်းမက သူ့ဓာတ်ပုံရွေးတယ်လို့ပဲထင်ခဲ့တာ၊ အင်း - ပြန်တွေးကြည့်တော့ ကျွန်မကိုက အ.တာပါ"

သည်သို့ဖြင့် နှစ်ပေါင်း(၃၀)ကျော်မှတ်မိမြုပ်နေသည့်အရှုပ်တော်ပုံသည် ကျွန်ုပ်တို့၏ (၁၅)မိနစ်ခန့် တဒင်္ဂစကားဝိုင်းအတွင်းမှာနေလာနင်းပျောက်သည့်နှယ် အမြင်ရှင်းသွားကြလေတော့၏။

"ဒါနဲ့ ပြောရဦးမယ် - ဓာတ်ပုံဆရာရေ့ အဲသလိုပြဿနာတက်ပြီး ဘာကြာလို့လဲ၊ နန်းယမုံဦးယောကျ်ားဟာ လှိုင်လင်ခေါင်းနဲ့တောင်ခြေအနီးက တိုက်ပွဲတစ်ခုမှာ ဗုံးဆံမှန်ပြီး နိုင်ငံအတွက် ခြေထောက်တစ်ဖက် ပေးလှူလိုက်ရတယ်လေ၊ ဘာတဲ့ - မိန်းမလင်ငယ်နေရင် ရှေ့ထန်းကယောကျ်ားနဖူးမှာကျည်ဆန်မှန်တယ်ဆိုတာလေ၊ ကံသီလို့နဖူးမှာကျည်မသင့်ပေမဲ့ ခြေထောက်တစ်ဖက်တော့ ဖြတ်ပစ်လိုက်ရတာပေါ့ - ဓာတ်ပုံဆရာရယ်"

နောက်ပိုင်း ကျွန်မတို့ စုံစမ်းရသလောက်နန်းယမုံဦးဟာဓာတ်ပုံဆရာနဲ့ဘာဇာတ်လမ်းမှမရှိဘူးဆိုတာ သိလိုက်ရတယ်၊ အင်း - သိတယ်မှတ်လား၊ ဒီကောင်မက စိတ်မငြိမ်တော့ သူ့ယောကျ်ားရဲ့တပည့်စစ်သားနဲ့ ဖောက်ပြန်လိုက်ကြသေးတယ်လေ၊ ခုဆိုရင် - လင်ကြီးနဲ့လင်ငယ် ဘယ်ရောက်သွားတယ် မဆိုနိုင်တော့ဘူးပေါ့"

BURMESE CLASSIC

ထိုစဉ်က ကျွန်ုပ်မသိပဲ မြန်မာ့အသံမှ "အသံလွှင့်ဇာတ်"ပမာ တစ်တပ်လုံးတွင် နားဆင်စရာဖြစ်ခဲ့သည်၊ မလှမပ အတိတ်ဇာတ်လမ်းအပေါ် မဝင်းရီ၏ ပြောပြချက်ကြောင့်ပင်နားရှည်လည်ခဲ့ရချေတော့သည်။

မနေ့တစ်နေ့ကလိုပင် ဖြစ်ပျက်ခဲ့သည်ဟုထင်ရသောအတိတ်ဇာတ်လမ်းသည် ယခုဆိုလျှင် နှစ်ပေါင်း(၃၀)ပင်ကျော်ခဲ့ပါပကောလား။



"နီဂုံး"

စက္ကန့်၊ မိနစ်၊ နာရီနှင့်အမျှအချိန်တို့သည် ဆီးတားချုပ်နှောင်ခြင်းငှာ မစွမ်းသာပဲ တရွေ့ရွေ့ရုန်းထွက်နေကြချေတော့၏။

အချိန်၏ တိုက်စားမှုနှင့်အတူ ကျွန်ုပ်သည် တပ်မတော် (လေ)၊ လေကြောင်းထိန်းဌာနမှ အငြိမ်းစားယူလိုက်တော့သည်၊ ပင်စင်စားတစ်ယောက်အနေနှင့် ကျွန်ုပ် မိမိဝါသနာပါသည့် ဓာတ်ပုံလုပ်ငန်းဖြင့်ပင် "ဘဝသံသရာခရီး"၏ လွန်းထိုးတစ်ကွေ့သို့ ခရီးနှင့်အတူ်ရှိနေချေ၏။

တစ်ညတွင်ဖြစ်သည်၊ နမ့်စန်မြို့ အတူ်သရေဆောင်ခန်းမဆောင်ရှေ့တွင် ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပနေချေသည်၊ ကျွန်ုပ်လည်း ပျင်းချင်းရှိသည်နှင့် တစ်ကိုယ်တည်း ပွဲဈေးဘက်သို့ လျှောက်ကြည့်ဖြစ်လေ၏၊ ထိုစဉ် လမ်းမတန်းဘက် မှောင်ရိပ်ခပ်ကျကျနေရာမှ ရှုန်းရင်းဆန်ခတ်သံတစ်ခုကို ကြားလိုက်ရသည်၊ မရှေးမနှောင်းမှာပင် မိုက်ထုသံ၊ ဆဲသံဆိုသံ တဘုတ်ဘုတ်ထွက်ပြေးသွားသည့်ခြေသံတို့ကိုအတိုင်းသား ကြားလိုက်ရသည်၊ ကျွန်ုပ်လည်း အခင်းဖြစ်ပွားရာသို့ အပြေးအလွှားရောက်သွားမိတော့သည်။

ကျွန်ုပ်ရှေ့တွင် တစ်ကိုယ်လုံးသွေးချင်းချင်းနီနေသည့်လူငယ်တစ်ဦးသည် သွေးထွက်လွန်နေသည့်ခေါင်းကိုဖိရင်း "တအင်းအင်း"နှင့် ရှိုက်ငိုနေသည်အားတွေ့လိုက်ရတော့၏။

ကျွန်ုပ်လည်းအချိန်ဆွဲမနေတော့ပဲ ထိုလူငယ်အားမိမိစီးလာသည့်ဆိုင်ကယ်ဖြင့် သွေးထွက်မလွန်ခင် အလျင်အမြန်ပင် ဆေးရုံသို့ပို့ပေးလိုက်ချေတော့သည်။

လူမမာရှင်လူငယ်အား ဆေးရုံခုတင်ပေါ်နေရာချပြီးသည်နှင့် လူငယ်၏ မိဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို မေးမြန်းပြီး ဆေးရုံဝန်ထမ်းတို့အကူအညီဖြင့် ၎င်းမိဘတို့ထံ အလျှင်အမြန် ဆက်သွယ်မှုယူလိုက်ရတော့၏။

အရိုက်ခံရသူ လူငယ်သည် "ဝေဦး"ဆိုသူဟု သိရပြီး ၎င်းမှာ ဖခင်တစ်ဦးတည်းနှင့်သာ နေသူဖြစ်ကြောင်း၊ အခင်းဖြစ်သည့်ညတွင် "ရည်းစားလုဘက်"တစ်ဦးနှင့် စကားများကြရင်း အဖွဲ့လိုက်အရိုက်ခံရခြင်းဖြစ်ကြောင်း သိလိုက်ရသည်၊

နာရီဝက်ခန့်အကြာ၊ ၎င်းဖခင်ဆိုသူသည် ချိုင်းထောက်တစ်ဖက်အကူဖြင့် ကျွန်ုပ်တို့အနီးသို့ ရောက်လာပါတော့သည်၊ သူသည် သူ၏ချိုင်းထောက်တို့အားပြုရင်းကျွန်ုပ်အနီးရှိကုလားထိုင်ပေါ် ဖြည်းလေးစွာ ထိုင်ပြီးလျှင်ချိုင်းထောက်

www.burmeseclassic.com

www.burmeseclassic.com

အားသူ့အနီးရှိကုလားထိုင်အောက်တွင် ညင်သာစွာ ချထားလိုက်ပါသည်။ ပြီးလျှင် ကျွန်ုပ်အား အလွန်တရာ ကျေးဇူးတင်သည့်မျက်နှာဖြင့် ချမ်းမြေ့စွာ ပြုံးပြပါတော့သည်။

"ဩော် - ကျုပ်သားကိုကယ်ခဲ့တာ ခင်ဗျားတို့" ဆေးရုံဝန်ထမ်းတွေလမ်းမှာ ပြောပြလို့ ကျုပ် အားလုံးသိပြီးပြီ၊ ကျုပ် သိပ်မှားသွားတယ်၊ အရမ်းကို မှားမှန်းသိတဲ့အချိန်မှာအရမ်းကိုနောက်ကျသွားပြီ၊ ခင်ဗျားကို ခြေသလုံးဇက်တောင်းပန်ဖို့ ကျုပ် စဉ်းစားသေးတယ်၊ ဒါပေမဲ့ ကျုပ်တ ဒုက္ခိတဆိုတော့ ဘာမှမစွမ်းဆောင်နိုင်တော့ဘူးလေ၊ ဟော - အခုတော့ - ကျုပ်သားရဲ့အသက်ကို ကယ်ခဲ့တဲ့ကျေးဇူးရှင်ကိုမှ ကျုပ် ယုတ်ယုတ်မာမာ ပြစ်မှားခဲ့တယ်လေ"

ကျွန်ုပ်သည် ဆိုင်းမဆင့်၊ ဗုံမဆင့် မြင်မြင်ချင်း ဆောက်နင့်ထွင်းသည့်နယ်နိဒါန်းမပျိုးပဲ ပြောလာသည့် သူ့စကားကြောင့် နဝေတိမ်တောင် ဖြစ်သွားရတော့သည်။

"ခင်ဗျား - ဘာတွေပြောနေတာလဲ၊ ကျွန်တော် ဘာမှနားမလည်ဘူး၊ ကော့ ခင်ဗျား လူမှားနေပြီထင်တယ်"

"မမှားပါဘူး - ဓာတ်ပုံဆရာရယ်၊ ကျုပ်မျက်နှာကို စေ့စေ့ကြည့်၊ ခင်ဗျား မှတ်မိသေးရဲ့လား"

ကျွန်ုပ်သည် သူ့စကားအတိုင်း သူ့မျက်နှာအား မမိုတ်မသုန် အကဲခတ်ကြည့်မိလိုက်သည်၊ ဇရာနှင့်ပင်ပန်းနွမ်းလျမှုတို့ပေါင်းစပ်ထားသည့်ဒဏ်ရာဒဏ်ချက်ကြောင့်များလား၊ သူ့မျက်နှာမှာအိုစာရင့်ရော်ပြီး ခေါင်းမှဆံဖြူ မေးစေ့ပေါ်မှ မုတ်ဆိတ်မွေးတို့ ဖွေးဖွေးလှုပ်နေသည့် သက်ကြားအိုအရွယ်မှတစ်ပါး ထူးခြားသည့်အသွင်သဏ္ဌာန်အားကျွန်ုပ်မမြင်၊ တစ်ရံတစ်ဆစ်မှ တွေ့ဖူးဖြစ်သည့် မျက်နှာသိအဖြစ်နှင့်လည်း ကျွန်ုပ် မခန့်မှန်းတတ်၊ သူသည်ကျွန်ုပ်၏ဇဝေဇဝါအကဲမရဟန်အား သတိထားမိပုံရသည်။

"ဟင်း - ဟင်း - ကျုပ်ရုပ်ကအရမ်းကိုအိုစာသွားတော့ခင်ဗျား ဘယ်မှတ်မိနိုင်မလဲ လေ၊ ခြေထောက်တစ်ဖက်နဲ့ အသည်းပျက်တစ်ခြမ်းပဲပိုင်ဆိုင်ထားတဲ့ ကျုပ်အတွက်တော့ဗျာ ..."

သူသည်ပြောနေရင်းမှာပင်အတိတ်က နာကြည်းစရာများကို တွေးမိ၍လားမသိ၊ သူ့အသံမှာ ဒေါသဖြင့်တုန်ရီလှုပ်ခါလာတော့သည်။ "အင်းပါ - အတိတ်ကိုချေးခြောက်ရေမနူးတော့ပါဘူး၊ ကျုပ်လေ - ဒီသားလေးနဲ့ပဲစစ်မှုထမ်းဟောင်းအိမ်ရာမှာ ရှိစုမဲ့စု ပင်စင်ကလေးနဲ့ ခြစ်ခြုတ်ပြီး ဘဝကို ဇာတ်မြှုပ်နေရတာကလား၊ အဲ - ကျုပ် ရှည်ရှည်ဝေးဝေး ရှင်းပြလေ၊ခင်ဗျားနားရှုပ်လေဖြစ်နေပါ့မယ်၊ ကျုပ်ဟာ တခြားလူ မဟုတ်ဘူး၊ ခင်ဗျားနဲ့ဇာတ်ရှုပ်ခဲ့တဲ့ "နန်းယမုံဦး" ရဲ့လင်၊ "သောင်းဝေ" ဆိုတာ ကျုပ်ပဲဗျ"

"ဗျာ - နန်းယမုံဦးယောကျ်ား၊ ဟိုဟိုလေ - ခင်ဗျားက နန်းယမုံဦးနဲ့ ကျုပ်တို့"

"မဗျာနဲ့ - ဓာတ်ပုံဆရာ၊ ခင်ဗျားသိပ်ကိုအံ့ဩထိတ်လန့်သွားလား၊ အခုတော့ ခင်ဗျားတို့သတင်းကိုကြားနေရတဲ့အချိန်များဟာ ကျုပ်အတွက် အရှုံးဆိုင်းသလို ဆောက်တည်ရာမရဖြစ်ခဲ့တယ်၊ ခင်ဗျားတပည့် ငမည်းကောင်ကသည်း တို့ပီးရှိမီးလုပ်ခဲ့တယ်လေ၊ "တွေ့နာသချိုင်း ဓားမဆိုင်း" ဆိုသလို ခင်ဗျားကို အသေသတ်ဖို့ မ.စိတ်မွှန်ပြီး ကျုပ်အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့တယ်"

"ဟင် - ဒီလောက်တောင်ပဲလား၊ ခင်ဗျားမှားနေပြီ၊ နန်းယမုံဦးနဲ့ ကျွန်တော် ဘာဆိုဘာမှမဖြစ်ကြပါဘူးဗျာ၊ ခင်ဗျားမို့လို့"

"သိတယ်လေ၊ ဒါကြောင့်မို့ - ကျွန်ခင်ဗျားကို ရှည်ရှည်ဝေးဝေးရှင်းပြနေရတာပေါ့၊ အဲ - ကျုပ်စကားကို ဖြတ်ပြီးမမေးနဲ့နော်၊ ကျုပ်တစ်ဆက်တည်းပြောရမှ ကျေနပ်နိုင်တော့မယ်၊ ခင်ဗျားမှတ်မိသေးလား၊ တစ်ညနေစောင်းမှာ ခင်ဗျားစက်ဘီးဘီရိတ်နှစ်ခုစလုံးကိုဖြတ်တောက်ပြီး ခင်ဗျားအပေါ်သေကြောင်းကြံခဲ့တာဘယ်သူဖြစ်ဦးမလဲ - ကျုပ်ပဲပေါ့၊

မအံ့ဩနဲ့ - ဓာတ်ပုံဆရာ၊ နောက်တစ်ခါ ဟိုအဲ့ရွာအလွန်မှာ ခင်ဗျားတို့သေနတ်နဲ့ချောင်းပစ်ခဲ့တာလည်းကျုပ်ပဲ၊ နောက်ဆုံး ခင်ဗျားကို ကွမ်းယာဆိုင်နံဘေးမှာ ရင်းတိုက်အနစ်သား လက်ကိုင်တုတ်နဲ့ အသေဆိုပြီး ဆော်ထည့်လိုက်တော့လည်း ကျုပ်တစ်ယောက်တည်းပါပဲဗျာ"

ကျွန်ုပ်သည် နှစ်ပေါင်း(၃၀)ကျော်ခန့် ငုပ်လျှိုးနေသည့်ရာဇဝတ်မှုအား ဖိုးသားစွာ ဖြောင့်ချက်ပေးနေရှာသည့်အနီ ရဲဘော်ဟောင်းကြီးအားပြူးကျယ်သည့်မျက်လုံးဖြင့်ကြည့်ရင်း အံ့ဩလွန်းမကာ အံ့ဩနေရတော့သည်၊ ရဲဘော်ဟောင်းကြီးသည် ကျွန်ုပ်အဖြစ်ကိုကြည့်ပြီး တစ်ရှုအက်ကွဲသည့်အသံဖြင့် ဆက်ပြောလေသည်၊ "ကဲ - ဒီတော့ - ခင်ဗျား ဟိုးလွန်





www.burmeseclassic.com

www.burmeseclassic.com

ခဲ့တဲ့နှစ်ပေါင်း(၃၀) ကျော်ကတည်းက အမှုဖွင့်ထားတဲ့အမှုမှန်မပေါ်လိုက်ရတဲ့ နောက်ဆက်တွဲ တသီတတန်းကြီး တွဲလောင်းခိုနေတဲ့ဒီအမှုတွေအပေါ်ပြန်ပြီး စွဲချက်တင်ဦးမှာလား၊ တင်ပါဗျာ - ကျုပ်သားအသက်ကို တာဝန်သိသိ ဆေးရုံတင်ပေးတဲ့ ခင်ဗျားရဲ့မြင့်မြတ်တဲ့စိတ်ဓာတ်ကို လေးစားမိလို့၊ ဟင်း - ဟင်း ခင်ဗျားသာတိုင်ချက်ဖွင့်လိုက်စမ်း၊ ကျုပ်အဖမ်းခံဖို့အသင့်ပါ ဖမ်းပါဗျာ၊ ကျုပ်ကို ဖမ်းလိုက်စမ်းပါ၊ ကျုပ် အမှားကြီးမှားမိခဲ့လို့ဥပဒေရဲ့ဘေးတစ်နေရာကိုအမှတ်မထင် လွင့်စဉ်ပျောက်ရှသွားတဲ့ ဒီအမှုအတွက် ကျုပ် ဖြောင့်ချက်ပေးလိုက်ပါပြီ - ကျုပ်ကို ဖမ်းပါတော့"

ရဲဘော်ဟောင်းကြီးသည်ကျွန်ပ်ရှေ့တွင် လက်နှစ်ချောင်းကို ဆန့်တန်းရင်း မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလျက် ခေါင်းငိုက်စိုက်ကျနေချေတော့သည်၊

ကျွန်ုပ် ဘာများတတ်နိုင်ဦးမည်နည်း၊ သည်သက်ကြားအို၊ ဆံဖြူဒုက္ခိတကြီးအား အဂါရဝတရားနှင့်ယှဉ်ပြီး လေးစက်လေးတန် သံတိုင်များ အကြား ဆောင်ကြဉ်းသွားရပါမည်လား၊

မဖြစ်နိုင်၊ ကျွန်ုပ်မလုပ်နိုင်၊

အနုပညာသမား၊ လူသားတစ်ယောက်အနေနှင့် ကျွန်ုပ်နှလုံးသားက ကျောက်စိုင်ကျောက်ခဲလို မမာကြောနိုင်၊ အမှန်ကိုဝန်ခံရလျှင်အနီးသက်ကြားအိုစကားကို ကြားလိုက်ရသည့်အချိန်တွင် ကျွန်ုပ်သည် လွန်စွာတုန်လှုပ်မိသည်နှင့်အမျှဒေါသမီးလျှံများဟုန်းဟုန်း တောက်ခဲ့ရပါသည်၊

ကျွန်ုပ်၏ ဆန္ဒစိတ်ဆင်ရိုင်းအား တည်ငြိမ်စွာ ချွန်းအုပ်ပြီးလေမှ ကျွန်ုပ်သည် ဗုဒ္ဓ၏ မွန်မြတ်သော သည်းခံခြင်းတရားအားရှာဖွေတွေ့မိတော့၏၊ "Forgiveness is the Novelest Form of Reguenge" (ခွင့်လွှတ်ခြင်းသည် အကောင်းဆုံးလက်စားချေခြင်း)လို့ဆိုထားတယ်လေ၊

ကျွန်ုပ်အဖို့မှာတော့ ထိုသက်ကြားအိုသားအဖထံပါးမှ နေးကန်သည့်ခြေလှမ်းဖြင့် တစ်လှမ်းချင်း ထွက်ခွာခြင်းကိုသာ တတ်နိုင်ပေတော့သည်၊

ညိုရောင်

မြင့်စေတနာ ဆေးတိုက်
(အရေပြားရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းစေရမည်။)

ခရုသင်း(သမင်ဖြူ)
LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ၊ နီ၊ နတ်တွတ်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်
အရေပြားရောဂါ အမျိုးမျိုးတို့ အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS,
PINTA, ECZEMA, RING WORM,
DERMATITIS,etc.

ဆရာဦးခင်မောင်မြင့်(မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ဗိုလ်တောက်ရိပ်ငြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉၊

ဒုံနဲ့
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊အောင်တော်မူရှမ်းမန္တလေးမြို့၊
ဖုန်း - ၀၂ ၂၂၅၁၅

www.burmeseclassic.com